7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၁၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူး ၊ (ဇူလိုင် ၃ ၊ ၂၀၁၇)



စိတ်ကြွဆေးပြားသုံးစွဲနေသူတစ်ဦး — ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အနုပညာရှင်များကြားက မူးယစ်ဆေးပြဿနာ

**နွေဦး**

မကြာသေးမီရက်ပိုင်းအတွင်းက နာမည်ရသရုပ်ဆောင်မင်းသားတစ်ဦးကိုစိတ်ကြွရူးသွပ်ဆေးပြား တစ်ရာကျော်နှင့်အတူ ဖမ်းဆီး လိုက်သည့်သတင်းမှာ ပရိသတ်အတွက် အထူးအဆန်းမဟုတ်တော့ပါ။ အနုပညာရှင်များနှင့် မူးယစ်ဆေးဝါးပြဿနာရောထွေးနေမှုများမှာ ပရိသတ်များနှင့် ရင်းနှီးနေပြီဖြစ်သည်။

"တချို့ရုပ်ရှင်ထုတ်လုပ်ရေး တိုက်တွေမှာ စိတ်ကြွဆေးတွေကို ညှော်ခန်းမှာ ပန်းကန်နဲ့ချထားပြီ ညှော်ခံနေတာ။ မကင်းနိုင်တဲ့သူအများစုက အဝင်အထွက်လုပ်တော့ လူစည်တယ်။ ရိုက်ကွင်းမှာဆိုလည်း မင်းသား၊မင်းသမီးကို ဆေးဝယ်ပေးချင်တဲ့၊ ဆေးသယ်ပေးချင်တဲ့သူတွေ တစ်ပုံကြီး၊ ပွဲတော်ကြီးလိုဖြစ်နေတာ"

စာ(၄)သို့

# နယ်စပ်မြို့လေးရဲ့ စိန်ခေါ်သံ

**ဥက္ကာကိုကို**

မြန်မာနိုင်ငံမြောက်ဖျား နယ်နိမိတ်မျဉ်းပေါ်မှ ပန်ဝါမြို့လေးသည် မူရင်းဒေသခံများဖြစ်သော လော်ဝေါ်၊ လချိတ်၊ လီဆူးလူမျိုးတို့၏ လိုတရနတ်ဗိမာန်တစ်ခုဖြစ်ခဲ့ပြီး ကြက်ပျံမကျစည်ကားခဲ့သည်ဟု ယနေ့လက်ညှိုးထိုးပြလျှင် မည်သူမျှ ယုံနိုင်ဖွယ်ရာမရှိပါပေ။ လွန်ခဲ့သည့်နှစ်များက စည်ကားသိုက်မြိုက်လွန်းလှသည်ဆိုသည့် ထိုမြို့ကလေးသည် ယခုတော့ ရှေးဟောင်းမြို့ပျက်တစ်ခုအလား ရောက်ရှိလို့နေပါသည်။ **အပြည့်အစုံ-စာ(၅)သို့**



ပန်ဝါမြို့၏ ခြောက်ကပ်ကပ်လမ်းမကြီးတစ်ခု — ဓာတ်ပုံ-ဥက္ကာကိုကို

## မြန်မာ့ဆက်သွယ်ရေးလေလံ၏ ကောင်းခြင်းဆိုးခြင်း

ဆက်သွယ်ရေး လိုင်စင်ရရှိသွားသည့် အမည်စာရင်းကို လွှတ်တော်က ပိတ်ပင်ထားရန် ကြိုးစားခဲ့သည့်ကြားက မိုဘိုင်းဆက်သွယ်ရေး ကုမ္ပဏီနှစ်ခုဖြစ်သည့် Qatar Ooredoo နှင့် နော်ဝေးမှ Telenor မိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီတို့ကို အစိုးရကကြာသပတေးနေ့ (ဇွန် ၂၇ရက်)က လိုင်စင်ချပေးလိုက်သည့်အပေါ် ရန်ကုန်အခြေစိုက်လေ့လာသူများကြား မေးခွန်းများစွာ ထွက်ပေါ်လာသည်။ နှစ်ဖက်အာဏာလွန်ဆွဲမှုက ၁၁ နာရီကြာမြင့်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဤလေလံ၏အဖြေက မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာမှုရှိသော၊ မျှတသော လေလံကို စီစဉ်နိုင်စွမ်းရှိသော နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံလိုသူများကို ပြသလိုက်ခြင်းလည်း ဖြစ်သည်။

**စာ(၈)သို့**



## "အစွန်းရောက်တဲ့ အမျိုးသားရေး ပြောဆိုလှုပ်ရှားမှုတွေကို ကာကွယ်တားဆီးဖို့ ထိန်းသိမ်းဖို့ အစိုးရမှာ တာဝန်အရှိဆုံးပါပဲ"

လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်

စာ(၂၀)သို့





CNC
RAIN COAT
ENVIRONMENT FRIENDLY
POCKET MAP
INTERIOR VIEW
www.cncmenwear.com/ www.facebook.com/cnc1999




SONY
make.believe
XPERIA
Sony Smartphone
မိုးရေထဲ ဖုန်းရေစိုမှာ ပူစရာမလိုသည့်အပြင် . . .
အကြမ်းခံနိုင်မှု အကောင်းဆုံး . . . Sony Smart Phone
Xperia™ Z
• Screen Size 5"
• Internal memory 16 GB, 2 GB RAM
• 13.1 MP
• Bravia Engine 2
• Android Os, V4.1.2 to V4.2 (Jelly Bean)
• Quad-core 1.5 GHZ Krait, Andreno 320
• Micro SD, up to 64 GB
Xperia™ V
• Screen Size 4.3"
• Internal memory 8 GB, 1 GB RAM
• 13 MP
• Bravia Engine 2
• Dual -core 1.5 GHZ Krait
• Andreno 225
• Micro SD, up to 32 GB
• Android Os, V 4.1.2 (Jelly Bean)
NEW MODEL
Xperia™ ZR
• 4.55" 1280x720 pixels
• Mobile BRAVIA® Engine 2
• 13MP fast capture camera with Full HD
• Exmor RS for mobile and HDR video
• Dust and waterproof (IP55 / IP58)
• Android 4.1 (Jelly Bean)
• Qualcomm quad-core processor 1.5GHz
• RAM 2GB (Flash up to 8GB)
• Expansion Slot: Micro SD Card up to 32GB
Xperia™ Go
• Screen Size 3.5"
• Internal memory 8 GB, 512 MB RAM
• 5 MP, 3D Sweep Panorama
• Bravia Engine
• Dual -core 1 GHZ Cortex A9, mali 400
• Micro SD, up to 32 GB
• Android Os, V 4.1.2 (Jelly Bean)
Xperia™ Tablet Z
• Screen Size 10.1"
• Internal memory 16 GB, 2 GB RAM
• 8 MP, HD Movie
• Bravia Engine 2
• Quad-core 1.5 GHZ Krait, Andreno 320
• Micro SD, up to 64 GB
• Android Os, V 4.1.2 (Jelly Bean)
TMW Enterprise Limited
YANGON : 01-245311, 01-546006, 01-401416, 01-398566, 09-8601862, 09-73098118, 01-8100343~4
MANDALAY : 02-72580~4, 09-91008417
NAY PYI TAW : 067-420791, 067-420966
TAUNGGYI : 081-2122857, 081-200571
အမြို့မြို့ အနယ်နယ်ရှိ Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
1 YEAR WARRANTY



လမ်းညွှန်ဆိုင်းဘုတ်ကိုဝင်တိုက်သော ယာဉ်အားတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အရှိန်ပြင်းကား လှည်းတန်းခုံးကျော်တံတား လမ်းညွှန်ဆိုင်းဘုတ်ဝင်တိုက် တစ်ဦးဒဏ်ရာရ

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇူလိုင်-၁**

လှည်းတန်းခုံးကျော်တံတားအတက် လမ်းညွှန်ဆိုင်းဘုတ်အား အရှိန်ပြင်းစွာတိုက်မိသော နစ်ဆန်းဆလွန်းကားတစ်စီး ကားရှေ့ပိုင်းအင်ဂျင်ကြေသွားပြီး ယာဉ်မောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သတင်းရရှိသည်။

ဇူလိုင် ၁ ရက် ည ၁၀ နာရီခွဲခန့်က ပြည်လမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော နစ်ဆန်းဆလွန်းအမျိုးအစား ကားနံပါတ် ၆က/၈၄၃၈ သည် တံတားအောက်ခြေတွင် ထောင်ထားသော လမ်းညွှန်ဆိုင်းဘုတ်အား တိုက်မိခြင်းဖြစ်သည်။

“ဒဏ်ရာပြင်းထန်လို့ လူနာကို အရေးပေါ် လူနာတင်ယာဉ်နဲ့ ရန်ကုန်ဆေးရုံကြီးကို ပို့ဆောင်လိုက်ပါတယ်”ဟု ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောသည်။

ယာဉ်မောင်းမှာ ဒဏ်ရာပြင်းထန်သောကြောင့် ဆေးရုံသို့ အရေးပေါ် ပို့ဆောင်ခဲ့ရပြီး မည်သူမည်ဝါဆိုသည်ကို မသိသေးကြောင်း အဆိုပါယာဉ်ထိန်းရဲအရာရှိကပြောသည်။

လှည်းတန်းခုံးကျော်တံတားကို ၂၀၁၃ ဧပြီ ၁၀ တွင် ဖွင့်လှစ်ခဲ့ပြီး တံတားပေါ်တွင် ဖြစ်ပွားသည့် ယာဉ်တိုက်မှုမှာ ယခုအကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်မြောက်ဖြစ်သည်။

## CRIME မှုခင်းသတင်း CORNER

# အိုင်ယာလန်နိုင်ငံသား ကျောင်းဆရာတစ်ဦး မီးပေါ့ဆမှုဖြင့် အမှုဖွင့်ခံရ

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင်-၁**

ဗီဇာသက်တမ်းသုံးလရ၍ မြန်မာနိုင်ငံတွင် တစ်လခွဲနေပြီး သော နိုင်ငံတကာကျောင်းတစ်ခုမှ အိုင်ယာလန်နိုင်ငံသားကျောင်းဆရာတစ်ဦးသည်မီးပေါ့ဆမှုကြောင့်ထောင်ဒဏ်သုံးနှစ်ချမှတ်ခံရနိုင်သည့် ပြစ်မှုဆိုင်ရာ ပုဒ်မတစ်ခုဖြင့် အရေးယူခံထားရကြောင်း သတင်းရရှိသည်။

ဇွန် ၃၀ ရက် ညနေ ၄ နာရီ ၂၅ မိနစ် အချိန်တွင် ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ Delta Plaza တွင် နေထိုင်ပြီး Horizon နိုင်ငံတကာကျောင်းမှ ကျောင်းဆရာဖြစ်သောအိုင်ယာလန် နိုင်ငံသား မစ္စတာ James O Neil သည်အခန်းကို သော့ပိတ်၍ စာသင်ရန်ကျောင်းသို့ ရောက်ရှိနေစဉ် အခန်းတွင်ရှိရေခဲသေတ္တာ အပူလွန်ကဲကာ မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

ထိုနေရာသို့ မီးသတ်ယာဉ်များ သွားရောက်မီးငြိမ်းသတ်ရာတွင် ညနေ ၄ နာရီ ၄၀ မိနစ်၌ မီးငြိမ်းနိုင်ခဲ့သောကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငွေ ငါးသောင်းခန့်သာရှိခဲ့သော်လည်း အဆိုပါ အိုင်ယာလန်နိုင်ငံသားကိုဗဟန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ပုဒ်မ ၂၈၅အရ အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်းများတွင် ဖော်ပြထား သည်။

အဆိုပါနိုင်ငံတကာကျောင်းသည်တူရကီနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များက တည်ထောင်ထားခြင်းဖြစ်သည်။ အထက်ပါ နိုင်ငံတကာကျောင်းသို့ အိုင်ယာလန်နိုင်ငံသားကျောင်းဆရာသည် မေ ၁၆ ရက်တွင် ပြည်ဝင်ခွင့်ဗီဇာရရှိခဲ့ပြီးဗီဇာသက်တမ်း သုံးလအထိသာနေထိုင်ခွင့်ရှိထားသည်။

သို့ရာတွင် ၎င်းစွဲဆိုခံထားရသော ပြစ်မှုဆိုင်ရာ ပုဒ်မ ၂၈၅၏ ဖွင့်ဆိုချက်မှာ မီး(သို့မဟုတ်)မီးလောင်လွယ်သောအရာဝတ္ထုနှင့် စပ်လျဉ်း၍ ပေါ့လျော့ခြင်းကိုဆိုလိုသည်။

ထို့ကြောင့်မည်သူမဆိုလူ့အသက်အန္တရာယ်ဖြစ်စေရန်၊သူတစ်ပါးနာကျင်စေရန်နှင့်နစ်နာစေရန် မီးလောင်လွယ်သောအရာကို လူ့အသက်အန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန် နေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ၊ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ပျက်ကွက်လျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ် ရမည့်အပြင်ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူ၍ မြန်မာနိုင်ငံရာဇသတ်ကြီးစာအုပ်တွင်ပြစ်မှုဆိုင်ရာ ပုဒ်မ ၂၈၅ အကြောင်း ရှင်းလင်းစွာ ဆိုထားသည်။





GIORENZO လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီတောင်းဘီမျိုးစုံ၊ မိုးကာအင်္ကျီ၊ ဦးထုပ်နှင့် အိတ်များကို အမြို့မြို့အနယ်နယ်ရှိ SUPER MARKET များ၊ STORE ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

မျက်နှာဖုံးမှ

# အနုပညာရှင်များကြားက မူးယစ်ဆေးပြဿနာ

ယနေ့ အနုပညာလောကအတွင်း ကြီးကြီးမားမားစိမ့်ဝင်နေရာယူထားသည့် စိတ်ကြွရူးသွပ်ဆေးဝါးများ၏ အခန်းကဏ္ဍမြင်ကွင်းကို အမည်မဖော်လိုသည့် ရုပ်ရှင်ဒါရိုက်တာတစ်ဦးက ဖွင့်ဟပြောဆိုလိုက်ခြင်းဖြစ်သည်။

သို့သော် ၁၉၈၈ ခုနှစ်နောက်ပိုင်း ရန်ကုန်မြို့ပေါ်၌ ဘိန်းကို အလွယ်တကူဝယ်ယူရရှိနိုင်သည့် ကာလတုန်းက သုံးစွဲသည့် အနုပညာရှင်အများစုမှာ ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ပတ်သက်မှုမရှိသလောက် နည်းပါးခဲ့ကြောင်း ယင်းကာလကိုဖြတ်သန်းခဲ့ဖူးသူ ဒါရိုက်တာဝိုင်းက ဆိုသည်။

ယနေ့ခေတ်တွင်မူ သုံးစွဲရုံသာမက ကိုယ်တိုင်ရောင်းဝယ်ဖောက်ကားသည့်အနုပညာရှင်အချို့ရှိလာပြီဖြစ်သည်။ ၎င်းတို့သည် ငွေကြေးရလိုမှုတစ်ခုအပြင် ဆေးကို စည်းရုံးသိမ်းသွင်းသည့် လက်နက်တစ်ခုသဖွယ် သုံးစွဲလာသည်မှာအနုပညာလောကအတွက် အန္တရာယ်ဖြစ်လာကြောင်း မူးယစ်ဆေးဝါးသံသရာထဲက ယတိပြတ်ရုန်းထွက်ခဲ့ပြီး ယခုနာမည်ကြီးဒါရိုက်တာတစ်ဦးအဖြစ် ပြန်လည်ရပ်တည်နေသူ ဒါရိုက်တာဝိုင်းကပြောသည်။

နာမည်ရသရုပ်ဆောင်အချို့၊ အဆိုတော်အချို့၊ ဒါရိုက်တာအချို့ ဆေးဝါးများနှင့်အတူ ဖမ်းဆီးခံရချိန်တွင် ပရိသတ်များကြားထိပင် သိရှိနေသည့် ဆေးဝါးရောင်းဝယ်မှုများနှင့်ပတ်သက်နေသော အနုပညာရှင်များ ဖမ်းဆီးခံရမှုသတင်းများ မတွေ့ရသေးသည်ကို မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့ (ရန်ကုန်)မှ ဒုတိယရဲမှူးကြီး ခင်မောင်သိန်းက အဖြေပေးပါသည်။

"သိသိကြီးနဲ့ မဖမ်းဘူးဆိုတာ ဘယ်တော့မှမရှိဘူး။ သိရင်တောင်မှ သူဘယ်ဟိုတယ်မှာ သုံးနေတာလဲ။ In Position ဖြစ်နေလား ကြည့်ပြီးမှ လုပ်ရတယ်။ ဘယ်သူကတော့ သတင်းကျော်ဇောမှုရှိတယ်ဆိုတာ ပြောလို့မရဘူး။ ရှိတာကတော့ အနည်းနဲ့အများရှိကြတယ်။ စောင့်ကြည့်နေတယ်။ ကိုယ့်ဘက်က သေချာပိုင်နိုင်ရင် အနုပညာရှင်မကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်တယ်ဆိုရင် ပြတ်ပြတ်သားသားအရေးယူတာပါပဲ"

သို့သော်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်ကျော်ဇောသတင်းရထားတိုင်းလည်း ဝင်ရောက်ဖမ်းဆီးရန်မှာမူ အခက်အခဲအတားအဆီးများ ရှိနေသည်ဟု ၎င်းက ဆိုသည်။

"သရုပ်ဆောင်တွေထဲလည်း သုံးတာရှိပါတယ်။ ဒါပေမဲ့ သေသေချာချာ Position ရှိမှ အရေးယူလို့ရမှာ။ သတင်းတက်လာတာနဲ့ အိမ်ပေါ်တက်ပြီး ဖမ်းဟယ်ဆီးဟယ် လုပ်လို့မရဘူး။ မမိရင် သိက္ခာချတယ်။ ကျင့်ဝတ်ချိုးဖောက်တယ်လို့ဖြစ်လာနိုင်တယ်။ ဥပဒေကရှိသေးတယ်"ဟု အဆိုပါရဲမှူးကြီးက ပြောသည်။

မအိပ်မနေ လန်းဆန်းတက်ကြွစွာဖြင့် အနုပညာအလုပ်များလုပ်ကိုင်နိုင်ပြီး ဆန်းသစ်သောစိတ်ကူးများ၊ အတွေးအခေါ်များ ထွက်ပေါ်နိုင်သည်ဟူသည့် ယူဆချက်များကြောင့် နီးစပ်ရာအနုပညာရှင်အချို့ ဟိုတယ်ကဲ့သို့သော အခန်းများအတွင်း အုပ်စုဖွဲ့၍ ဆေးဝါးမှီဝဲခြင်းများရှိသည်။ နာမည်ကျော်အနုပညာရှင်များကို ဆေးဝါးများ အခမဲ့ပံ့ပိုးပေးခြင်း၊ အလွယ်တကူရှာဖွေပေးနိုင်ခြင်းတို့ဖြင့် စည်းရုံးထားနိုင်ပါက လုပ်ငန်းအဆင်ပြေနိုင်မည်ဟု ယူဆကြသည့် ထုတ်လုပ်ရေးတိုက်အချို့က ယင်းနည်းလမ်းကို သုံးစွဲကြသည်ဟု ဆိုကြသည်။

"အနုပညာရှင်အချင်းချင်းလည်းရောင်းတယ်။ အပြင်ကလူတွေကလည်း နာမည်ကြီးတစ်ယောက်နဲ့ ချိတ်ထားရင် သူနဲ့ဆက်စပ်တဲ့ သူတွေနဲ့ ချိတ်မိသွားပြီး အရောင်းအဝယ်တွေဖြစ်ကြတယ်။ ဒီလူတွေကို အာဏာပိုင်တွေက အရေးယူတယ်၊ လာစစ်တယ်လို့ မကြားဖူးဘူး။ သူတို့ဟာ အင်မတန်လွတ်လပ်စွာနဲ့ လုပ်ချင်ရာလုပ်နိုင်နေကြတယ်"ဟု အမည်မဖော်လိုသူ ဒါရိုက်တာတစ်ဦးက ပြောသည်။

"တချို့ဆေးရောင်းသူတွေက သူတို့လိုအင်ဆန္ဒအတွက် စပေးသုံးတုန်းက ပိုက်ဆံပေးစရာမလိုဘူး။ နောက်ပိုင်းကျတော့ ရောင်းရော။ မူးယစ်ဆေးဝါးသုံးစွဲပြီးရင် နောက်ဆက်တွဲလိင်ကိစ္စတွေပါပါလာကုန်တယ်။ အခုဟာက အနုပညာရှင်အချင်းချင်းကိုပဲ ရောင်းတာမဟုတ်ဘဲ လူတကာကို ရောင်းနေတာ"ဟု ယင်းဒါရိုက်တာက ဆိုသည်။ အနုပညာရှင်အချို့သည် မူးယစ်စေပြီး စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို မှီဝဲသုံးစွဲမှ ဖန်တီးထုတ်လုပ်သည့် အနုပညာထုတ်ကုန်များ အရည်အသွေးတောက်ပြောင်ထူးချွန်သည်ဟု တလွဲယူဆချက်မှာ ဆေးဝါးနွံထဲမှ ရုန်းမထွက်နိုင်သည့် အဓိကအချက်ဖြစ်နေကြောင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးစီမံချက် ဒါရိုက်တာ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးဒေါက်တာလှဌေးက ဆိုပါသည်။

"အရင်ခေတ်က ဘိန်းက သုံးပြီးရင် ငြိမ်တော့ အကျခေတ်ပေါ့။ အခုက အကြွခေတ်။ များသောအားဖြင့် မအိပ်မနေနဲ့ ဖျော်ဖြေရေးလိုင်းသွားတဲ့ ကလေးတွေက စိတ်ကြွဆေးတွေကို တလွဲသုံးစွဲကြတယ်။ အဆိုတော်ကောင်လေးတစ်ယောက်ဆို ဒါသုံးလို့ ပိုဆိုနိုင်တယ်လို့ပြောတယ်။ ဒါတော်တော်လေးလွဲမှားတယ်။ ရှိသမျှခွန်အားကို တစ်ထိုင်တည်းနဲ့ သုံးတဲ့အတွက် ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေအရ ရုတ်တရက်သေဆုံးတဲ့ဖြစ်ရပ်တွေ အခုနောက်ပိုင်းများလာတာ တွေ့နိုင်တာပဲ"ဟု ဒေါက်တာလှဌေးကပြောသည်။

အနုပညာရှင်များ အကြားကျန်းမာရေးမကောင်းသဖြင့် ဆေးဝါးကုသရသည်ဟုဆိုကာ ဆေးလွန်သွားသဖြင့် ကုသမှုခံယူရသည့်သတင်းများကလည်း ထွက်ပေါ်နေသည်။

မြန်မာနိုင်ငံတွင် အာဏာပိုင်များက ဖမ်းဆီးမှုများရှိသလောက် လက်လှမ်းမီ အလွယ်တကူရနိုင်သည့် ဆေးဝါးမှာလည်း အဆိုပါ WY စာတန်းပါ ဆေးပြားများ ဖြစ်နေကြောင်း တားဆီးနှိမ်နင်းရေးကို လုပ်ဆောင်နေသည့် ဒေါက်တာလှဌေးက ဆိုသည်။ ရုပ်ရှင်ရိုက်ကွင်းအချို့တွင်ပင် တရားဝင်သဖွယ် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများ ရှိနေပြီး အာဏာပိုင်များ၏ ဖမ်းဆီးအရေးယူမှုမှာ အားနည်းနေကြောင်း ရုပ်ရှင်ဒါရိုက်တာတစ်ဦးက ဆိုပါသည်။

"မူးယစ်ဆေးဝါးအပေါ်ထားတဲ့ တစ်ဦးချင်းရဲ့ ခံယူချက်ပေါ်မူတည်ပြီး ကွဲပြားသွားတာပါ။ ဒါပေမဲ့ မူးယစ်ဆေးဝါးရဲ့ အန္တရာယ်က အားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ တော်တော်လေးကြီးမားပါတယ်။ ဒါကြောင့် ဘယ်လိုအကြောင်းပြချက်နဲ့ပဲ ဖြစ်ဖြစ် မသုံးစွဲသင့်ပါဘူး"ဟု အကယ်ဒမီထွန်းအိန္ဒြာဗိုက ပြောကြားသည်။

တိုင်းပြည်ကို ပြန်လည်ထူထောင်နေသည့် ကာလတွင် လူ့စွမ်းအားအရင်းအမြစ်များထဲမှ အဓိကအရေးပါသည့် လူငယ်ထု၏ အသက်အန္တရာယ်ကို ဆိုးရွားစွာခြိမ်းခြောက်လာနေသော စိတ်ကြွရူးသွပ်ဆေးဝါးကို အမြစ်ဖြတ်သုတ်သင်ရန် အစိုးရတွင် တာဝန်အပြည့်အဝရှိကြောင်း ဒါရိုက်တာရီဇော်က ပြောသည်။

"လွယ်လွယ်နဲ့ဝယ်မရဘူးဆိုဘယ်သူမှ သုံးမနေဘူး။ တိုင်းပြည်ပြန်ထူထောင်မယ့်အချိန်မှာ ပညာတတ်တွေ စွမ်းအားအရင်းအမြစ်တွေ နည်းရတဲ့အထဲ မူးယစ်ဆေးဖျက်ဆီးခံနေရတာ ဝမ်းနည်းဖို့ကောင်းပါတယ်။ အစိုးရမှာလည်း သူ့အကျပ်အတည်းနဲ့ သူရှိမှာပါ။ ဒါပေမဲ့ ဒီဆေးဝါးပြဿနာကိုတော့ အရေးပေါ်စီမံချက်တစ်ခုအနေနဲ့ နှိမ်နင်းသင့်ပါပြီ"ဟု ၎င်းက ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်တွင်းရှိ မူးယစ်ဆေးဝါးကိစ္စများကို အုပ်ချုပ်ရေးပိုင်းက လျစ်လျူရှုထားပြီး အရေးမယူကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများသည် လွန်ခဲ့သည့်သုံးနှစ်ကထက် ပိုမိုများပြားလာနေကြောင်း မေလ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်သည့် ဒီချုပ်ဗဟိုဦးစီးအစည်းအဝေးတွင် ပြောကြားထားသည်။

တရားဝင်ဈေးကွက်ကြီးသဖွယ် အနုပညာသမားများ၏ စွမ်းအားများးကို ခြိမ်းခြောက်ဖြိုဖျက်သော မူးယစ်ဆေးဝါးများ၏ အန္တရာယ်ကို မိမိတို့၏ ကိုယ်ပိုင်အသိခံယူချက်တို့ဖြင့်သာ တွန်းလှန်ရမည် ဖြစ်သည်။ ပရိသတ်များ ချစ်ခင်အားပေးသည့် အနုပညာရှင်ဖြစ်လာရန်အတွက် မူးယစ်ဆေးဝါးသုံးစွဲရန် မလိုပါ။ မူးယစ်ဆေးဝါး မှီဝဲရန် မလိုပါ။ ပင်ကို အရည်အသွေးကို မှတ်ကျောက်တင်နိုင်သည့် အနုပညာဝမ်းစာပြည့်ဝသော ပါရမီရှင်များကိုသာ ပရိသတ်ကတောင့်တသည်။ မူးယစ်ဆေးအကူအညီကြောင့် အောင်မြင်ကျော်ကြားပြီး ကျန်းမာချမ်းသာစွာဖြင့် အသက်ရှည်ရပ်တည်နိုင်သော အနုပညာရှင် မရှိသေးပါ။ ရှိမည်လည်း မဟုတ်ပါ။ "အနုပညာရှင် ကျွန်တော့်လူနာတွေ ဆုံးပါးသွားကြတာ တော်တော်တောင်ကြာသွားပါပြီ" ဟု လမ်းလွဲသွားသူ ကြွေလင့်အနုပညာရှင်အချို့အကြောင်း ဆရာဝန်ကြီးဒေါက်တာလှဌေး၏ မှတ်ချက်က ယနေ့ မူးယစ်ဆေးဝါးနွံထဲက ရုန်းမထွက်နိုင်သေးသော အနုပညာရှင်အချို့အတွက် မှတ်သားစရာပင် ဖြစ်ပါသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# နယ်စပ်မြို့လေးရဲ့စိန်ခေါ်သံ

ဥက္ကာကိုကို

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၆,၉၀၀ ခန့်တွင် တည်ရှိပြီး နှစ်စဉ်နှင်းခဲတတ်သည့်တောင်တန်းရှည်ကြီးများ သေသပ်လှပစွာ ဝန်းရံထားသော မြန်မာပြည်အရှေ့မြောက်ဖျား နယ်နိမိတ်မျဉ်းပေါ်က မြို့နယ်လေးသည်မူရင်း ဒေသခံများဖြစ်သော လော်ဝေါ၊ လချိတ်၊ လီဆူးလူမျိုးတို့၏ လိုတရ နတ်ဗိမာန်တစ်ခုဖြစ်ခဲ့ပြီး ကြက်ပျံမကျစည်ကားခဲ့သည်ဟု ယနေ့လက်ညှိုးထိုးပြလျှင် မည်သူမျှယုံနိုင်ဖွယ်ရာ မရှိပါပေ။

လွန်ခဲ့သည့် နှစ်တွေမှာ စည်ကားသိုက်မြိုက်လွန်းပါသည်ဟု ဒေသခံတို့ တခုတ်တရပြောပြကြသည့် မြို့လေးက မြန်မာ့ဒီမိုကရေစီသက်တမ်း သုံးနှစ်နီးပါးအတွင်း မှာပင် ရှေးဟောင်းမြို့ပျက်တစ်ခု အလားသဏ္ဍာန်မိုင်းတင်ရမလိုလိုအခြေအနေသို့ ရုတ်ခြည်းပြောင်းလဲသွားခဲ့ပါပြီ။



*ပန်ဝါမြို့ကို အပေါ်စီးမှ မြင်တွေ့ရစဉ်* ဓာတ်ပုံ-ဥက္ကာကိုကို

ထိုမြို့လေးသည်ပြည်တွင်းမှ အရောက်အပေါက်နည်းပါးပြီး နာမည်ကျော်မြို့တစ်မြို့မဟုတ်သော်လည်း တရုတ်-မြန်မာနယ်စပ်မျဉ်းပေါ်တွင် တည်ထားသော မြန်မာ့မြေပိုင်နက်မှ မြို့လေးကိုပန်ဝါဟုခေါ်ပါသည်။

ဒီမိုကရေစီ အစိုးရလက်ထက် ၂၀၁၂ ခုနှစ် ဧပြီလတွင် ပန်ဝါမြို့၊ လုပီကျေးရွာအနီးရှိ နယ်ခြားစောင့်တပ်ရင်း ၁၀၀၂ ကိုကေအိုင်အေမှ ဝင်ရောက်တိုက်ခိုက်ရာက အစပြုခဲ့သော တိုက်ပွဲများ၏ ရိုက်ခတ်မှုက ပန်ဝါကိုမြို့ပျက်တစ်ခုနှင့်မခြား ဖြစ်သွားစေခဲ့သည်။ ထိုအခြေအနေက ယခု ၂၀၁၃ ခုနှစ် ဇွန်လအထိ နာလန်မထူနိုင်သေးဟု ဆိုရပါမည်။

စီးပွားရေးဇုန်နယ်မြေအဖြစ် သတ်မှတ်ထားသော ပန်ဝါ၏ အဆောက်အအုံများက မြို့ပျက်ဟူသည့်အသုံးအနှုန်းကို သက်သေပြနေပါသည်။ လေးလမ်းသွားလမ်းတစ်လျှောက်ပြည့်နှက်နေသည့် နွားချေး၊ ဆိတ်ချေးပုံများ၊ လမ်းဘေးတစ်ဖက်တစ်ချက်ရှိယခင်က တစ်နေရာရရှိရန်ပင် မလွယ်ကူသည့် ဆိုင်ခန်းတွဲများ၊ အဆိုပါဆိုင်ခန်းတွဲများ၏ ပျက်စီးကျိုးပဲ့နေသည့်တံခါးချပ်များ၊ လမ်းပေါ်မှာ ပြန့်ကျဲနေသည့် လျှပ်စစ်မီးချောင်းများ၊ မှန်ကွဲစများ၊ အဆောက်အအုံမှန်တံခါး တချို့ကို ဖောက်ထွင်းထားသည့်ကျည်ဆန်ရာများ စသည်တို့က ပန်ဝါ၏ အတိတ်ဆိုးကိုညွှန်းဆိုလျက်ရှိသည်။

တကယ်တော့. . . ပန်ဝါမြို့အတွက် ယခုကဲ့သို့ လူသူတိတ်ဆိတ်ခြောက်ကပ်သွားရသည့်အကြောင်းရင်းနှစ်ခုရှိခဲ့ပါသည်။ ပထမတစ်ခုမှာ ၂၀၀၅ ခုနှစ်က ဒီမိုကရေစီသစ် တပ်မတော် (ကချင်)၏ ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်း ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေစဉ်အဖွဲ့အစည်းအတွင်း အာဏာသိမ်းမှုကြီးပင်ဖြစ်သည်။ သို့သော် ဒေသခံပြည်သူ လူထုလက်မခံသောကြောင့် အောင်မြင်သည့်အာဏာသိမ်းပွဲ မဖြစ်ခဲ့ဘဲ ပန်ဝါဒေသ၏ စီးပွားရေး ယိုင်နဲ့စေခဲ့သည်ပဲ အဖတ်တင်သွားသည်။ နောက်ထပ်အကြောင်းရင်းတစ်ခုမှာ. . .

၂၀၁၂ ခုနှစ် ဧပြီလတွင် ကေအိုင်အေတပ်ဖွဲ့၏ မြို့သိမ်းရန် ထိုးစစ်ဆင်တိုက်ခိုက်မှုမှ စတင်ကာ ပန်ဝါဒေသတွင်း မငြိမ်မသက်မှုတွေဖြစ်ပေါ်လာခဲ့သည်။ ကေအိုင်အေသည် ကချင်အထူးဒေသ(၁) ထာဝရငြိမ်းချမ်းရေးအဖွဲ့၏ ဌာနချုပ်ဖြစ်သောပန်ဝါကိုသိမ်းပိုက်ရန်အတွက် လုပီကျေးရွာအနီးရှိ နယ်ခြားစောင့်တပ်ရင်း ၁၀၀၂ ကို

**စာ(၆)သို့**




**နိုင်ငံတကာငွေကြေးဆိုင်ရာဘဏ်လုပ်ငန်းဝန်ဆောင်မှု**

- ငွေလွှဲလုပ်ငန်းများ
- ငွေပေးအမိန့်လက်မှတ်များ
- နိုင်ငံခြားငွေလဲလှယ်မှုများ
- သွင်းကုန်ဝန်ဆောင်မှု နှင့် ဘဏ္ဍာရေး
- ထုတ်ကုန်ဝန်ဆောင်မှု နှင့် ဘဏ္ဍာရေး
- ဘဏ်အာမခံ နှင့် နိုင်ငံခြားငွေကြေးစာရင်း

ဧရာဝတီဘဏ်

www.ayabank.com

**ပြည်တွင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု**

- ငွေလွှဲလုပ်ငန်းများ
- ဘဏ်အပ်ငွေစာရင်းများ
- ချေးငွေလုပ်ငန်းများ
- အငှားဝယ်စနစ်
- ငွေပေးအမိန့်လက်မှတ်များ
- ဘဏ်လုံခြုံမှုသေတ္တာငှားရမ်းခြင်းများ

အမှတ်(၁)၊ ၂၂ ရပ်ကွက်၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၀၀ ၁၂၃၊ ၀၁ ၅၃၁ ၀၆၇ ~ ၉၊ ၀၁ ၅၃၁ ၀၇၈ ~ ၉ ဖက်(စ်) - ၀၁ ၅၃၀ ၉၆၈၊ ၀၁ ၅၂၇ ၇၉၇

THE GLOBAL COMPACT WE SUPPORT

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.17 ▪ JULY 3 , 2013

မမျှော်လင့်ဘဲ ကနဦး ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့၏ ထိုးစစ်ကြောင့်နယ်ခြားစောင့်တပ်ရင်းမှာ နောက်ဆုံးဗဟိုကင်းကုန်းအထိ ဆုတ်ခွာခုခံခဲ့ကြရပြီး တပ်ရင်းရှိ မိန်းမ၊ ကလေးမကျန် ပါဝင်တိုက် ခိုက်ခဲ့ကြရသည်ဟု တိုက်ပွဲဝင်ခဲ့ သူတို့က ပြန်ပြောပြသည်။

နောက်ဆုံးတွင် တပ်မတော်မှ စစ်ကူပေးပို့ခဲ့သည့်အပြင် တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် နယ်မြေရှင်းလင်းခဲ့သည့်အတွက် ကေအိုင်အေတပ်ဖွဲ့များကို တပ်လန်ဆုတ်ခွာသွားစေခဲ့သည်။

ထိုတိုက်ပွဲ အခြေအနေတို့ကြောင့်လမ်းတံတားတည်ဆောက်ရေး၊စက်ရုံအလုပ်ရုံတည်ဆောက်ရေး၊ တိုက်တာ အိုးအိမ် တည်ဆောက်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် အလုပ်ဝင်နေကြသည့် တရုတ်နိုင်ငံသားများ အထုပ်ဆွဲ၍ အိမ်ပြန်သွားခဲ့ကြသည်။ တရုတ်နယ်နိမိတ်အနီးရှိမြို့လယ်ကောင်နေရာမှအပ အခြားနေရာအသီးသီးမှာ ပျက်စီးယိုယွင်းနေသည့်အဆောက်အအုံများ၊ ဆောင်ရွက် လက်စကျန်ရစ်ပစ္စည်းများကိုသာ မြင်တွေ့ရတော့သည်။ ထိုဖြစ်ရပ်များက တစ်နှစ်ကျော်ပဲ ကြာမြင့်ပါသေးသည်။

ယခင်အုပ်ချုပ်ခဲ့သည့် လူမျိုးစုအကြီးအကဲလက်ထက်မှာ လုံခြုံ နွေးထွေး အေးချမ်းသာယာလှသည့် ပန်ဝါဒေသသည် အစိုးရသစ်လက်ထက်တွင် ကျီးနှင့်ဖုတ်ဖုတ်ဖြစ်သွားရသည့်အခြေအနေကို ရိုးသားအေးဆေးသည့်ဒေသခံတိုင်းရင်းသားတို့က နားမလည်နိုင်ဘဲဖြစ်နေကြပါသည်။ “အရင်တုန်းက ဒီလို ဖြစ်စရာမရှိဘူး”ဟု သူတို့က ပြော ကြပါသည်။

သူတို့အကြီးအကဲများသည် ဒေသဖွံ့ဖြိုးရေးကို မျှော်မှန်းလျက် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဖော်ဆောင်ခဲ့သည်။ အာဏာကို စွန့်လွှတ်လျက် မိမိပိုင်ဆိုင်သည့် တပ်အင်အားကို အချုပ်အခြာပိုင် အစိုးရဆီသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုသို့လျှင် မိမိတို့နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုအစိုးရတွင် တာဝန်အပြည့်အဝ ရှိသွားပြီဟု ဒေသခံများက မမှိတ်မသုန်ခံယူထားကြသည်။

ပေပေါင်း ၈,၀၀၀ နှင့် ၉,၀၀၀ ကြား အမြင့်ရှိ တောင်စွယ်တန်းများကြားမှာ မဟာဗျူဟာကျကျ ခံတပ်သဖွယ်တည်ရှိနေသည့် ပန်ဝါမြို့ကို အမျိုးသားဒီမိုကရေစီသစ်တပ်မတော် (ကချင်)ကို ဦးစီးသူ ဦးဇခုန်တိန့်ယိမ်းက တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခင်က လူနေထိုင်ခြင်းမရှိသော ဘမ်ဝေါ် (တောင်ပေါ်တွင်ပေါက်သောဝါး) တောင်ကြား ကာလကြာမြင့်လာသောအခါ ဘမ်ဝေါ်မှသည် ပန်ဝါဟု အမည်တွင်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ခန့်က ပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်များ စတင်နေထိုင်ရာမှ တဖြည်းဖြည်း လူသူ အရောက်အပေါက် ရှိလာခဲ့ သည်ဟု သမိုင်းကြောင်းအရ သိရသည်။ ၁၉၇၀ ပြည့်နှစ်တွင် ရေခဲတတ်သည့် တောင်တန်းများကြားတွင် ပန်ဝါဟု အမည်တွင်လာမည့် မြို့လေးတစ်မြို့ကို၎င်း၏ NDAK တပ်မတော် ဌာနချုပ်အဖြစ် ဦးဇခုန်တိန့်ယိမ်းက ဖန်တီးမွေးဖွားပေးခဲ့သည်။

၎င်းသည် ၂၀၁၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကို တစ်သီး ပုဂ္ဂလ (ကချင်ပြည် နယ်) ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနှင့် နိုင်ငံတည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ တက်ရောက်သွားခဲ့သည်။

မြို့ပေါ် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စုခုနစ်စု၊ ကျေးရွာပေါင်း ၃၀ ပါဝင်ပြီး စတုရန်းမိုင်ပေါင်း ၄၃၂ မိုင် ကျယ်ဝန်းသော ပန်ဝါဒေသတွင် လီဆူး၊ လာချိတ်၊ ဇမာ၊ ရှမ်း၊ ဂျိမ်းဖောစသည့်လူမျိုးစုများ ဦးရေ ရှစ်ထောင်ခန့်ရောနှောနေထိုင်ကြသည်။ ထို့အပြင် နယ်နိမိတ်ချင်းငါးပေသာ ကွာဝေးသော အိမ်နီးချင်းတရုတ်နိုင်ငံမှ တိုင်းရင်းသားများလည်း ရေကြည်ရာ မြက်နုရာ လာရောက်လုပ်ကိုင်စားသောက်လျက်ရှိသည်ကို တွေ့ရသည်။ ခရစ်ယာန်ဘာသာဝင်အများဆုံးနေထိုင်ကြသော်လည်း ပြည်ထောင်စုနယ်မြေ အထိမ်းအမှတ်အဖြစ် ဗမ္ဗူငြိမ်းစေတီနှင့် အရံစေတီနှစ်ဆူကိုလည်း တောင်ထိပ်မှာ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြင်ရသည်။

နယ်စပ်မြို့ဖြစ်၍သာ အတန်အသင့် စည်ကားခဲ့ သော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးသည့်ဒေသတစ်ခုဖြစ်သည်။ ဒေသခံအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စပါး၊ ပြောင်းဖူး၊ အာလူးတို့သာ အဓိကထွက်ရှိသည်ကို တွေ့ရသည်။ အနိမ့်ဆုံးအပူချိန် ရေခဲ မှတ်အောက် ၂ ဒီဂရီရှိသည့် တောင်တန်းများပေါ်မှာ ထင်ရှူးပင်တို့က တစ်မျှော်တစ်ခေါ် ပေါက် ရောက်လျက်ရှိပြီး သစ်တောပြုန်းတီးမှုမရှိသေးသည့် ဒေသဖြစ် သည်။

ကျေးရွာဒေသလူထုစီးပွားရေးနှင့်ပတ်သက်၍ မြို့အုပ်ချုပ်ရေးကော်မတီမှ ဦးဝမ်ထယ်ဘရန်အောင်က “တရုတ်အာလူး၊ပြောင်းဖူးကလွဲလို့ ဘာမှလုပ်စားမရဘူး။ ဆိတ်၊ နွား၊ ဝက်မွေးပြီး ဖြစ်သလိုရုန်းကန်ရှာဖွေနေကြတာပဲ။ အရောင်းအဝယ် ဆိုတာကလည်း ဒေသခံတွေက အရင်းအနှီးမရှိတော့မလုပ်နိုင်ဘူး။ပိုက်ဆံရှိတဲ့လူတွေပဲ လုပ်နိုင်တာဖြစ်နေတယ်” ဟု ရှင်းပြသည်။

မူလတန်းကျောင်း ဆယ်ကျောင်းနှင့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း စီဖွင့်လှစ်ထားပြီးဖြစ်သော်လည်း ပန်ဝါဒေသ၏ စာတတ်မြောက်မှုနှုန်းမှာ ၅၄ ရာခိုင်နှုန်းသာ ရှိနေပါသေးသည်။ မြစ်ကြီးနားမြို့တွင် ၂၄ နာရီလျှပ်စစ် မီးမရရှိသေးသော်လည်း ပန်ဝါမြို့လေးမှာတော့ လျှပ်စစ်မီးကိုတစ်ယူနစ်လျှင် ကျပ် ၁၃၀ နှုန်းခန့်ဖြင့် ၂၄ နာရီလုံး သုံးစွဲနိုင်ကြပါသည်။ ကချင်အထူးဒေသ (၁)ပိုင် ဆန်းလင်းကုမ္ပဏီက ရေအားလျှပ်စစ် ဓာတ်အားပေးရုံ တည်ဆောက်၍ တရုတ်ပြည်မှ ပညာရှင်များကိုပင် ခေါ်ယူခန့်ထားနိုင်ခဲ့ပြီး ပန်ဝါဒေသအတွင်း ကျေးရွာများပါမကျန် လျှပ်စစ်မီးကို ဖောဖောသီသီ ရရှိထားကြသည်။

ထိုသို့ရရှိရန်အတွက်လည်း ပန်ဝါဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို ကချင်အထူးဒေသ(၁)ကသာ အဓိကပြုလုပ်ပေးထားသည်ကို တွေ့ရသည်။ နိုင်ငံတော်အုပ်ချုပ်မှုလက်အောက် ရောက်ရှိနေပြီဖြစ်သော်လည်း ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအားလုံးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိမ်းဆောင်တို့က အစိုးရဌာနဆိုင်ရာ အဆောက်အအုံ တည်ဆောက်ရာက အစပါဝင်ကူညီထောက်ပံ့နေကြရဆဲဟု ဆိုသည်။

ယခင်က အစိုးရအုပ်ချုပ်ရေးလက်လှမ်းမမီသည့် ပန်ဝါဒေသရှိတော့ ပန်ဝါဒေသကို ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်အပိုင်တွင်ပါဝင်သည့်မြို့နယ်ခွဲအဖြစ် နိုင်ငံတော်က သတ်မှတ်ပေးလိုက်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် မြို့နယ်ခွဲသစ် ပန်ဝါဒေသသို့ အထွေထွေအုပ်ချုပ်ရေးမှူးတစ်ဦး ရောက်ရှိလာခဲ့သည်။ အချိန်တိုအတွင်း အုပ်ချုပ်ရေးမှူးသုံးဦးပြောင်းလဲခဲ့သည့် ပန်ဝါမြို့တွင် ယခုအခါမှာတော့ မြို့အင်ဂျင်နီယာနှင့် လျော်ညီစွာ အစိုးရမှစေလွှတ်သည့်ဌာနဆိုင်ရာ(၁၈)ခုရောက်ရှိနေခဲ့ပြီဖြစ်သည်။ သို့သော် လူမျိုးစုအကြီးအကဲကိုသာ အရှင်သခင်အဖြစ်မှတ်ယူထားကြဆဲဖြစ်သည့် ဒေသခံတို့ကြားမှာ အစိုးရအုပ်ချုပ်ရေးယန္တရားလည်ပတ်မှုက သုညအဆင့်မှာပဲရှိနေပါသေးသည်။ ဌာနဆိုင်ရာများဆီမှ မည်သည့်အခွန်အခမှ ရရှိမလာသည့်အတွက် ပြည်နယ်အစိုးရဆီမှလည်း မည်သည့်ဘတ်ဂျက်မှ ကျလာခြင်းမရှိသေးပေ။

“၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်မှာဒီဒေသအတွက်ဘာဘတ်ဂျက်မှမကျခဲ့ ဘူး။ ဌာနဆိုင်ရာအဆောက်အအုံရတာလည်း ထွေအုပ်နဲ့ရဲစခန်းပဲရှိသေးတယ်။ အခုက အထူးဒေသ(၁)က ပေးထားတဲ့ စုပေါင်းရုံးမှာပဲ ဌာနတွေစုနေကြရတယ်”ဟု လက်ရှိပန်ဝါမြို့နယ်ခွဲ၏ အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြောပြသည်။

ထို့နောက် ဦးသိန်းဇော်ဦးက ပန်ဝါမြို့ရှိအစိုးရဌာနများ ယောင်လည်လည်ဖြစ်နေရသည့် အခြေအနေကို အောက်ပါအတိုင်း ပြောပါသည်။

> **အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို ပထမဆုံးလက်ခံခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အစိုးရအပေါ် ယုံကြည်မှုတစ်ရပ် ဖြစ်တည်လာစေရန်မှာ ထိုဒေသ၏ ဖွံ့ဖြိုးမှုစံနှုန်းအပေါ်လည်း များစွာမူတည်နေပါသည်။**

NDA-K ဌာနချုပ်တပ်ဖွဲ့ဝင်များ နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းသွားပြီးသည့်နောက် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ဒေသလူမျိုးစုခေါင်းဆောင်အဖြစ်လည်း ဥက္ကဋ္ဌကြီး ဦးဇခုန်တိန့်ယိမ်းတို့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သွားသည့် အချိန်မှာ

“အုပ်ချုပ်ရေးက တည်တည်ငြိမ်ငြိမ်မဖြစ်သေးဘူး။ ယစ်မျိုးခွန်ကောက်လို့မရဘူး။ စည်ပင်က ဈေးခွန်ကောက်လို့မရသေးဘူး။ အထူးဒေသ(၁)ကပဲ စီမံဆောင်ရွက်နေသေးတယ်။ ကျွန်တော်တို့လည်း ထွင်ပြီးမလုပ်ရဲဘူး။ ပထမဆုံးငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့လည်းဖြစ်နေတယ်။ ကျွန်တော်တို့ဌာနအကြီးအကဲတွေကိုယ်တိုင်ကလည်း စည်းရုံးရေးနည်းလမ်းနဲ့ပဲသွားပါလို့ မှာလိုက်တယ်။ အစိုးရအုပ်ချုပ်ရေးကိုမရောက်သေးဘူး။ ဒေသခံတွေကလိုလိုလားလားပေးမှရမှာ”

ကချင်အထူးဒေသ(၁)ဟူသည့် ဂုဏ်အရှိန်အဝါက အစိုးရက စေလွှတ်လိုက်သည့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် မဝံ့မရဲဖြစ်နေသေးသည်ဟုလည်း ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပန်ဝါမြို့အတွင်းရှိ ယခင် ကချင်အထူးဒေသ(၁)၏မြို့အုပ်ချုပ်ရေးအဖွဲ့ရုံးကလည်း ဒေသအပေါ်စိုးမိုးနိုင်စွမ်းရှိနေဆဲဖြစ်သည်။

အထူးဒေသ(၁)အုပ်ချုပ်ရေးအဖွဲ့ကို ဒေသတည်ငြိမ်၊ ဖွံ့ဖြိုး၊ အုပ်ချုပ်ရေးကော်မတီဟု အမည်ပြောင်းလဲထားကာ ပန်ဝါဒေသတည်ငြိမ်ဖွံ့ရေးအတွက် အစိုးရအုပ်ချုပ်ရေးမှူးရုံးနှင့် လက်တွဲဆောင်ရွက်နေကြပြီဟု အုပ်ချုပ်ရေးနှစ်ဖွဲ့လုံးကတော့ ပြောကြသည်။ မည်သို့ပင်ဆိုစေ မငြိမ်သက်သေးသည့်အခြေအနေများကြောင့် ပန်ဝါမြို့အစိုးရအုပ်ချုပ်ရေးယန္တရားက အခြေမခိုင်သေးဘဲမြို့ခံအုပ်ချုပ်ရေးကော်မတီနှင့်အတူ စစ်ဘေးရှောင်ဒုက္ခသည်များကိုသာ ပူးတွဲကူညီနေကြရသည်။

ပန်ဝါမြို့သို့ ၂၀၁၂ မေလမှစတင်ကာ ခိုလှုံလာကြသည့် စစ်ဘေးဒုက္ခသည်များမှာပန်ဝါဒေသတွင်း ရွာကိုးရွာမှ တိုင်းရင်းသားများဖြစ်ကြပြီး လူဦးရေ ၃၈၉ ဦးရှိသည်။ ထိုဒုက္ခသည်တို့အတွက် လိုအပ်သည့်အစားအသောက်ကို ပန်ဝါမြို့ အကြီးအကဲများနှင့် အုပ်ချုပ်ရေးအဖွဲ့များကပင် တာဝန်ယူထားကြသည်။ သို့သော်လည်း ချမ်းအေးသည့် ဒေသဖြစ်သည်မို့ အဝတ်အစားနှင့် စောင်လိုအပ်ချက်များရှိနေကြသည်ကို တွေ့ရသည်။ ၂၅ ခုတင်ဆံ့ ဆေးရုံလေးတစ်ရုံရှိသော်လည်း ဆေးဝါးလိုအပ်ချက်ကလည်း ရှိနေသည်သာ။

“မျှော်လင့်ချက်ထားစရာတော့ ဘာမှမရှိပေမယ့် . . . သူများဒေသ ဒုက္ခသည်စခန်းတွေကို အကူအညီရောက်တာတွေကြားတော့လည်း နိုင်ငံသားအချင်းချင်းကိုယ့်ဒေသကို ရောက်များရောက်လာမလားလို့ မျှော်တလင့်လင့်တော့ ဖြစ်နေတာပေါ့”ဟု ပန်ဝါဒေသတည်ငြိမ်၊ ဖွံ့ဖြိုး၊ အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝမ်ထယ်ပရန်အောင်က မြို့မိမြို့ဖတစ်ဦး၏ ခံစားချက်ကို ရင်ဖွင့်သည်။

ယခုနှစ် ဇွန်လနောက်ဆုံးပတ်က မြန်မာပြည်အရှေ့မြောက်ဖျား၊ တရုတ်ပြည်နယ်စပ်ရှိ ပေပေါင်း ၈,၀၀၀ ခန့်မြင့်မားသည့် ထင်းရှူးတောင်တန်းကြီးများပေါ်မှာမြူခိုးတွေမှိုင်းညို့လျက်ရှိသည်။ တောင်ကုန်း၊ ချိုင့်ဝှမ်းများဖြင့်မြေပြင်မညီမညာတည်ဆောက်ထားသော အညိုရောင်နယ်မြေ ပန်ဝါမြို့နယ်ခွဲလေးပေါ်သို့ မိုးရေစက်များက ခပ်ဖွဲဖွဲ ကျဆင်းနေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ လိုက်လှဲစွာကြိုဆိုပါ၏ဟူသော နှစ်နိုင်ငံနယ်နိမိတ်မုခ်ဦးပေါက်ဝဆီမှ အနွေးထည်ထူထူထဲထဲဝတ်ဆင်ထားသည့် အိမ်နီးချင်းဆွေမျိုးပေါက်ဖော်များ ခပ်ကျဲကျဲဝင်ရောက်လာကြသည်။ ထိုမြင်ကွင်းများမှာယခင် NDA-K အဖွဲ့အစည်းအုပ်ချုပ်ခဲ့သောကာလ၊ ဒီမိုကရေစီအစိုးရသစ်မတိုင်မီကာလတို့နှင့် နှိုင်းစာလျှင် ပုံမှန်အခြေအနေ ပြန်မရောက်လာသေးသည့်ပန်ဝါမြို့၏ အသွင်ကို ဖော်ပြနေသည်။

“ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ချမှတ်ထားတဲ့ လမ်းကြောင်းထဲမှာ ကျွန်တော်တို့ အားလုံးလိုက်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးရေးအတွက်နိုင်ငံတော်ရဲ့စီမံကိန်းရေးဆွဲထားမှု ရှိ၊ မရှိ ကိုတော့ မသိသေးဘူး။ ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေရတုန်းပဲ”ဟု ကချင်အထူးဒေသ(၁)၏ လူမျိုးစုခေါင်းဆောင် ဒုဝါတစ်ဦးဖြစ်သည့်အပြင် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သော ဦးဇခုန်ယိမ်းဆောင်က ၎င်းတို့ဒေသ၏ လက်ရှိအခြေအနေကို ပြည်သူများကိုယ်စား ပြောသည်။

ကချင်အထူးဒေသ(၁)သည် နိုင်ငံတော်အစိုးရနှင့် ပထမဆုံးငြိမ်းချမ်းရေးရယူခဲ့သည့်အပြင် အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို ပထမဆုံးလက်ခံခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အစိုးရအပေါ် ယုံကြည်မှုတစ်ရပ်ဖြစ်တည်လာစေရန်မှာ ထိုဒေသ၏ ဖွံ့ဖြိုးမှုစံနှုန်းအပေါ်လည်း များစွာမူတည်နေပါသည်။

နောင်တစ်ချိန်တွင် အတိတ်ကထက် ပိုမိုသာလွန်စွာ စည်ကားသိုက်မြိုက်လာနိုင်မည့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးအခန်းကဏ္ဍအတွက် အရေးပါသည့်နယ်စပ်မြို့ကြီးတစ်မြို့ဖြစ်လာဖွယ်ရှိသော ပန်ဝါဒေသကို နိုင်ငံတော်အစိုးရက တာဝန်ယူကာ ဖွံ့ဖြိုးတိုးတက်လာစေမည်လား။ သို့တည်းမဟုတ် ကချင်အထူးဒေသ(၁)၏ မူလဒေသအကြီးအကဲများကပင်ကိုယ့်ဒေသအတွက် တာဝန်ယူလုပ်ဆောင်သွားဦးမည်လားဆိုသည်ကိုမူ စောင့်ကြည့်ကြရမည်သာဖြစ်သည်။

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# Life



## ချက်ကြရအောင်

ဝိုက်ဖီ

### ငါးနီတူငါးပိထောင်းသုပ်



ဒီတစ်ပတ်တော့ ဝိုက်ဖီက ငါးနီတူ ကို မြိတ်စတိုင်လေးသုပ်ထားတာပါ။ ငါးနီတူကို ချဉ်ချဉ်စပ်စပ် လေးလေးပင်ပင်လေးသုပ်ထားပါတယ်။

ငါးနီတူသုပ်ဖို့အတွက် အရင်ဆုံးခေါင်းခြွေပြီး သေချာသန့်စင်ထားတဲ့ ငါးနီတူလေးတွေကိုရေဆေးပြီး စစ်ထားပါ။ ရေခြောက်လောက်ပြီဆိုရင် ဒယ်အိုးခြောက်ခြောက်ထဲမှာ ထည့်လှော်ပါမယ်။ ငရုတ်သီးစိမ်းနဲ့ ငါးပိဖုတ်အနည်းငယ်ကို ထောင်းပါ။ ကြက်သွန်ပါးပါးလှီးပါ။ နံနံပင်လှီးပါ။ ပြီးရင် လှော်ထားတဲ့ ငါးနီတူမွှေးမွှေးလေးကို သံပရာရည်ညှစ်ထည့်လိုက်ပြီး ပြင်ဆင်ထားတာတွေထည့်ရောပြီး သုပ်လိုက်ရုံပါပဲ။ ဘူးသီးဟင်းခါးတစ်ခွက်၊ ဒါမှမဟုတ် ခွေးတောက်ရွက်ဟင်းချိုတစ်ခွက်နဲ့ မိုးအေးအေးမှာ အရသာရှိရှိ သုံးဆောင်နိုင်ကြမှာပါ။




ဒီဇိုင်နာမြမိုးဇင်က
မိုးနိုးရှင်းရှင်းနဲ့ ဆွဲဆောင်မှုရှိစေမယ့်
ဝတ်စုံလေးကို ဖန်တီးပေးထားပါတယ်။
ထိုင်းပိုးထည်နဲ့ရွှေရောင်ဇာကို
တွဲဖက်ဒီဇိုင်းဖော်ချုပ်လုပ်ထားတဲ့အတွက်
အသားဖြူသူ၊ ညိုသူတိုင်း
ဝတ်လို့အဆင်ပြေမယ်လို့ ဆိုပါတယ်။
Model: May Thun Kha
Arranged by : Maple
Make-up: Ma Htet (Pop Soul)
Photo-J Maung Maung
(Amarapura)



7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

မျက်နှာဖုံးမှ

# မြန်မာ့ဆက်သွယ်ရေးလေလံ၏ ကောင်းခြင်းဆိုးခြင်းများ

ဆယ်စုနှစ်များစွာကြာရှည်ခဲ့သည့် ဖိနှိပ်ပြီး လျှို့ဝှက်မှုများ နှင့် ပြည့်နှက်နေသော စစ်အုပ်ချုပ်မှုအောက်တွင် မြန်မာ့စီးပွားရေး လုပ်ငန်းများမှာ လာဘ်စားမှု၊ လိမ်ညာကောက်ကျစ်မှုများဖြင့် ပြည့်နေသည်ဟု လူသိများခဲ့သည်။

သဘာဝ အရင်းအမြစ်မဟုတ်သည့်ကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီများပါဝင်သည့် ပထမဆုံး အကြိမ်ကြီးမားသော ဤလေလံပွဲကို အကြံပေးများနှင့် ပါဝင်ကြသည့် ကုမ္ပဏီများက ချီးကျူးခဲ့ကြသည်။ အိန္ဒိယနိုင်ငံမှ Bharti Airtel အကြီးအကဲဖြစ်သူ Bharti Mittal က ကမ္ဘာ့အဆင့်မီလေလံပွဲဟု ဆိုသည်။

မြန်မာအစိုးရက ငှားရမ်းထားသော လွတ်လပ်သည့် အကြံပေးပုဂ္ဂိုလ် ဂျာမန်လူမျိုး Roland Berger က လေလံအတွက် အခြေခံသည့် အချက်အလက်ရွေးချယ်မှုနှင့် ဆန်ခါတင်စာရင်းရွေးချယ်မှုအပေါ် ပါဝင်ယှဉ်ပြိုင်သူအချို့က ချီးကျူးပြောဆိုခဲ့သည်။ အများအပြားကမူ ဦးသိန်းစိန်အစိုးရကို ချီးကျူးရမည်ဟု ဆိုကြသည်။ အကြံပေးကိုငှားရမ်းလုပ်ကိုင်ခဲ့သည် သာမက လေလံအတွက် သတ်မှတ်ထားချက်ကို လွှတ်တော်အမတ်များ ကန့်ကွက်နေသည့်ကြားက ကြေညာခဲ့သောကြောင့် ဖြစ်သည်။

အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Vriens & Partner ၏ ညွှန်ကြားရေးမှူး Romain Caillaud က "အမှန်တကယ်ပဲ နည်းပညာလိုအပ်ချက်နဲ့ ငွေကြေးကမ်းလှမ်းချက်တွေအပေါ် အဓိကထားပြီး အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်ပုံရပါတယ်"ဟုပြောဆိုသည်။ သူက အနိုင်ရခဲ့သည့် ကုမ္ပဏီများနှင့် လုပ်ကိုင်ခဲ့ခြင်းမရှိပါ။ တင်ဒါလုပ်ငန်းစဉ်မှ ထွက်ရှိလာသော အဖြေများအတွက် အားတက်ဖွယ်ဖြစ်ကြောင်း၊ မြန်မာအစိုးရသည် အမှန်တကယ် သူ့လူထုအတွက် အပြောင်းအလဲကို ဆောင်ကြဉ်းပေးလိုနေပြီး အတိတ်က လုပ်ရပ်များမှ ရှောင်ဖယ်လိုသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံအတွက် ကောင်းမွန်သော သက်ရောက်မှုကြီးမားလာမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

တင်ဒါရသွားသော ကုမ္ပဏီနှစ်ခုသည် ၁၅ နှစ်လိုင်စင်ကို ဆန်ခါတင် ၁၁ ဖွဲ့မှ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါကုမ္ပဏီ နှစ်ခုက တင်ဒါရပြီး လုပ်ဆောင်ရမည့် အချက်များ ပျက်ကွက်ခဲ့လျှင် အစားထိုး တင်ဒါရရှိမည့်သူများ အဖြစ် ပြင်သစ် Telecom's Orange နှင့် ဂျပန် Marubeni ပူးတွဲအဖွဲ့အမည်ကို ကြေညာခဲ့သည်။

ဆက်သွယ်ရေးဥပဒေသစ် မထွက်မချင်း ရလဒ်အဖြေကို မကြေညာဘဲ ရွှေ့ဆိုင်းထားရန်အတွက် တင်ဒါကြေညာမည့် တစ်ရက်အလိုတွင် "ပြည်သူ့လွှတ်တော်၌ ရာနှုန်းပြည့်နီးပါးက မဲခွဲဆုံးဖြတ်ခဲ့သော်လည်း မူလစီစဉ်ထားသည့်အတိုင်း ရလဒ်အဖြေကို ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည်။

ထိုဥပဒေကြမ်းကို လူသိရှင်ကြား မကြေညာ ရသေးသော်လည်း ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် တွဲဖက်လုပ်ကိုင်ရမည်ဆိုသည့် အကာအကွယ်ပေးသည့် ပုဒ်မတစ်ခုပါဝင်သည်ဟု ယူဆရသည်။ ဤလိုအပ်ချက်အရဆိုလျှင် Qatar မှ Ooredoo နှင့် နော်ဝေးမှ Telenor နှစ်ခုစလုံး အကျုံးမဝင်တော့ပါ။ ပြည်တွင်းပါတနာမရှိသည့် လေလံဆွဲသူ ကုမ္ပဏီငါးခုထဲတွင် သူတို့ပါဝင်နေသည်။

လက်ရှိ ဥပဒေကြမ်းတွင် ဖော်ပြချက်အရ ဆက်သွယ်ရေး ကုမ္ပဏီများအနေနှင့် လိုအပ်တောင်းဆိုလာလျှင် စစ်တပ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးစနစ်အတွင်း ဝင်ရောက်ခွင့်ပေးရမည်ဟု ပါရှိကြောင်း သိရသည်။ ဤကဲ့သို့သော ပြဋ္ဌာန်းချက်မျိုးသည် အနောက်နိုင်ငံကုမ္ပဏီအချို့အတွက်လက်ခံနိုင်ဖွယ်မရှိ သဖြင့် အတော်ပင်ကသိကအောက်နိုင်မည့် သဘောရှိသည်။

လွှတ်တော်အမတ်များက လက်ရှိလွှတ်တော်ဆွေးနွေးပွဲတွင် ဤဥပဒေကြမ်းကို အတည်ပြုနိုင်ရန် မျှော်လင့်ထားကြောင်း ပြောဆိုသည်။ ၎င်းမှာ ရက်သတ္တပတ်ရှစ်ပတ်ခန့်ကြာမြင့်နိုင်သည်။ တစ်ဖက်ကလည်း လွှတ်တော်ကို တင်ပြထားသော ဤဥပဒေကြမ်းသည် တစ်နှစ်တာမျှရှိနေပြီဖြစ်ပြီး အတည်ပြုရေးဖြစ်စဉ် နှေးကွေးသဖြင့် နောက်ထပ် ရက်သတ္တပတ် အနည်းငယ် နောက်သို့ ရွှေ့သွားနိုင်သေးကြောင်း ပါလီမန်လွှတ်တော် လက်ထောက် တစ်ဦးက ပြောသည်။

တင်ဒါရလဒ်ကို ပါလီမန်က ရွှေ့ဆိုင်းရန်ကြိုးစားချက်၊ အစိုးရအဖွဲ့က ထိုလုပ်ဆောင်ချက်ကို လျစ်လျူရှုပြီးတင်ဒါအဖြေကိုကြေညာသည့်လုပ်ရပ်များသည် လွှတ်တော်နှင့် အထူးသဖြင့် သမ္မတရုံးတို့အကြား တင်းမာမှုများကို ညွှန်ပြနေသည်ဟု ရန်ကုန်အခြေစိုက်လေ့လာသူတချို့က ဆိုသည်။ ဆက်သွယ်ရေးလိုင်စင်ချထားရာတွင် ပြည်တွင်းပါတနာနှင့် ဖက်စပ်လုပ်ကိုင်ရန် မလိုအပ်ကြောင်း အစိုးရက အတိအလင်းပြောဆိုခဲ့သည်။ ထို့ကြောင့် ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင် ဦးမျိုးဆွေသည် တင်ဒါရလဒ်ကြေညာချက်ရွှေ့ဆိုင်းရန် အဆိုတင်ခဲ့သူဖြစ်သည်။ ၎င်းကပြည်တွင်းပါတနာနှင့် ဖက်စပ်လုပ်သူသာလျှင် တင်ဒါရသင့်သည်ဟု ဆိုသည်။ ဥပဒေသစ်မထွက်မီ လိုင်စင်ချပေးသည့်လုပ်ရပ်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တစ်ဦးတည်းကြီးစိုးလွှမ်းမိုးမှုခံရမည့် အန္တရာယ်ကို ရင်ဆိုင်ရနိုင်သည်ဟု သတိပေးလိုက်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုဝန်ကြီး ဦးဆက်အောင်သည် အစိုးရတင်ဒါအဖွဲ့ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သည်။ လွှတ်တော်အနေနှင့် ဤလုပ်ငန်းစဉ်ကို နှောင့်နှေးအောင်လုပ်ခွင့်မရှိဟု ကြာသပတေးနေ့က ပြောဆိုခဲ့သည်။ သမ္မတရုံးမှ ညွှန်ကြားချက်မပေးလျှင် သူ့အနေနှင့် ကြေညာချက်ကို နှောင့်နှေးမည်မဟုတ်ဟုလည်း ပြောဆိုခဲ့သည်။

"ကျွန်တော်တို့က ကုမ္ပဏီသေးသေးလေးတွေနဲ့ ဆက်ဆံနေတာမဟုတ်ဘူး။ ကမ္ဘာ့အကောင်းတကာ့အကောင်းဆုံးကုမ္ပဏီတွေနဲ့ ဆက်ဆံနေတာပါ။ ကျွန်တော်တို့ တုံ့ပြန်တာနောက်ကျရင် ကျွန်တော်တို့သိက္ခာကို ထိခိုက်တာပေါ့"ဟုလည်း ဖြည့်စွက်ပြောဆိုသွားသည်။

သို့သော်လည်း ဤ ၁၁ နာရီကြာ အာဏာလွှန်ဆွဲပွဲက မြန်မာနိုင်ငံတွင် အာဏာချိန်ခွင်လျှာအရေး ရှုပ်ထွေးမှုများ တိုးလာနေသည့် လက္ခဏာအဖြစ် သံတမန်များနှင့် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်စရာမြင်လာကြောင်း ပြောဆိုကြသည်။ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အကာအကွယ်ပေးလိုသည့် သဘောထား အနာဂတ်စာချုပ်များ၊ အစိုးရနှင့် လွှတ်တော်အကြား အာဏာခွဲဝေမှု၊ အထူးသဖြင့် လွှတ်တော်၏ ကန့်ကွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်လိုင်စင်များ၏ တရားဝင်မှုအခြေအနေတို့နှင့်ပတ်သက်ပြီး ယခု လွှတ်တော်၏ ဝင်ရောက်တားဆီးမှုလုပ်ရပ်က မေးခွန်းထုတ်စရာများ ဖြစ်စေသည်ဟု သံတမန် တစ်ဦးက ပြောသည်။

ထိုစိုးရိမ်ပူပန်မှုများသည် နောက်တစ်ကြိမ်တင်ဒါခေါ်ယူမှုအပေါ်လည်း သက်ရောက်မှုရှိနေမှာ အသေအချာပင်ဖြစ်သည်။ အင်တာနက်ဝန်ဆောင်မှုနှင့် ဆက်သွယ်ရေးကြိုးများ တည်ဆောက်ခြင်းတို့အတွက် စိတ်ဝင်စားသူများကို အစိုးရက မကြာမီ တင်ဒါခေါ်ယူမည့်အကြောင်း မကြာသေးမီကပင် ဆက်သွယ်ရေးဒုဝန်ကြီးက ကြေညာထားသည်။ အသေးစိတ်ကို ထုတ်ဖော်မပြောဆိုသော်လည်း တင်ဒါအသစ်အတွက် သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားနေကြောင်း သမ္မတရုံးနှင့် နီးစပ်သူများက ပြောသည်။

လွှတ်တော်က မည်သို့ပင်ပြုမူနေသော်လည်း နောက်ထပ် ဆက်သွယ်ရေးစာချုပ်များကို နိုင်ငံတကာက စိတ်ဝင်စားနေဦးမည်ဖြစ်သည်။ ယခုပြီးဆုံးသွားသည့် အစပထမ တင်ဒါတွင်ပင်လျှင် နောက်ဆုံးသန်း ၆၀ သော လူထု၏ ဈေးကွက်သစ်ကို နိုင်ငံခြားကုမ္ပဏီတစ်ရာခန့်က စိတ်ဝင်တစားဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

သူကျောထောက်နောက်ခံပေးထားသော Digicel တင်ဒါမရခဲ့သည့်အပေါ် သူဌေးကြီးဂျော့ရှ်ဆိုးရော့စ်က စိတ်ပျက်ကြောင်း ကြာသပတေးနေ့က ပြောဆိုသည်။ သို့သော် မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းများကို ဆက်လက်၍ ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

Digicel ပူးပေါင်းထားသော အဖွဲ့တွင် ပြည်တွင်းစီးပွားရှင် Serge Pun က သူ၏ YSH Finance မှတစ်ဆင့် ပါဝင်ထားသည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံတွင် ဒေါ်လာသန်းကိုးထောင်ရင်းနှီးပြီး မိုဘိုင်းကွန်ရက်တည်ဆောက်မည်ဟု ကတိပြုထားပြီး တင်ဒါလျှောက်သည့်အထဲတွင် ထိပ်ဆုံးက ပြေးနေသည့်အဖွဲ့ဟု အများက လက်ခံထားခဲ့ကြသည်။ အခြားလေလံဆွဲသူများကဲ့သို့ပင် ဤအဖွဲ့ကလည်း ကြော်ငြာလှုံ့ဆော်လှုပ်ရှားမှုများတွင် ငွေသောက်သောက်လဲသုံးခဲ့သည်။

ထိုအချိန်တွင် Ooredoo က ဒေါ်လာ ၁၅ ဘီလီယံရင်းနှီးမည်ဟု ကတိပြုခဲ့ရာ ကျန်လေလံဆွဲသူများထက် များစွာပိုများခဲ့သည်။ အခြေစိုက်ဌာန တစ်သောင်းတည်ဆောက်မည်ဖြစ်ပြီး ၂ နှစ်အတွင်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို ကြိုးမဲ့ဆက်သွယ်ရေးဖြန့်ချိနိုင်မည်ဆိုသဖြင့် အစိုးရ၏ အချိန်ဇယားထက်ပင်လျှင်ရှေ့ပြေးနေပေသည်။ Telenor က မည်မျှရင်းနှီး မည်ဆိုသည်ကို လူသိရှင်ကြား မကြေညာသော်လည်း မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့ဝန်ဆောင်မှုကို ရှေ့နှစ်ဆန်းတွင် စတင်ပေးမည်ဖြစ်ပြီး လာမည့် ငါးနှစ်အတွင်း တစ်ပြည်လုံးကို ဝန်ဆောင်မှုပေးရန် ကတိပြုသည်။

ကျန်ဆန်ခါတင် စာရင်းဝင်များမှ ပြည်တွင်း KBZ နှင့် M-Tel တို့နှင့် ဖက်စပ် Singapore Telecommunications၊ မလေးရှားမှ Axiata Group၊ ဂျပန်မှ KDDI နှင့် Sumitomo Corp၊ Vietnam's Viettel Group၊ လူဇင်ဘတ်မှ Millicom International Cellular ၊ တောင်အာဖရိကအခြေစိုက် MTN ရင်းနှီးမှုဖြင့် ဖွဲ့ထားသော စုပေါင်းအဖွဲ့နှင့် India မှ Bharti Airtel တို့ဖြစ်သည်။

Vodafone နှင့် China Mobile ဖက်စပ်အဖွဲ့ကမူ ဧပြီလ ၄ ရက်တွင် လေလံမှ ပြန်လည်ထွက်ခွာသွားသည်။ တင်ဒါစည်းမျဉ်းများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိဟုဆိုသည်။

ရေရှည်တွင် ဤဆက်သွယ်ရေးတင်ဒါလိုင်စင်များသည် သန်းထောင်ချီတန်သည်ဟုဘန်ကောက်အခြေစိုက်ဆက်သွယ်ရေးလေ့လာသူအချို့က ဆိုသည်။ သို့သော် အချို့လည်း မည်မျှမြန်မြန်ဆန်ဆန် လုပ်ကိုင်နိုင်မည်ဆိုသည့် နှုန်းနှင့် ဦးတည်သည့် ဝန်ဆောင်မှုပမာဏတို့က ကုန်ကျစရိတ်များ ပြားမည်ဖြစ်ပြီး ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် ခက်ခဲမည်ဟု သုံးသပ်ကြသည်။

ဤကုမ္ပဏီများသည် လာမည့် ကိုးလအတွင်း သူတို့၏ ဝန်ဆောင်မှုများကို စတင်ပေးဆောင်ရမည်ဖြစ်ပြီး တစ်နှစ်အတွင်း လူဦးရေ၏ ၂၅ ရာခိုင်နှုန်းကို မိုဘိုင်းဝန်ဆောင်မှုပေးရမည်။ သို့မှသာ ၎င်းတို့၏ လိုင်စင်များကို ဆက်လက်ရရှိမည်ဖြစ်သည်။ လေး၊ ငါးနှစ်အတွင်း နိုင်ငံ၏ လေးပုံသုံးပုံကို မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးရမည်ဖြစ်ပြီး ထက်ဝက်ကို ဆယ်လူလာဝန်ဆောင်မှုပေးရမည်။ ဤအချက်က အထူးသဖြင့် အခက်အခဲဖြစ်သည်ဟု ဆိုသည်။ လက်ရှိတွင် လူဦးရေ၏ ၆ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းကိုသာ မိုဘိုင်းဝန်ဆောင်မှုပေးနိုင်သည်။

ထို့အပြင် ကုမ္ပဏီများသည် လျှပ်စစ်မီးမရရှိမှု၊ အခြေခံအဆောက်အအုံကင်းမဲ့နေမှုများနှင့်လည်း ရင်ဆိုင်ရပေမည်။ ၎င်းတို့သည် နိုင်ငံပိုင် ဆက်သွယ်ရေးကုမ္ပဏီ နှစ်ခုဖြစ်သည့် ရတနာပုံနှင့် မြန်မာဆက်သွယ်ရေးတို့နှင့် အတူတွဲလုပ်ရမည်ဖြစ်သလို အဆိုပါနိုင်ငံပိုင် ဆက်သွယ်ရေးကုမ္ပဏီများနှင့် ၎င်းတို့၏ ဆက်သွယ်ရေးအဆောက်အအုံများကို မျှဝေသုံးစွဲရန်နှင့် ဝန်ဆောင်မှုကို ဈေးချပေးရမည်ဖြစ်သည်။


လိုင်စင်ရသွားသော ကုမ္ပဏီနှစ်ခုစလုံးမှာ အစိုးရပိုင်ကုမ္ပဏီများဖြစ်သည်။ ကာတာအစိုးရနှင့် နော်ဝေးအစိုးရပိုင်ဖြစ်ပြီး အာရှတစ်လွှား အတွေ့အကြုံအများအပြားရှိထားသူများဖြစ်ကြသည်။ Telenor က အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်တွင် ကြီးမားသော စီးပွားရေးလုပ်ငန်းများရှိပြီး Oordeoo က အင်ဒိုနီးရှား၊ လာအို၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့တွင် ရှိသည်။

သို့သော်လည်း ထိုသို့သော စိန်ခေါ်မှုများက ရေတိုနှင့် အလယ်အလတ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရနိုင်မှု မသေချာကြောင်း အချို့ဝေဖန်သူများက ဆိုသည်။

ပို၍ပင် အကဲဆတ်နေသည့် ပြဿနာက မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် ဘာသာရေးဆိုင်ရာရှုပ်ထွေးမှုများဖြစ်ပေါ်နေကြောင်း သံတမန်အချို့က ထောက်ပြသည်။ Ooredoo လိုင်စင်ရသွားသည့် သတင်းက မြန်မာနိုင်ငံ၏ အင်တာနက်လူမှုရေးကွန်ရက်များတွင် ဝေဖန်သံများထွက်ပေါ်လာကြောင်း၊ ထိုအထဲတွင် မွတ်ဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှုအဖွဲ့ဝင်များပါဝင်ပြီး မွတ်ဆလင်များနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း၊ ထုတ်ကုန်များကို သပိတ်မှောက်ရန် ဆော်သြနေကြသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အစိုးရပြောခွင့်ရ ပုဂ္ဂိုလ်ဦးရဲထွဋ်၏ စကားက Ooredoo အတွက် ဖြေသိမ့်မှု အနည်းအကျဉ်းတော့ ပေးနိုင်ခဲ့သည်။ ရွေးချယ်မှုတွင် ဘာသာရေးကို ထည့်မတွက်ကြောင်း "သူတို့ရဲ့ ဝန်ဆောင်မှုက စင်ကာပူမှာ အတော်ကောင်းပါတယ်။ ကျွန်တော်တို့က သူတို့ရဲ့ ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံပြီး လိုင်စင်ချပေးခဲ့တာပါ"ဟု ဦးရဲထွဋ်က ဇူလိုင် ၄ ရက်တွင် သတင်းမီဒီယာများကို ပြောဆိုသွားခဲ့သည်။

**Financial Times ပါ ဝှမ်ရောဘင်ဆင်၏ ဆောင်းပါးကို ခင်မေဇော်က ဘာသာပြန်ဆိုသည်။**



## ၂၀၁၃ ဇူလိုင် ၃မှ ၉ရက်ထိ

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မှာ အနောက်တောင်မုတ်သုံလေ အားကောင်းနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်နိုင်ခြေမရှိသေးပါ။ တောင်တရုတ်ပင်လယ်ပြင်အတွင်းသို့ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းမှ အပူပိုင်းမုန်တိုင်းတစ်လုံး ဝင်ရောက်လာနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မကြာခဏ မိုးသက်လေပြင်းများကျရောက်ရာမှ လှိုင်းကြီးနိုင်ပြီး လှိုင်းအမြင့် ၇ ပေမှ ၈ ပေခန့်ရှိနိုင်ပါတယ်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေဟာ တစ်နာရီ၃၀-၃၅မိုင်ခန့်တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းတွေမှာ နေ့အပူချိန်များဟာ ၃၃ ဒီဂရီ စင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ်ရှိနိုင်ပါတယ်။

### ခရမ်းလွန်ရောင်ခြည်အခြေအနေ

ကယားပြည်နယ်တွင် UV index တန်ဖိုး ၇ ခန့်နဲ့ ကျန်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် UV index တန်ဖိုးများ ၅-၆ ခန့်သာရှိနိုင်ပါတယ်။

### မိုးတိမ်တောင်အခြေအနေ

မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ အရှေ့ပိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့စစ်ကိုင်းတိုင်းအောက်ပိုင်းဒေသကြီးများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ဒေသတွေမှာ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား ၅ ရက်မှ ၇ ရက်ခန့်အထိ မိုးရွာသွန်းနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ၂ ရက်မှ ၃ ရက်ခန့် မိုးကြီးနိုင် ပါတယ်။ ရွာရန်ရာနှုန်း ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။ **ဒေါက်တာထွန်းလွင် (MCCW)**

# Health

7 DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013


## ဆေးရုံစားသောက်ဆိုင်များ၌ မုန့်ပဲသရေစာများ မရောင်းသင့်ဟု ဗြိတိန်ဆရာဝန်များပြောကြား

**အေဒင်လေဘာ့ဂ်၊ ဇွန်-၂၉**

ဆေးရုံများ၏ စားသောက်ဆိုင်များတွင် အာဟာရ မဖြစ်မြောက်သော မုန့်ပဲသရေစာ များ မရောင်းသင့်ကြောင်း ဗြိတိန် ဆေးပညာအဖွဲ့က ဇွန် ၂၇ ရက်တွင် ပြောကြားသည်။ အဆိုပါအဖွဲ့၏ ဆရာဝန်တစ်ဦးက ဆေးရုံဝင်းအတွင်း အာဟာရမရှိသော အစားအစာများ ရောင်းချခြင်းသည် ရောဂါဝေဒနာကို ရောင်းချခြင်းသာ ဖြစ်သည်ဟု စွပ်စွဲပြောကြားသည်။

ဆေးရုံစားသောက်ဆိုင်များတွင် မုန့်ပဲသရေစာများ ရောင်းချခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို စကော့တလန်နိုင်ငံ အေဒင်ဘာ့ဂ်မြို့ ဆေးပညာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု Sky New သတင်းဌာနက ပြောကြားသည်။ ယင်းဆုံးဖြတ်ချက်ကို နှလုံးရောဂါအထူးကုဆရာဝန် ဒေါက်တာ အက်ဆန်မော်ဟက်ထရာက စတင် တင်သွင်းခဲ့သည်။

"အဝလွန်ရောဂါပြန့်ပွားမှုဟာ ပြည်သူ့ကျန်းမာရေးအန္တရာယ်ကို ဖော်ပြနေပါတယ်။ ဆေးရုံတွေကိုယ်တိုင်က အာဟာရမရှိတဲ့ အစားအစာတွေ တရားဝင်ရောင်းနေတော့ အစာလျှော့စားပြီး ဝိတ်ချတဲ့ လူတွေအတွက် အန္တရာယ်ဖြစ်စေပါတယ်။ ဆေးရုံမှာ အာဟာရမရှိတဲ့ အစားအစာတွေ ရောင်းတာဟာ ပြည်သူ့ကျန်းမာရေးအတွက် မကောင်းတဲ့ သတင်းတစ်ခုပါ။ ဒါကြောင့် ဆေးရုံ နယ်မြေတွေမှာ လူတွေ အန္တရာယ်ဖြစ်စေမယ့် အစားအစာတွေရောင်းချနေတာကို ရပ်သင့်ပါပြီ"ဟု ဒေါက်တာ မော်ဟက်ထရာက ပြောကြားသည်။

ဆေးရုံများ၌ အာဟာရမရှိသော မုန့်ပဲသရေစာများအလွယ်တကူ ရရှိနိုင်ခြင်းသည် ဆေးရုံဝန်ထမ်းများအတွက် မကောင်းကြောင်း၊ အမျိုးသားကျန်းမာရေးဌာန၌အလုပ်လုပ်ကြသောဆေးရုံဝန်ထမ်း ခုနစ်သိန်းခန့်သည် ကိုယ်အလေးချိန်တက်ခြင်း(သို့မဟုတ်) အဝလွန်ခြင်းများဖြစ်နေကြသည်ဟု ဒေါက်တာ မော်ဟက်ထရာက ပြောကြားသည်။ ဆေးရုံများ၌ အာဟာရရှိသော အစားအစာများ ကျွေးမွေးရောင်းချခြင်းသည် လူနာများကို အထောက်အကူပြုကြောင်းနှင့် ဆေးရုံ စားသောက်ဆိုင်များ၌ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများသာ ရရှိသင့်ကြောင်း အမျိုး သား ကျန်းမာရေးဌာန အကြီးအကဲ ဒေါက်တာ ဂျွန်နီမာရှယ်က ပြောကြားသည်။

—Ref: UPI

## ပြည်ပတွင် ဆေးကုသမှု ဖက်ရှင်တစ်ခုအဖြစ် တွင်ကျယ်လာ



*ပြည်ပသို့ သွားရောက်ဆေးကုသမည့်သူများကို ရန်ကုန်လေဆိပ်၌ တွေ့ရစဉ်*

ဓာတ်ပုံ-သီဟ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၂၉**

နည်းပညာအသစ်အဆန်းများဖြင့် ဆေးကုသခံလိုခြင်းနှင့် ဖက်ရှင်တစ်ခုအဖြစ် နိုင်ငံခြားတွင် သွားရောက်ဆေးကုသသူ များပြားလာကြောင်း ပြည်ပဆေးရုံများဆိုင်ရာ မြန်မာပြည်ကိုယ်စားလှယ်ရုံးများမှ သတင်းရရှိသည်။

"ဒီနှစ်မှ ကိုယ်စားလှယ်အဖြစ်နဲ့ စလုပ်တယ်။ မြန်မာနိုင်ငံက နေ လူဘယ်လောက်အထိ သွားလဲဆိုတာလည်း သိတဲ့အပြင် လုပ်လာတဲ့ ဒီတစ်နှစ်အတွင်း တစ်လနဲ့ တစ်လလည်း ပိုပိုတိုးလာပါတယ်" ဟု ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဝေ့ဌာနီဆေးရုံကြီး၏ မြန်မာပြည်ဆိုင်ရာ ရုံးခွဲ Bagan Princess Tourism ကုမ္ပဏီမှ ဒေါက်တာ ရွှေစင်ဆုမွန်က ပြော သည်။

မြန်မာနိုင်ငံသားများမှာ ထိုင်း၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံများသို့ အများဆုံးသွားရောက်ဆေးကုသမှုခံယူကြပြီး မကြာသေးမီက ပြည်တွင်းတွင် ဝန်ဆောင်မှုများ စတင်ကြော်ငြာသည့် မလေးရှားနိုင်ငံတွင် ကုသမှုမှာလည်း တစ်နှစ်အတွင်း မြန်မာ လူနာ ၂၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက ကြေညာခဲ့သည်။

အရိုးအကြောဆိုင်ရာ အစားထိုးကုသမှုများ၊ နှလုံးရောဂါများနှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးရန် သွားရောက်ကြခြင်းဖြစ်ပြီး နိုင်ငံခြားသွားရောက် ဆေးကုသမှု ဖက်ရှင်အပြင် အလည်အပတ်သွားရင်း ပုံမှန်ကျန်းမာရေးစစ်ဆေးသူများလည်း ရှိသည်ဟု ဆိုသည်။

"ပိုက်ဆံတတ်နိုင်တဲ့သူတွေကတော့ စင်ကာပူသွားကြတယ်။ မလေးရှားကတော့ ဈေးသက်သာပြီးဝန်ဆောင်မှုအတူတူပဲဆိုတော့ ငွေကြေးသိပ်မသုံးနိုင်တဲ့သူတွေလည်း သွားကြတယ်" ဟု Mahkota ဆေးရုံ မြန်မာနိုင်ငံရုံးမှ ဒေါက်တာနွေးနွေးက ပြောသည်။

မလေးရှားနိုင်ငံသို့ နှလုံးရောဂါနှင့် အရိုးအကြောဆိုင်ရာ ရောဂါများအတွက် အများဆုံးသွားရောက်ကုသပြီး ၂၀၁၁ ခုနှစ်တွင် မြန်မာလူနာ ၅,၈၀၀ ကျော်ရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၇,၂၀၀ ကျော် ရှိလာကြောင်း မလေးရှားကျန်းမာရေးစောင့်ရှောက်မှုနှင့် ခရီးသွားကောင်စီ (MHTC) ၏ အမှုဆောင်အရာရှိချုပ် Dr. Maryu Wong က ပြောသည်။







7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ဆေးရုံ၊ ဆေးခန်းများအတွက် ဆေးရုံသုံးပစ္စည်းများ ဂျပန်တက္ကသိုလ် လှူဒါန်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန် - ၂၉**

ပြည်တွင်းရှိ ဆေးရုံနှင့်၊ ဆေးခန်းအချို့တွင် အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ၊ လူနာကုလားထိုင်များကို လှူဒါန်းခဲ့ကာ ကျေးရွာတစ်ခုအတွက် ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခုကို ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ကရင်ပြည်နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ကြက်ခြေနီခြေတုတပ်ဆင်ရေးဌာနများတွင် အသုံးပြုရန် ဆေးရုံသုံး ခုတင်နှစ်လုံး၊ အာထရာဆောင်း(တီဗီခာတ်မှန်) နှစ်လုံးအပါအဝင် အရေးပေါ် အခန်းသုံး တိုင်းတာရေးကိရိယာ နှစ်လုံးအား လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကျေးရွာသုံးရွာရှိ လူဦးရေ ၇၅၀၀ ကျော်အသုံးပြုရန်အတွက် လှည်းကူးမြို့နယ် ငွေနံ့သာကျေးရွာ၌ ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခု လှူဒါန်းခဲ့ပြီး ထိုဆေးခန်းသို့ လာရောက်သည့် လူနာများအား ကျန်းမာရေးဝန်ကြီးဌာနမှ ချထားပေးသည့် ငွေကြေးနှင့် ဝယ်ယူထားသည့်ဆေးဝါးများဖြင့် အခမဲ့ ဆေးကုသပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆေးသုတေသနဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်တို့သုတေသနလုပ်ငန်းများနှင့် ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ချုပ်ဆိုထားသဖြင့် ထိုတက္ကသိုလ်မှ ပြည်တွင်းတွင် သုတေသလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆေးပညာရှင်များအား သင်တန်းများ ပေးခြင်းအပြင် ဂျပန်နိုင်ငံမှ အလှူရှင်များဖိတ်ခေါ်၍ ဆေးခန်းများအပြင် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုတက္ကသိုလ်မှရန်ကုန်တိုင်းအတွင်း၌ ကျေးလက်ကျန်းမာရေးဆေးခန်း ရှစ်ခန်း ဆောက်လုပ်ပြီးဖြစ်သည်။




# အမေရိကန်နိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၆၀ ရာခိုင်နှုန်းခန့် ဗီတာမင်အားဆေးများသောက်

**နယူးယော့စီ၊ ဇွန် - ၂၉**

အမေရိကန်နိုင်ငံ၌ အရွယ်ရောက်ပြီးသူ ၁၀ ဦးလျှင် ခြောက်ဦးခန့်သည် ဗီတာမင်ဆေးဝါးများနှင့် အားဆေး များသောက်သုံးလျက်ရှိရာ ယင်းဆေးဝါးများ သောက်သုံးသည့်ရာခိုင်နှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းနှင့် ၂၀၁၂ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းရှိကြောင်း ဗီတာမင်းဆေးဝါးများဝယ်ယူသောက်သုံးသည့် ပမာဏပြစစ်တမ်းက ဖော်ပြသည်။

ဗီတာမင် ဆေးဝါးများနှင့် အားဆေးများ သောက်သုံးမှုသည် မြင့်တက်ခဲ့သော်လည်း ကျန်းမာသော လူနေမှု ဘဝပုံစံများတိုးတက်ခဲ့ခြင်းမရှိဟု အမေရိကန်နိုင်ငံ၏ အရွယ်ရောက်ပြီးသူ တစ်ထောင်အားစစ်တမ်းကောက်ချက်အရ သိရသည်။

ယင်းစစ်တမ်းတွင် အရွယ်ရောက်ပြီးသူ ၈၂ ရာခိုင်နှုန်းသည် တစ်နေ့ထမင်းသုံးနပ်မှုမှန်တတစားလေ့မရှိကြောင်းနှင့် ၃၇ ရာခိုင်နှုန်းက ကျန်းမာရေးနှင့် ညီညွတ်အောင် ချက်ပြုတ်ရခြင်းသည် အချိန်အလွန်ကုန်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ပြန်လည်ဖြေကြားသူ ၃၅ ရာခိုင်နှုန်းမှာ သီတင်းပတ်တစ်ပတ်အတွင်း၌လတ်ဆတ်သော ဟင်းသီးဟင်းရွက်တစ်ပန်းကန်ကိုပင် စားသုံးခြင်းမရှိဘဲ အချိန်ကုန်ဆုံးခဲ့ရသည်ဟု ပြောကြားခဲ့သည်။

အဆိုပါစစ်တမ်းသည် အမေရိကန်လူငယ်များအကြား ဗဟုသုတ နည်းပါးမှုကိုလည်း တွေ့ရှိခဲ့သည်။ အမေရိကန်လူငယ်လေးဦးလျှင်တစ်ဦးသည် အစားအစာ အုပ်စုထက်သရုပ်ဆောင်အချောအလှများ၏ အမည်ကိုသာ ပို၍ သိလိုကြသည်ဟု စစ်တမ်းက ဖော်ပြသည်။

အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် စားသောက်တတ်သည့် အလေ့အကျင့်ရှိသည်ဟု အမေရိကန်လူမျိုး ၈၄ ရာခိုင်နှုန်းက ပြောကြားပြီး ၇၈ ရာခိုင်နှုန်းက ဗီတာမင် ဆေးလုံးများသည် လူများအား အလုပ်ပိုလုပ်စေနိုင်သည်ဟု ပြောကြားကာ ၅၀ ရာခိုင်နှုန်းက ဗီတာမင်ဆေးလုံးများသည် ၎င်းတို့၏ အလုပ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးသည်ဟု ပြောကြားသည်။ အမျိုးသား ၄၃ ရာခိုင်နှုန်းက ဗီတာမင်များသည် အားကစားရုံ၌ အားကစားပိုမိုလုပ်ကိုင်ရန် အကူအညီပေးသည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

—Ref: UPI

# စပျစ်သီးနှင့် စပျစ်သီးခြောက်များက ဆီးချိုရောဂါ ကာကွယ်ပေးနိုင်

**ချီကာဂို၊ ဇွန် - ၂၉**

စပျစ်သီးနှင့် စပျစ်သီးခြောက်များကို သရေစာအဖြစ်စားသုံးသောကလေးငယ်များသည် နောက်ပိုင်းတွင် ကယ်လိုရီနည်းပါးသော အစားအသောက်များကို စားသုံးလေ့ရှိပြီး ချောကလက်၊ ကွတ်ကီးများကို စားသုံးသောကလေးငယ်များသည် နောက်ပိုင်းတွင် ကယ်လိုရီအများအပြားပါသော အစားအစာများကို ပိုမိုစားသုံးကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

အစားအစာ သိပ္ပံပညာဂျာနယ်၌ အထူးအချပ်ပိုအဖြစ် ဖော်ပြထားရာတွင် စပျစ်သီးနှင့် စပျစ်သီးခြောက်များ၏ ကျန်းမာရေးအကျိုးကျေးဇူးကို အနှစ်ချုပ် ဖော်ပြထားသည်။

လေ့လာမှုတွင် အသက် ၈ နှစ်နှင့် ၁၁ နှစ်ကြား ပုံမှန်ကိုယ်အလေးချိန်ရှိသော ကလေးငယ် ၂၆ ဦးအား စပျစ်သီးခြောက်များ၊ သို့မဟုတ်ပါက အခြားသော သရေစာများဖြစ်သော အာလူးကြော်၊ ချောကလက်၊ ကွတ်ကီး စသောမုန့်များကို ၎င်းတို့ အားရတင်းတိမ်သည်အထိ ကျွေးမွေးခဲ့သည်။

ယင်းတွင် စပျစ်သီးခြောက်များ စားသုံးသော ကလေးငယ်များမှာ နောက်ပိုင်းတွင် အခြား အစားအစာ စားသုံးမှု နည်းပါးပြီး ကွတ်ကီးစားသုံးသော ကလေးငယ်များမှာ အခြားအစားအစာများကို ပိုမိုစားသုံးလာကြကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

အခြားကျယ်ကျယ်ပြန့်ပြန့် လေ့လာထားသော သုတေသနများကို စုပေါင်းလေ့လာရာတွင်လည်း စပျစ်သီးခြောက်များမှာ ဆီးချိုနှင့် နှလုံးရောဂါ ဖြစ်ပွားမှု အန္တရာယ်ကို လျော့ပါးစေပြီး ဆီးချိုလက္ခဏာ ရှိသူများတွင်လည်း ကိုယ်ခန္ဓာအလေးချိန် လျှော့ချရေး၌ အသုံးဝင်သည်ကို သုတေသီများက တွေ့ရှိထားသည်။

—Ref: UPI

# Regional

7 DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013


# တိုက်ကြီးမြို့နယ်အတွင်းရှိ သိမ်းဆည်းခံလယ်အချို့ တောင်သူများပြန်ရ

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဇွန်-၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုက်ကြီးမြို့နယ် ဆင်ကျန်ကျေးရွာတွင် ကုမ္ပဏီမှသိမ်းဆည်းထားသော လယ်ဧက ၂၀၀ ခန့်၌ ပြန်လည်စိုက်ပျိုးခွင့် ရရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

“ရွှေထည်ကုမ္ပဏီက သိမ်းထားတဲ့ လယ်မြေတွေပြန်ရပြီ။ ဒီမြေပေါ်မှာ ပြန်ထွန်ယက်ခွင့်ရပြီ။ အသိမ်းခံထားရတဲ့ လယ်တွေပြန်ရဖို့လယ်သမားတွေစုပြီးလယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မရှင်ဆီကို တိုင်ကြားခဲ့လို့ အခုလို ဖြေရှင်းပြီးပြန်ရခဲ့တာပါ”ဟုဒေသခံလယ်သမား ဦးမင်းမင်းဇော်က ပြောသည်။

ထိုသို့ ပြန်လည်ရရှိသောလယ်မြေများပေါ်တွင် ထွန်ယက်စိုက်ပျိုးခွင့်ရရှိခဲ့သောလယ်သမားများနှင့်ကုမ္ပဏီတို့အကြားထပ်မံ၍ အငြင်းပွားမှု၊ အုပ်စုဖွဲ့တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က တိုက်တွန်းသည်။

“လယ်လုပ်တဲ့သူကလယ်ပိုင်ဆိုင်ခွင့်ရှိရမယ်။ တရားဝင် လုပ်ကိုင်ခွင့်ရှိရမယ်။ ဆက်လက်ပြီး အငြင်းပွားမှုတွေ၊ အချင်းချင်း ရန်လိုမုန်းတီးနေတာတွေ ထပ်မဖြစ်အောင် ထိန်းသိမ်းကြပါ။ အကယ်၍ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာတဲ့အခါ ကျွန်တော်တို့ဆီကို တိုင်ကြားကြပါ။ ဥပဒေအတိုင်း ဖြေရှင်းဆောင်ရွက်ပေးပါ့မယ်”ဟု ဦးခိုင်မောင်ရည်က တောင်သူများနှင့်ကုမ္ပဏီတို့အားပြောသည်။

ပြန်လည်ရရှိသောလယ်ဧကများကို လယ်သမားများမှာ လယ်ယာမြေမှတ်ပုံတင် ပြုလုပ်ရမည်ဖြစ်ပြီး မြေစာရင်းဌာနတွင် ကိုယ်ပိုင်လယ်မြေအမည်ပေါက်များ ရရှိရန်လိုအပ်သည်။ ကုမ္ပဏီပိုင်လယ်မြေများနှင့် မြေဧရိယာထိစပ်နေသည့်အတွက် ကျူးကျော်ခြင်းများ မပြုလုပ်ကြရန် ဦးခိုင်မောင်ရည်က လယ်သမားများအား တိုက်တွန်းပြောဆိုသည်။

“အခုလို လယ်ဧကတွေကို ပြန်ပေးတဲ့အတွက် လယ်သမားတွေကလည်း ကျေနပ်ကြတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လည်း ကျေနပ်ပါတယ်။ အခုတော့ နှစ်ဦးနှစ်ဖက် ပြေလည်သွားပါပြီ”ဟု ရွှေထည်ကုမ္ပဏီက တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ယာဉ်တိုက်ခံရယောင်ဆောင်ကာ ငွေတောင်းခံရမှုများ မကြာခဏဖြစ်နေ

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၂၉**

မန္တလေးမြို့ပေါ်တွင် ယာဉ်တိုက်ခံရယောင်ဆောင်ကာ ဆိုင်ကယ်ဖြင့် လိုက်လံလိမ်လည်ငွေတောင်းခံမှုများ မကြာခဏဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

တန်ဖိုးကြီး ဇိမ်ခံကားများ၏နောက်သို့ကပ်လိုက်လာကာယင်းကားသည် မိမိတို့၏ဆိုင်ကယ်ကို ပွတ်တိုက်သွားကြောင်း၊ မိမိတို့ ဒဏ်ရာများရရှိသွားသည့်အတွက် လျော်ကြေးပေးရန် လိုက်လံငွေတောင်းခံမှုများဖြစ်ပွားနေကြောင်း ကြုံတွေ့ဖူးသူ မြို့ခံတို့က ပြောသည်။

“ကျွန်တော်တို့ ဒိုင်ထဲက လူတွေ လေးယောက်လောက်ရှိပြီ ခံခဲ့ရတယ်။ ခင်ဗျားတို့ကားကြောင့် ကျုပ်တို့ဆိုင်ကယ်လဲသွားတယ်။ လက်ကျိုးသွားပြီထင်တယ်။ လျော်ကြေးပေးဆိုပြီး ရုပ်ကလည်း လူမိုက်ရုပ်တွေနဲ့လိုက်တောင်းတယ်။ သုံးသောင်းတို့၊ ငါးသောင်းတို့ပေးလိုက်ရတယ်”ဟု မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ ကုန်သည်တစ်ဦးက ပြောသည်။

ညနေ ၆ နာရီနောက်ပိုင်း မန္တလေးမြို့လယ် လူစည်ကားရာ လမ်း၃၀နှင့်၃၅လမ်းတစ်လျှောက်တွင် အဖြစ်များနေကြောင်း၊ လမ်းထောင့်ချိုးအကွေ့များတွင် ပွတ်တိုက်မိသည်ဟု ပြောဆိုလေ့ရှိကြောင်း၊ မန္တလေးမြို့တွင် နေထိုင်နေသည့် ငွေကြေးတတ်နိုင်သော တရုတ်လူမျိုးများ အများဆုံးလိမ်လည်မှုခံနေရကြောင်း ကြုံတွေ့ဖူးသူအချို့ကပြောသည်။

“တရုတ်က ပိုက်ဆံတတ်နိုင်တော့ ပြဿနာမရှုပ်ချင်တာနဲ့ ပေးလိုက်တာများတယ်။ အချို့ကျတော့လည်း ဒဏ်ရာရသွားရင် ဆေးရုံလိုက်ပို့မယ်လည်းဆိုရော လစ်ပြေးတော့တာပဲ”ဟု ကြုံတွေ့ဖူးသူ မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

ယာဉ်တိုက်ခံရယောင်ဆောင်ကာ ဆိုင်ကယ်ဖြင့် လိုက်လံငွေတောင်းခံသူများသည် အမျိုးသားနှစ်ယောက်မှ သုံးယောက်အထိ ပါဝင်ကြောင်း၊ တစ်ခါတစ်ရံ အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်ဟု ကြုံတွေ့ဖူးသူ အချို့ကပြောသည်။


မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက“ကျွန်တော်တို့ဆီ အဲဒီလိုအမှုမျိုး လာတိုင်တာမရှိဖူးသေးဘူး။ ဖြစ်ခဲ့လို့ရှိရင် လာတိုင်ပါ။ တမင်တကာကိုငွေရလိုမှုနဲ့ ခုလိုလုပ်တာဆိုတော့ ခြောက်လှန့်တောင်းယူမှုနဲ့ အရေးယူလို့ရတယ်”ဟု ပြောသည်။

ယခု ၂၀၁၃ ခုနှစ်တွင် မန္တလေးမြို့ရှိမော်တော်ယာဉ်နှင့် ဆိုင်ကယ်အစီးရေ ၂၀၁၂ ခုနှစ်ထက် တစ်သိန်းနှစ်သောင်းကျော် ပိုမိုအသုံးပြုလာသည်ဟု ယာဉ်ထိန်းရုံးမှတ်တမ်းများတွင် ဖော်ပြထားပြီး ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားမှုကို အကြောင်းပြုကာ လိမ်လည်ငွေတောင်းခံမှုများဖြစ်ပွားလာသည်ဟုမြို့ခံအချို့က ထင်မြင်ချက်ပေးခဲ့သည်။



**ယာဉ်ကြောရှုပ်သည့် မန္တလေးမြို့လယ်တစ်နေရာ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# နှလုံးရောဂါသည် ပဥ္စမတန်းကျောင်းသား စာသင်ခုံတွင် မှောက်လျက်သေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ကင်းကျေးရွာ၊ အမှတ်(၁)အခြေခံ ပညာမူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနေသော နှလုံးရောဂါဝေဒနာရှင် ပဥ္စမတန်း ကျောင်းသားတစ်ဦး စာသင်ခန်းအတွင်း စာသင်ခုံတွင် မှောက်လျက်အနေအထားဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ်တစ်ခုဇွန်လ ၂၇ ရက်၌ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မြောင်မြို့နယ်၊ ကင်းကျေးရွာ၊ အမှတ်(၁)အခြေခံ ပညာမူလတန်းလွန်ကျောင်း၌ ဇွန်လ ၂၇ ရက် နံနက် ၈ နာရီတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများသည် ကျောင်းမတက်မီ စာသင်ကျောင်းရှေ့၌ ဆော့ကစားနေစဉ် ပဥ္စမတန်း ကျောင်းသား မောင်ထက်ရှိုင်း ထက်သည်စာသင်ဆောင်အတွင်း စာသင်ခုံတွင် မှောက်လျက် အိပ်ပျော်နေသည်ဟုထင်မှတ်၍ သွားရောက်နှိုးရာ သေဆုံးနေသည်ကို တွေ့ရှိရသည်။ မောင်ထက်ရှိုင်းထက်မှာ နှလုံးရောဂါဝေဒနာရှင်ဖြစ်ပြီး ယခင်က မကြာခဏ တက်တတ်သည့် ရောဂါရှိသည်ဟု ရဲမှတ်တမ်းများအရ သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြောင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ် -(ပ)(၄/၂၀၁၃)ဖြင့် အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

# ကနီမြို့နယ်အတွင်း မိုးကြိုမြေပဲစံပြကွက် ရိတ်သိမ်းချိန် တစ်ဧကနှုန်း ၉၁ဒသမ ၅ တင်းထွက်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

မုံရွာခရိုင်၊ ကနီမြို့နယ်၊ ချိုင်ကျေးရွာ အုပ်စုအတွင်း မိုးကြိုမြေပဲစိုက်ခင်းများ ဇွန် ၂၈ ရက်တွင် ရိတ်သိမ်းရာ တစ်ဧကလျှင် ၉၁ ဒသမ ၅ တင်းထွက်ရှိကြောင်း ကနီမြို့နယ်ချိုင်ကျေးရွာဒေသခံများပြောပြချက်အရ သိရှိရသည်။

"ပြီးခဲ့တဲ့နှစ်တုန်းက ရာသီဥတုပြောင်းလဲမှုကြောင့် မိုးကြိုမြေပဲ စိုက်ပျိုးနိုင်ခြင်းမရှိဘူး။ ဒီနှစ် မိုးကြိုမြေပဲ ဧက ၅၀ နီးပါးကို စံပြကွက်အဖြစ် စမ်းသပ်စိုက်ပျိုးခဲ့တာ အခုရိတ်သိမ်းချိန်မှာ တစ်ဧကအထွက်နှုန်း ၉၁ တင်းကျော်ထွက်တယ်"ဟု ကနီမြို့နယ်၊ ချိုင်ကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

သရက်ပင်ကျေးရွာ၊ ကွင်းအမှတ် ၁၈၉၃၊ ဦးပိုင်အမှတ် ၃၁ရှိ တောင်သူ ဦးဝေလင်း၏ မိုးကြိုမြေပဲစိုက်ခင်း စံပြရိတ်သိမ်းပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ရိတ်သိမ်းခဲ့ရာ ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်အောင်၊ မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းပေါ်မြင့်၊ ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။ မိုးကြိုမြေပဲ စံပြကွက်ရိတ်သိမ်းချိန်တွင် တစ်ဧက အထွက်နှုန်း ၉၁ ဒသမ ၅ တင်းထွက်ရှိကြောင်း သတင်းရရှိသည်။

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း နှစ်ရှည်သီးနှံပင်များနှင့် မြေယာလျော်ကြေးငွေပေးအပ်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းနယ်မြေရှိ နှစ်ရှည်သီးနှံပင်များနှင့် မြေယာလျော်ကြေးငွေများကို မတ်လ ၁၆ ရက်မှစတင်၍ ဆားလင်းကြီးမြို့နယ် ငွေသာခန်းမ၌ ဆက်လက်ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

"ထန်းပင်တစ်ပင် အရင်က လျော်ကြေးငွေတစ်သောင်းပေးအပ်ခဲ့ပြီး အခုထပ်တိုးလျော်ကြေးငွေကျပ်ငါးထောင်ပေးအပ်ခဲ့ပါတယ်။ သနပ်ခါးပင်တွေကို အရင်ခြံအပြတ်ပေးလျော်ခဲ့ပြီး အခုထပ်တိုးလျော်ကြေးငွေအဖြစ် တစ်ပင်ကို ကျပ်လေးထောင်နှုန်းနဲ့ ပေးလျော်နေပါတယ်။ စနစ်တကျ စိုက်ပျိုးထားတဲ့ ဆီးပင်တစ်ပင်ကို ကျပ်ငါးထောင်နှုန်း၊ သရက်ပင်တစ်ပင်ကို ယခင်ကျပ်တစ်သောင်းခြောက်ထောင်ကျပ် လျော်ကြေးပေးခဲ့တာ ထပ်တိုးလျော်ကြေး ငွေကျပ်လေးထောင် ထပ်မံပေးအပ်တာ ဖြစ်ပါတယ်"ဟု ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ဒေသခံလယ်သိမ်းခံတောင်သူတစ်ဦးက ပြောကြားခဲ့သည်။ ထိုသို့နစ်နာကြေးပေးအပ်ရာတွင် တောင်သူ ၅၄ ဦး၏ ထန်းပင် ၂,၂၄၄ ပင်၊ သရက်ပင် ၁၅ ပင်၊ သနပ်ခါးပင် ၇၆၃ ပင်တို့အတွက် နှစ်ရှည်သီးပင်လျော်ကြေးငွေ ကျပ်တစ်ရာလေးဆယ့်သုံးသိန်းကိုးသောင်းငါးထောင်ပေးလျော်ခဲ့ပြီး မတ်လ ၁၆ ရက်မှ ဇွန်လ ၂၈ ရက်အထိ မြေယာလျော်ကြေးပေးအပ်မှု မှတ်တမ်းများအရ ကွင်း ၁၇ ကွင်းမှ တောင်သူ ၉၆၀ ဦး၊ လယ်ယာမြေဧက ၂,၅၉၃ ဒသမ ၇၂ အတွက် စုစုပေါင်း လျော်ကြေးငွေ ကျပ်သိန်းပေါင်း နှစ်သောင်းခြောက်ထောင်ကျော် ဖြစ်ကြောင်း သတင်းရရှိသည်။

# ကုန်တင်ရေယာဉ်များတွင် ခရီးသည်တင်ဆောင်သောကြောင့် ခရီးသည်တင် အမြန်ရေယာဉ်များ အခက်ကြုံ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

ချင်းတွင်းရေကြောင်းသွားကုန်တင်ယာဉ်များတွင် သတ်မှတ်နှုန်းထားမရှိဘဲ ခရီးသည်တင်ဆောင်ပြေးဆွဲမှုများကြောင့် အမြန်ရေယာဉ်များ အခက်ကြုံတွေ့နေရကြောင်း ချင်းတွင်းရေကြောင်းသွားခရီးသည်တင် အမြန်ယာဉ်ကြီးကြပ်မှုကော်မတီတာဝန်ရှိသူများကပြောသည်။

"လောလောဆယ် မုံရွာ-နမ့်တော့ ကုန်တင်ရေယာဉ်တွေမှာ သတ်မှတ်နှုန်းထားမရှိဘဲခရီးသည်တင်ဆောင်ပြေးဆွဲတာတွေရှိတဲ့အတွက် ခရီးသည်တင်အမြန်ရေယာဉ်တွေမှာခရီးသည်ရမှုနည်းပါးအခက်တွေ့ပြီပေါ့။ ချင်းတွင်းရေကြောင်းသွားကုန်တင်ရေယာဉ်အချို့မှာ တရားဝင်ရေယာဉ်လိုင်စင်မရှိဘဲ ပြေးဆွဲနေတာတွေရှိတဲ့အတွက်အခွန်အခပေးဆောင်ပြေးဆွဲနေတဲ့ခရီးသည်တင်ရေယာဉ်တွေ နစ်နာမှုတွေရှိပါတယ်"ဟု ချင်းတွင်း ရေကြောင်းသွားခရီးသည်တင် ရေယာဉ်အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ချင်းတွင်းရေကြောင်းသွား ကုန်တင်ရေယာဉ်ပိုင်ရှင်တစ်ဦးကို ဆက်သွယ်မေးမြန်းရာ "အရင်အစိုးရ လက်ထက်တုန်းက လိုင်စင်မရှိတဲ့ကုန်တင်ရေယာဉ်တွေကို စစ်ဆေးပြီး လိုင်စင်လုပ်ရတယ်။ အခွန်အခပေးဆောင်ပြီးမှ ကုန်တင်ပြေးဆွဲရတယ်။ ကုန်တင်ရေယာဉ်တွေမှာ ခရီးသည်တင်ဆောင်ပြေးဆွဲခြင်း မပြုဘူးဆိုပေမယ့် အချို့ကုန်တင်ရေယာဉ်တွေက ခရီးသည်တင်ဆောင်မှုတွေရှိနေတဲ့အတွက် အခုလိုသက်ဆိုင်ရာ တင်ရတဲ့အထိဖြစ်သွားတယ်"ဟုဆိုသည်။

ယခုနှစ် ချင်းတွင်းမြစ်ရေမြင့်တက်ချိန်တွင် ကုန်တင်ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိပြီး ချင်းတွင်းရေကြောင်းသွား ကုန်တင်အမြန်ရေယာဉ်အချို့ သတ်မှတ်နှုန်းထားမရှိဘဲ ခရီးသည်တင်ဆောင်ပြေးဆွဲခြင်းကြောင့်အမြန်ရေယာဉ်အသင်းများတွင် ခရီးသည်ရရှိမှုလျော့နည်းခဲ့သဖြင့် အခက်ကြုံတွေ့ရခြင်းဖြစ်ကြောင်း အမြန်ရေယာဉ်ပိုင်ရှင်များက ပြောသည်။

# ဟုမ္မလင်းမြို့နယ် ရွှေမျှောလုပ်ကွက် အတွင်း မြေပိ၍ ရွှေလုပ်သား နှစ်ဦးသေဆုံး

**မျိုးမင်းဦး**

**ဟုမ္မလင်း၊ ဇွန်-၂၉**

ဟုမ္မလင်းမြို့နယ်၊ ကုန်းခါးရွှေမှော်ရှိ၊ ရွှေမျှောလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုတွင် ရွှေမျှောလုပ်ကိုင်နေစဉ် မြေပြိုကျ၍ ရွှေမျှောလုပ်သားနှစ်ဦးဇွန် ၂၄ ရက်ကသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဟုမ္မလင်းမြို့နယ်၊ ကုန်းခါးရွှေမှော်ကျေးရွာ၊ သီရိမေ ကုမ္ပဏီလုပ်ကွက်အမှတ် (၃၈၅)တွင် ဇွန် ၂၄ ရက် နံနက် ၁၁ နာရီ၌ မြိုင်မြို့နယ်၊ ကိုင်းလတ်ကျေးရွာဒေသခံများဖြစ်ကြသော ဝင်းနိုင်၊ ဆန်းလင်းကိုနှင့် ကျော်လွင်ဦးတို့ သုံးဦး ရွှေမျှောတိုက်နေစဉ် ရုတ်တရက်ကမ်းပါးမြေပြိုကျမှုကြောင့် ဝင်းနိုင်နှင့်ဆန်းလင်းတို့ နှစ်ဦးမြေပိသေဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။

ရွှေမျှောတိုက်စဉ် မြေပိသေဆုံးခြင်းနှင့်ပတ်သက်၍ ဟုမ္မလင်းမြို့နယ် မိုင်းကိုင်ရဲစခန်း (ပ)အမှတ်(၂၁/၂၀၁၃)ဖြင့်အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

# မင်းကင်းမြို့နယ်သံပေါက်ဝအနီး ချင်းတွင်းမြစ် အတွင်းစက်လှေနှစ်စီး တိုက်မိ၍ နစ်မြုပ်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

မုံရွာဆိပ်ကမ်းမှ ကချင်ပြည်နယ် ဆယ်ဇင်းကျေးရွာသို့ ဆန်တက်လာသော ရွှေညီမွှာ ရေယာဉ်နှင့် မုံရွာဆိပ်ကမ်းမှ မော်လိုက်မြို့သို့ ဆန်တက်လာသော လှနန်းဒေဝီ ရေယာဉ်နှစ်စီး မင်းကင်းမြို့နယ် သံပေါက် ချောင်းဝအနီး၌ ဇွန် ၂၆ ရက်တွင် တိုက်မိပြီး ရေယာဉ်တစ်စီး နစ်မြုပ်ပျက်စီးခဲ့ကြောင်း ချင်းတွင်းရေကြောင်း သွားရေယာဉ်မောင်းများက ပြောသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ ကချင်ပြည်နယ် ဆယ်ဇင်း ကျေးရွာသို့ ဆန်တက်လာသော ရွှေညီမွှာရေယာဉ်နှင့် မုံရွာမြို့မှ မော်လိုက်မြို့သို့ ဆန်တက်လာသော လှနန်းဒေဝီ ဘေးတွဲပါရေယာဉ်တို့သည် မင်းကင်းမြို့နယ် သံပေါက်ချောင်းဝအနီး ချင်းတွင်းမြစ်အတွင်း တိုက်မိပြီး ရွှေညီမွှာရေယာဉ် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ရေယာဉ်တိုက်မှုကြောင့် လူ့ထိခိုက်ဒဏ်ရာရရှိမှုများမရှိသော်လည်း ရေယာဉ်ပေါ် ပါရှိသော ပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ သဖြင့် မင်းကင်းမြို့နယ် မောင်္ကတော် ရဲစခန်း (ပ)အမှတ်(၄/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# ကလေးမြို့ သီတဂူစက္ခုဒါန ဆေးရုံကြီးတွင် ဇွန်လအတွင်း မျက်စိဝေဒနာရှင်များ အခမဲ့ ဆေးဝါးကုသပေး

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်- ၂၉**

ကလေးမြို့၊အောင်သစ္စာရပ်၊မဟာသန္တာရုံကျောင်းတိုက်အနီး သီတဂူစက္ခုဒါန ဆေးရုံကြီးတွင် အဌမအကြိမ်မြောက် မျက်စိဝေဒနာ ရှင်များကို မျက်စိအထူးကုဆရာ ဝန်ကြီး များက အခမဲ့ဆေးဝါး ကုသမှု အစီအစဉ်ကို ဇွန် ၁၈ ရက်မှ ၂၇ ရက်ထိဆောင်ရွက်ပေးခဲ့သည်။

အခမဲ့ ဆေးဝါးကုသမှုတွင် မျက်စိ အခမဲ့ စမ်းသပ်စစ်ဆေးခွဲစိတ်မှုပြုလုပ်ရန် စာရင်းပေးသွင်းထားသူ ၂၈၄၇ ဦး၊လာရောက်ပြသသူ ၁၈၄၇ ဦးကို စမ်းသပ်စစ်ဆေးမှု ဆောင်ရွက်ခဲ့ပြီး မျက်စိ ဝေဒနာရှင် ၃၀၀ ဦးအား ခွဲစိပ်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

# အိမ်သုတ်ဆေးကံစမ်းမဲကူပွန်အတုဖြင့် ငွေလိမ်ထုတ်သူများကို အရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇွန်- ၂၉**

နေပြည်တော် ပျဉ်းမနားတွင် ဇွန်လ ၃၀ ရက်မနက်ပိုင်းက အိမ်သုတ်ဆေးကုမ္ပဏီ၏ ကံထူးဆု ကူပွန်လက်မှတ်အတုဖြင့် ငွေများ လိမ်လည်ထုတ်ယူသူနှစ်ဦးကို ဖမ်းဆီးရမိမှုဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာနေပြည်တော်၊ပျဉ်းမနားမြို့၊ရွှေချီ(၇)လမ်းတွင်ရှိသော ခေတ်သစ် အိမ်ဆောက်ပစ္စည်းဆိုင်မှ မန်နေဂျာ မစုမြတ်နန္ဒာဦးသည် နံနက် ၇ နာရီခန့်က ဆိုင်တွင်ရှိနေစဉ် အမည်မသိလူနှစ်ဦး ဆိုင်ထဲဝင်လာပြီး UPG ကံထူးဆု ကျပ် ၂,၀၀၀ တန် ကံစမ်းမဲလက်မှတ်ကတ်များကို ငွေသားဖြင့် လာရောက်လဲလှယ်သည်ကိုစစ်ကြည့်ရာကျပ် ၂,၀၀၀တန်ပေါက်မဲလက်မှတ် ကတ်ရှက်ရေ ၂၀၀ ရှိပြီး အဆိုပါ ကတ်အားလုံး၏ Serial နံပါတ်မှာတစ်ခုတည်းဖြစ်၍ အတုများဖြစ်နေကြောင်းတွေ့ရှိရသည်။ ငွေသားဖြင့် လာရောက်လဲလှယ်သူမှာ မျိုးအောင် (၂၈)နှစ်ဖြစ်ပြီး ၎င်း၏ သူငယ်ချင်း အောင်နိုင်ဝင်း (၃၀) နှစ်မှာ ဆိုင်ပြင်ရှိ ဆိုင်ကယ် အနီးတွင် စောင့်ဆိုင်းနေသည်။

ထိုအခါ မန်နေဂျာ မစုမြတ်နန္ဒာဦးနှင့် ဆိုင်ဝန်ထမ်းများသည် ရွှေချီရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့ကို ဖုန်းဖြင့်ဆက်သွယ်၍ ၎င်းတို့ နှစ်ဦးကိုစစ်ဆေးရာ ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်ခုံအတွင်း Serial နံပါတ်တူ ပေါက်ငွေ တန်ဖိုးတူ ကံထူးဆုကတ်အတု ၁၆၈ ကတ် ထပ်မံတွေ့ရှိရသည်။

ထို့ပြင် ဇွန်လ ၂၃ ရက် နံနက် ၁၀ နာရီခန့်ကလည်း ၎င်းတို့နှစ်ဦး ကျပ် ၂,၀၀၀ တန် ကံထူးဆု အတု ၃၄၄ ကတ်တို့ကိုလာရောက် လိမ်လည်ပြီး ငွေသားများဖြင့် လဲလှယ်သွားကြောင်း ဆိုင်မန်နေဂျာက အမှုတွဲတွင် ထွက်ဆိုထားသည်။ "သူတို့နှစ်ယောက်ကိုပဲဒီလို ကံထူးဆုနှစ်ထောင်တန်ကတ် အတုတွေ ကျွန်မတို့ဆိုင်ကနေ လဲလှယ်ပေးခဲ့ပြီး ကျွန်မတို့ဆိုင်အနေနဲ့ ကုမ္ပဏီကို ပြန်ပို့တော့မှ အဲဒီကတ်တွေက အတုတွေမှန်းသိတော့တယ်။ ဒါကြောင့်နောက်တစ်ခါလာလဲတော့မှ သေချာစိစစ်ပြီး တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ပြီး ဖမ်းလိုက်ရတာ" ဟု မစုမြတ်နန္ဒာဦးက ဆိုသည်။

ကံစမ်းမဲအတုကို ငွေသားများဖြင့် လာရောက်လဲလှယ်သော ၎င်းတို့နှစ်ဦးကို အရေးယူပေးပါရန် ဆိုင်မန်နေဂျာက တရားလိုပြုလုပ် တိုင်ကြားလာ၍ နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းမှ ပြစ်မှုပုဒ်မ ၄၂၀/၄၆၈ အရ အမှုဖွင့်ထားပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။



ဓာတ်ပုံ- မျိုးမင်းဦး

# ကျောက္ကာနှင့် ထနောင်းဝန်းကျေးရွာအနီး သနပ်ခါးစိုက်ပျိုးသူများ၍ မြေဈေးတက်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၉**

မုံရွာမြို့နယ်၊ ကျောက္ကာကျေးရွာနှင့် ထနောင်းဝန်း ကျေးရွာအနီး သဲမြေများတွင် ကောက်ပဲသီးနှံ စိုက်ပျိုးရန်မလွယ်ကူသောကြောင့် သနပ်ခါးစိုက်ပျိုးသူ ပိုမိုများပြားလာသဖြင့် မြေဈေးမြင့်တက်လာကြောင်းကျေးရွာဒေသခံများပြောပြချက်အရ သိရှိရသည်။

"အဓိက ဆည်ရေမရဘဲ သဲဆန်တဲ့မြေတွေမှာ ပိုစိုက်ကြတာပါ။ ဒီနှစ်ဆန်းပိုင်းမှာ စိုက်ပျိုးလို့ မလွယ်တဲ့ မြေကို အရင်တုန်းက ဝယ်သူရှားတယ်(ဒသမ ၃၀) နီးပါးရှိတဲ့မြေကိုဆယ်သိန်းနဲ့ဝယ်ပြီး သနပ်ခါး စိုက်တယ်။ တစ်ဧကကို အရင်၁၀သိန်းကနေ သိန်း၅၀၀ဝန်းကျင်ရှိရာက အခုနေရာအကျယ်အဝန်းအပေါ် မူတည်ပြီး သိန်း ၃၀ ကနေ သိန်းတစ်ရာအထိ အရောင်းအဝယ် ဖြစ်နေတယ်"ဟု မုံရွာမြို့နယ် ထနောင်းဝန်းကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။

မုံရွာမြို့နယ်ကျောက္ကာကျေးရွာဒေသခံသနပ်ခါးစိုက် တောင်သူတစ်ဦးက "အရင်တုန်းကကျောက္ကာအရှေ့ဘက်က ကျောက်ကုန်းတွေ မှာ စိုက်တာများတယ်။ အခု ကျောက္ကာ အနောက်ဘက်မြေပြန့်တွေလည်း တိုးချဲ့စိုက်လာကြပြီ။ ကျောက္ကာအရှေ့ဘက်ကျောက်ကုန်းမြေတွေမှာ သနပ်ခါးအပင် သက်တမ်းအပေါ် မူတည်ပြီး သိန်းရာဂဏန်းအထိ အရောင်းအဝယ်ဖြစ်တယ်" ဟု ဆိုသည်။

ယခင်နှစ်များအတွင်း မုံရွာမြို့ နယ်အတွင်းသနပ်ခါးစိုက်ပျိုးရေးခြံများတွင် ဆယ်စုနှစ်နှစ်စုခန့်အထိ စိုက်ပျိုးခဲ့ရပြီး ယခုနှစ်များတွင် သနပ်ခါး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးပါက ငါးနှစ်မှ ဆယ်နှစ်အတွင်း ဈေးကွက်တင်ပို့ ရောင်းချနိုင်သည့်အတွက် သနပ်ခါး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း အဆိုပါဒေသခံသနပ်ခါး စိုက်တောင်သူများပြောပြချက်အရသိရှိရသည်။

# ထော်လာဂျီယာဉ်လမ်းဘေးထိုးကျစဉ် ခုန်ချသူယာဉ်မောင်းနောက်ဘီးကြိတ်မိသေဆုံး

**မျိုးမင်းဦး**

**ရွှေဘို၊ ဇွန်- ၂၉**

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းတွင် မောင်းနှင်နေသော ကျောက်တင် ထော်လဂျီတစ်စီး လမ်းဘေးသို့ ထိုးကျစဉ် ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ခုန်ချစဉ် ယာဉ်နောက်ဘီးဖြင့် ကြိတ်မိ နေရာတွင် သေဆုံးခဲ့သည့် ဖြစ်စဉ်ရက်တစ်ခု ဇွန် ၂၇ ရက် နံနက်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ အမှတ် (၃) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၄၈/၇) တွင် ယာဉ်မောင်း ထွေးပို၊ မောင်းနှင်လာသည့်၉၅/. . . . အပြာရောင်ကျောက်တင်ထော်လဂျီသည် လမ်း၏ ယာဘက်သို့ထိုးကျသွားသဖြင့် ယာဉ်မောင်းထွေးပိုမှာ ယာဉ်ပေါ်မှ ခုန်ချစဉ် ယာဉ်နောက်ဘီးဖြင့် ကြိတ်မိ၍ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်ပေါ် လိုက်ပါလာသူ ဇော်နိုင်သည် ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

အဆိုပါ ကျောက်တင်ယာဉ်နှင့် ပတ်သက်၍ ကျောက်မြောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်း ယာဉ် (ပ) အမှတ် (၂/ ၂၀၁၃) ဖြင့် အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.12, No.17 · JULY 3 , 2013

# တီကျစ်ကျောက်မီးသွေးစက်ရုံမှ တစ်နှစ်ကာ ဗွန်ဒိုင်အောက်ဆိုက် တန်ကိုးသိန်းခန့်ထုတ်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၂၉**

တီကျစ်ကျောက်မီးသွေးစက်ရုံမှ တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်တန်ချိန်ကိုးသိန်းနီးပါး ထုတ်လွှတ်ကြောင်း မြန်မာအစိမ်းရောင်ကွန်ရက်မှ ကျောက်မီးသွေးဆိုင်ရာကျွမ်းကျင်သူဦးသောမိုးမြင့်ကပြောသည်။

ကျောက်မီးသွေးစက်ရုံမှကာဗွန်ဒိုင်အောက်ဆိုက်ဒ်၊ ဆာလဖာဒိုင်အောက်ဆိုက်ဒ်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ အလွန်သေးငယ်သော ညစ်ညမ်းအမှုန့်၊ ပြဒါး၊အာဆင်းနစ်၊ ခရိုမီယမ်ဟိုက်ဒရိုဂျင်ကလိုရိုက်၊ ဟိုက်ဒရိုဂျင်ဖလိုရိုက်၊ ဓာတ်တို့ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၁၂၀ကျော်ထုတ်လုပ်သောတီကျစ်ကျောက်မီးသွေးစက်ရုံမှကာဗွန်ဒိုင်အောက်ဆိုက်ဒ်တန်ချိန် ၈၈၈,၀၀၀ ထုတ်လွှင့်ခြင်းဖြစ်သည်။

ထိုစက်ရုံမှ အက်ဆစ်မိုးရွာသွန်းစေနိုင်သည့် ဆာလဖာဒိုင်အောက်ဆိုက်မှာ ၂,၄၀၀ တန်ချိန်ထွက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ ယင်းဓာတ်ငွေ့သည် အဆုတ်ရောင်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ ပေါင်မပြည့်သောကလေးမွေးဖွားခြင်းများကိုဖြစ်ပွားစေသည်ဟု ဆိုသည်။

ကလေးများတွင် အသက်ရှုလမ်းကြောင်းပြဿနာများဖြစ်ပွားစေသည့် နိုက်ထရိုဂျင်အောက်ဆိုက်ဒ်မှာ ၂,၄၄၈တန်ချိန်ထွက်ရှိပြီး ရှူရှိုက်မိလျှင်၊ စားသုံးမိလျှင် အစာအိမ်အူလမ်းကြောင်းနှင့်ဦးနှောက်အာရုံကြောကိုထိခိုက်နိုင်သည့်အာဆင်းနစ်မှာ၅၄တန်ချိန်ထွက်ရှိသည်ဟုဆိုသည်။

"ဒါဟာ အမေရိကန်နိုင်ငံမှာ ထုတ်လုပ်နေတဲ့ မဂ္ဂါဝပ်ငါးရာ ကျောက်မီးသွေးစက်ရုံကို မှီတည်ပြီး တွက်ချက်ထားတာပါ။ ဒီထက်ပိုပြီးထွက်ရှိနိုင်ပါတယ်။ ဘာလို့လည်းဆိုတော့ မြန်မာနိုင်ငံမှာသုံးနေတဲ့ ကျောက်မီးသွေးက အမေရိကန်မှာသုံးနေတာထက် ညံ့ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ တွက်ချက်ထားသည့်ကျန်းမာရေးညွှန်းကိန်းအရ ငါးနှစ်အောက်ကလေးများတွင် ဆယ်ဦးလျှင်တစ်ဦးလျှင်အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားနေသည်ဟု ဦးဝင်းမျိုးသူက ကောက်ယူထားသည့်အချက်အလက်များကိုကိုးကားပြီးပြောကြားသည်။

ယခုလက်ရှိတွင် ပင်လောင်းမြို့နယ်၊တီကျစ်ကျေးရွာအုပ်စုတွင် ကျန်းမာရေးအခြေအနေများ စစ် ဆေးထားခြင်းမရှိသေးသောကြောင့် တိကျသည့်အချက်လက်များမရရှိသော်လည်း ဒေသခံများမှာ နွေရာသီတွင်အခိုးငွေ့များကြောင့်အသက်ရှူကျပ်ခြင်း၊ဒေသတွင်းချောင်းရေများတွင်ကန့်ဓာတ်များပျော်ဝင်နေသောကြောင့် ရေများသောက်သုံး၍မရခြင်း၊ သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းမှုလျော့ကျလာခြင်း၊အရေပြားယားယံခြင်းများကြုံတွေ့နေရကြောင်း တီကျစ်ဒေသခံပအိုဝ်လူငယ်များအဖွဲ့ဝင်တစ်ဦးကပြောသည်။

ကျောက်မီးသွေးသည် မြေပြင်ပေါ်တွင်စုပုံထားစေကာမူမြေကြီးကို ပျက်စီးစေပြီးရာသီဥတုအပြောင်းအလဲကြောင့်မကြာခဏမီးထလောင်တတ်ပြီး အန္တရာယ်ရှိကြောင်း၊ အကယ်၍ ဒေသခံများအနေဖြင့်ကျန်းမာရေးသုတေသနပြုလုပ်စေချင်ပါက ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူပြီးစာပို့နိုင်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား)ဒေါက်တာသန်းထွဋ်က ပြောသည်။

**TRADEMARK CAUTION**

Merz Pharma GmbH & Co. KGaA, a Company incorporated in Germany at Eckenheimer Landstr. 100, 60318 Frankfurt am Main, Germany is the Owner and Sole Proprietor of the following Trademark:-

**EBIXA**

**Reg: 4/5857/2013**

In respect of : Int'l Class 5: Pharmaceutical preparations. Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 95 1 371990 3July 2013

# (၁၁၉)ကြိမ်မြောက် မြသပိတ်စာရေးတံ ဆွမ်းလုံးပွဲတော်တွင် သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီပါက ဆွမ်းလုံးအသစ်ကျောင်းတိုက်များ လျှောက်ထားနိုင်

**မျိုးမင်းဦး**

**မုံရွာ**-မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာ ဘုရားကြီး မြသပိတ်စာရေးတံဆွမ်းလုံးပွဲတော်ကိုနှစ်စဉ်တော်သလင်းလပြည့်ကျော် ၁၀ ရက်တွင် ကျင်းပလေ့ရှိရာ ယခုနှစ် (၁၁၉) ကြိမ်မြောက် မြသပိတ်စာရေးတံ ဆွမ်းလုံးပွဲတွင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့မှ အတည်ပြုသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီပါက ဆွမ်းလုံးအသစ်ကျောင်းတိုက်များ လျှောက်ထားနိုင်ကြောင်း ဆုတောင်းပြည့်မြတ်စွာ ဘုရားကြီး ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦး ပြောပြချက်အရသိရှိရ သည်။

"ပြီးခဲ့တဲ့နှစ်တုန်းက ဆွမ်းလုံးအသစ်လျှောက်ထားခွင့်ကို လက်မခံခဲ့ဘူး။ ဂေါပကအဖွဲ့အတည်ပြုထားတဲ့စည်းကမ်းနဲ့ကိုက်ညီတယ်ဆိုရလျှင် ဆွမ်းလုံးအသစ်ကျောင်းတိုက်အနေနဲ့ ဆွမ်းလုံးလှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဂေါပကအဖွဲ့ကမှကြီးမှူးကျင်းပသော (၁၁၉)ကြိမ်မြောက် မြသပိတ်စာရေးတံဆွမ်းလုံးပွဲတော်ကြီးကို ယခုနှစ်စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာ ဘုရားကြီး မြသပိတ်စာရေး တံဆွမ်းလုံး ပွဲတော်ကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို မြန်မာ သက္ကရာဇ် ၁၃၅၅ ခုနှစ်တော်သလင်းလပြည့်ကျော် ၁၀ ရက်တွင်အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၂ခုနှစ်(၁၁၈) ကြိမ်မြောက်စာရေး တံဆွမ်းလုံးပွဲတော်ကြီးတွင် ဆွမ်းလုံးအသင်းပေါင်း ၂၃၂သင်းမှ ကျောင်းတိုက်ပေါင်း ၁၄၃ တိုက်ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။



ဓာတ်ပုံ-မျိုးမင်းဦး

# စည်းကမ်းမဲ့ ဈေးကြိုများကြောင့် မုံရွာကားဝင်းခရီးသည် အချို့အခက်တွေ့

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇွန်-၃၀**

မုံရွာမြို့ အဝေးပြေးခရီးသည်တင်ယာဉ်များရပ်နားစခန်းအတွင်း ခ ရီးသည်တင်ယာဉ်များ ဆိုက်ရောက်ချိန်တွင် ခရီးသည်များ အတက်အဆင်းပြုလုပ်သည့် ယာဉ်တံခါးဝအနီး အလုအယက်ကြိုဆိုကြသော ဈေးကြိုများကြောင့် ခရီးသည်အချို့ အခက်ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

"ယာဉ်တွေကို စနစ်တကျသတ်မှတ်မျဉ်းအတွင်းမှာ ရပ်ရတယ်။ ဈေးကြိုတွေက စည်းမျဉ်းရဲ့ အပြင်က နေသာ ဈေးကြိုခွင့်ပေးထားတာပါ။ တာဝန်ရှိတဲ့ သူတွေက အရေးယူဆောင်ရွက်နေတဲ့ကြားမှာ ယာဉ်တံခါးဝအတက်အဆင်းလုပ်တဲ့ နေရာအထိ ဈေးကြိုတွေက လာကြိုတော့ ခရီးသည်တွေက ပစ္စည်းပစ္စယတွေနဲ့ အတက်အဆင်းအဆင်မပြေတာဖြစ်နိုင်ပါတယ်"ဟု မုံရွာမြို့ အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်း မော်တော်ယာဉ်ဂိတ်တာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာ-ရန်ကုန်ခရီးသည်တင်တစ်ဦးက "မနက်အစောကြီးမုံရွာကားလေးကွင်းကို ရောက်တယ်။ ကားဂိတ်ရောက်ခါနီးမှာ ပစ္စည်းတွေကို စစ်ဆေးသယ်ယူနေတုန်း ဈေးကြိုတွေက အတင်းအလုအယက်တံခါးဝမှ ပိတ်ပြီးကြိုကြတော့ ဆင်းလို့မလွယ်ဘူး။ ပစ္စည်းတွေပျောက်မှာလည်း စိုးရိမ်သွားတယ်"ဟုဆိုသည်။

မုံရွာမြို့အဝေးပြေခရီးသည်တင်ယာဉ်ရပ်နားစခန်းအတွင်း သုံးဘီဆိုင်ကယ်(ဆိုက်တွဲ)၊ ဆိုင်ကယ်နှင့် ဆိုက်ကားအဖွဲ့များမှ ယာဉ်မောင်းများက ခရီးသည်ရရှိရန် အလုအယက်ကြိုဆိုရာ ခရီးသည်များယာဉ်ပေါ်မှ အတက်အဆင်းအခက်ကြုံတွေ့ရခြင်းဖြစ်ကြောင်း ခရီးသည်များပြောကြားချက်အရသိရှိရသည်။ ယင်းကဲ့သို့ယာဉ်အတက်အဆင်းအခက်မကြုံစေရေးနှင့် ခရီးသည်များပစ္စည်းပျောက်ဆုံးမှုမရှိစေရေးအတွက်အဝေးပြေးခရီးတင်ယာဉ်ရပ်နားစခန်းတာဝန်ရှိသူများက စည်းကမ်းများ သတ်မှတ်ထားရှိသော်လည်း အဆိုပါစည်းကမ်းများချိုးဖောက်၍ ခရီးသည်ကြိုဆိုသူများ ကြောင့် ခရီးသည်အချို့စိတ်အနှောင့်အယှက်ဖြစ်ရခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။ ယခုနှစ်အတွင်း မုံရွာမြို့အဝေးပြေးခရီးသည်တင်ရပ်နားစခန်းတွင် ခရီးသည်တင်ယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲလျက်ရှိပြီး ခရီးသည်ဦးရေမှာ ယခင်နှစ်များကထက် ပိုမိုများပြားလာသည်။

ဦးကျော်သီဟ B.A(Korean)MUFL ဦးစီးသော
*Ever Stand*
ကိုရီးယား (EPS-TOPIK)စာမေးပွဲအတွက်
သီးသန့်(၇)ယောက်ဝိုင်းများ
09-43107402, 09 420 132 133
အသက် (၁၈-၃၉)နှစ်ကြား ကျန်းမာသန်စွမ်းသော အမျိုးသားမည်သူမဆို ကိုရီးယားသို့(အစိုးရချိတ်ဆက်)စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်လိုလျှင် (EPS-TOPIK) စာမေးပွဲ အောင်မြင်ထားရပါမည်။
အမှတ်(၁၀၁)၊ 8(C)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

GOLDEN PASS
TRAVELS & TOURS CO.,LTD
၅၇၆ ဒီ၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့.
ရွှေလက်မှတ်
ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့.
သီရိလင်္ကာ (ကန္ဒီ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်ပူဇော်ပွဲ)
၆ ညအိပ် ၇ ရက် - Aug 15 -----> ၁၂ သိန်းခွဲ
ဘန်ကောက် - ပတ္တရား (၄ညအိပ် ၅ ရက်) Aug 1 ----> $ 680
အိန္ဒိယ ၊ နီပေါ ဗုဒ္ဓဂယာ ဘုရားဖူးခရီး စဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
ဖုန်း - ၀၁ ၅၃၉၉၂၄၊ ၀၉ ၇၃၂၀၀၀၇၇၊ ၀၉ ၄၃၁၅၅၄၈၉၊ ၀၉ ၅၀၃၅၁၈၁

# Education

7 DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013




*ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းသူများ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာဘာသာစကား သင်ကြားသူများအတွက် အထူးဌာနဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် -၂၈**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာဘာသာစကား သင်ကြားသူများအတွက် အထူးဌာန(Centre of Excellence for Teaching of Myanmar as a Foreign Language)ကို တည်ထောင်ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မြန်မာဘာသာဌာနက မြန်မာဘာသာစကားကို နိုင်ငံတကာမှလေ့လာသင်ယူလိုသူများ လွယ်ကူ၊ လျင်မြန်၊ ထိရောက် စွာ သင်ကြားနိုင်ရန်၊ နိုင်ငံတကာ ဘာသာစကား ခေတ်မီသင်ကြားနည်းများနှင့် နှိုင်းယှဉ်လေ့လာ၍ ပိုမိုကောင်းမွန်သော သင်ကြားနည်းစနစ်ကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းတက္ကသိုလ်မှ သိရသည်။

အဆိုပါဌာနအနေဖြင့်မြန်မာဘာသာစကား၊ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကို သင်ကြားနေသော နိုင်ငံတကာတက္ကသိုလ်များကို ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး မြန်မာဘာသာစကားကို သုတေသနပြုလုပ်နေသော နိုင်ငံတကာသုတေသီများ၊ ဘာသာစကားပညာရှင်များနှင့်အပြန်အလှန်ဆက်သွယ်၍ မြန်မာဘာသာ စကားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ ကျယ်ပြန့်လာစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲမှုဖြစ်ပေါ်ခဲ့ ပြီးနောက် နိုင်ငံတကာနှင့် ဆက်ဆံမှုများ တစ်ဟုန်ထိုးမြင့်တက်လာခဲ့၍ နိုင်ငံတကာမှ မြန်မာဘာသာစကား လေ့လာသင်ယူလိုသူများပြားလာခဲ့သည်။ ထို့ပြင် နိုင်ငံတကာတက္ကသိုလ်များကလည်းမြန်မာနိုင်ငံဆိုင်ရာ လေ့လာမှုဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန် စီစဉ်မှုများ ရှိနေသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သည် ၂၀၀၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည့်နိုင်ငံခြားသားများအတွက် အခြေခံမြန်မာဘာသာညနေပိုင်းသင်တန်းကို ယခုနှစ် မေလတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ထိုင်း၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ ပြင်သစ်၊ ဗြိတိန်နှင့် ဘူဂေးရီးယား နိုင်ငံတို့မှ သင်တန်းသား ဆယ်ဦး တက်ရောက်နေကြောင်း သိရသည်။

## တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်များ သင်ကြားဆောင်ရွက်ရန် စိန်ခေါ် မှုများရှိနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် -၂၈**

အခြေခံပညာကျောင်းများတွင် တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့နေရကြောင်း ၂၀၁၃ ခုနှစ်၊ အမျိုးသားပညာရည်မြင့်မားရေးဆွေးနွေးပွဲစာတမ်းအရ သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှ ယနေ့ထိ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအနေဖြင့် ကာယ၊ ရသ၊ စာရိတ္တနှင့် လောကနီတိ၊ သက်မွေးပညာ၊ လူ့အခွင့်အလမ်း၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ပြည်ထောင်စု စိတ်ဓာတ်၊ မြန်မာ့သမိုင်းအတွဲ(၂)နှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို သတ်မှတ်ထားသည်။

သို့သော် မိဘများ၊ ဆရာများနှင့် ကျောင်းစီမံအုပ်ချုပ်သူများသည် တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်များ သင်ကြားပို့ချဆောင်ရွက်စေခြင်းထက် စာပေသင်ကြားရေးကိုသာ အာရုံစိုက်နေကြကြောင်း သိရသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန၏ ရန်ပုံငွေတွင် တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်များအတွက် ခွဲဝေမှုမှာ လုံလောက်မှုမရှိခြင်း၊ ကျောင်းများတွင် တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာလွတ်၊ စာသင်ခန်းလွတ် အနည်းငယ်(သို့မဟုတ်)လုံးဝမရှိခြင်းတို့ကို ရင်ဆိုင်နေရကြောင်း အထက်ပါစာတမ်းတွင် သုံးသပ်ထားသည်။

"သင်ရိုးဘာသာရပ်တွေက များနေတယ်။ အဲ့ဒါတွေကိုလည်း သတ်မှတ်ချိန်မှာ ပြီးဆုံးအောင် သင်ကြားရတယ်။ အဲဒီတော့ တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်တွေ သင်ဖို့အာရုံမစိုက်နိုင်ဘူး။ ကျောင်းသားတွေကလည်း စာမေးပွဲအမှတ်ကောင်းရဖို့အတွက် ကျူရှင်ကို ဦးစားပေးရသေးတယ်။ ထိထိရောက်ရောက် မလုပ်နိုင်သေးပါဘူး"ဟု တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားနည်းမှုနှင့်ပတ်သက်၍ အခြေခံပညာအထက်တန်းပြဆရာမ တစ်ဦးက ဆိုသည်။

တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးဘာသာရပ်များ သင်ကြားဆောင်ရွက်စေခြင်းဖြင့် အဖွဲ့အစည်းစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်မှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးကြံ့ခိုင်မှု၊ အမှီအခိုကင်းစိတ်၊ တာဝန်ယူစိတ်၊ စည်းကမ်းသိစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ နိုင်ငံသားတစ်ဦး၏ အရေးပါမှုနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်လာမည်ဖြစ်သည်။

သို့သော် တွဲဖက်သင်ရိုးဝင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအဆင့် သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားခြင်း မရှိခြင်းကြောင့် စိတ်ပါဝင်စားဆောင်ရွက်မှု လျော့ကျနေခြင်း ဖြစ်သည်။

## ဒီချုပ် ပညာရေးကွန်ရက် ရန်ပုံငွေ ကျပ်သိန်းခြောက်ရာကျော် ထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် -၂၈**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ပညာရေးကွန်ရက်ရှိ ပညာဒါနကျောင်းများအား ယခုပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ကြေးကျပ်သိန်းခြောက်ရာကျော် ထောက်ပံ့ငွေ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးကွန်ရက်ရှိ ပညာဒါနကျောင်း၁၂၆ကျောင်းအတွက် ပညာရေးရန်ပုံငွေဖျော်ဖြေမှုမှ ရရှိထားသောကျပ်သိန်းခြောက်ရာကျော်ကို ကျောင်းအဆင့်လေးဆင့်သတ်မှတ်၍ ကျပ်ခုနစ်သိန်း၊ ကျပ်ခြောက်သိန်း၊ ကျပ်ငါးသိန်းနှင့် ကျပ်လေးသိန်းစီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပညာရေးကွန်ရက်မှ တာဝန်ရှိသူက ပြောသည်။

"ပြည်သူ့ရင်ပြင်မှာ ဖျော်ဖြေပွဲလုပ်တုန်းက ရတဲ့ရန်ပုံငွေတွေကို ထောက်ပံ့ပေးတာပါ။ စာအုပ်စာတမ်းတွေကို ထောက်ပံ့ထားပြီးပါပြီ။ ပညာရေးကွန်ရက်ဖွဲ့တာ သုံးနှစ်မြောက်ပါပြီ။ ငွေကြေးထောက်ပံ့တာက ဒုတိယအကြိမ်ပါ။ ဆရာ၊ ဆရာမတွေကိုလည်း သင်တန်းပေးနေပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးကွန်ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ပညာဒါနကျောင်း ၇၃ ကျောင်းနှင့် နယ်ဒေသမှ ပညာဒါနကျောင်း ၅၃ ကျောင်း ပါဝင်ထားပြီး ကွန်ရက်ဝင်ကျောင်းအရေအတွက် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

## အမေရိကန် ACT နှင့် မြန်မာပူးပေါင်း၍ နိုင်ငံတကာ တက္ကသိုလ် ဝင်ခွင့် ပြင်ဆင်ရေးသင်တန်းဖွင့်မည်

**ရန်ကုန်၊ဇွန် - ၃၀**

အမေရိကန်ပြည်ထောင်စု IO-WARပြည်နယ် အခြေစိုက် ACD Education Solution Limited နှင့် မြန်မာနိုင်ငံမှ ပညာရေးအေဂျင်စီတစ်ခုတို့ပူးပေါင်း၍ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့်ပြင်ဆင်မှုဆိုင်ရာ သင်တန်းတစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါသင်တန်းသည် အချိန်တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်မည့် ကျောင်းသားများအတွက် လိုအပ်ချက်များဖြစ်သည့် Academic Knowledge များအပြင် အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲများဖြစ်သော IELTS/TOEFL စာမေးပွဲများဖြေဆိုနိုင်ရန်လည်း ပြင်ဆင်ပေးသွားမည်ဖြစ်သည်။

" ဒီပရိုဂရမ်က ကလေးတွေငယ်သေးလို့ နိုင်ငံခြားကို တိုက်ရိုက်မလွှတ်နိုင်တဲ့ မိဘတွေအတွက်တစ်နေရာတည်းမှာ အင်္ဂလိပ်စာရော တက္ကသိုလ်တွေက လိုအပ်တဲ့ကျွမ်းကျင်မှုတွေကိုရော သင်ပေးမယ့်ပရိုဂရမ်ဖြစ်ပါတယ်"ဟုပူးပေါင်းလုပ်ဆောင်ခွင့်ရသည့် Crown Education မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဆန်းကပြောသည်။သင်တန်းကို တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသည့် ကျောင်းသားများ တက်ရောက်နိုင်သည်။

## ဂျပန်ဘာသာလေ့လာနိုင်သည့် ပညာရေးစင်တာဖွင့်လှစ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဇွန် - ၂၉**

ဂျပန်ဘာသာနှင့်ပတ်သက်၍ လေ့လာလိုသူများအပြင်ဂျပန်ဘာသာစကားတတ်ကျွမ်းထားသူများ လေ့ကျင်နိုင်သည့် ပညာရေးစင်တာတစ်ခုအား ဂျပန်နိုင်ငံမှ အလှူရှင်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ ပုလဲကွန်ဒိုတွင် ဖွင့်လှစ်ထားသည့် အဆိုပါပညာရပ်ဖွံ့ဖြိုးရေးစင်တာမှာ Myan-mar Association of Japan Alumni (MAJA) နှင့် ဂျပန်နိုင်ငံ အလှူရှင်မစ္စတာ တကရှီဟီတ တို့ ပူးပေါင်းဖွင့်လှစ်သည့် ပထမဆုံးသော ပညာရေးစင်တာဖြစ်သည်။

"ဂျပန်နိုင်ငံ ဘာသာစကား၊ စာပေနဲ့ ပတ်သက်တဲ့ သိချင်တဲ့ သတင်းအချက်အလက်တွေနဲ့ လိုအပ်တဲ့ အင်တာနက်လမ်းညွှန်တွေကိုလည်း လုပ်ပေးမယ်။ ပြီးတော့ ဂျပန်စကားပြောလေ့ကျင့်ချင်သူတွေအတွက် ဆရာလည်း ထားရှိပြီး လေ့ကျင့်နိုင်တယ်"ဟု ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

MAJA-Okayama ပညာရပ်ဖွံ့ဖြိုးရေးစင်တာကို နေ့စဉ်ဖွင့်လှစ်ထားပြီး လာရောက်အသုံးပြုချင်သူများမှာ ဖုန်း- ၀၉ ၃၁၅၈၀၄၇၈ သို့ ကြိုတင်ဆက်သွယ်၍ လေ့ကျင့်နိုင်ကြောင်း သတင်းရရှိသည်။


SAMSUNG
Samsung
SMART TV
အဆင့်မြင့်ဆုံး ရုပ်သံခံစားမှု အတွေ့အကြုံသစ်
လှုပ်ရှားမှု၊ အသံတို့ဖြင့် ထိန်းချုပ်နိုင်မှု
သာလွန်ကောင်းမွန်သော ရုပ်မြင်ခံစားမှု
Samsung Showrooms
• အမှတ် ၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်း၊ ၁၅လမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၄၉၅၈၇၊ ၁၈၄၁၅၃ • အမှတ် G-9၊ MGW တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၅၆၅၁၀~၂၅၆၅၀၆ • အမှတ် ၄၃၇ A၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၅၀၂၀၁၆၊ ၅၀၂၀၁၇၊ ၅၀၂၀၁၈ • အမှတ် ၂၁၈/၂၂၀ (မြေညီထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၉၈၅၀၇၊ ၃၉၈၅၆၀ • အမှတ် ၂၂၄/၂၂၆၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၄၉၅၉၂၈၄၀၊ ၀၉ - ၇၃၀၀၆၀၆၈
• အမှတ် ၁၇၇၊ ၂၉လမ်း၊ ၈၁လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၂ - ၃၅၃၃၂၊ ၃၄၀၂၉၊ ၂၂၀၇၇၊ ၆၁၆၆၆ • အမှတ် ၂ A၊ ၇၈လမ်း၊ ၂၇နှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ - ၆၈၄၁၇
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၃၇၈၂၁၆၊ ၃၇၈၂၁၇

# မလေးရှားပြန် မြန်မာလုပ်သားများအား လုပ်ငန်းများတွင် အစမ်းခန့်



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၁**

မလေးရှားပြန် မြန်မာအလုပ်သမားများအားပြည်တွင်းလုပ်ငန်းများတွင် ယာယီအစမ်းခန့်ဝန်ထမ်းအဖြစ်သာ ခန့်ထားလျက်ရှိကြောင်း သတင်းရရှိသည်။

လုပ်ငန်းရှင်များအနေဖြင့် မလေးရှားပြန်အလုပ်သမားများအား ၎င်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး အစမ်းခန့်ဝန်ထမ်းမှ အမြဲတမ်းဝန်ထမ်းအဖြစ်သို့ ပြောင်းလဲခန့်အပ်မည်ဟု ဆိုသည်။ အစမ်းခန့်ဝန်ထမ်းများအား ယာယီအားဖြင့် လုပ်ခလစာ ကျပ်တစ်သိန်းအောက်မှ ကျပ်နှစ်သိန်းအထိ ပေးကြောင်း လုပ်ငန်းရှင်နှင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ သတင်းရရှိသည်။

“ဒီက လုပ်ငန်းရှင်တွေကတော့ အမျိုးသားရေးစိတ်ဓာတ်ရှိလို့တချို့ဆိုသူတို့လုပ်ငန်းခွင်မှာ အရန်သဘောမျိုးနဲ့ခန့်တာတွေ တောင်ရှိတယ်။ အများစုကတော့ အစမ်းခန့်လုပ်သားတွေ အနေနဲ့ ခန့်ထားကြတာများတယ်။ လုပ်ငန်းရှင်တွေကတော့ သူတို့ရဲ့ အရည်အချင်းပေါ်မူတည်ပြီး ခန့်သွားမှာပါ။ အခုက မလေးကပြန်လာတဲ့သူတွေ၊ အလုပ်မရှိကြသေးတဲ့သူတွေဆိုတော့ ကျွန်တော်တို့ဘက်က ဘာပဲဖြစ်ဖြစ်ကြိုးစားပြီး လုပ်ပေးသွားမှာ”ဟု ကောင်းမြတ်သူ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းက ပြောသည်။

Asia Express ကုမ္ပဏီ ဒါရိုက်တာဒေါ်သက်သက်နိုင်က“အလုပ်သဘောအရ ဝင်ဝင်ချင်း သုံးလကိုတော့ အစမ်းခန့်အနေနဲ့ခန့်ထားတယ်။ နောက်ပိုင်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး လစာတိုးပေးသွားမှာပါ။ ဟိုမှာသူတို့က စားသောက်ဆိုင်တို့လောက်ပဲ လုပ်လာခဲ့တာဆိုတော့ အခုဟိုတယ်ထဲမှာ ခန့်ထားတော့ စားဖိုဆောင်မှာ Training ပေးပြီး helper အနေနဲ့ ခန့်ထားပါတယ်” ဟု ဆိုသည်။

အလုပ်လာရောက်လျှောက်ထားသူအများစုမှာ ပညာအရည်အချင်း အထက်တန်းအဆင့်သာရှိကြပြီး ဘွဲ့ရလုပ်သားအနည်းစုသာ ပါဝင်ကြောင်း သိရသည်။ နယ်မှလာရောက်လျှောက်ထားသူများပြီး နေ၊ စားစရိတ်ငြိမ်းအလုပ်များကို ပိုစိတ်ဝင်စားကြကြောင်း သတင်းရရှိသည်။

“အခုလောလောဆယ် ကျွန်တော့်ကိုတော့ အစမ်းခန့်အနေနဲ့ လစာ နှစ်သိန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းဆေးသုတ်တဲ့နေရာမှာ ခန့်ထားလိုက်တယ်။ ဟိုမှာတော့ ၁၄ နှစ်လောက် နေခဲ့တာပါ” ဟု အလုပ်လာလျှောက်သည့် အမျိုးသားတစ်ဦးက ပြောသည်။

အလုပ်သမားဝန်ကြီးဌာနက မလေးရှားမှပြန်ရောက်လာသည့် မြန်မာအလုပ်သမားများ ပြည်တွင်း၌ အလုပ်အကိုင်ရရှိရန် ဇွန် ၁၉ ရက်မှစ၍ ပြည်တွင်းလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ကာ အလုပ်ရှာဖွေပေးလျက် ရှိသည်။

ဝန်ကြီးဌာနအစီအစဉ်ဖြင့် အလုပ်အကိုင်ရရှိသူမှာ ဇွန်လ ၂၉ ရက်ထိ လုပ်သား ၄၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

“လုပ်ခလစာပိုင်းကတော့ အလုပ်ရှင်နဲ့ သူတို့ညှိရမှာပေါ့။ သူတို့ဟိုမှာ လုပ်သလောက်တော့ ဒီမှာ ဘယ်ရမလဲ” ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်က ပြောသည်။

မလေးရှားနိုင်ငံတွင် အကြမ်းဖက်ခံရမှုကြောင့် မြန်မာအလုပ်သမား ၁၂၀၀ ခန့်ပြည်တွင်းသို့ပြန်လည်ရောက်ရှိလာပြီး အလုပ်လျှောက်ထားသူ တစ်ထောင်နီးပါးရှိကြောင်း သိရသည်။ အလုပ်လျှောက်ထားသူများသည်ပဋိပက္ခမဖြစ်ပွားမီ ကတည်းက ပြန်လည်ရောက်ရှိကြသူများလည်း အများစုပါဝင်ထားကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂ ဦး)၊ LCCI I, II သင်ကြားနိုင်သူ(ကျား/မ-၂ဦး)၊MY OB သင်ကြားနိုင်သူ(ကျား/မ- ၂ဦး)။ အမှတ်(၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းထိပ်။

ဖုန်း-၂၅၃၂၉၃

---

ဂျပန်နိုင်ငံမှ CHIBA PREFECTURE ရှိCVC Tokyo ENTERPRISE ASSOCIATION)၏ ဆောက်လုပ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် (အမျိုးသား) ဆက်သွယ်ရန်-

ဖုန်း-၀၁-၃၈၀၆၀၂

---

အိမ်ခြံမြေကျွမ်းကျင် (ကျား/မ-၂) ဦး၊ တရုတ်စကားကျွမ်းကျင် (ကျား/မ-၃)ဦး၊Office Staff (၁)ဦး (Fashion) စိတ်ပါဝင်စားသူများ ဆက်သွယ်လျှောက်ထားနိုင်သည်။

ဖုန်း-၀၉-၄၅၀၀၅၉၄၃၀

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

1. Supervisor M(2)
2. Accountant F(2)
3. Receptionist M(2), F(2)
4. Kitchen Helper M(2)

အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---

1.Computer မ(၇)ဦး Computer Training Centre တွင် သင်ကြားရန်။ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၂၆၅၃၄

---

ရုံးဝန်ထမ်းအကူ (ကျား)တစ်ဦး အလိုရှိသည်။ အသက်(၃၀)အောက်ဖြစ်ရမည်။ မြန်မာ၊ အင်္ဂလိပ်စာစီစာရိုက် ကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာအရေး၊ အပြော ကျွမ်းကျင်သောသူကို ဦးစားပေးမည်။ ရုံးလုပ်ငန်းအတွေ့အကြုံ တစ်နှစ်နှင့်အထက် ရှိရမည်။

ဖုန်း-၀၁-၂၃၀၄၀၈၂

---

**အိမ်အရောက် ဝန်ဆောင်မှု**

မျက်မမြင်များ၏ ဂျပန်-မြန်မာ အကြောပြင်အနှိပ်ခန်းမသာမန်ညောင်းညာမှုအပြင် ကျီးပေါင်း၊ လေဖြတ်ဝေဒနာများကို သက်သာပျောက်ကင်းစေမည်။ အမှတ်-၄၅၊ မလွှကုန်းလမ်း၊ကျောက်မြောင်း၊ရန်ကုန်။

ဖုန်း-၀၉-၇၃၁၈၀၀၉၃

---

**Digital Cottage Paper & PVC Card Printing**

(1) Senior Accountant (Male/Female) 2. Driver (Male). No.27/28(Near Lan Thit Street Gate), 1st Floor Bahosi Housing, Lanmadaw Township, Yangon.

---

Sales and Marketing (2) Female No.18, Thukha Street, 56th Lane, Near Baho Rd, Hlaing Township, Yangon.

PH: 01-511030

---

အိမ်ခြံမြေကျွမ်းကျင် (ကျား/မ-၂) ဦး၊ တရုတ်စကားကျွမ်းကျင် (ကျား/မ-၃)ဦး၊ Office Staff (၁)ဦး (Fashion) စိတ်ဝင်စားသူ။

ဖုန်း-၀၉-၄၅၀၀၅၉၄၃၀

---

ရုံးဝန်ထမ်းအကူ (ကျား)တစ်ဦး အလိုရှိသည်။ အသက်(၃၀)အောက်ဖြစ်ရမည်။ မြန်မာ၊ အင်္ဂလိပ် စာစီစာရိုက် ကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်သောသူကို ဦးစားပေးမည်။ ရုံးလုပ်ငန်းအတွေ့အကြုံ တစ်နှစ်နှင့်အထက် ရှိရမည်။

ဖုန်း-၀၁-၂၃၀၄၀၈၂

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

1. Supervisor M(2)
2. Accountant F(2)
3. Receptionist M(2), F(2)
4. Kitchen Helper M(2)

အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊လမ်းမတော်မြို့နယ်။

---

1.Computer မ(၇)ဦး Computer Training Centre တွင် သင်ကြားရန်။ လှည်းတန်း၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၁-၅၂၆၅၃၄

---

**ရွှေမိုးဃ်းအုပ်စု**
**ဆောက်လုပ်ရေးကုမ္ပဏီ**

၁။ လုံခြုံရေးဝန်ထမ်း (ကျား-၁) ဦး
၂။ သန့်ရှင်းရေးဝန်ထမ်း (၁) ဦး

အမှတ် (၅)၊ အခန်း (၂၀၁)၊ ပထမထပ်၊ နဝဒေးလမ်း၊ ငပလီကွန်ဒို၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၂၀၀၁၆၆၀၅

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

1. Receptionist F(1)

အမှတ်-၆၆၀ (အေ)၊ မြကန်သာ(၁) လမ်း၊(၂)ရပ်ကွက်၊ကမာရွတ်မြို့နယ်။

---

ဂျပန်နိုင်ငံမှ CHIBA PREFECTURE ရှိCVC Tokyo ENTERPRISE ASSOCIATION)၏ ဆောက်လုပ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် (အမျိုးသား) အလိုရှိသည်။

ဖုန်း-၀၁-၃၈၀၆၀၂

---

အိမ်ခြံမြေကျွမ်းကျင်(ကျား/မ-၂)ဦး၊ တရုတ်စကားကျွမ်းကျင် (ကျား/မ-၃)ဦး၊ Office Staff (၁) ဦး (Fashion) စိတ်ဝင်စားသူ။

ဖုန်း-၀၉-၄၅၀၀၅၉၄၃၀

---

ရုံးဝန်ထမ်းအကူ (ကျား)တစ်ဦး အလိုရှိသည်။ အသက်(၃၀)အောက်ဖြစ်ရမည်။ မြန်မာ၊ အင်္ဂလိပ် စာစီစာရိုက် ကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်သောသူကို ဦးစား ပေးမည်။ ရုံးလုပ်ငန်း အတွေ့အကြုံ တစ်နှစ်နှင့်အထက် ရှိရမည်။

ဖုန်း-၀၁-၂၃၀၄၀၈၂

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

1. Supervisor M(2)
2. Accountant F(2)
3. Receptionist M(2),F(2)
4. Kitchen Helper M(2)

အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊လမ်းမတော်မြို့နယ်။

---

ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ အသက်(၄၀)မှ (၅၅)ကြား။ လမ်းမတော်၊ လသာ၊ ဗိုလ်တထောင်နေသူ ဦးစားပေးမည်။ ယာဉ်အတွေ့အကြုံ အနည်းဆုံး ၁၀ နှစ်နှင့် အထက်ရှိရမည်။

ဖုန်း-၀၁-၅၂၅၆၅၇

---

1. Sales & Marketing Engineer ကျား (၃) ဦး။
2.ယာဉ်မောင်းကျွမ်းကျင်ကျား(၃)ဦး။

ဖုန်း-၀၁-၅၀၃၂၇၃

---

**ဓာတ်ပုံပြုပြင်ပညာဒါန**

ပညာသင်(မ-၁၀)ဦး၊သင်တန်းပြီးက အလုပ်သင်အဖြစ် ခန့်ထားပေးမည်။

ဖုန်း-၀၉-၃၁၀၅၅၇၉၃

---

**ILMC (လှိုင်သာယာ)**

၁။ ကျောင်းအုပ် (၁)ဦး
၂။ လက်ထောက်ကျောင်းအုပ် (၁)ဦး
၃။ဘာသာရပ်ဆိုင်ရာဆရာ/မ(၅)ဦး
၄။ မူကြိုကျွမ်းကျင်ဆရာမ (၃)ဦး
၅။ Marketing (၂)ဦး

အမှတ် (၅)၊ ဘလောက် ၇၄၊ ချင်စုလမ်း၊နဝဒေးဥယျာဉ်၊ လှိုင်သာယာ။

ဖုန်း-၉၀-၇၃၀၂၇၂၀၃

---

ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ လမ်းမတော်၊ လသာ၊ဗိုလ်တထောင်နေသူ ဦးစားပေးမည်။

ဖုန်း-၀၁-၅၂၅၆၅၇

---

ရုံးဝန်ထမ်းအကူ ကျား(၁) ဦး။

ဖုန်း-၀၉-၄၂၁၇၄၄၄၂၇

---

၁။ ရောင်း/မောင်း ဝန်ထမ်း (၂)ဦး
၂။ အရောင်းဝန်ထမ်း ကျား(၂)ဦး

တိုက်(၁၂)၊ အခန်း(၆)၊ ရွှေရန့်ရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

ဖုန်း-၀၉-၅၁၀၂၁၉၄

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# နောက်ကျခြင်းကို နာကျင်သည်

မယ်ငွေဥ



ရန်ကုန်မြို့၊ မြို့ပတ်ရထားပေါ်မှ ခရီးသည်များ

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

■ **နောက်ကျခြင်း**

နောက်ကျခြင်းဆိုသည်မှာ အခြေအနေတစ်ရပ်ရပ် နောက်ကျခြင်းလည်းဖြစ်နိုင်သည်။ အချိန်အခါကာလတစ်ရပ်ရပ် နောက်ကျခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေနောက်ကျခြင်းဆိုသည်မှာ မည်သည့်အရာအတွက်မဆိုကောင်းသည်ဟုတော့မထင်မိ။

ကျွန်မတို့နိုင်ငံသည် ကမ္ဘာတိုးတက်မှုဖွံ့ဖြိုးပြီး နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အခြေအနေရော အချိန်အခါပါနောက်ကျခဲ့ပြီးဟုပြောဆိုပါက မှားအံ့မထင်။ အိမ်နီးချင်းတိုင်းပြည်များနှင့် နှိုင်းယှဉ်ပါဦးတော့။ နောက်ကျကျန်နေခဲ့ပြီ။ ဤသည်ကို လူတိုင်းလက်ခံကြမည်ထင်ပါသည်။

ကျွန်မသည် နိုင်ငံရပ်ခြားသို့သွားရောက်ခဲ့ဖူးသည်။

မှတ်မှတ်မိမိပင်။ ၁၉၉၁ ခုနှစ်ပင်မြန်မာလေကြောင်းလိုင်းကိုစီးနင်းလျက် မြန်မာပြည် မင်္ဂလာဒုံလေဆိပ်မှ ပထမဆုံးအကြိမ် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့သည်။ ထိုစဉ်က ကျွန်မ၏စိတ်တွင် မြန်မာလေကြောင်းလိုင်းပိုင် လေယာဉ်သည် ရန်ကုန်လေဆိပ်တွင် အင်မတန်ကြီးမားသော လေယာဉ်ကြီးဟု ထင်မြင်မိခဲ့သော်လည်း ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ နိုင်ငံတကာလေဆိပ်သို့ ဆိုက်ကပ်ချိန်မှာ အခြားသောတိုင်းပြည်ကြီးများမှလေယာဉ်ကြီးများကြားတွင်မူ မိမိတို့နိုင်ငံပိုင် လေယာဉ်မှာ လင်းယုန်ငှက်တို့ကြား စာသူငယ်နားသကဲ့သို့သာရှိတော့သည်ကို တွေ့မြင်ခဲ့ရသည်။ ထို့ပြင် ကြီးမားကျယ်ပြန့်ခမ်းနား ထည်ဝါလှသော ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ကြည့်ရှုငေးမောရင်းလည်း သိမ်ငယ်စိတ်များဝင်လာခဲ့သည်။

ထိုင်းနိုင်ငံတွင်ခေတ္တနေထိုင်ပြီး ဘန်ကောက်မြို့တော်ကြီး အတွင်း နေရာဒေသ အတော်များများသို့ ရောက်ရှိသော အခါမူ တက္ကသိုလ်ကျောင်းများ၊ အထက်တန်းကျောင်းများ၊ စာကြည့်တိုက်များ၊ ကဇာတ်ရုံများ၊ ကုန်တိုက်ကြီးများကိုမြင်တွေ့ရချိန်မှာတော့ မိမိနိုင်ငံ၏ အခြေအနေနှင့် ကြီးမားလှသော ကွာဟချက်ကို ပိုသိလာသည်။

ထိုမှစတင်၍ မိမိနိုင်ငံ အကြောင်း ပြန်စဉ်စားမိတိုင်း (ငါတို့နောက်ကျခဲ့ပြီ။ ငါတို့နောက်ကျခဲ့ပြီ)ဟူသော စိတ်အတွေး၊ ခံစားချက်များ စိုးမိုးလာခဲ့သည်။ ထိုင်းနိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသွားချိန်မှာမူ ထိုအတွေးစိတ်၏ ခိုင်မာမှုကား ဆိုဖွယ်ရာ မရှိတော့ချေ။

ထိုအသွားခရီးသည် ၁၉၉၆ ခုနှစ်၏ မေလ၏ တစ်ခုသော နေ့တွင် ကျွန်မ ဂျပန်နိုင်ငံမှ ပြန်လာခဲ့ သည်။ ထိုင်းနိုင်ငံသို့ အပြန်ခရီးတွင် မဝင်ဖြစ်ခဲ့ပါ။ ထိုင်းနိုင်ငံ လေဆိပ်ထဲမှာ အချိန်ပိုင်းမျှသာ ခေတ္တခဏနားခိုရင်း မြန်မာနိုင်ငံသို့ပြန်လာခဲ့သည်။

ပြန်လာချိန်တွင် ထိုင်းလေဆိပ်မှ လေယာဉ်စတင်ထွက်ခွာချိန်မှာ ညချမ်း ၇ နာရီ ၄၅ မိနစ်ခန့်။ ပျံသန်းချိန် ၄၅ မိနစ်ခန့်သာကြာသည်။ လေယာဉ်ပြတင်းပေါက်များမှ အောက်သို့ကြည့်ချိန် ထိုင်းနိုင်ငံတွင်း နေရာဒေသမရွေး လျှပ်စစ်မီးတွေထိန်ထိန်ညီးလျက်။ နီယွန်မီးရောင်စုံတို့ ထွန်းတောက်လျက်၊ ထိုမြင်ကွင်းကား လှပလွန်းသည်။

သို့သော် ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်သို့ ခါးလွယ်ခုတ် ခရီးနှင်လာသော လေယာဉ်သည် ထိုင်းနယ်စပ်ကို ကျော်လျက် မြန်မာပြည်နယ်စပ်ကိုကူးလာချိန်မှစ၍ အလင်းရောင်ဟူ၍ မမြင်ရတော့။ ပိန်းပိတ်မှောင်လျက်။ လရောင်ကလည်း မရှိချိန်။ နယ်စပ်မျဉ်းသည် အလင်းနှင့် အမှောင်။ အမှောင်နှင့် အလင်းအဖြစ်ခွဲခြားသွားပြီ။ ကွဲပြားသွားလေပြီဟုဆိုရမည်လား။ တိုးတက်ခြင်းနှင့် နောက်ကျခြင်းတို့ကို စည်းမျဉ်း သတ်မှတ်ခဲ့ပြီလား မပြောတတ်တော့။

ကျွန်မအဖို့ကား နိုင်ငံကို ချစ်မြတ်နိုးသူသာဖြစ်၍ ထိုမှောင်သော၊မဲသော၊နက်သော၊အမှောင်ရိပ်အောက်မှ အမိမြန်မာပြည်ကိုပင် တသသ ငုံ့ကြည့်မိနေသည်။ ကိုယ့်မြေကိုယ်ရေမှ ခွဲခွာခဲ့ရသည်မှာလည်း နှစ်ကာလ အတန်ကြာလေပြီ မဟုတ်ပါ လား။

အချိန်အတန်ကြာ ပိန်းပိတ်မှောင်နေသော မိမိတိုင်းပြည်ကို လေယာဉ်ထက်မှငုံ့ကြည့်နေမိရင်း ကျိုက်ထီးရိုးဘုရားဟု ထင်မှတ်ယူဆရသော နေရာကလေးတွင်လျှပ်စစ်မီးရောင် ကလေးကို မြင်ရ၏။ ပေသောင်းကျော်အမြင့်မှ ကြည့်မြင်ရသည် ဖြစ်၍ မသေချာပါ။ သို့သော် ကျိုက်ထီးရိုးဘုရားစေတီ၏ လျှပ်စစ်မီးရောင်မှတစ်ပါးအခြားလည်း မဖြစ်နိုင်ဟု ယူဆသည်။

ကျွန်မ၏ စိတ်နှလုံးသား ခံစားချက်များသည် ထိုင်း- မြန်မာ နယ်စပ်မျဉ်းအကူးအစပ် အလင်းနှင့် အမှောင်၊ နိမ့်ကျခြင်းနှင့်တိုးတက်ခြင်း၊ နောက်ကျခြင်းနှင့် ရှေ့ရောက်ခြင်းဟု ဆိုရမည့် နယ်ခြားစည်းမျဉ်းကပင် ကြေကွဲခြင်းကို ဖြစ်စေလျက်စိတ်နှလုံးကိုညှိုးရော်နွမ်းခွေစေခဲ့သည်။ ၁၉၉၁ ခုနှစ်က နိုင်ငံမှ ထွက်ခွာလာစဉ်အချိန်ကထက်ပင် အပြန်ခရီးမှာ မိမိနိုင်ငံ နောက်ကျနေခြင်းအတွက်ကြေကွဲနာကျင်စေပြန်သည်။

သည်လိုနှင့် ရန်ကုန်မြို့တော်ကြီးသို့ လေယာဉ်ဆင်းသက်တော့မည်။ လေယာဉ်ပေါ်မှမြင်ရသော ရန်ကုန်မြို့တော်၏ လျှပ်စစ်မီး အလင်းရောင်ကား တိုကျိုနှင့်လည်းကောင်း၊ ဘန်ကောက်နှင့်လည်းကောင်း၊ မခိုင်းနှိုင်းလိုတော့ပါ။ ကွာခြားလွန်းလှ၏။ ထိုအခါက မြို့တော်ကြီး ရန်ကုန်ကို လေယာဉ်ပေါ်မှမြင်ရသည့်မြင်ကွင်းကမည်သည့် အရာနှင့် တူသနည်း။ ကျွန်မစဉ်စားတွေးတောမိသည်။ နှိုင်းခိုင်းစရာ ဥပမာ တစ်ခုခု ရှာဖွေကြည့်မိသည်။ အနက်ရောင် ကတ္တီပါစကို မြေပြင်မှာ ချခင်းထားပြီး ထိုအနက် ရောင်ကတ္တီပါစပေါ်တွင် စံပယ်ပန်းများ ဟိုတစ်စ၊ ဒီတစ်စ ကြဲချသည်နှင့်သာ တူတော့သည်။ ဒီလိုဆိုလျှင် လျှပ်စစ်မီးကောင်းမွန်စွာမရသည်ကိုပင်ကဗျာဆန်စွာ ပြောလွန်းလှသည်ဟု ထင်မည်။ ကျွန်မအဖို့ မိမိနိုင်ငံသည် မည်သို့ပင်ဖြစ်နေပါစေကဗျာတစ်ပုဒ်သာ ဖြစ်နေပါသည်။ သည်ကဗျာကို ကာရန်ညီညီလှပစွာသီဖွဲ့လိုသည်က ကျွန်မ၏ နှလုံးသားက စေတနာ။

လေဆိပ်အဝင်မှာ ကျွန်မအတွက် နိုင်ငံရပ်ခြား လမ်းဘေးဈေးဆိုင်တန်းများ၊ ကုန်တိုက်များ၏ ဒစ်စကောင့် ဈေးကွက်မှ ဝယ်ခြမ်းလာသော တိုလီမိုလီ ပစ္စည်းလေးများကို လိုချင် မျက်စိဖြင့် တောင်းဆိုတတ်သော ဝန်ထမ်းများအတွက်မူ ကျွန်မနားလည်နိုင်ပါသည်။ ကျွန်မတို့နိုင်ငံမှာ လူသုံးကုန်ပစ္စည်း ကောင်းကောင်းမှ မရှိခဲ့ပြီကိုး။ မထုတ်လုပ်၊ မဖြန့်ဖြူးနိုင်သည်ကိုး။ ကျွန်မတို့နိုင်ငံမှာ ရှားပါးခဲ့သည်ကိုး။

လူဆိုသည်မှာ အသစ်အဆန်းအမြင်လန်းသည်ကို နှစ်သက်တတ်ကြသည်ပင်။ ကျွန်မတို့ မြန်မာများအတွက် ခေတ်တွေစနစ်တွေက နောက်ကျကျန်နေခဲ့လေတော့ မည်သည့်အရာမှာမဆို တိုးတက်ပြီး ရှေ့ရောက်နေသော နိုင်ငံများမှ ထုတ်လုပ်သောနိုင်ငံခြားဖြစ် ပစ္စည်းပစ္စယလေးများကို လိုချင်တပ်မက်နှစ်သက်ငေးမောရင်း သူများ ဝဝလင်လင်စားသောက်နေသည်ကို မျှော်တတ်သော၊ငတ်မွတ်လှသော ကလေးသူငယ်ကဲ့သို့ ဖြစ်ခဲ့သည်မှာ ကြာခဲ့လေပြီ။

ယခုအချိန်အထိ တိုင်းပြည်တွင်းရှိ အရာရာကိုပြန်လည်ဆန်းစစ်လျှင် မည်သည့်ကိစ္စမဆို အားလုံးပင် အခြေအနေတွေရော အချိန်အခါများပါ နောက်ကျနေမြဲ။ ကိုယ်က စစ်အာဏာရှင်စနစ်အိုကြီးဖြင့် လိပ်ကန်းတစ်ကောင်လို အိပ့်အိပ့်သွားနေချိန်မှာ အခြားတိုင်းပြည်တွေက ယုန်လိုပြေးနှင့်ပြီ။ မြင်းလိုကဆုန်ဆိုင်းနေကြပြန်ပြီ။ နိုင်ငံတစ်ခု၏ ကိစ္စရေးရာ အဖြာဖြာကို တပ်မတော်ကဲ့သို့သော အဖွဲ့အစည်းတစ်ခုတည်းက ဝန်ထုပ်ဝန်ပိုး ကြီးလေးစွာဖြင့် တအိအိ သယ်ပိုးနေခြင်းကား ကုန်ပိုဝန်ပိုထမ်း၍ လျှောက်လှမ်းနေသော လိပ်ကန်းကြီးနှင့်သာ တူသည်ဟု ထင်မိသည်။

နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့ကို နိုင်ငံတွင်းက လုပ်တတ်ကိုင်တတ်သော ကျွမ်းကျင်သူများကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဦးဆောင်ခွင့်ရရှိကာ တာဝန်ကိုယ်စီခွဲဝေယူရင်း ပေါ့ပေါ့ပါးပါးနှင့် ယုန်လို ပြေးချင်မိပါသည်။ မြင်းလို ကဆုန်ဆိုင်းချင်မိပါသည်။

ကျွန်မတို့နိုင်ငံကြီး အရာရာမှာ သူများနှင့်နှိုင်းယှဉ်၍ အခြေအနေကော အချိန်အခါပါနောက်ကျကျန်ရစ်ခြင်းကို စိတ်ကုန်လှပါပြီ။

တိုးတက်ပြီးနိုင်ငံများနည်းတူ အရပ်ဘက် လူ့အဖွဲ့အစည်းအားကောင်းကောင်းနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အမီလိုက်ချင်သည်။ လူတစ်ဦးတစ်ယောက်ချင်း ပုဂ္ဂလိကပိုင်ဆိုင်မှုတွေ တိုးတက်ကြီးပွားကာ ကိုယ်စွမ်းဉာဏ်စွမ်း ရှိကြသလောက်လုပ်ကိုင်ကြစေချင်ပြီ။ တစ်ယောက်တစ်ပေါက်ဥရင်ကောက်လိုကောက်ကောက်ကွေးကွေးနှင့် အဖြောင့်မသွား၊ ကောက်ကောက်သွားပြီး ညစ်ဉာဏ်တစ်ခုတည်းနှင့် ဆူးခင်းလိုက် ညှောင့်ခင်းလိုက်လုပ်နေသူ လူရှုပ်လူပွေ နိုင်ငံရေးသမားတွေကိုလည်း စိတ်ကုန်ခန်းလှပါပြီ။

တိုင်းပြည်အတွက် အလုပ်လုပ်ကြရာမှ အာဏာရှင်စိတ်တွေ မကုန်ခမ်းသေးဘဲ နိုင်ငံ တာဝန်များကို ထမ်းဆောင်ကြရာတွင် အလုပ်တာဝန်မျှဝေယူကြရသော သဘောတရားကို နားမလည်ဘဲ နိုင်ငံရေး စီးပွားရေးနယ်ပယ် အသီးသီးတွင် မိမိတို့(သို့တည်းမဟုတ်) မိမိတို့နှင့် အပေါင်းပါ လူတစ်စုကသာလျှင် လက်ဝါးကြီးအုပ်လုပ်ကိုင်လိုနေသေး၍လည်း တိုင်းပြည်က နောက်ကျမြဲ ကျနေဦးမည်ထင်မိပါသည်။

ကျွန်မတော့ဖြင့် နိုင်ငံတစ်ခု အနေနှင့် နောက်ကျခြင်းကို နာကျင်မိပါသည်။ ရှေ့ဆက်၍ မနာကျင်လိုတော့ပြီ။ ။

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# Commodity Watch

စာမျက်နှာ(၂၀)မှ

## “အစွန်းရောက်တဲ့ အမျိုးသားရေးပြောဆို လှုပ်ရှားမှုတွေကို ကာကွယ် တားဆီးဖို့၊ ထိန်းသိမ်းဖို့ အစိုးရမှာ တာဝန်အရှိဆုံးပါပဲ”

**လက်ရှိအစိုးရ သက်တမ်းကုန်ဖို့ (၃၁)လပဲလိုတော့တယ်။ ပြီးခဲ့တဲ့ ကာလတွေမှာအစိုးရရဲ့လုပ်ဆောင်မှုတွေထဲက ဘယ်လိုအရာတွေကို ကျေနပ်အားရပါသလဲ။ ဘာတွေကမကျေနပ်စရာဖြစ်နေပါသလဲ။**

(က) လယ်သိမ်း၊ ယာသိမ်းကိစ္စတွေကို သေသေချာချာ မူဝါဒချ မှတ်ပြီး မဖြေရှင်းနိုင်တာ။

(ခ) ဒီနေ့အထိ အလုပ်သမားတွေရဲ့ အနိမ့်ဆုံးလစာနဲ့ ပတ်သက်လို့ မသတ်မှတ်နိုင်သေးတာ။

(ဂ) တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အခြေခံကျတဲ့ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လို့ အစိုးရရဲ့ ထိရောက်တဲ့ ကြိုးစားမှုမတွေ့ရသေးတာ။ ပညာရေးကဏ္ဍမှာဦးစားပေးပြီး ထိထိရောက်ရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုတဲ့ လက္ခဏာမတွေ့ရသေးတာ။

(ဃ) လူမျိုးရေး၊ ဘာသာရေးအခြေခံ အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက်မကိုင်တွယ်နိုင်တာ။ ခြုံပြီးပြောရမယ်ဆိုရင်တော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေး ကိစ္စတွေမှာ အချိန်ဇယားရှိစေချင်တယ်။ တိကျတဲ့ Mechanism တွေရှိစေချင်တယ်။ လူထုကို သေသေချာချာချပြသင့်တယ်။ တိုင်းပြည်မှာ National Accord ရှိဖို့အရမ်းလိုအပ်နေပြီ။

**အခုလက်ရှိ အဝေးရောက်ပါတီတစ်ခုအနေနဲ့ နိုင်ငံရေးပွင့်လင်းလာချိန်မှာ ဘယ်လိုနိုင်ငံရေးလှုပ်ရှားမှုတွေလုပ်ဖြစ်ပါသလဲ။**

ကျွန်တော်တို့ ပါတီကို မြေအောက်ပါတီတစ်ခုအနေနဲ့ ရှုမြင်ရင်ပိုပြီး မှန်ကန်လိမ့်မယ်ထင်တယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဌာနချုပ်အဖြစ် ထိုင်း-မြန်မာနယ်စပ်မှာ ရပ်တည်ထားခဲ့ပေမယ့် ကျွန်တော်တို့ပါတီတွေ နေရာအနှံ့အပြားမှာ ရှိနေခဲ့တာပါပဲ။ အခု အဲဒီရဲဘော်အားလုံးပြန်လည်စုစည်းပြီး မြေပေါ်မှာ တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြန်လည်ရပ်တည်ဖို့ပြင်ဆင်ကြိုးစားနေတယ်။ ကနေ့ နိုင်ငံရေးကို ဖြတ်သန်းဖို့ ညီနောင်မဟာမိတ်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ အမြင်ညှိနှိုင်းမှုတွေဆက်တိုက်ပြုလုပ်နေပါတယ်။

ပါတီအနေနဲ့တော့ ကနေ့ နိုင်ငံရေးအခြေအနေတွေအောက်မှာပါတီနဲ့ဆက်စပ်တဲ့ လူငယ်အင်အားစုတစ်ခုပေါ် ပေါက်နိုင်ရေး အာရုံစိုက်ပြီး ကြိုးပမ်းနေပါတယ်။ ဖက်ဒရယ်ကိစ္စ၊ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စ၊ အလုပ်သမား လယ်သမားကိစ္စစတာတွေနဲ့ ပတ်သက်လို့တော့ လေ့လာမှုတွေဆွေးနွေးမှုတွေ အဆက်မပြတ်ရှိနေပါတယ်။

**ရွေးကောက်ပွဲမှာ PR(အချိုးကျကိုယ်စားပြုစနစ်)အပေါ် ဘယ်လိုမြင်ပါသလဲခင်ဗျ။**

ကျင့်သုံးဖို့စောသေးတယ်လို့ ပြောချင်ပါတယ်။

**ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌနဲ့ NLD ပါတီဥက္ကဋ္ဌတို့ အခုလို တပူးတွဲတွဲဖြစ်လာတဲ့အပေါ် ပြည်တွင်းနိုင်ငံရေးသုံးသပ်သူတွေက ကြိုဆိုကြတာရှိတယ်။ လွှတ်တော်မှာဖြစ်လာမယ့် အပေးအယူတစ်ခုလို့လည်း ပြောကြတယ်။ ဦးအောင်မိုးဇော်ရဲ့ အမြင်ကို ပြောပါဦး။**

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်က နည်းနည်းလေးမှ သွေဖည်မယ့်ခေါင်းဆောင်မဟုတ်ဘူးလို့ ကျွန်တော် ယုံတယ်။

**အသံကျယ်ကျယ်လောင်လောင်ပြောနေတဲ့ အချိုးကျကိုယ်စားပြုစနစ်(PR) ကနေ ညွှန့်ပေါင်းဆိုတာကိုလှည့်လာတာတွေ့ရပါတယ်။ ဦးအောင်မိုးဇော်တို့ပါတီအနေနဲ့ဆိုရင် ညွှန့်ပေါင်းကိစ္စကိုဘာပြောမလဲ။**

ကျွန်တော်တို့ပြည်သူတွေက ဒီမိုကရေစီကိုတကယ်ဖော်ဆောင်မယ့်တိုင်းပြည်ကိုတကယ်ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးအောင်လုပ်မယ့်ပါတီကိုပဲ ပုံအောပြီးထောက်ခံလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။

**ပြည်တွင်းနိုင်ငံရေးအခြေအနေတွေအပေါ် ထပ်မံဖြည့်စွက်ပြောချင်တာများရှိရင်ပြောပါဦး။**

လူမျိုးရေး၊ ဘာသာရေးကွဲပြားခြားနားမှုကိုအခြေခံတဲ့လှုပ်ရှားမှုတွေ၊ အကြမ်းဖက်မှုတွေဟာ ကျွန်တော်တို့တည်ဆောက်ချင်တဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်အတွက် အလွန်ကြီးမားတဲ့အန္တရာယ်ပါပဲ။ အစွန်းရောက်တဲ့ အမျိုးသားရေးပြောဆိုလှုပ်ရှားမှုတွေကိုကာကွယ်ဖို့၊ တားဆီးဖို့၊ ထိန်းသိမ်းဖို့ကိစ္စတွေဟာ အစိုးရမှာတာဝန်ရှိပါတယ်။ နိုင်ငံရေး အင်အားစုတွေ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ တာဝန်သိတိုင်းသူပြည်သားတွေမှာလည်း တာဝန်ရှိပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်ပြီး ထိန်းသိမ်းကြစေချင်ပါတယ်။ ဒီလိုလှုပ်ရှားမှုတွေကို ကာကွယ်တားဆီးဖို့ အစိုးရမှာ တာဝန်အရှိဆုံးလို့ ထပ်ဆင့်ပြီး ကျွန်တော့် သဘောထားကိုပြောချင်ပါတယ်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 200,000 |
| Galaxy S Advance | 225,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 520,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇွန်(၂၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 268,000 |
| Sony (LCD) | 35BX | 280,000 |
| Sony (LED) | 32EX33 | 335,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 185,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ ဃစေငအေငူ နှင့် ဉူ မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၂၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀-၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၈,၅၀၀-၉,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၁,၀၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇွန်(၂၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun(23) | 814 | 860 | 870 | 890 |
| Jun(24) | 814 | 860 | 870 | 890 |
| Jun(25) | 814 | 860 | 870 | 890 |
| Jun(26) | 814 | 860 | 870 | 890 |
| Jun(27) | 814 | 860 | 870 | 890 |
| Jun(28) | 814 | 860 | 870 | 890 |
| Jun(29) | 814 | 860 | 870 | 890 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 410,000 |
| Intel Core i5 2.5 GHz, 6GB DDR3, 500GB HDD, HD, 15.6" | 675,000 |
| Intel Core i5 1.7 GHz, 8GB DDR3, 500GB HDD, HD, 14" | 686,000 |
| Intel Core i7 2.4 GHz, 6GB DDR3, 750GB HDD, 15.6" | 732,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4GB DDR3,500GB HDD,1GB VGA,14" | 489,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 1TB HDD, 2GB VGA,14" | 714,000 |
| Intel Core i5 1.7 GHz,4GB DDR3,760GB HDD,1GB VGA,14" | 616,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 861,000 |
| **Acer** | |
| Intel Core i3 1.5 GHz, 2GB DDR3, 500GB HDD, 11.6" | 426,300 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 655,000 |
| Intel Core i5 1.7 GHz, 4GB DDR3,128GB SSD,HD,13.3" | 1,421,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 783,000 |

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# “အစွန်းရောက်တဲ့ အမျိုးသားရေးပြောဆိုလှုပ်ရှားမှုတွေကို ကာကွယ်တားဆီးဖို့ ထိန်းသိမ်းဖို့ အစိုးရမှာ တာဝန်အရှိဆုံးပါပဲ”

သီဟ

၁၉၈၈၊ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးတွင် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည့် ကျောင်းသားများ ပါဝင်ဖွဲ့စည်းခဲ့သောလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲလွန်ကာလ၌ နဝတအစိုးရက ပါတီကို ဖျက်သိမ်းပစ်ခဲ့သည်။ ထိုသို့ ဖျက်သိမ်းခံလိုက်ရသော်လည်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ပျောက်ကွယ်မသွားခဲ့ဘဲ တောတွင်း၊ နယ်စပ်ဒေသ၊ အကျဉ်းထောင်တို့၌သာမက တိုင်းပြည်နှင့် အနှံ့တွင် ဆက်လက်ရှင်သန်နေဆဲပင်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ် တိုးတက်လာမှုအနေအထားများပေါ် မူတည်လျက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်လျက် တရားဝင်နိုင်ငံရေးပါတီအဖြစ် ရပ်တည်ရန်ပြင်ဆင်လာခဲ့သည်။

ထိုသို့ ပြင်ဆင်လာခဲ့ခြင်းအပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့် 7Day ကတွေ့ဆုံမေးမြန်းထားချက်အပြည့်အစုံကိုဖော်ပြလိုက်ပါသည်။



*လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

**ပြည်တွင်းမှာ တရားဝင်ပါတီ တစ်ရပ်အဖြစ်ရပ်တည်ဖို့အတွက်ဘယ်လိုပြင်ဆင်မှုတွေ လုပ်ထားပြီးပြီလဲ။**

ကြိုးစားပမ်းစား ပြင်ဆင်နေတုန်းပါပဲ။

(က)ပါတီရဲဘော်တွေ(အတွင်း၊အပြင်)နဲ့ လက်လှမ်းမီ သလောက်ဆွေးနွေးညှိနှိုင်းနေတယ်။

(ခ)တစ်တိုင်းပြည်လုံးအနှံ့ ဒေသအလိုက် စည်းရုံးရေးကော်မတီတွေ စုဖွဲ့နိုင်ဖို့ကြိုးစားနေတယ်။

(ဂ)ဒီနေရာမှာအရေးကြီးတဲ့ပါတီရဲ့ ရပ်တည်မှု၊ အထွေထွေနိုင်ငံရေးသဘောထား၊ လုပ်ငန်းစဉ်စတဲ့ ပါတီရဲ့ Programတွေကိုဆွေးနွေးညှိနှိုင်းရင်းနဲ့ ပိုမို ပြည့်စုံစေဖို့အခြေအနေတွေနဲ့ကိုက်ညီဖို့ပြင်ဆင်နေပါတယ်။

(ဃ) နောက်အရေးကြီးတဲ့ လက်တွေ့ပြဿနာလည်းဖြစ်တဲ့ ကျွန်တော်တို့တစ်ဦးချင်းစီ ရဲဘော်တစ်ဦးချင်းစီရဲ့ ရပ်တည်ရေးနဲ့ ပါတီတစ်ခုလုံးအနေနဲ့ ရပ်တည်နိုင်ရေးအတွက် ဘဏ္ဍာရေးအပါအဝင်လိုအပ်တဲ့အချက်အလက်တွေအတွက် နည်းလမ်းရှာဖွေနေပါတယ်။ ပြင်ဆင်နေပါတယ်။

**တရားဝင်ပါတီအဖြစ်ရပ် တည်ပြီးနောက်ပိုင်း ၂၀၁၅ ရွေးကောက်ပွဲကိုရောဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ်ရှိသလား။**

လက်ရှိတည်ဆဲဥပဒေအရဆိုရင် ရွေးကောက်ပွဲမှာ ပါတီတစ်ခုအနေနဲ့ အနည်းဆုံး အမတ်နေရာ ဘယ်နှနေရာဝင်ရောက်ယှဉ်ပြိုင်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ရှိတယ်လို့ ထင်တယ်။ လာမယ့်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးမှာလွတ်လပ်တဲ့၊မျှတတဲ့အခြေအနေရှိဖို့ Level Playingf Field ရှိဖို့ ကျွန်တော်တို့ ရုန်းကန်ရဦးမယ်။ကျွန်တော်တို့ပါတီဟာအနှစ် ၂၀ ကျော်ကျော် တောထဲမှာ၊ နယ်စပ်ဒေသတွေမှာ၊တိုင်းပြည်အပြင်မှာ ရပ်တည်ခဲ့တဲ့ နိုင်ငံရေးပါတီဖြစ်တယ်။ ကျွန်တော်တို့ကိုယ်တိုင်ကိုယ်စားလှယ်လောင်းတွေအဖြစ်မှတ်ပုံတင်လို့မရအောင်ကန့်သတ်ထားတဲ့ တည်ဆဲဥပဒေတွေရှိပါသေးတယ်။ ဒါတွေကိုကျော်လွှားဖို့ဆိုရင် ဖွဲ့စည်းပုံပြင်ဆင်ရေး၊ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ရွေးကောက်ပွဲဥပဒေမှာပါတဲ့ အကန့်အသတ်တွေကို ပြုပြင်ပေးဖို့ တောင်းဆိုရဦးမယ်။ ရုန်းကန်ရဦးမှာဖြစ်တယ်။ ဒီအခြေအနေတွေကို ကျော်လွှားနိုင်မှ ရွေးကောက်ပွဲမှာ ပါဝင်နိုင်ရေး၊ မပါဝင်နိုင်ရေးဆိုတာကို စဉ်စားရလိမ့်မယ်ထင်ပါတယ်။ ရွေးကောက်ပွဲကတစ်ဆင့် အပြောင်းအလဲတွေကို ဖော်ဆောင်ရမှာဖြစ်ပေမယ့် အားလုံးအတွက်၊ ကျွန်တော်တို့အတွက် အဲဒီအခြေအနေပေး၊ မပေးက အရေးကြီးတယ်။

**ပြည်တွင်းမှာတရားဝင်ပါတီအဖြစ် ရပ်တည်တော့မယ့် နိုင်ငံရေး အဖွဲ့အစည်းအနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံ၊ ရွေးကောက်ပွဲ ဥပဒေတွေအပေါ် သဘောထား ပြောပါဦး။**

ရှေ့မေးခွန်းမှာ ကျွန်တော်တို့သဘောထားတွေကိုဖြေခဲ့ပြီးပါပြီ။ ဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ကတော့ နည်းနည်းထပ်ပြောချင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဖွဲ့စည်းပုံကို အနှစ်သာရအရ ဒီမိုကရေစီ၊ လူသားတစ်ဦးချင်းစီနဲ့ ဂုဏ်သိက္ခာကို အာမခံတဲ့ ဥပဒေ၊ တိုင်းပြည်တွင်းမှာ အတူတကွ နေထိုင်နေကြတဲ့ တိုင်းရင်းသား လူမျိုးစုအတွက်၊ နောက်လူနည်းစုတွေရဲ့ တန်းတူရေးကို အာမခံတဲ့ ဥပဒေအဖြစ်ပြင်ဆင်ဖို့လိုပါတယ်။

**၉၀ရွေးကောက်ပွဲတုန်းက ဒုတိယလိုက်ခဲ့တဲ့ ပါတီအနေနဲ့ပြန်လည်ရပ်တည်မယ်ဆိုရင် အရင်လို နိုင်ငံရေးဩဇာရရှိအောင် ဘယ်လိုပြန်လည် ထူထောင်မယ်လို့ စိတ်ကူးသလဲ။**

(က) ၁၉၉၀ ရွေးကောက်ပွဲတုန်းက ဒုတိယလိုက်ခဲ့တဲ့ ပါတီဆိုတာ မဟုတ်ပါဘူး။ ပါတီတည်ထောင်ပြီးစ ၁၉၈၈ နှောင်းပိုင်းနဲ့ ၁၉၈၉ ခုနှစ်အစပိုင်းတွေမှာ အင်အားအရ ပါတီရဲ့ လှုပ်ရှားနိုင်မှု၊ ပြည်သူလူထုအများစုရဲ့ စိတ်ဝင်စားမှု၊ နိုင်ငံတကာရဲ့စိတ်ဝင်စားမှုအရှိန်အဟုန်နဲ့ ရရှိခဲ့တယ်။ နိုင်ငံကြီးအချို့ရဲ့ သံရုံးအစီရင်ခံစာတွေမှာ ဒုတိယအင်အားအကြီးဆုံးပါတီအဖြစ် ဖော်ပြခဲ့ကြတယ်။ ပါတီကို ရဲဘော်မိုးသီးဇွန် ဦးဆောင်စဉ်ကာလတုန်းကပါ။ အဲဒီလိုနိုင်ငံရေးအရ အရှိန်အဟုန်ကြီးမားခဲ့ရတဲ့ အကြောင်းရင်းတွေရှိတယ်။ အဲဒီအကြောင်းရင်းတွေက. . .

၁။ ပါတီဟာ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးအတွင်းမှာ သန္ဓေတည်ခဲ့ပြီး အရေးတော်ပုံတပ်သားတွေက နေရာအနှံ့မှာဦးဆောင်စုစည်းခဲ့လို့. .

၂။ အဲဒီကာလက စစ်အစိုးရအပေါ် ပြတ်ပြတ်သားသား ရှုမြင်ရပ်တည်ခဲ့လို့ အစိုးရကလည်း ပြင်းပြင်းထန်ထန်ဖိနှိပ်ခဲ့လို့. . .

၃။ နိုင်ငံရေးပါတီ တစ်ရပ်ဆိုတာထက် ကျောင်းသား၊ လူငယ်တွေရဲ့ လှုပ်ရှားမှု၊ ဒီမိုကရေစီရေးလှုပ်ရှားမှု (Democracy Movement) အဖြစ်ခိုင်ခိုင်မာမာရပ်တည်ခဲ့လို့. . .

၄။ လူထုရဲ့ အခြေခံလိုအပ်ချက်တွေကို နေရာအနှံ့မှာ ရဲရဲဝံ့ဝံ့ဖော်ထုတ်တိုက်ပွဲဝင်ခဲ့လို့. . .

၅။ အရေးကြီးဆုံးအချက်ကတော့ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အရှိန်(Momen-tum)က အဲဒီကာလတွေမှာ အားကောင်းဆဲပဲဖြစ်ခဲ့လို့ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆတယ်။ အခြားအချက်အလက်တွေရှိနိုင်ပါသေးတယ်။

(ခ) ဒီနေ့ကာလပါတီတည်ဆောက်ရေးကိစ္စတွေကတော့ ပိုပြီးအခက်အခဲတွေနဲ့ တွေ့နိုင်တယ်။ အရင်ကလို Momentum မျိုးရနိုင်ဖို့ နောက်ခံအခြေအနေကလည်း အတော်ကွာခြားသွားပြီ။ သို့သော်လည်း ဘယ်လောက်ပဲခက်ခဲခက်ခဲ ရင်ဆိုင်ရမှာ၊ ကျော်လွှားရမှာ၊ တည်ဆောက်ရမှာက ယနေ့ပါတီကို တာဝန်ယူထားတဲ့ ကျွန်တော်တို့ရဲ့ တာဝန်ပါပဲ။ ကျွန်တော်တို့ ပါတီကို သိပ်သည်းကျစ်လျစ်ပြီး အရည်အချင်းကောင်းတဲ့ ပါတီတစ်ရပ်၊ ပြည်သူကို တကယ်ပဲ အလုပ်အကျွေးပြုတဲ့ ပါတီတစ်ရပ်အဖြစ် တည်ဆောက်လိုတယ်။ သိပ်သည်းကျစ်လျစ်တဲ့ ပါတီလို့ ပြောပေမယ့် ပါတီကို နိုင်ငံရေးအရ ရင့်ကျက်မှုရှိတဲ့ ပညာတတ်ပုဂ္ဂိုလ် (Intellectual) အချို့ကပဲ စုစည်းတဲ့ ပါတီမျိုးမဟုတ်ဘဲနဲ့ တန်းတူရေး၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ ဒီမိုကရေစီရေးအတွက် ရုန်းကန်ကြိုးစား နေကြတဲ့ လူ့အဖွဲ့အစည်းရဲ့ အလွှာအသီးသီးထောင့် အသီးသီးက တက်ကြွလှုပ်ရှားသူတွေနဲ့ စုစည်းတဲ့ပါတီ၊ အဲဒီတက်ကြွလှုပ်ရှားသူတွေရဲ့ပါတီအဖြစ်တည်ဆောက်လိုတယ်။ အဲဒါကို ဦးတည်ပြီး တည်ဆောက်သွားမယ်။ ဒါဆိုရင် ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံရေးအရ ဂုဏ်သိက္ခာရှိတဲ့ ပါတီတစ်ရပ်အဖြစ် ပြည်သူကို တကယ်ပဲ လက်တွေ့မှာ အလုပ်အကျွေးပြုတဲ့ ပါတီတစ်ရပ်အဖြစ် ရပ်တည်လာနိုင်လိမ့်မယ်။

**နိုင်ငံရေးသမားတစ်ဦးချင်း စီရဲ့ အရည်အချင်းအပြင် ပုဂ္ဂိုလ်ရေးယုံကြည်အားကိုးမှုနဲ့ပေါ် လွင်ထင်ရှားမှုအပေါ် မူတည်ပြီး လူထုအကြိုက်ကွဲပြားနေတဲ့ ပြည်တွင်းနိုင်ငံရေးအခြေအနေတွေ အပေါ် ဦးအောင်မိုးဇော် ဘယ်လိုယုံကြည်မှုနဲ့ ပြန်ခြေချမလဲ။**

(က)ကျွန်တော့်အနေနဲ့ရော ကျွန်တော်တို့ပါတီအနေနဲ့ရော ပေါ့နော်။ တိုင်းပြည်ရဲ့ နိုင်ငံရေးလှုပ်ရှားမှု၊ ဒီမိုကရေစီရေးလှုပ်ရှားမှု ထဲက နေပြီး တစ်ခါမှ အချိန်အချို့လောက်တောင်မှ အပြင်ကို ရောက်သွားခဲ့တယ်ဆိုတာ မရှိခဲ့ပါဘူး။ ဒီလှုပ်ရှားမှုထဲမှာပဲ အရွယ်ရောက်စကနေ ယနေ့အထိ နက်နက်ရှိုင်းရှိုင်းရှိနေခဲ့တာပါ။ ဒီအတွက် “ပြန်လည်ခြေချ”ဆိုတဲ့ စကားအသုံးအနှုန်းကတော့ ကျွန်တော်အတွက်ပြဿနာရှိပါတယ်။

(ခ) ယနေ့ ကျွန်တော်တို့ တိုင်းပြည်ဟာ ခိုင်မာတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မိမိရရ မဆုပ်ကိုင်နိုင်သေးဘူးဖြစ်တယ်။ ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သေးဘူးဖြစ်တယ်။ ဒီ အတွက်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ကို မရောက်သေးဘူး။ ဒီအတွက် အလုပ်လုပ်စရာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ရဲဘော် ရဲဘက်တွေနဲ့လက်တွဲပြီး ခုနကကိစ္စတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် လုပ်ကိုင်နိုင်လိမ့်မယ်။ အခက်အခဲတွေကို ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

(ဂ) အချို့ကျွန်တော်တို့ရဲ့ သက်တူရွယ်တူ မျိုးဆက်တူတွေရဲ့ ပြောဆိုချက်တွေကို ကြားနေရတယ်။ ၂၀၁၅ အလွန် နိုင်ငံရေး၊ ၂၀၂၀ ရွေးကောက်ပွဲ စသည်ဖြင့် အဲဒီအတွက် လူပုဂ္ဂိုလ်တွေအပေါ် မူတည်ပြီး သုံးသပ်ပြောဆိုကြနေကြတယ်။ ကျွန်တော်တစ်ဦးတည်းအနေနဲ့ဖြစ်ဖြစ်၊ ပါတီအနေနဲ့ ဖြစ်ဖြစ် အဲဒီပြောသံဆိုသံတွေကို နားမလည်သလို စိတ်လည်း မဝင်စားဘူး။ ကျွန်တော့်စိတ်ဝင်စားမှုက ကျွန်တော်တို့ပါတီကို Party Plat-form အပေါ် မှာ အခြေခံ စုစည်းတဲ့ပါတီဖြစ်အောင်သိပ်သည်းကျစ်လျစ်အရည်အသွေးကောင်းတဲ့ ပါတီဖြစ်အောင် ဘယ်လိုတည်ဆောက်မလဲဆိုတာပဲ။ နောက်အခြားနိုင်ငံရေးပါတီ တွေကိုရော ကျန်းမာသန်စွမ်းတဲ့ ပါတီတွေဖြစ်အောင် ဘယ်လိုကူညီနိုင်မလဲ၊ ဘယ်လိုပူးပေါင်းပြီး အခြေအနေတွေနဲ့ ကိုက်ညီတဲ့နိုင်ငံရေး ပါတီစနစ်(Party System) ကျွန်တော်တို့တိုင်းပြည်မှာ ပေါ်ထွန်းလာအောင်ဘယ်လိုကြိုးစားကြမလဲဆိုတာပါပဲ။ အခုNation Building တို့ State Building တို့ ပြောဆိုနေကြတာရှိပါတယ်။ ကိုယ်ဝါသနာပါတဲ့ ကိုယ်စိတ်ဝင်စားတဲ့ အပိုင်းမှာ ကိုယ်တတ်စွမ်းသရွေ့ အုပ်တစ်ချပ်ဖြစ်ဖြစ် သဲတစ်ပွင့်အနေနဲ့ ဖြစ်ဖြစ်၊ ပါဝင်ဆောင်ရွက်သွားချင်ပါတယ်။

(ဃ) နိုင်ငံရေးမှာ ခေါင်းဆောင်တွေ၊ လူပုဂ္ဂိုလ်တွေရဲ့အခန်း ကဏ္ဍအရေးကြီးပါတယ်။ ကျွန်တော်တို့တိုင်းပြည်အတွက်ဆိုပိုပြီး လိုအပ်နေသေးတယ်။ အဲဒီလူပုဂ္ဂိုလ်တွေ၊ခေါင်းဆောင်တွေရဲ့ သဘောထားတွေက တိုင်းပြည်ရဲ့ ကံကြမ္မာအပေါ် သက်ရောက်တာပါပဲ။ ဒါပေမဲ့ အဆိုးတွေထဲက အကောင်းလို့ ပြောရမလား မသိဘူး။ ကျွန်တော်တို့ တိုင်းပြည်မှာ ဒေါ်အောင်ဆန်းစုကြည်လို ကိုမင်းကိုနိုင်လို ခေါင်းဆောင်မျိုးတွေကို ရရှိထားတာပါပဲ။ အချို့က ဒီလိုပုဂ္ဂိုလ်မျိုးတွေရဲ့အရှိန်ဩဇာကို မလွန်ဆန်နိုင်တော့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ဆည်းကပ်မှုတို့ဆိုတာတွေကို ရေတိုအမြင်နဲ့ ပုံကြီးချဲ့နိုင်တယ်။ အပြစ်တင်နိုင်တယ်။ ကျွန်တော်ယုံကြည်တာက ဒီခေါင်းဆောင်တွေရဲ့ အရှိန်အဝါတွေဟာ ကျွန်တော်တို့လိုချင်တဲ့ နိုင်ငံရေးယဉ်ကျေးမှုကို တည်ဆောက်သွားဖို့ အရမ်းအခရာကျတယ်ဆိုတာပါပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီရေး ရေချိန်မြင့်လာတာနဲ့အမျှ ကျွန်တော်တို့မြင်ချင်တဲ့ နိုင်ငံရေး ယဉ်ကျေးမှု၊ ဒီမိုကရေစီယဉ်ကျေးမှု စတာတွေကို ကျွန်တော်တို့တိုင်းပြည်မှာ လူ့အဖွဲ့အစည်းမှာတွေ့လာရမှာပါပဲ။ တာရှည်မယ်။ ခက်ခဲမယ်။ အန္တရာယ်နဲ့ကြုံရနိုင်တယ်။ ဒါတွေကို ညှိပြီးရင်ဆိုင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်တော်တို့လုပ်စရာရှိတာကို ဆက်လုပ်သွားမှာပါ။

စာမျက်နှာ(၁၉)သို့

# Technology

7 DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013


# လာမည့်သုံးနှစ်အတွင်း လူဦးရေ၏ ၇၅ ရာခိုင်နှုန်း ဖုန်းသုံးစွဲနိုင်မည်ဟုဆို

**နိုင်ချို၊ ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၃၀**

လာမည့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံလူဦးရေ၏၇၅ ရာခိုင်နှုန်း ဖုန်းသုံးစွဲလာနိုင်မည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးမှ ထုတ်ပြန်သည့် အချက်အလက်များက ဆိုသည်။

လက်ရှိတွင် ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များထွက်ရှိလာသည့်အတွက်ပြည်တွင်းဖုန်းသုံးစွဲမှုပမာဏမှာ ၁၁ သန်းကျော်ရှိလာခဲ့ပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် မိုဘိုင်းကွန်ရက်တိုးချဲ့မှုမှာ ၄၅ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ သတင်းရရှိသည်။



*ရန်ကုန်မြို့တွင်းရှိ အများသုံးတယ်လီဖုန်းဝန်ဆောင်မှုတစ်ခု၏ မြင်ကွင်း*

ဓာတ်ပုံ-ကျော်ဇင်သန်း

ယခုလက်ရှိတွင် မိုဘိုင်းဖုန်းသုံးစွဲသည့်ကွန်ရက်မှာ ၁၁ ဒသမ ၄၃ သန်းခန့်ရှိနေပြီး တန်ဖိုးနည်းဖုန်းများ ချထားပေးသည့် ကာလမှစတင်၍ မိုဘိုင်းဖုန်းကွန်ရက်မှာ ယခင်ရှိသည့်ပမာဏထက်ခြောက်ဆခန့်တိုးလာသည်ဟု သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၏စာရင်းများကိုကိုးကား၍ သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

"မိုဘိုင်းဖုန်းသုံးစွဲသူပမာဏက အရင် ၇ ဒသမ ၃ သန်းကနေ ၁၁ ဒသမ ၄၃ သန်းအထိ တိုးလာတယ်။ ၂၀၁၅-၁၆ ခုနှစ်မှာမြန်မာနိုင်ငံလူဦးရေရဲ့ ၇၅ ရာခိုင်နှုန်း မိုဘိုင်းဖုန်းသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်နေတယ်"ဟု ဦးရဲထွဋ်က ပြောသည်။

မိုဘိုင်းဖုန်းကွန်ရက်များ တိုးချဲ့မှုအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၊ လတ်တလောတွင် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်အတွက် တင်ဒါအောင်မြင်ထားသော Telenor Group နှင့် Qatar Telecom (Ooredoo)တို့က မိုဘိုင်းဖုန်းကွန်ရက်တိုးချဲ့မှုကို သတ်မှတ်ထားသည့်ပမာဏ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများ တိုးချဲ့အပြီးတွင် သုံးစွဲသူများအတွက် အင်တာနက်မြန်နှုန်းများ မိုဘိုင်းကွန်ရက်မြန်ဆန်မှုများကို တင်ဒါအောင်မြင်ထားသောကုမ္ပဏီနှစ်ခုမှ လုပ်ဆောင်သွားမည့် Call Center မှတစ်ဆင့် ဖြစ်ပျက်နေသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာရရှိနိုင်တော့မည်ဖြစ်သည်ဟု နည်းပညာကျွမ်းကျင်သူများက သုံးသပ်သည်။

မိုဘိုင်းဖုန်းကွန်ရက်တိုးချဲ့လာသည်နှင့် အသုံးပြုသူများ ပိုမိုများပြားလာချိန်တွင် မိုဘိုင်းဖုန်းခေါ်ဆိုခနှုန်းထားများကို မကြာမီကာလအတွင်း တစ်မိနစ်လျှင် ငါးကျပ်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း တယ်လီဖုန်းခေါ်ဆိုခ နှုန်းထားများကိုလည်း လျှော့ချပေးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဇွန်လ ၂၈ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်၌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာနဒုဝန်ကြီး ဦးသောင်းတင်က ပြောကြားသည်။

မိုဘိုင်းဖုန်းလိုင်းထပ်မံတိုးချဲ့မည့်အစီအစဉ်မှာ ၂၀၁၃-၁၄တွင် ဖုန်းလိုင်း ၁၀ သန်း၊ ၂၀၁၄-၁၅ တွင်ဖုန်းလိုင်း ၁၄ သန်း၊ ၂၀၁၅-၁၆ တွင် ဖုန်းလိုင်း ၈ ဒသမ ၅ သန်း ထပ်မံတိုးချဲ့ရောင်းချရန် စီစဉ်ထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

# ဆမ်ဆောင်းကုမ္ပဏီ OLED TV များ ထုတ်လုပ်

**ဆိုးလ်၊ ဇွန်-၂၉**

အလွန်ပါးလွှာသော ရုပ်မြင်သံကြားဈေးကွက်အတွင်း ဆမ်ဆောင်းကုမ္ပဏီက သဘာဝအလင်းထုတ်လွှတ်နိုင်သော ဒိုင်အုတ် OLED မျက်နှာပြင်ပါရှိသည့် တီဗီများကို ဇွန်လ ၂၅ ရက်တွင် ပထမဆုံး ထုတ်လုပ်ရောင်းချလိုက်သည်။

ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်သော OLED TV သည် မျက်နှာပြင်အကျယ် ၅၅ လက်မရှိကာ မျက်နှာပြင် အတွင်းဘက်သို့ ကွေးဝိုက်ထားသည့် ပုံစံဖြစ်ပြီး ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၃,၀၀၀ သတ်မှတ်ထားသည်။ ယင်းမှာ LG ကုမ္ပဏီမှ ထုတ်လုပ်သည့် 066570.ks အမျိုးအစား တီဗီနှင့် ဈေးနှုန်းတူညီပြီး လူကြိုက်များသော LCD TV များ ဈေးနှုန်းထက် ငါးဆပိုများသည်။

ဆမ်ဆောင်း၏ ပထမဆုံး OLED TV များကိုမိတ်ဆက်လိုက်ပြီဖြစ်ကြောင်း၊ ဈေးကွက်အတွင်း သုံးစွဲသူများ၏ ပျမ်းမျှဝယ်လိုအားကို တွက်ချက်သိရှိနိုင်ရန် စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဆမ်ဆောင်း ကုမ္ပဏီ အမှုဆောင်ဒုတိယ ဥက္ကဋ္ဌ ကင်ဟွန်ဆူးက သတင်းထောက်များအား ပြောသည်။

မျက်နှာပြင်အခွက် OLED TV များကို တောင်ကိုရီးယားနိုင်ငံပြင်ပတွင် ဇူလိုင်လမှ စတင်၍ ရောင်းချသွားမည်ဟု ဆမ်ဆောင်းကုမ္ပဏီက ပြောကြားခဲ့သော်လည်း မည်သည့်နိုင်ငံများတွင် စတင်ရောင်းချမည်ဆိုသည်ကို အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။ ထို့အပြင် မျက်နှာပြင်အခုံးအခွက်မဟုတ်သော OLED TV များကိုမူ ဆမ်ဆောင်းကုမ္ပဏီက ယခုနှစ်အတွင်း ရောင်းချသွားရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

—Ref: Reuters

# ဂူးဂဲလ်ကုမ္ပဏီ Android ဗီဒီယိုဂိမ်းနှင့် လက်ပတ်နာရီထုတ်လုပ်

**ဆန်ဖရန်စစ္စကို၊**

**ဇွန်-၂၉**

Android OD ကို အခြေခံ၍ ဗီဒီယိုဂိမ်းတစ်ခုနှင့် လက်ပတ်နာရီတစ်မျိုး ဂူးဂဲလ်ကုမ္ပဏီက တီထွင်ထားကြောင်း Wall Street Journal တွင် ဖော်ပြသည်။

ယင်းကိရိယာများကို ယခုဆောင်းဦးရာသီတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်များ၏ ပြောကြားချက်ကို ကိုးကား၍ Wall Street Journal က ဖော်ပြသည်။ ဂူးဂဲလ်ကုမ္ပဏီသည် သီချင်းနားထောင်နိုင်သော ကိရိယာ Nexus Q ကိုလည်း ယခင်ထက်ပိုကောင်းအောင်ထုတ်လုပ်ထားကြောင်း ယင်းသတင်းတွင်ဖော်ပြသည်။ ဂူးဂဲလ်ကုမ္ပဏီသည် ၂၀၁၂ ခုနှစ် ဇွန်လတွင် Nexus Q ကို ထုတ် ဖော်ပြသခဲ့သော်လည်း ရောင်းချ ခြင်းမရှိပေ။

ဂူးဂဲလ်ကုမ္ပဏီသည် Google Galss ဟုခေါ်သော တပ်ဆင်နိုင်သည့် ကွန်ပျူတာမျက်မှန်တစ်မျိုးကို လတ်တလောတွင် စမ်းသပ်နေသည်။ ဂူးဂဲလ်ကုမ္ပဏီ၏ Andriod OS သည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးသော မိုဘိုင်းဖုန်းဆော့ဖ်ဝဲ ဖြစ်ပြီး ဈေးကွက်၌ ရောင်းချသော စမတ်ဖုန်းလေးလုံးတွင် သုံးလုံးခန့်သည် Android OS သုံး ဖုန်းများဖြစ်သည်။

ဂူဂဲလ်ကုမ္ပဏီသည် iPhone ထုတ်လုပ်သည့် Apple ကုမ္ပဏီနှင့် ယှဉ်ပြိုင်ရန် Hardware ထုတ်လုပ်မှု လုပ်ငန်းများတွင် ပါဝင်မှု တိုးမြှင့်နေကြောင်း သိရသည်။

—Ref: Reuters









CAPITAL
supermarket
NOW OPEN !
Don't miss it!
CAPITAL Supermarket ကိုမြောက်ဒဂုံမြို့နယ်၊ ပင်လုံလမ်းနှင့် သင်းဝင်လမ်းထောင့်တွင် ဖွင့်လှစ်လိုက်ပါပြီ။
ဆိုင်ဖွင့်ပွဲအထိမ်းအမှတ် ရင်ခုန်ဖွယ်ရာ Promotion များ၊ အထူးလက်ဆောင်မွန်အစီအစဉ်များနှင့်အတူ
မိတ်ဟောင်း မိတ်သစ်များအား ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁+၂) ပင်လုံလမ်းနှင့် သင်းဝင်လမ်းထောင့်၊ ၃၃ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း မြို့နယ်။


STAR CITY
Thanlyin
*New Release Zone B*
ဇူလိုင်လ(၅)ရက်နေ့မှ စတင်၍ သံလျင်ရိပ်မွန်အိမ်ရာ ဇုန်(ဘီ)၏အဆောက်အဦးအမှတ်(၂)နှင့် အမှတ်(၅)ရှိအဆင့်မြင့်တိုက်ခန်းများကို ဒီဇိုင်းအသစ်များဖြင့် သန်လျင်ရှိ
Star City Sales Gallery နှင့် Singapore Grand Park Hotel, City Hall တွင် တပြိုင်တည်းအရောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အရောင်းဖွင့်လှစ်မည့် အဆင့်မြင့်တိုက်ခန်းများတွင် -
ကျယ်ဝန်းသည့် အခန်းဖွဲ့စည်းမှု
ခေါင်မိုးထရံကာပါရှိသော အခန်းဖွဲ့စည်းမှု
ပန်းခြံပါဝင်သော အခန်းဖွဲ့စည်းမှုများ
မြေအောက် ကားပါကင်
စသည်တို့ ကို အသစ်ထပ်မံ ထည့်သွင်းထားပါသည်။
ထို့အပြင်နေထိုင်သူမိသားစုများအတွက် ဧက(၈၀)ကျယ်ဝန်းသည့် ရုက္ခဗေဒ ဥယျာဉ်ကြီးကိုပါထပ်မံထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း
ဝမ်းမြောက်စွာဖြင့် အသိပေးအပ်ပါသည်။
For your convenience:
STAR*City Sales Centre: Kyaik Khauk Pagoda Road, Thanlyin Township.
Tel: +95 56- 23150~3 23165, 23166, 23191, 23219, 23224, Ext : 112, 114, 118, 119, 120
E-mail : scmarketing@spa.com.mm Website:www.starcityyangon.com
Singapore
Grand Park Hotel, City Hall, Coleman Room
Tel: +65 9673 6731
E-mail:Condosales_Myanmar@yomastrategic.com



# စာအုပ်ချုပ်ချင်သည်

■ လွင်ချန်ဖြိုး(နတ်မောက်)

သမီးလေးက ဒီနှစ်မူကြိုကျောင်းစတက်ပါသည်။ ဇနီးဖြစ်သူက သူ့သမီးလေးကို အားတဲ့အခါ နှုတ်တိုက်ချပေးဖို့နဲ့ ရုပ်ပုံလေးတွေကြည့်ရအောင်ဆိုပြီး သူငယ်တန်းဖတ်စာအုပ်ဝယ်လာပါသည်။ သူငယ်တန်းဖတ်စာတစ်အုပ်လျှင်အညံ့စားက သုံးရာကျပ်၊ အကောင်းစားက လေးရာကျပ်ဟူ၍ရှိကြောင်း၊ အခုလေးရာကျပ်တန်ဝယ်လာကြောင်း ပြောပါသည်။ လေးရာကျပ်တန်း အကောင်းစားသူငယ်တန်း ဖတ်စာအုပ်ကို စာရေးသူကြည့်လိုက်တော့ စာအုပ်မျက်နှာဖုံး အသားနဲ့ချုပ်ထားပုံကလျော့ရဲရဲ ရှိလှသည်။ အတွင်းကိုလှန်ကြည့်တော့ ဆေးရောင်တွေက မွဲခြောက်ခြောက်၊ ပုံတွေကပီပီသသ မရှိ။ ဝေါဟာရတစ်ခုအတွက် အဓိပ္ပာယ်ပေါ်လွင်အောင်သရုပ်ဖော်ထားသည့် အချို့ပုံတွေက အကျယ်ချဲ့ကြည့်မှ ထင်သာမြင်သာရှိမည့် ပုံတွေလည်း ပါသည်။ ကလေးတွေကိုယ်တိုင်လည်း အတော်အားစိုက်မှ နားလည်မှတ်မိနိုင်မည့် အနေအထားဖြစ်သည်။ ဥပမာ-အချို့ပန်းတွေ၊ တိရစ္ဆာန်တွေရဲ့ အရောင်တွေက လက်တွေ့ပြင်ပမှာရှိတဲ့ အရောင်နဲ့အခြားစီဖြစ်နေတော့ လူကြီးတွေမှာလည်းလိပ်ပတ်လည်အောင်အပိုရှင်းပြနေရသည်။ ဩော် စာရေးသူတို့ဆီက ပညာရေးခရီးနိဒါန်းစအဖွင့်မှာပင် ကလေးငယ်များသည် လွဲမှားမှုများ၊ မပီသမှုများနှင့် ကြုံတွေ့ခဲ့ကြရပါလားလို့ စဉ်းစားမိပါသည်။

စာအုပ်ကလေး အိမ်ကိုရောက်ရောက်ချင်းမှာပဲ ကလေးတို့သဘာဝ သမီးလေးက အားရဝမ်းသာယူပြီးကြည့်ပါသည်။ ဒီအရောင်၊ ဒီအရုပ်၊ ဒီစာအုပ်ကိုပင် သမီးလေးမှာ သဘောကျနေပုံရသည်။ ဆွဲလိုက်၊ လှန်လိုက်၊ ကြည့်လိုက်ဖြင့် စာအုပ်ကလေး အိမ်သို့ရောက်ပြီး တစ်နာရီအတွင်းမှာပင် ထိုစာအုပ်ကလေး၏ မျက်နှာဖုံးနှစ်ရွက်လုံးမှာ ပြုတ်ထွက်ကုန်ပါသည်။ စာအုပ်လေးကို စတင်မြင်တွေ့လိုက်စဉ်ကတည်းက အပေါ်မှ ထပ်ချုပ်ပေးမှရမည်ဟု စာရေးသူစိတ်ကူးပြီးသား ဖြစ်ပါသည်။ သို့သော် စာအုပ်လေးမှာ စာအုပ်ချုပ်ဆိုင်သို့မရောက်မီမှာဘဲ မျက်နှာဖုံးနှင့် အတွင်းစာအုပ်တို့ တခြားစီဖြစ်သွားခဲ့ရပါသည်။ ပညာရေးခရီးအစ ဘာမျှမသိသေးသည့် ကလေးငယ်များသည် မခိုင်မြဲခြင်း၊ မရေရာခြင်း၊ ပျက်စီး လွယ်ခြင်းများကိုဖြင့် လက်တွေ့ရင်ဆိုင်သိရှိခဲ့ကြရပါလားလို့လည်း တွေးမိလိုက်ပါသည်။

အရာရာပြောင်းလဲတိုးတက်နေသည့် ခေတ်ကြီးထဲတွင် လက်တွေ့ရင်ဆိုင်သိရှိခဲ့ကြရပါ လားလို့လည်း အရည်အသွေးမျိုးကို မြင်တွေ့ရသည့်အခါ ဘဝင်မကျဖြစ်မိတာတော့ အမှန်ပင်ဖြစ်ပါသည်။ အခမဲ့ပညာရေးစနစ်မို့ အတတ်နိုင်ဆုံးသက်သာအောင် ပေါပေါလောလောနဲ့ ပုံနှိပ်ထားတာလားလို့ ထင်မိပါသည်။ အမှန်တော့ ကလေးတွေအတွက် ဖတ်စာအုပ်များသည် အရောင်းစိုစို၊ အရုပ်စုံစုံ၊ တောက်တောက်ပပဖြစ်သင့်ပါသည်။ စာရွက်သားကောင်းကောင်းဖြစ်သင့်ပါသည်။ စာအုပ်ချုပ်ပုံ ခိုင်ခိုင်ခန့်ခန့် ဖြစ်သင့်ပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မတတ်နိုင်လျှင် အလှူရှင်များ ရှာဖွေသင့်ပါသည်။ စပွန်ဆာများ ဖိတ်ခေါ်သင့်ပါသည်။ ကြော်ငြာရှင်များနှင့် လက်တွဲသင့်က လက်တွဲကြရပါမည်။ ပန်းချီပုံများအစား လက်တွေ့ဆန်သော ဓာတ်ပုံလှလှများကို အစားထိုးသင့်ပါသည်။ ကလေးများအတွက် ပြင်ပလောကနှင့် အနီးစပ်ဆုံး ထပ်တူထပ်မျှဖြစ်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

ယခုဖြင့် စာရေးသူတို့ဆီမှ ကျောင်းသား၊ ကျောင်းသူများသည် ပုံနှိပ်စာအုပ်ဆိုသည်မှာ အသစ်ဘဝကတည်းက ထပ်ဆင့်ပြန်လည်ချုပ်ထားမှ တောင့်တောင့်တင်းတင်း ဖြစ်သည်။ ကောင်းကောင်းအသုံးပြုနိုင်သည်ဟု ယူဆထင်မှတ်နေကြပြီ ဖြစ်သည်။

မြန်မာ့ပညာရေးလောက၏ ရှေ့ဆောင်ဟုသတ်မှတ်နိုင်သည့် စမ်းသပ်ပုံဖော်လေ့ကျင့်မှု စနစ်များဖြင့် သင်ကြားသော ပညာရေးကောလိပ် မူကြိုကျောင်းတွင် သမီးလေးကို ကျောင်းအပ်ပါသည်။ မူကြိုသည် အစိုးရ၏အခမဲ့ပညာရေးစနစ်တွင် မပါဝင်သည့်အတွက် အလှူငွေကျပ်သုံးသောင်းထည့်ရပါသည်။ ကျောင်းလခနှင့် ဝတ်စုံကြေး ကျပ်နှစ်သောင်းနီးပါးသွင်းရပါသည်။ မန္တလေးမှ အော်ဒါမှာ ချုပ်သည်ဟုဆိုသော အနီရောင်စကတ်နှင့် အင်္ကျီအဖြူနှစ်စုံရပါသည်။ ဝတ်စုံအသစ်စက်စက်ကို ရေလျှော်တော့ ပြဿနာတက်ပါသည်။ စကတ်အနီမှ ဆေးနီရောင်များသည် မြင်မကောင်းအောင်ကျွတ်ပါတော့သည်။ အတူတွဲလျှော်မိသော အင်္ကျီအဖြူမှာလည်း ဆေးနီတွေ စွန်းထင်းကုန်ပါသည်။ အင်္ကျီကြယ်သီးတစ်လုံးက ပြုတ်ထွက်သွားပါသည်။ ချုပ်ရိုးများက ခိုင်ခန့်မှု မရှိပါ။ ပူအိုက်သော ရာသီတွင် တစ်နေကုန်ဝတ်ဆင်ရန် မသင့်တော်ပါ။ ဒါနဲ့ပဲ အ ရောင်လည်း မကျွတ်၊ ဝတ်လို့လည်း အဆင်ပြေမယ့် ပုံစံတူ အစကို ဝယ်ကာ နောက်ထပ်ချုပ်ပေးထားရပါသည်။

ဒီလိုဖြစ်စဉ် ဒီလိုအဆင်မပြေမှုများသည် စာရေးသူတို့ နိုင်ငံတွင် နေရာတိုင်း၊ ကဏ္ဍတိုင်း၌တွေ့နေရတုန်းပင်ဖြစ်သည်။ တစ်ကြိမ်တည်းနှင့် ပြီးရမည့် ကိစ္စ၊ တစ်ခါတည်းနှင့် အဆင်ပြေရမည့်ကိစ္စများသည် ပေါ့ဆမှု၊ တာဝန်ယူကင်းမဲ့မှု၊ အလွယ်လိုက်မှု၊ ရေသာခိုမှု၊ ကိုယ်တွက်ကျန်အောင် ဖန်တီးမှုများကြောင့် စာအုပ်အသစ်ကိုပြန်ချုပ်ရသလို အပိုအလုပ် ရှုပ်ကြရသည်။ သိသာမြင်သာသည့်ကိစ္စ တစ်ခုမှာ မြို့၊ ရွာ၊ ရုံးနှင့် တက္ကသိုလ်များအတွင်းရှိ လမ်းများသည်ကန်ထရိုက်နှင့်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေပြန်လှည့်မကြည့်ရအောင် ကောင်းမွန်သည်ဟု မရှိဘဲ တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါ ပြန်လည်ပြုပြင်ဖာထေးနေကြရခြင်း ဖြစ်သည်။ လမ်းများသည် ဖွင့်ပွဲအပြီး တစ်နှစ်ခန့်အတွင်းမှာပင် နိမ့်သည့်နေရာ နိမ့်သည်။ ကျွံသည့်နေရာ ကျွံသည်။ ပေါက်သည့် နေရာပေါက်သည်။

နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်ပြန်ချုပ်နေရသလို ဆောင်ရွက်နေရတာတွေရှိနေသည်ဟု ဆိုချင်ပါသည်။ အမှန်စင်စစ် ပြန်ပြင်၊ ပြန်ချုပ်၊ ပြန်လုပ်နေရခြင်းမှာ အစမကောင်းခြင်း၊ မသေချာခြင်းတို့ကြောင့် ဖြစ်ပါသည်။ နှစ်ပေါင်းများစွာကြာသည်အထိ အဆင့်နိမ့်ကျနေခြင်း၊ ပြောင်းလဲတိုးတက်မှုနှုန်းနှေးကွေးခြင်း၊ သတ်သတ်မှတ်မှတ်ခိုင်ခိုင်မာမာ မဟုတ်ဘဲ လျော့ရဲနေခြင်းများကြောင့်ပြန်လည်ဖြေရှင်းအဖြေရှာကြရသည်။ စီမံချက်များ ရေးဆွဲကြရသည်။ ဟိုဟာကောင်းနိုးနိုး၊ ဒီဟာ ကောင်းနိုးနိုး စမ်းသပ်နေကြရသည်။ ဖွံ့ဖြိုးတိုးတက်မှု စာရင်းဇယားကိန်းဂဏန်းများသည် အားလုံးအမှန်ချည်းမဟုတ်ခဲ့သဖြင့် ရှေ့သို့မတက်နိုင်ဘဲဖြစ်နေခဲ့ကြရသည်။

နိုင်ငံရေးကဏ္ဍတွင်လည်း စကားလုံးဝိဝါဒ၊ သဘောထားဝိဝါဒကွဲပြားမှုများကြောင့် အချိန်မကြာသင့်ဘဲ ကြာခဲ့ကြရသည်။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးခဲ့ကြရသည်။ အာဏာရလျှင် လုပ်ချင်ရာလုပ်တတ်သူများကြောင့် ပြည်သူပြည်သားတွေ နစ်နာခဲ့ကြရသည်။ လူတန်းစားအလွှာကွာခြားချက် ကြီးမားလာခဲ့သည်။ တချို့ယဉ်ကျေးမှုအမွေအနှစ်တွေ ပျက်စီးပျောက်ကွယ်လုနီးပါးဖြစ်နေရသည်။ စာရွက်သား ညံ့၊ ဆေးရောင်မစို၊ ရုပ်ပုံမပီသ၊ ချုပ်ထားသည်မှာ မခိုင်ခန့်သော သူငယ်တန်းဖတ်စာအုပ်လို နိုင်ငံတော်ကြီးဖြစ်မှာကိုဖြင့် တွေးပူစိုးကြောက်မိပါသည်။ အားလုံးတွင် တာဝန်ရှိပါသည်။ သက်ဆိုင်ရာ အုပ်ချုပ်သူတိုင်းနှင့်အတူ နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင်ကြရပါမည်။

လျော့ရဲစုတ်ပြဲနေသောစာအုပ်ကို ဆွေးမြည့်နေသည်မဟုတ်ပါက ကျွမ်းကျင်သော စာအုပ်ချုပ်သမားသည် ကောင်းမွန်ခိုင်ခန့်၊ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ပြင်နိုင်စွမ်းရှိပါသည်။ ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ခြစားမှု စသည့်အားနည်းချက်များရှိနေသော စာရေးသူတို့ နိုင်ငံတော်ကို မည်သူက မည်သို့မည်ပုံ ပြန်ချုပ်ပါမည်နည်း။ ပြန်ပြင်ပါမည်နည်း။ ပြန်၍ တည့်မတ်ပါမည်နည်း။ စာအုပ်ချုပ်လိုလျှင် စာအုပ်ချုပ်ဆိုင်သို့ ပို့ရပါသည်။ နိုင်ငံတော်ချုပ်လိုလျှင် အဘယ်သို့ပို့ရပါမည်နည်း။ သေချာသည်မှာ ပြည်ပသို့ပို့၍မဖြစ်၊ ပြည်ပမှ လာချုပ်၍မဖြစ်။ မိမိတို့နိုင်ငံကို မိမိတို့ကိုယ်တိုင်ပင် အချိန်မီပြန်ချုပ်ကြရပါမည်ဟု ဆိုချင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး (သို့) လုပ်ငန်းကြီးကြပ်ရေးမှူး (ရန်ကုန်၊ မန္တလေး) (လစာ - ၁၀၀,၀၀၀ - ၁၅၀,၀၀၀) ကျား/မ - (၄) ဦး
၂။ သွင်းကုန်ထုတ်ကုန် (MICB/MFTB) ဘဏ်လုပ်ငန်းကျွမ်းကျင်သူ (လစာ - ၁၀၀,၀၀၀ - ၁၂၀,၀၀၀) မ - (၂) ဦး
၃။ (အရောင်း/စာရင်းကိုင်/စာရင်းစစ်) ဝန်ထမ်း (လစာ - ၈၀,၀၀၀ - ၁၀၀,၀၀၀) ကျား/မ - (၁၀) ဦး
၄။ ယာဉ်မောင်း (လစာ - ၁၅၀,၀၀၀ - ၂၀၀,၀၀၀) ကျား - (၅) ဦး
၅။ တာယာ၊ ဘတ္တရီဖြုတ်/တပ်ကျွမ်းကျင်သူ (လစာ - ၈၀,၀၀၀ - ၁၀၀,၀၀၀) ကျား - (၁၀) ဦး
၆။ ညစောင့် (လစာ - ၆၀,၀၀၀ - ၈၀,၀၀၀) ကျား - (၅) ဦး

- အမှတ်စဉ် (၂) အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည်။ Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  အသက် ၂၀ မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။ ဘဏ်လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။
- ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံး ယာဉ်မောင်းသက်တမ်း (၂) နှစ်ရှိရမည်။
- အမှတ်စဉ် (၁၊၄) အတွက် အသက် (၃၀) မှ (၄၀) နှစ်အတွင်းဖြစ်ရမည်။
- အမှတ်စဉ် (၃၊၅) အတွက် အသက် (၂၀) မှ (၃၀) နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂) ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ။ ။ ဝင်းဘတ္တရီနှင့် တာယာရောင်းဝယ်ရေး
အမှတ် (၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (တော်ဝင်နှင်းဆီခြံအနီး)

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဦလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလှနတ်ပြည်" ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး – သီရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား)
စရိတ်ငြိမ်း (၁၂.၅)သိန်း ။ ထွက်ခွာမည့်နေ့ – ၁၅.၈.၂၀၁၃
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) (အိန္ဒိယ - နီပေါ) → ၈.၅ သိန်း (စရိတ်ငြိမ်း)
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) (အိန္ဒိယ - နီပေါ) → ၉ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊ တစ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)
၂၀၁၃–၁၄ ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များကို (၂၇-၉-၂၀၁၃)မှ ဧပြီလကုန်အထိ ထွက်ခွာမည် ဖြစ်၍ စရံငွေ (၁)သိန်းဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။
နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်
(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းတွန်းတိုက်တန်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၁ - ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၀၇၂၅၁

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ကမ္ဘာတည်သရွေ့ တည်စေချင်လျှင် လူပင်ပျိုး၍ အုတ်မြစ်ချဖို့ပင်

သင်းရီ

သည်ရက်များအတွင်းတွင် ရန်ကုန်အခြေစိုက် One more အဖွဲ့၏ကျေးဇူးဖြင့် မြန်မာပြည်နေရာအနှံ့မှ 'အုတ်မြစ်ချသူများ'နှင့်ဆုံတွေ့ရသည်။အခိုင်အမာဖြစ်စေလိုသောအဆောက်အအုံတစ်ခုကိုဆောက်လုပ်တော့မည်ဆိုလျှင် အုတ်မြစ်ကအရေးအကြီးဆုံးဖြစ်ကြောင်းသိကြပြီးဖြစ်သည်။မည်မျှတန်ဖိုးအနဂ္ဃထိုက်တန်သည့် သံဂဟေစွဲထားသောရွှေပိန်းချအဆောက်အုံကြီးပင်ဖြစ်စေ အခြေခံအုတ်မြစ်မခိုင်လျှင် လေတိုးမခံတတ်။

ယခုရက်ပိုင်းအတွင်းတွင် အုတ်မြစ်ချသူ ထေရဝါဒဘုန်းတော်ကြီးနှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ကိုOne more ၏ကျေးဇူးဖြင့် တွေ့ဆုံခွင့်ရသည်။

ပထမဆရာတော်တစ်ပါးက ချင်းပြည်နယ်(တောင်ပိုင်း)ကန်ပက်လက်မြို့နယ်၊ ငွန်းဖိုင်အုပ်စု၊ ရှင်စောကျေးရွာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တက္ကသရိယဖြစ်သည်။ ဆရာတော်က စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ဇာတိဖြစ်၏။

ဆရာတော်ကသာသနတက္ကသီလ ဓမ္မာစရိယက B.A (Buddhism)ဘွဲ့ကို ဆွတ်ခူးထားသူဖြစ်သည်။ စင်စစ်တွင် ထိုဘွဲ့ကိုရယူရန်အတွက် နယ်စပ်နှင့်တောင်တန်းဒေသသို့သာသနာပြုတာဝန်ကို ၂နှစ်ထမ်းဆောင်ရန်ချင်းပြည်နယ် ရှင်စောကျေးရွာလေးသို့ ရောက်ရှိခဲ့ရခြင်းဖြစ်၏။

ရှင်စောရွာခရီးကား ကြမ်းတမ်းခက်ခဲလှသည်။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့မှ ချင်းပြည်နယ်တောင်ပိုင်းနယ်စပ်ရှိလောင်းရှည်ရွာသို့ ကြက်၊ ဝက်၊ ဘဲ၊ ငါးပိ၊ ငါးခြောက် ရရာကုန်တွေတင်ထားသည့် ခြောက်ဘီးကားဖြင့် ကျပ်ကျပ်ညပ်ညပ်စီးရသည်။ လောင်းရှည်မှသည် ကျင်ဒွေးရွာသို့ရောက်လျှင်တော့ သာသနာပြုကျောင်းရှိရာ ရှင်စောကျေးရွာသို့ ပင်လယ်ပြင်အထက်ပေ ၃၇၀၀ ကျော်မြင့်သည့် တောတောင်ထူထပ်သောအတက်အဆင်းကြမ်းသည့် ခန့်မှန်းခြေ ၁၄ မိုင်ခန့်ရှိမည့် ထိုတောလမ်းခရီးအတိုင်း ကိုယ့်ခြေထောက်ကိုသာ ကိုယ်အားကိုးရသည့် တောင်တက်ခြေကျင်လမ်းဖြစ်သည်။ ကျင်ဒွေးမှ နံနက်စောစောထ၍လျှောက်လျှင် ညနေမိုးစုံးစုံးချုပ်မှ ရှင်စောသို့အမောတကောရောက်သည်။




သာသနာပြုရမည့် ရွာဆိုသည့်အခါ ကျောင်းရယ်ကန်ရယ်နှင့် သာတောင့်သာယာ နေချင့်စဖွယ်ရှိလှသည်မဟုတ်။ ရွာလယ်တွင်ရှိသောဇရပ်ကြီး၌ပင် ရွာသားများချက်ချင်းဖွဲ့ပေးသော အခန်းတွင် သီတင်းသုံးရသည်။ တစ်ရွာလုံးတွင် စုစုပေါင်းမှ အိမ်ခြေ ၁၅ အိမ်ခန့်သာရှိသည့် ရွာလေးဖြစ်၏။ တောခေါင်ခေါင်ချောင်ကျကျ ထိုရွာလေးသည်ဗဟုသုတအကြားအမြင်ခေါင်းပါးလွန်းလျက် မည်ကာမတ္တဗုဒ္ဓဘာသာဝင်တွေဖြစ်ကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်သည်ဆိုသည့်တိုင် နတ်ကိုးကွယ်မှုဘက်သို့သာ အားသာနေကြသူများဖြစ်၏။ စာသင်ကျောင်းရယ်၊ သင်မည့်ဆရာရယ်ဟုလည်းမရှိတော့ ပညာလည်းမတတ်ကြ။ စီးပွားရေးလုပ်ငန်းအဖြစ် ဖျံဥ၊ ဂမုန်း၊ နနွင်း၊ စိုက်ပျိုးခြင်းမှရရှိသည့် ငွေစလေးဖြင့် ရောင့်ရဲတင်းတိမ်နေကြသည့်တိုင်းရင်းသာကျေးလက်ကလေး ဖြစ်သည်။ အားလုံးကရွာလက်လုပ် လက်စားတွေချည်း။ သစ်တုံးတွေကိုမီးပုံတိုက်ပြီး ရလာသည့်ပြာကိုမှ ကတော့ပုံပိတ်စိမ်းပါးအိတ်ထဲထည့်ကာအပေါ်မှ ရေလောင်းချကာစိမ့်ကျလာသည့် ပြည်ရည်ကိုခံ လျက်ဆားအဖြစ် သုံးကြရသည့်ရွာ။ တစ်နေကုန်တောင်ယာထဲ တကုန်းကုန်းလုပ်ကြမှ ထမင်းနပ်မှန်သည့်ရွာ။ ထမင်းချက်ခါနီးမှစပါးကိုဆုံထဲထည့်၊ လက်နှင့် ထောင်းရသည့်ရွာ။ ရေတစ်ကျည်တောက် ရဖို့တောင် အောက်ကချောင်းထဲ ရေဆင်းပိုးရသည့်ရွာ။ သည်ရွာလေးမျိုးတွင် ရွာလယ်ဇရပ်သို့ခေါ်ပြီး ထေရဝါဒတရားဟောကြားဖို့ဆိုသည်ကခက်သည်။ ထို့ကြောင့် သူတို့အတွက် ဘာတွေများကူညီ နိုင်မလဲဟု ကူညီဖို့လုပ်ငန်းများကို အရင်စဉ်းစားရသည်။ ထိုသို့ကူညီပြီးမှ လုပ်ငန်းတွေကျုံ့သွားကာပိုထွက်လာမည့် အချိန်ကိုမျှော်ရသည်။


သို့နှင့်ပင် ရှင်စောကျေးရွာလေး၌ သာသနာပြုဆရာတော် ဘဒ္ဒန္တက္ကသရိယ၏ ဆောင်ရွက်မှုဖြင့် စားစရာဆန်အတွက် လက်နှင့်မထောင်းရဖို့ အင်ဂျင်နှင့်မောင်းရသည့် ဟလာဆန်စက်ကလေးလည်း ပေါ်ပေါက်လာခဲ့ပြီ။ ၂၀၀၈ ခုနှစ် ချင်းတောင်တန်းတွင် ကြွက်သတ္တဝါတွေသောင်းကျန်းနှိပ်စက်သဖြင့် စားရေရိက္ခာရှားပါးစဉ်ကလည်း ဆန်စပါး အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ။ တောင်အောက်ချောက်ထဲရေဆင်းမပိုးရဖို့ တောင်ပေါ်ရေထွက်မှရေကိုလည်းရှင်စောရွာလေးထဲအရောက် ပိုက်ဖြင့် သွယ်နိုင်ခဲ့ပြီ။ ရေနံဆီမီးတိုင်လေးဖြင့် မှိန်တုတ်တုတ်ညတွေကိုဖြတ်သန်းခဲ့ရသည့် ရှင်စောရွာကလေးတွင် ညဥ့်အလင်းရောင်သာမက ဗဟုသုတအတွက် တီဗီပင်ကြည့်နိုင်ဖို့ ရေအားသုံးတာဘိုင်ဖြင့် လျှပ်စစ်မီးလည်းလင်းခဲ့ပြီ။ တောင်ယာထဲအသွားအပြန်ခက်ခဲသည့် ရေစီးသန်တောင်ကျ ချောင်းတွေကိုလည်း တံတားထိုးပေးနိုင်ခဲ့ပြီ။ ရှင်စောရွာသားတွေ ရွာလယ်ဇရပ်ဆရာတော်ကျောင်းသို့လည်း လာချိန်ရသွားခဲ့ပြီ။ ဗုဒ္ဓဘာသာသည် သရဏဂုံသုံးပါးမှ အစပြုလျက် အရဟတ္တမဂ်၊အရဟတ္တဖိုလ်အဆုံးရှိကြောင်းလည်း သဘောပေါက်ခဲ့ကြပြီ။ ချင်းတိုင်းရင်းသားလေး၁၄ယောက်ကိုလည်း ရှင်သာမဏေများ သိသင့်သိထိုက်သည့် လိင်ဆယ်ပါး၊ဒဏ်ဆယ်ပါးနှင့် ပစ္စဝေက္ခဏာစသည်တို့ကိုသိစေအောင်သင်ကြားလျက် ရှင်ပြုပေးနိုင်ခဲ့ပြီ။ ဘာသာရေးသာမက အတန်းစာလည်း တတ်အောင်ဆရာငှား၍ သင်ကြားပေးနိုင်ခဲ့ပြီ။ ထို့ထက်ကား ကျင်ဒွေးမှ ရှင်စောသို့ သွားရေးလာရေးအဆင်ပြေရန် တောင်နှုတ်ခမ်းတွင်ပတ်၍ ခက်ခက်ခဲခဲဖောက်ရသည့် မိုင် ၂၀ ကျော်မော်တော်ဆိုင်ကယ်လမ်းလည်း ပေါက်လုနီးခဲ့ပြီ။ ယခုအခါ ရှင်စောလေးသည် အခြေခံခိုင်သော ထေရဝါဒဗုဒ္ဓဘာသာရွာလေးဖြစ်ခဲ့ပြီ။ထိုရွာလေး၏စာသင်ကျောင်းလေးအတွက် One more အဖွဲ့မှငွေကျပ်သိန်း ၂၀ ကိုဆက်ကပ်လှူဒါန်းရင်းမှပင် ဗုဒ္ဓဘာသာအခြေခံအုတ်မြစ်ခိုင်မာခဲ့သည့် ရှင်စောရွာမှ ဗုဒ္ဓဘာသာဝင်များအား အခြားမည်သည့်ဘာသာကမျှ ဝင်ရောက်ပူးကပ်မြှူဆွယ်ကူးပြောင်းစေခြင်းငှာစွမ်း နိုင်တော့မည်မဟုတ်သည်ကိုတွေးတောယုံကြည်လိုက်မိသည်။ အခြေခံအုတ်မြစ်ကို ကြိုးစားပမ်းစားချနိုင်ခဲ့သည့် ဆရာတော်ဦးက္ကသရိယကိုလည်း လေးစားကြည်ညိုစွာ ကျေးဇူးတင်မိရသည်။

ထို့အတူOne more၏ကျေးဇူးဖြင့်ပင် သန်လျင်မြို့ဟောင်းအရှေ့ရပ်ကွက် ကေသရဝတီသီလရှင်သင်ပညာရေးကျောင်းမှ သီလရှင်ဆရာကြီးဒေါ်ကေသာရီနှင့်ဆုံတွေ့ခွင့်ရပြန်သည်မှာလည်း ဝမ်းသာပီတိဖြစ်စရာပင်ဖြစ်တော့၏။

ဆရာကြီးကေသာရီက ရှမ်းပြည်နယ်မှ နာမည်ကြီးဇယန်းလက်ဖက်ထွက်သောဇယန်းကြီးရွာ ဇာတိပလောင် တိုင်းရင်းသားဖြစ်သည်။ ငယ်စဉ်ကအတန်းကျောင်းကိုရွာမှ၄မိုင်ခန့်ဝေးသည့် နမ့်ဆန်မြို့ အထက်တန်းကျောင်းသို့တောင်တက်တောင်ဆင်းလမ်းကို နေ့စဉ် အသွားအပြန် ၃ နာရီကျော်ကြာ လမ်းလျှောက်၍ သတ္တမတန်းအထိ ခက်ခက်ခဲခဲ ပညာသင်ခဲ့ဖူးသော်လည်း ပညာကံမကောင်း သဖြင့်မိခင်ကြီးကွယ်လွန်သောကြောင့်ကျောင်းထွက်ခဲ့ရကာ ဖခင်ကြီးနှင့်အတူလက်ဖက်ခြံထဲသို့ ဒိုးတူပေါင်ဖက် သုံးနှစ်ကျော်တိုင်အောင် အလုပ်လုပ်ခဲ့ရသည်။မိမိ၏ပတ်ဝန်းကျင်တွင် မိမိကဲ့သို့ပညာမသင်နိုင်ဘဲလက်ဖက်ခြံဆင်းနေရသူဘဝတူ ပလောင်အမျိုးသမီးသူငယ်ချင်းများကို မြင်တွေ့နေရသည့်တိုင် လည်း ပညာသင်ကြားလိုစိတ်က ပျောက်ကွယ်မသွားခဲ့။ ထို့ကြောင့် ပညာဆက်လက်သင်ကြားနိုင်ရေး အတွက် သာသနာ့ဘောင်သို့ဝင်ရန် ဆုံးဖြတ်လိုက်မိတော့သည်။ ဖခင်ကြီးဖြစ်သူကလည်းပင်ကိုကပင် ဗုဒ္ဓဘာသာကို အလေးအနက်သက်ဝင်ယုံကြည်ကိုးကွယ်သူဖြစ်၍ လွယ်လင့်တကူပင် သဘောတူခဲ့သည်။ ထို့ကြောင့် မွေးဇာတိ ဇယန်းကြီးရွာတွင်ပင် သီလရှင်ဝတ်ကာ စစ်ကိုင်းတောင် သာသနာ့ဗိမာန်ကျောင်းတွင် ပညာပရိယတ္တိများကို ဆက်လက်သင်ယူခွင့်ရခဲ့သည်။ အကြီးတန်းအောင်အပြီးတွင်မူအသက်ကလေးအထိုက်အလျောက်ရလာသည်နှင့် အမျှ ဥပဇ္ဈာယ်ဆရာက ပဋိပတ္တိအဖြစ်တရားအလုပ်လုပ်စေလိုသောကြောင့် ဝိပဿနာတရားကို တစ်နှစ်တိတိ အားထုတ်ခဲ့ရသေး ၏။ ထို့နောက်တွင်မှရခဲ့ပြီးသောပညာများကို ဘဝတူနယ်စပ်ဒေသမှ ဆင်းရဲချို့တဲ့ကြသည့် တိုင်းရင်းသူလေးများကို ဝေငှလိုခြင်းစေတနာ၊ ထေရဝါဒဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ပွားအဓွန့်ရှည်တည်တံ့ခိုင်မြဲစေလိုသည့် စေတနာတို့ဖြင့် သီလရှင်သင်ပညာရေးကျောင်းကို တည်ထောင်ဖွင့်လှစ်ရန် သန္နိဋ္ဌာန်ချမိတော့သည်။

ထိုသန္နိဋ္ဌာန်နှင့်အတူ လည်း တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်၏'အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊ အိုးတွင်ခတ်နှိပ်၊ တံဆိပ်မှတ်ကား၊ မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊ အမြဲတစေ၊ တည်ရှိနေသို့၊ ထွေထွေသွေးသား၊ ကလေးများ၌၊ ဘုရားတံဆိပ်၊ ဘာသာစိတ်ကို ခပ်နှိပ်နိုင်မှ သက်ဆုံးကျအောင် ဗုဒ္ဓဝါဒီ၊စွဲ၍တည်မည်၊ကိုယ်စီခပ်နှိပ်စေသတည်း. . .'

**စာမျက်နှာ(၃၂)သို့**




# ဆံနွယ်ကိုပင် ဖြန့်ကျင်း၍ ထိုလမ်းကို သူတို့ခင်းခဲ့ ကြပါသည်

မောင်သာချို

(တစ်)

မှော်ပေါက်နေသည့် အဆိုတော်ကြီး ကိုခင်ဝမ်းက တေးသီချင်းတစ်ပုဒ် ရေးဖွဲ့သီဆိုခဲ့ဖူးပါသည်။ “နှုတ်ဆက်ခဲ့ပါတယ်”တဲ့။ သီချင်းစာသားတစ်နေရာ၌“နှုတ်ဆက်ခဲ့ပါတယ်. . . ကျွန်တော်သွားတော့မယ်. . . လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးကို အဝေးကို. . . လွမ်းတတ်ရင်လည်းလမ်းမှာပဲလွမ်းတော့မယ်” စသည် စသည်ဖြင့် ထည့်သွင်းသီကျူးထားခဲ့လေရာ ကြက်သီးမွေးညင်းများထသည်အထိ ကျွန်တော်တို့ ခံစားခဲ့ကြရပါသည်။ လမ်းရဲ့သယ်ဆောင်ရာနောက်ကိုကျွန်တော်တို့ လိုက်နေကြရတာတဲ့။ ဟုတ်တာပေါ့။ ရန်ကုန်မှ မန္တလေးသို့ဟုဆိုသော လမ်းမျိုးကအစ၊ ပါတီစုံ ဒီမိုကရေစီစနစ်ဟုဆိုသော လမ်းမျိုးအလယ်၊ မဂ္ဂင်ရှစ်ပါးဟုဆိုသော လမ်းမျိုးအဆုံးအထိ ကျွန်တော်တို့အားလုံး လမ်းတို့၏ သယ်ဆောင်ရာနောက်က နေလိုက်နေကြရခြင်းဖြစ်ပါသည်။ ဒါဆို လမ်းတွေကို ကျွန်တော်တို့လုပ်လို့ရောမရဘူးလား။ ရရမှာပေါ့။ ဆင်သွားရင်လမ်းဖြစ်တယ်ဆိုတဲ့စကားရှိထားသမို့ဥစ္စာ။ ဆင်လိုကြီးမားသည့် သဘောထားများ၊ ခံယူချက်များ၊ စိတ်ကူးစိတ်သန်းများ၊ ရည်ရွယ်ချက်များနှင့်ဆိုသော်ကျွန်တော်တို့က လုပ်သည့်လမ်းဆိုတာတွေကလည်း ရှိလာရမှာပဲပေါ့။

ဩော်. . . ခြေလှမ်းတိုင်းအတွက် လမ်းများ။

(နှစ်)

သည်မှာဘက်နှစ်ကာလများထဲ၌ ထူးဆန်းသည့် စာပေဟောပြောပွဲစင်မြင့်များထက်သို့ တက်ရောက်ခွင့်ရခဲ့ရာ ကိုနေဝင်းမြင့်၊ မဂျူးတို့နှင့်အတူ တက်ခဲ့ဖူးသည်က ကလေးကင်ပွန်းတပ် စာပေဟောပြောပွဲတဲ့။ ဆရာကိုလေး (အင်းဝဂုဏ်ရည်)၊ ကိုအော်ပီကျယ်တို့နှင့်အတူတက်ခဲ့ဖူးသည်က ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ စာပေဟောပြောပွဲတဲ့။ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်) တို့နှင့် အတူတက်ခဲ့ဖူးသည်က ဘုန်းကြီးပျံအန္တိမစျာပနစာပေဟောပြောပွဲတဲ့။ အကွက်ဆန်းတွေနဲ့ ရက်ကန်းစင်ကြီးပမာ။

ဟော. . အခု တစ်ရက် နှစ်ရက်အတွင်းမှာတော့ လမ်းအောင်ပွဲအတွက် ကျင်းပသည့် စာပေဟောပြောပွဲ စင်မြင့်ရှိရာဆီသို့ ရောက်သွားရပြန်ပါသည်။ ပုံတောင်ပုံညာနာမည်ကျော်တောင်တန်းကြီးများရှိရာကို လှမ်းမြင်နေရသည့် အညာဒေသတစ်ဝိုက်ကိုပါ။

(သုံး)

စာရေးဆရာကြီး မြသန်းတင့် “ပုံတောင်ပုံညာသွားတောလား” ဟူသော အမည်ဖြင့် ခရီးသွား မှတ်တမ်းတင်ခဲ့ရာ အညာဒေသတစ်ဝိုက်မှာက ယခုနှစ် မိုးတော်တော်ခေါင်ပါသည်။ ၂၀၁၃ ဇူလိုင်ဆန်းသည်အထိ မိုးက ဟုတ်တိပတ်တိမရွာသေး။

မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပုလဲ၊ ဂန့်ဂေါအသွားခရီးက မြို့ရွာများ၊ ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ ပုဂံညောင်ဦး အပြန်ခရီးက မြို့ရွာများအားလုံးက မိုးကိုညည်းကြပါသည်။ ဆယ်ရက်နေလို့မှတစ်ကြိမ်မရွာ ဆယ့်ငါးရက်နေလို့မှ တစ်ကြိမ်မရွာဆိုတော့ နှမ်းအတွက်ပူကြရပါပြီ။

ပုလဲက နေထွက် ပုံတောင်ပုံညာသို့တက်မည့် ဂန့်ဂေါလမ်းမကြီး၏ ညာဘက်သို့ ကွေ့ချလိုက်သောအခါ ဂဝံကျောက်ကြမ်းများဖြင့် ခင်းထားသည့် လမ်းကြီးက ကျွန်တော်တို့ကို ဆီးကြိုနေပါသည်။ မျက်စိတစ်ဆုံး။ ခြောက်မိုင်လောက်ရှည်သည့်လမ်းကြီး။ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း စပ်ကြားက တောင်ယမားချောင်းခြောက်ကြီး၏ နံပါး၌တည်ရှိသော ပန်းရွာ၌ သည်လမ်းကသွားရောက်အဆုံးသတ်ပါသည်။ ပုလဲဂန့်ဂေါလမ်းမအထိရောက်အောင်ခြောက်မိုင်ဆိုတော့ ကျုံလှီသွေ့ခြောက်သော သည်ရွာကလေးအတွက် လမ်းက ရှည်လွန်းလှပါသည်။ သို့သော်. . . အခု ထိုလမ်းကို သူတို့ခင်းခဲ့ကြပြီးဖြစ်ပါသည်။ ဆံပင်များကိုပင်လျှင် ဖြန့်ကျင်း၍ ထိုလမ်းကို သူတို့ခင်းခဲ့ကြပါသည်ဟု ဆိုလျှင် စာဖတ်သူ ယုံကြည်ပါ့မလားမသိ။

ဆံပင်တွေကိုဖြတ်ပြီးရောင်းသည်ကပင်လျှင် သိန်း ၄၀ ဝန်းကျင်တဲ့။ ဩော်. . . ပန်းရွာရယ်။

(လေး)

တောင်ယမားချောင်းစပ်ရှိ ပန်းရွာက ပုလဲဂန့်ဂေါလမ်းသို့ ခြောက်မိုင်ကွာပါသည်။ လမ်းတွင် နွယ်ရှောက်ဆိုသော ရွာတစ်ရွာကိုဖြတ်သွားရသည်မှအပ ဘာရွာမှမရှိ။ လမ်းဘေးဝဲယာမှာက နှမ်းခင်းတွေ၊ ပြောင်းခင်းတွေချည်း။

နဂိုမူလလမ်းက နာမည်အရသာ လမ်းထားသော်လည်း ဘာရုပ်မှ မထွက်သည့်လမ်းမို့ ပန်းရွာနှင့် ခေတ်သစ် ကမ္ဘာကြီးက အလှမ်းကွာလွန်းလှပါသည်။ မွေးလူနာတွေ၊ ပိုးထိသော လူနာတွေ၊ အခြားအခြားသော ဝေဒနာမြားချက်တို့ရင်ဝမှာ စိုက်လျက်တန်းလန်း၊ လူနာတွေကို စောင်ပုခက်ကြီးများထဲတွင်ထည့်ကာ ဝါးလုံးနှင့်လျှိုထမ်းပြီး သည်လမ်းပေါ်ကနေ မြို့သို့ တက်ခဲ့ကြရသည့်အတိတ်က သည်ရွာသူရွာသားတို့၏ စိတ်ကို နာကျင်စေခဲ့ပါသည်။ လမ်းတွင် ဖိတ်စင်သွားခဲ့ကြရသည့် သူတို့ရွာသူရွာသားများ၏ လိပ်ပြာများက သူတို့ကို ခြောက်လှန့်နေခဲ့ပါသည်။

မိုးမှရွာချလာခဲ့ပြီဆိုလျှင်ဖြင့် ဆိုင်ကယ်တွေ၊ စက်ဘီးတွေကို ရောက်ရာနေရာမှာသာ ပစ်ချထားခဲ့ပေတော့။ စီးဖို့နေနေသာ တွန်းသွားလို့ပင်မရ။ လူပင်လျှင် ခြေချင်းဝတ်မြုပ်အောင် နစ်နေသည့်ရွှံ့မြေစေးစေးကြီးများထဲမှာ ဘယ်လိုမှ တွန်းလို့မရ။ စိတ်ကြီးသူတချို့တလေက စက်ဘီးလောက်ကိုထမ်းပြီး သွားမည်ဆိုက သွားနိုင်ကြသေးသော်လည်း ဆိုင်ကယ်ကျတော့ ဘယ်လိုမှ မဖြစ်နိုင်တော့။ ကျီးထိုးထိုး၊ ခွေးစားစားထားသာထားခဲ့။ မမှောင်ခင်မှာ လူတွေအရောက်သွားဖို့လိုသည်ဆိုတဲ့လမ်း။ ဟိုး. . . အဝေးဆီမှာကဖြင့်ပုံတောင်ပုံညာတောင်တန်းကြီးက မိုးထိဘနန်းသွယ်တန်းလို့။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အကုန်လုံးဖြတ်တောက်ပိတ်ဆို့ခံထားရသလိုဖြစ်နေသည့် ရွာကလေးမို့ ဒါကိုမကျေနပ်နိုင်သော ရွာသူရွာသားတို့က ကိုယ့်လမ်းကိုယ့်ဘာသာဖောက်မည်ဟုဆိုကာ ခေါင်းချင်းဆိုင်လိုက်မိကြသည်က ၂၀၁၁ ခုနှစ်ဖြစ်ပါသည်။

“အမိကကတော့ လုပ်အား
ပါပဲဆရာ။ ရဟန်း၊ သံဃာ၊
ယောကျ်ား၊ မိန်းမ၊ ကလေး
လူကြီး အကုန်လုံးလမ်းကို
ထွက်ဖို့ကြတယ်။ ရွာက
မပြည့်စုံရှာပါဘူးဆရာ။
မန္တလေးလိုမြို့ကြီးတွေ
ဘက်ကိုထွက်ပြီး
တချို့အိမ်ဖော်၊ တချို့
စားပွဲထိုး လုပ်နေရှာတဲ့
လူငယ်တွေရှိတယ်ဆရာ။
သူတို့အားလုံးက လ,စဉ်
ငွေစုကြတယ်။ တစ်လကို
သုံးထောင်စီဆိုတာမျိုးပေါ့
သည်လမ်းအတွက်တဲ့”

အိမ်ခြေ ငါးရာဝန်းကျင် ရှိသော ပန်းရွာကနေ မြို့တက်ပြီး ရရာအလုပ်လုပ်နေသူတွေက ငါးရာလောက်ရှိသည်ဟုဆိုတော့ ဒါဆို တစ်အိမ်တစ်ယောက်လောက်နှုန်းပေါ့ဟု ကျွန်တော်က မေးမိရာ ပရဟိတရွာသားက ခပ်ယဲ့ယဲ့ပြုံး၍ ခေါင်းကို လေးပင်စွာညိတ်ပါသည်။

“သမီးက. . သမီးဆံပင်ကို
ဖြတ်ရောင်းပြီး ပိုက်ဆံ
ထည့်တယ်ဆရာ. . သမီးတို့
ပိုက်ဆံမရှိတဲ့ လူတွေအကုန်
လုံး
ဆံပင်ဖြတ်ရောင်းပြီး ထည့်
ကြတာ”

ကျွန်တော့်ဘေးမှာ ကျုံ့ကျုံ့ယုံ့ယုံ့ကလေးထိုင်နေသော သမီးငယ်ကိုကြည့်ကာ သမီးဆံပင်က သုံးနှစ်မှာ ဘယ်နှ ဆယ်သားရသလဲမေးတော့ နှစ်ဆယ်သားဟု သူက ဖြေပါသည်။ ဒါဆို သမီးက ခြောက်သောင်းထည့်တာပေါ့ဟု ဆိုတော့ သူက မော့ကြည့်ရင်း ပြုံးနေပါသည်။

ဆံပင် တစ်ပိဿာကို သုံးသိန်းခွဲဈေးပေါက်သော ကာလကြီးထဲမှာ ပန်းရွာသူတွေ ဆံပင်ဖြတ်ရောင်းပြီး လမ်းအတွက် ထည့်ဝင်ငွေက ကျပ်သိန်း ၄၀ ဝန်းကျင်ဆိုတော့ ကျွန်တော် တံတွေးကိုမျိုချမိသည်အထိ စိတ်ထိခိုက်ကြောင်း ဝန်ခံလိုပါသည်။ မြေနီလမ်းကလေးပေါ်ကနေပဲဖြစ်ဖြစ် မြို့ကို သွားချင်လို့ပါတဲ့။ ပန်းရွာသူတို့ရဲ့ ဆံပင်တွေ၊ ကေသာတွေ၊ မြိတ်လွတ်တွေ၊ စုလည်းတွေ၊ မင်ပိတုန်းရောင်တွေ။ ခင်းလိုက်ကြစမ်းကွဲ့ အမျိုးကောင်းသမီးတို့ရဲ့ ဟောသည့်လမ်းကြီးကို။

“မေတ္တာရှင် ရွှေပြည်သာ
ဆရာတော်က. . ရွာကိုသ
နားပြီး
ပုလဲတစ်ဝိုက်မှာ တရားပွဲ
သုံးပွဲဟောတာ ၈၆ သိန်း
ရပါတယ်. . . အဲဒါလမ်း
အတွက် အကုန်လှူသွား
တယ်”

သာဓုပါဘုရား။ စိတ်ထဲမှာ ကျွန်တော်သည်အတိုင်းရေရွတ်မိပါသည်။ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ သုံးနှစ်နဲ့ ကျောက်ကြမ်းလမ်းနီ စွေးစွေးကြီး ဖြောင့်ဖြူး၍သွားပါပြီ။ ကုန်ကျငွေ သိန်း ၅၀၀ ဝန်းကျင်တဲ့။ လမ်းပြီးလုပြီးခင် ရက်တွေမှာ ဒေသအာဏာပိုင်တို့က စက်ယန္တရားတချို့အကူအညီပေးပါသည်။ ဆီဖိုးတော့ပေးဆိုသည့်မှုဖြင့်။

ဘာပဲဖြစ်ဖြစ် အခုအဲသည့်လမ်းမကြီးပေါ်ကနေ ပန်းရွာသို့ ကျွန်တော်တို့ရောက်သွားကြခြင်းဖြစ်ပါသည်။ ဆရာချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)စသည်။

အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံက အာဖရိကတိုက်ထဲကရေနံဘုရင်တစ်ပါးက သူပိုင်ဆိုင်သော စိန်များကိုစီ၍ လမ်းခင်းလျှင် ၃၅ မိုင်ရှည်သည်အထိ ခင်းနိုင်သည်ဟု ဆိုပါသည်။ အံ့ဩရပါ၏။ သို့သော် ကျွန်တော်မလျှောက်လိုပါ။

ဒီပင်္ကရာဘုရားရှင်ကြွချီလာရာလမ်း၌ မိမိ၏ ခန္ဓာအား လမ်းအဖြစ်သုံးဖို့ သုမေဓာရှင်ရသေ့က လှဲခင်းပေးလိုက်သလို ပန်းရွာသူရွာသားတို့က သူတို့၏ ကြုံရာကျပန်းလုပ်အားခကလေးတွေ၊ ဖြတ်ချလိုက်သော ဆံပင်တွေဖြင့် ထိုလမ်းကိုခင်းချပစ်လိုက်ခြင်း ဖြစ်ပါသည်။

ပန်းရွာရေ. . . ပုံတောင်ပုံညာကိုတက်မယ့်ပုလဲဂန့်ဂေါလမ်းမကြီးဆီကနေ ဟိုးအဝေးတောင်ယမားချောင်းစပ်က မင်းတို့ရွာသူရွာသားတွေကို မေ့ပစ်ဖို့ခက်လှပါတယ်ဆိုတဲ့ အကြောင်း ပြောလိုက်ပါတယ်ကွာ။ ။

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

ဂုဏ် ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဇွဲညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# အထူးကားပေါ်မှ အရှူးများဘဝ

ဗညားလှိုင်ဦး



“၁၄ ပေရှည်တဲ့ ကွန်တိန်နာကားပေါ် တင်တာတောင်တစ်ပိုင်းလောက်ပဲဆံ့တဲ့ ကချင်ပြည်နယ်က မြွေကြီး၊ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းမှာ ဖမ်းဆီးရရှိတဲ့ ရေသူမကလေး၊ ဖခင်ကို ကိုယ်ထိလက်ရောက်စော်ကားလို့ မြေမြှုပ်ခံလိုက်ရတဲ့ သားတစ်ယောက် အဲဒီအကြောင်းတွေပါတဲ့စာအုပ်တစ်အုပ်မှတစ်ရာ”

နေရာကားမန္တလေး၊နေပြည်တော်၊ မော်လမြိုင်တို့သို့ သွားမည့်အောင်မင်္ဂလာအဝေးပြေးကားဂိတ်မဟုတ်၊ထို့အတူပုသိမ်၊ဟင်္သာတ၊ မအူပင်၊ မြောင်းမြသွားမည့်ဒဂုံ-ဧရာကားဂိတ်လည်း မဟုတ်ပါ။ တော်ကြာနေ ကားပေါ် တစ်ယောက်တက်လိုက်စာအုပ်ရောင်းလိုက်၊ တော်ကြာနေနောက်တစ်ယောက်ကားပေါ် တက်လိုက် စီဒီခွေရောင်းလိုက်နှင့် စိတ်နောက်ရအောင် တစ်ယောက်ဆင်းတစ်ယောက်တက် ပစ္စည်းအမျိုးမျိုးရောင်းချနေသည်မှာကား ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်ရှိ နှစ်ထပ်ခုံးကျော်တံတားတည်ဆောက်ရာ ဘုရင့်နောင်လမ်းဆုံတွင်ပင် ဖြစ်တော့သည်။

လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာမြို့နယ်တို့မှ နိစ္စဓူဝ ရန်ကုန်မြို့ထဲသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ကြသောပြည်သူများသည် ဘုရင့်နောင်လမ်းဆုံသို့ရောက်လျှင် “တစ်ရေးလောက်အိပ်မည်” “ဧည့်စာရင်းတိုင်မည်” စသည်ဖြင့် အမျိုးမျိုးညည်းတွားကြလေသည်။ ယာဉ်တန်းကရှည်၊ မီးပွိုင့်က အလီလီမိနှင့် ရုံးဆင်းရုံးတက်၊ အလုပ်ဆင်းအလုပ်တက် အချိန်များဆိုလျှင် ခရီးသွားများမှာ ဘတ်စ်ကားထဲတွင် ငါးပိသိပ် ငါးချဉ်သိပ်ဖြင့် ကျပ်တည်းစွာစီးကြရသည်။ တစ်စီးလုံး ဂျပန်စာအများဆုံးပါသော အထူးကားအသစ်များမှာလည်း လေအေးစက်တပ်မထားဘဲ မှန်ချပ်ကြီးများပိတ်ဆို့ကာ ရုံထားပေရာပြည်သူများမှာ ချွေးတဒီးဒီးကျလျက် ဘုရင့်နောင်လမ်းဆုံတွင် နာရီဝက်၊ ၁ နာရီခန့် ဒုက္ခရစရိယာကို ရှုကျင့်ကြရတော့သည်။ လှိုင်သာယာသို့ သွားရာတွင် ဘုရင့်နောင်လမ်းဆုံကိုကြောက်၍ အင်းစိန်၊ အောင်ဇေယျကြိုးတံတားဘက်မှ သွားမည်ဆိုပါကလည်း အင်းစိန်ပန်းခြံမီးပွိုင့်နှင့် ပေါက်တောဝ မီးပွိုင့်တို့တွင် ကျိန်းသေတစ်ရေးအိပ်ရပေဦးမည်။ တချို့ဘတ်စ်ကားများသည်ကား အင်းစိန်ပန်းခြံ မီးပွိုင့်ကိုရှောင်ကာ ကြို့ကုန်းမှ ဘုရင့်နောင်လမ်းမဘက်ဖောက်ထွက်သူကထွက်၊ရွာမအောင်ဆန်းဘက်မှပတ်သွားသူကသွားဖြင့်ခရီးသွားများမှာ အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားများကို ဖြတ်၍ လိုရာမရောက်ဘဲ မလိုရာရောက်ကြရတော့သည်။ အကယ်၍များ စာဖတ်သူက ဘတ်စ်ကား မစီးဘူး၊ တက္ကစီပဲစီးမည်ဆိုပါက လှိုင်သာယာဆိုသည်နှင့်ဟင့်အင်းလုပ်မည့် တက္ကစီများနှင့် လိုက်မည်ဆိုပါက မတန်တဆတောင်းမည့်တက္ကစီဒရိုင်ဘာများကိုသာ တွေ့ကြုံရပေလိမ့်မည်။ သူတို့လည်း ယခင်ကကဲ့သို့ ဓာတ်ဆီ နှင့်CNG ခြားနားချက်ကို အကြောင်းမပြတော့ဘဲ ယာဉ်ကြောပိတ်ဆို့မှုနှင့် ခုံးကျော်တံတား ဆောက်နေမှုတို့ကိုသာ လက်ညှိုးထိုးကြတော့သည်။

**အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံတွင် နေထိုင်ကြသော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအလုပ်များတွင် သွားရေးလာရေးသည်လည်း အရေးကြီးကိစ္စတစ်ခု ဖြစ်ပါသည်။ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ရှိ ပြည်သူများကဲ့သို့ မိုင် ၁၀၀ ကျော်ခရီးကို နေ့စဉ်ရုံးဆင်း၊ ရုံးတက်မလုပ်နိုင်သည်ထားဦး ၁၀ မိုင်ခရီးလောက်ကိုတော့ ဇိမ်မခံရလျှင် သက်သောင့်သက်သာဖြစ်ချင်ကြသည်မှာ ပြည်သူများ၏ ဆန္ဒဖြစ်ပါသည်။**

ရန်ကုန်မြို့တော်ယာဉ်ကြောပိတ်ဆို့မှုသတင်းသည် နေ့စဉ်ထုတ်သတင်းစာများ၊ဂျာနယ်များတွင် အစဉ်အမြဲပါရှိနေရာ မထူးဆန်းတော့ဟု ဆိုရပေမည်။ ထိုအကြောင်းနှင့်ပတ်သက်၍ မြို့တော်စည်ပင်ကိုမေးလျှင် ယာဉ်ထိန်းဌာနကို လက်ညှိုးထိုးပြီး ယာဉ်ထိန်းဌာနကိုမေးလျှင် မ. ထ. သ ကို လက်ညှိုးထိုပြန်သဖြင့် ဂျာအေးသူ့အမေရိုက်ကာ အဆိုပါသတင်းရေးသူဂျာနယ်လစ်များလည်း အကြောင်းရင်းကို တိတိပပရေးမရဖြစ်တော့သည်။ ခုံးကျော်တံတားများတည်ဆောက်မည်ဆိုတုန်းကလည်း ပြည်ထောင်စုဝန်ကြီးတစ်ဦးက သုံးလအတွင်း အပြီးတည်ဆောက်မည်ဆို၍ ဝိုင်းပြီး သတင်းရေးကြဖူးသည်။ ယခုတစ်နှစ်ကျော်သော်လည်း ဘုရင့်နောင်ခုံးကျော်တံတားမှာ မပြီးသေး။ ရွှေဂုံတိုင်ခုံးကျော်တံတားမှာတော့ ဆောက်လက်စတန်းလန်းနှင့် ဒီဇိုင်းတွေပြင်ပြီး ရေးဆွဲနေရသည်။ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများ စိတ်ရှည်သည်းခံကြရဦးမည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် ဒီမိုကရေစီဟူသည်မှာ ဇိမ်ခံပစ္စည်းတစ်ခုဖြစ်သည်ဟု ကမ္ဘာ့ပညာရှင်များက လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းဒီမိုကရက်တစ်စနစ်နှင့် နိုင်ငံရေးစနစ်သစ်တစ်ရပ်ထူထောင်ရန် အစိုးရနှင့် အားလုံးသော နိုင်ငံသားများမှ လုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိဆိုသည်မှာလည်း ယခုအချိန်တွင် စိတ်ဝင်စားစရာကောင်းနေပါသည်။ ဒီမိုကရက်တစ်နိုင်ငံရေးစနစ်သည်လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ စီးပွားရေးလုပ်ပိုင်ခွင့်၊ လွတ်လပ်စွာမဲပေးနိုင်ခွင့်အပါအဝင်မြန်မာနိုင်ငံအတွင်း နေထိုင်သူအားလုံး၏ လွတ်လပ်မှုနှင့် အခွင့်အရေးများကိုလည်း အာမခံပေးနိုင်ရမည်ဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်ခန့်က နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် ရန်ကုန်မြို့တော်ရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးလည်း ပါဝင်ခဲ့သည်။ သို့သော် ထင်သလိုဖြစ်မလာခဲ့သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုဟူသည့် ပြဿနာတစ်ရပ်သာ ထပ်တိုးရင်ဆိုင်ကြရသည်။ ဤနေရာတွင်ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အလွန်စိတ်ရှည်သည်းခံတတ်သည်ကို တွေ့ရမည်ဖြစ်သည်။

**စာမျက်နှာ(၃၂)သို့**

Business
7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# အကျကြမ်းခဲ့သည့်ရွှေဈေး ပြန်မော့လာ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇူလိုင်-၁

ကမ္ဘာ့ရွှေဈေးပြန်လည်မြင့်တက်လာခြင်းကြောင့်ပြည်တွင်းရွှေဈေးလည်း တစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းခန့် ပြန်လည်မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၁၈၃ ဒေါ်လာထိ အနိမ့်ဆုံး ကျဆင်းသွားရာမှ ၁၂၄၀ ဒေါ်လာထိပြန်လည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဈေးများမှာလည်း တစ်ကျပ်သားလျှင် ယခုနှစ်၏ အနိမ့်ဆုံးဈေးဖြစ်သော ၆၆၅,၀၀၀ ကျပ်သို့ ယခုဇွန် ၂၈ ရက်တွင် ရောက်ရှိသွားရာမှ ၆၈,၅၀၀ ကျပ်ထိ ပြန်လည်မြင့်တက်ခဲ့သည်။



ဓာတ်ပုံ-နစ်ကီ

"ဈေးတွေကကမ္ဘာ့ဈေးတက်တာရောပြည်တွင်းကဝယ်လိုအားကောင်းနေတာရောကြောင့် ဈေးတွေက ပြန်တက်နေတာ။ ဒီဈေးတန်းက အကြိုက်များတာရော တက်ရိပ်ပြလိုက်ရင် တောက်လျှောက်ပြန်တက်မယ်ထင်တော့ အဝယ်များတယ်" ဟု အောင်သမာဓိရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင်၁၃၇၀ဒေါ်လာဝန်းကျင်မှ ကျဆင်းသွားခြင်းဖြစ်ပြီး ယင်းအချိန်တွင်ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင်၇၁၀,၀၀၀ကျပ်ရှိနေခဲ့သည်။

ယင်းသို့ဈေးနှုန်း အတက်အကျပြောင်းလဲမှုများခြင်းကြောင့် ယခုရက်ပိုင်းတွင် ဆိုင်များ၌ ရွှေဝယ်လိုအားသည် ဆက်တိုက်မြင့်တက်နေသဖြင့် ဆိုင်များတွင် ပစ္စည်းပျက်သည်အထိ ဝယ်လိုအားများမှာ ကောင်းနေဆဲဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ရွှေဆိုင်များတွင် အထည်ဈေးကွက်ရောင်းအားများ မြင့်တက်သလိုဖြတ်စနှင့် အပိုင်းဝယ်လိုအားများမှာလည်း သိသာစွာမြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ဈေးနှုန်းများကျဆင်းခဲ့ပြီး ဈေးပြန်တက်ချိန်တွင် အပိုင်းအရောင်းအဝယ်ပြုလုပ်သော ရွှေဘုံလမ်းဈေးကွက်မှာလည်း အရောင်းအဝယ်ပြုလုပ်မှု များနေဆဲဖြစ်ကြောင်း အပိုင်းကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးများမှာ နယ်စပ်ရွှေပေါက်ဈေးများထက် စာလျှင် ဈေးပိုကောင်းနေခြင်းကြောင့် ထိုင်းနယ်စပ်များ ရွှေများလည်းဝင်ရောက်နေကြောင်း သိရသည်။ ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်ခြင်းသည် ကမ္ဘာ့ရွှေဈေးအပြင် ပြည်တွင်းဒေါ်လာဈေးကောင်းမှုကြောင့်လည်း နယ်စပ်ဈေးများထက် ပိုမြင့်နေကြောင်း သိရသည်။

"ပြည်တွင်းဈေးက ကမ္ဘာ့ပြန် တက်တာရော၊ ဝယ်လိုအားကောင်းတာရောကြောင့် ဈေးတွေက ပိုမာနေတာ။ ဈေးအတက်အကျကတော့ ခန့်မှန်းရခက်တယ်။ ကမ္ဘာ့ဈေးအတက်အကျက မြန်နေရင်တော့ သူကျရင်တော့ ပြန်ကျဦးမယ်" ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

# မူဆယ်နယ်စပ်တွင်မြန်မာ့ဆန်အဝယ်ကျနေ

ပြည်သိမ်း

ရန်ကုန်၊ ဇူလိုင်-၁

တရုတ်စီးပွားရေးသမားများ၏ ချေးငွေများကို တရုတ်နိုင်ငံဘဏ်များက တင်းကျပ်စွာစိစစ်လာသဖြင့် မူဆယ်နယ်စပ်တွင် မြန်မာ့ဆန်အဝယ်ရပ်တန့်လုနီးပါး ဖြစ်နေကြောင်း မူဆယ်ဆန်ကုန်သည်များအသင်းမှ သတင်းရရှိသည်။

"အရောင်းအဝယ်က ၈၀ ရာခိုင်နှုန်းလောက် ကျသွားတယ်" ဟု အထက်ပါအသင်းမှ ဆန်ကုန်သည်ဦးမင်းသိန်းက ပြောသည်။

မေနှင့် ဇွန်လများက တရုတ်နိုင်ငံအစိုးရသည် နိုင်ငံတော်အရန်ဆန်များကို ဈေးပေါပေါဖြင့် ထုတ်ရောင်းခြင်း၊ ဗီယက်နမ်နိုင်ငံမှမြန်မာ့ဆန်ထက် အရည်အသွေးကောင်းသည့် ဆန်များ တင်ပို့နေခြင်းတို့ကြောင့် မြန်မာ့ဆန်ဝယ်ယူကို လျှော့ချခဲ့သည်။ ယင်းနောက် ဇွန်နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံမှ မြန်မာ့ဆန်ဝယ်ယူမှု မရှိသလောက် နည်းသွားကြောင်း ဦးမင်းသန့်က ဆိုသည်။

"ဂိုဒေါင်တွေမှာ မဆံ့တော့လို့ ကားပေါ်မှာပဲ ထားရလို့ ယာသမားတွေနဲ့ပြဿနာတတ်ရတာတွေလည်း ရှိတယ်" ဟု ယခုနှစ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့သည့်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာသည့် မူဆယ်မြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

မူဆယ်မြို့သို့ နေ့စဉ်ဆန်ဝင်ရောက်မှုမှာ ဆန်အိတ်ရေ ၁၈,၀၀၀ မှ ၂၀,၀၀၀ ကြားရှိသည်။ လက်ရှိအချိန်တွင် ဆန်ထက် ဆန်ကွဲများသာ အဓိကရောင်းချနေရသည်ဟု ဆိုသည်။

လက်ရှိ မူဆယ်ဈေးကွက်တွင် ဆန်နှင့်ဆန်ကွဲ အရောင်းအဝယ်အေးပြီး တစ်အိတ်လျှင် ၁၀ ယွမ် ကျော်ဈေးကျလာသည်။ ဇွန် ၂၄ ရက် ဆန်ဈေးမှာ အများဆုံး ၁၄၇ ယွမ်ရှိရာမှ ယခုရက်ပိုင်းတွင် ၁၃၅ ယွမ်၊ တောင်ငူ(နွေဆန်)မှာ ယွမ် ၁၃၀ မှ ယွမ် ၁၂၀ ထိ ဈေးကျလာသည်။

တရုတ်-မြန်မာငွေလဲနှုန်း ဇွန် ၃၀ ရက်တွင် ကျပ် ၁,၀၀၀ ကို ၆ ဒသမ ၁၄ ယွမ်ရှိကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၆ | ၉၇၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၉ | ၇၇၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၇၄ | ၁၂၇၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၂. ၁ | ၃၂. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၈ | ၁၆၂ | ကျပ် |

၂၀၁၃ ဇွန် ၃၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၇၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၈၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၁၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၇၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉. ၅၂၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၇၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၁. ၄၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၁၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၉၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၀၇၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၉၄၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၅၁၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၈၃၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၃၂. ၃၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၁၀ |
| ငွေ | အောင်စ | ၁၉. ၅၉ |
| ကြေးနီ | ပေါင် | ၃. ၀၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇွန် ၂၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# မိုဘိုင်းဖုန်း ပြုပြင်ရေးသင်တန်းများ ဈေးနှုန်းမြင့်တက်



ဓာတ်ပုံ-နစ်ကီ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၃၀**

တန်ဖိုးနည်းဖုန်းများ ရောင်းချပြီးနောက်ပိုင်းတွင် မိုဘိုင်းဖုန်း ပြုပြင်ရေးဝန်ဆောင်မှု လုပ်ကိုင်လိုသူ နှစ်ဆခန့်မြင့်တက်လာကာ အဆိုပါဝန်ဆောင်မှုသင်တန်းကြေးများလည်း ယခင်နှစ်ကထက် ထက်ဝက်ခန့်မြင့်တက်လာကြောင်း စုံစမ်းသိရသည်။

အဆိုပါပြုပြင်ရေးသင်တန်းများကို နယ်မြို့များမှ တက်ရောက်သူ ပိုမိုများပြားလျက်ရှိပြီး အမျိုးသမီးများလည်း တက်ရောက်မှုရှိရာ သင်တန်းတက်သူ ဦးရေမှာ ယခင်နှစ်များကထက် နှစ်ဆခန့်မြင့်တက်လာသည်ဟု မိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာ သင်တန်းကျောင်းများမှ သိရသည်။

"အရင်ကထက် နှစ်ဆလောက်တက်လာတယ်။ ဒါတောင် ဖုန်းတွေက သိပ်ပြီး မချပေးသေးဘူးလို့မြင်တယ်။ နောက်ဆို ဒီ့ထက်တောင်ပိုများလာနိုင်တယ်" ဟု စမ်းချောင်းမြို့နယ်ရှိ Best Level မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းကျောင်းမှ တာဝန်ခံက ပြောသည်။

ကျပ်၁၅၀၀ တန် ဖုန်းများ ရောင်းချပေးပြီးနောက်ပိုင်းနှင့် လွန်ခဲ့သည့် လေးလဝန်းကျင်မှ စတင်၍ ထိုလုပ်ငန်းကို သိသိသာသာ စိတ်ဝင်စားမှုများပြားလာပြီး တက်ရောက်သူ မြင့်တက်လာကြောင်း စုံစမ်းသိရသည်။

ထို့ပြင် သင်တန်းကြေးကောက်ခံမှုများမှာ ယခင်နှစ်ကထက် ထက်ဝက်နီးပါးမြင့်တက်ပြီး လက်ရှိတွင် Hardware ပိုင်းနှင့် Software ပိုင်းဆိုင်ရာ သင်တန်း တစ်ခုပင်လျှင် သင်တန်းကြေး နှစ်သိန်းကျော်ခန့်ရှိကြောင်း စုံစမ်းသိရသည်။

အချို့နေရာရှိသင်တန်းများတွင် အဆိုပါ နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို တစ်သိန်းကျော်ဝန်းကျင်ခန့်ဖြင့် သင်ကြားပေးနေသော်လည်း ထိုဈေးနှုန်းများမှာလည်း ယခင်ကထက် အနည်းငယ်မြင့်တက်နေသေးကြောင်း မိုဘိုင်းဖုန်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

လက်ရှိဖွင့်လှစ်ထားသည့် သင်တန်းအများစုမှာ တစ်လခွဲကျော်ကြာမြင့်ပြီး အလုပ်ခွင်၌ဝင်ရောက်လေ့ကျင့်မှုများလည်း လုပ်ကိုင်ပေးရာ လူငယ်အများစု လာရောက်သင်ကြားမှုရှိကြောင်း သတင်းရရှိသည်။




# ထားဝယ်အလုပ်သမား အဖွဲ့အစည်း ဖွဲ့မည်

**ထားဝယ်၊**

**ဇူလိုင်-၁**

ရေဖြူမြို့နယ်၊ နဘုလယ်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၌ မြန်မာအလုပ်သမားအဖွဲ့အစည်း တစ်ခုဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အီတာလျံ-ထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ထားဝယ်ရေနက်ဆိပ်ကမ်းတွင် အလုပ်လုပ်နေကြသော မြန်မာအလုပ်သမားများ အလုပ်သမားအခွင့်အရေးတန်းတူရရှိရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား တရားမျှတစွာ ညှိနှိုင်းဆောင်ရွက်ပေးရေး၊ အလုပ်သမားများ၏ တစ်ဦးချင်း စွမ်းရည်မြင့်တက်ပြီး ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေးစသည့် ရည်ရွယ်ချက် သုံးခုဖြင့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အဖွဲ့အစည်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ ဦးဇော်မင်းထိုက်က ပြောသည်။

"ကျွန်တော်တို့ကတော့ ထားဝယ်အလုပ်သမားများအဖွဲ့အစည်း"လို့ ရွေးထားတယ်။ ဒါပေမဲ့တာဝန်ရှိသူတွေက အဖွဲ့အစည်းရဲ့ အမည်ပြန်ပြင်ရမယ်လို့ ပြောထားတယ်"ဟုဦးဇော်မင်းထိုက်က ပြောသည်။

အဆိုပါ အဖွဲ့အစည်း တရားဝင်ဖြစ်မြောက်စေရေးအတွက် စိစစ်မှုများ ပြုလုပ်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးလက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဝင်း၊ ထားဝယ်ခရိုင် ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုအဖွဲ့ (ယာယီ)လက်ထောက်ညွှန်ကြားရေးမှူးဦးလှထွန်း အပါအဝင် တာဝန်ရှိသူများသည် ဇွန် ၃၀ ရက်က ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ITD ကုမ္ပဏီအတွင်းရှိ မြန်မာအလုပ်သမားတန်းလျားအရှေ့တွင် အလုပ်သမားများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

"အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းပြီးရင် အလုပ်သမားအခွင့်အရေးတွေပဲ တောင်းဆိုနေလို့ မရဘူး။ အလုပ်သမားတာဝန်တွေလည်း ကျေပွန်ရမယ်" ဟု ဦးလှထွန်းက ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းတွင် မြန်မာအလုပ်သမား ၂၀၀၀ ကျော်နှင့် ထိုင်းအလုပ်သမား ၁၀၀၀ ကျော်တို့ အလုပ်လုပ်ကိုင်လျက်ရှိသည်။ မြန်မာအလုပ်သမားများသည် အချိန်ပိုကြေး တစ်နာရီ ၁၀၀၀ ကျပ်ရရှိပြီး တနင်္ဂနွေနေ့ အလုပ်ဆင်းလျှင် လုပ်အားခ နှစ်ဆရသည်ဟု ဆိုသည်။

မြန်မာအလုပ်သမားများမှာ သွပ်မိုး၊ သွပ်ကာ တန်းလျားတွင် နေထိုင်ကြရပြီး ထိုင်းအလုပ်သမားများမှာ တိုက်ခန်းဖြင့် နေထိုင်ကြရကာ သွပ်ဆူးကြိုးများဖြင့် ခြံခတ်ထားသည်။ "အလုပ်လုပ်ရတာ အတူတူပေမယ့် လုပ်အားခရတာတွေ၊ နေထိုင်မှုပုံစံတွေကတော့လုံးဝခြားနားတယ်။ ကျွန်တော်တို့ အလုပ်ကြမ်းသမားတွေကတော့ တော်သေးတယ်။ မြန်မာအင်ဂျင်နီယာလေးတွေကိုလည်း ဒီပုံစံပဲထားတာတော့ မကောင်းဘူးပေါ့" ဟု အလုပ်သမားတစ်ဦးကပြောသည်။

ထားဝယ်အလုပ်သမားအဖွဲ့အစည်း တရားဝင်ဖြစ်လာပါက မြန်မာအလုပ်သမားများ၏ အရေးကိစ္စများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမှုဆောင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013





# အမေရိကန်၊ တာလီဘန်နှင့် အာဖဂန်နစ္စတန် ငြိမ်းချမ်းရေး

ကြည်နေဝင်းမင်း

ရုံးခန်းအဆောက်အအုံကို ဖွင့်လှစ်ပြီးပါပြီ။ သို့သော် ဆိုင်းဘုတ်များကို ဖြုတ်ချရမည်။ ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ပြီးခဲ့သည့် ရက်သတ္တပတ်က ဖွင့်လှစ်ခဲ့သော တာလီဘန်တို့၏ ရုံးခန်းသစ်ဖွင့်လှစ်ချိန်၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာလောက် အာဖဂန်နစ္စတန်ပဋိပက္ခ၏ ရှုပ်ထွေးမှုကို သရုပ်ဖော်နေသော အကြောင်းအရာ များများ မရှိနိုင်ပါ။

အာဖဂန်နစ္စတန်၏ သူပုန်အုပ်စု တာလီဘန်အဖွဲ့က ပင်လယ်ကွေ့ ကာတာနိုင်ငံ၌ ရုံးခန်းဖွင့်လှစ်မည်ဆိုခြင်းကို သဘောတူခဲ့ပြီးနောက် အမှန်တကယ် တာလီဘန်တို့က ရုံးခန်းဖွင့်၊ အလံလွှင့်၊ ဆိုင်းဘုတ်တင်လိုက်သောအခါ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတစ်ယောက် ဒေါသူပုန်ထပါလေတော့သည်။ 'အာဖဂန်နစ္စတန် အစ္စလာမ်မစ် စော်ဘွားနိုင်ငံ' ဟူသော အမှတ်အသားမှာ ၁၉၉၆ မှ ၂၀၀၁ ခုနှစ်အတွင်း အာဖဂန်နစ္စတန်ကို ဖိနှိပ်ချုပ်ချယ်ခဲ့သော အစိုးရလက်ထက်၌ အသုံးပြုခဲ့သော တရားဝင် အမည်နာမဖြစ်သောကြောင့်ပင်။

ယင်းအမှတ်အသား၏ ဆိုလိုချက်နှင့် ရည်ရွယ်ချက်အားလုံးမှာ ပြည်ပြေးအစိုးရတစ်ရပ်ကို ကာတာနိုင်ငံကသာမက နှစ်ဖက်ဆွေးနွေးပွဲများအတွက် ပထမအဆင့်အနေဖြင့် တာလီဘန်ရုံးဖွင့်ခွင့်ပြုခဲ့သော အမေရိကန်ကပါ အသိအမှတ်ပြု ချီးမြှင့်လိုက်ပုံဖြစ်သည်။ ဆယ်စုနှစ်တစ်ခုကြာ နိုင်ငံပြင်ပရောက်နေခဲ့ပြီး အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံခဲ့ရရာမှ တာလီဘန်အဖွဲ့မှာ ရုတ်တရက်ဆိုသလို နိုင်ငံတကာစင်မြင့်ရပ်တည်မှုနှင့် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့သည်။

ဒုက္ခသုက္ခများရှိနေသော်ငြားလည်း အမေရိကန်၊ အာဖဂန်နစ္စတန်နှင့် တာလီဘန်တို့မှာ ငြိမ်းချမ်းရေးဆွေးနွေးရန် ဆိုသော စိတ်ကူးကို ရုတ်တရက်လက်ခံလာကြပုံရသည်။ ယခုအခြေအနေရောက်ရှိလာရန်အတွက်ပင် သုံးဖက်စလုံးမှ ကြီးမားသော လိုက်လျောမှုများ လုပ်ခဲ့ကြရသည်ဟု ဗြိတိန်နိုင်ငံ Chatham House ပညာရှင်များအဖွဲ့မှ ဆန်းစစ်လေ့လာသူ မတ်ဝဲလ်မန်းက ထောက်ပြသည်။

အယ်လ်ကိုင်ဒါအဖွဲ့ကို လက်မခံကြောင်း လူသိရှင်ကြားငြင်းပယ်ရေးဆိုသော ကြိုတင်သတ်မှတ်ချက်ကို အမေရိကန်က ဖယ်ထုတ်ခဲ့သလို အာဖဂန်နစ္စတန်အစိုးရကလည်း တာလီဘန်အဖွဲ့က ဒိုဟာမြို့၌ ရုံးခန်းဖွင့်လှစ်ခြင်း စိုးရိမ်မှုများကို ပယ်ရှားခဲ့ရပြီး တာလီဘန်တို့ဘက်ကလည်း ဟာမစ်ကာဇိုင်း၏ အစိုးရနှင့် မည်သည့်အချိန်တွင်မှ ထိတွေ့ဆက်ဆံမည် မဟုတ်ဟူသော လူသိရှင်ကြား ကြွေးကြော်သံကို စွန့်လွှတ်ခဲ့ရကြောင်း မစ္စတာဝဲလ်မန်းက ဆိုသည်။



ဒိုဟာမြို့တာလီဘန်ရုံးခန်းအပြင်မှ ဆိုင်းဘုတ်ကိစ္စမှာ ပဋိပက္ခ၏ နှလုံးသည်းပွတ်ဆီသို့ ရောက်ရှိသွားခဲ့ပါသည်။ ယင်းမှနေပြီး တာလီဘန်တို့၏ အန္တိမရည်မှန်းချက်မှာ အာဖဂန်နစ္စတန်နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ၎င်းတို့အဖွဲ့ကိုပြန်လည်ထူထောင်ရေးဆိုသော အဓိပ္ပာယ်ဆောင်ပါသလား။ "ဒါဟာ မေးသင့်တဲ့ မေးခွန်းပါ" ဟု မစ္စတာဝဲလ်မန်းကဆိုပြီး ဆက်လက်၍ "ဒါကိုလည်း တာလီဘန်ဆွေးနွေးညှိနှိုင်းသူတွေကို တင်ပြရမှာဖြစ်ပါတယ်။ အကယ်၍သာ အာဖဂန်စော်ဘွားနိုင်ငံ ထူထောင်ဖို့ လာဆွေးနွေးတာဆိုရင် နှစ်ဖက်ပြောဆိုမှုတွေ ဝေးဝေးခရီးပေါက်မှာမဟုတ်ဘူး။ သူတို့ဘက်က ညှိညှိနှိုင်းနှိုင်း လုပ်မယ်ဆိုရင်တော့ ဆွေးနွေးရေးနယ်ပယ်ကျယ်မယ်။ ငြိမ်းချမ်းရေး သဘောတူညီချက်ဖြစ်နိုင်သလို အာဏာခွဲဝေရေး အစီအစဉ်တောင် ဖြစ်လာနိုင်တယ်ဆိုပြီး အသိပေးထားသင့်တယ်" ဟု ၎င်းကဆိုသည်။

ယင်းမှာဖြစ်နိုင်ခြေတစ်ခုကို စိတ်ကူးယဉ်ခြင်းဟု ဗြိတိန်ဆန်းစစ်လေ့လာသူက ပြောပါသည်။ လက်တွေ့တွင်လည်း တစ်နိုင်ငံလုံးကို အုပ်ချုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်ပါက အာဖဂန်နစ္စတန်တွင် လက်နက်ကိုင် ပဋိပက္ခကို ပြန်လည်မီးမွှေးရာရောက်ပြီး အထူးသဖြင့် ၎င်းတို့နှင့် ပြိုင်ဘက်မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် ပဋိပက္ခဖြစ်နိုင်သည်။ "တာလီဘန်အဖွဲ့ထဲမှာပဲ လက်တွေ့ကျတဲ့ အုပ်စုတွေက အာဖဂန်ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေက ပြောင်းလဲသွားပြီဆိုတာကို သဘောပေါက်ကြတယ်။ အခြေခံလွတ်လပ်ခွင့်တွေ၊ လူမှုရေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက်တွေကို သူတို့တစ်ဖွဲ့တည်းက မဖြည့်ဆည်းနိုင်တော့ဘူး" ဟု မစ္စတာဝဲလ်မန်းကပင် ဆက်လက်သုံးသပ်သည်။

ဆွေးနွေးပွဲများအတွက် စိတ်အားထက်သန်မှုအသစ် ဖြစ်ပေါ်လာခြင်းအကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ လူတိုင်း စစ်ပန်းလာခြင်းဖြစ်သည်။ "အမေရိကန်က သေချာပေါက် ဆုတ်ခွာဖို့ လုပ်နေပြီး ဒီပဋိပက္ခကို အဆုံးသတ်ချင်နေပြီ။ အာဖဂန်နစ္စတန်အစိုးရဘက်က ကြည့်မယ်ဆိုရင်လည်း ဆုံးရှုံးမှုတွေ ကြီးမားတာ တွေ့ရလိမ့်မယ်။ တစ်လ၊ တစ်လကို စစ်တပ် နဲ့ ရဲတပ်ဖွဲ့ဝင် ၂၅၀ သေဆုံးနေရတယ်။ နောက်ပြီး အာဖဂန်ပြည်သူလူထုကလည်း ဆယ်စုနှစ်ပေါင်းများစွာ စစ်ပွဲတွေ၊ မငြိမ်မသက်မှုတွေ ကြားထဲနေပြီးတဲ့နောက်မှာ ငြိမ်းချမ်းရေးကို တောင့်တနေကြပြီ။ တာလီဘန်တွေ ဘက်မှာဆိုရင်လည်း သူတို့ကြောင့်ဖြစ်တဲ့ ပျက်စီးဆုံးရှုံးမှုတွေအတွက် နောင်တရနေတဲ့ အစိတ်အပိုင်းတွေ ရှိတယ်။ အဲဒါတွေက အာဖဂန်လူမှုအဖွဲ့အစည်းတွေကြားထဲ နာကြည်းမှုတွေ ဖြစ်စေတာကိုလည်း သိတယ်" ဟု ဗြိတိန်ဆန်းစစ်လေ့လာသူက ဆိုသည်။

"ဆယ်နှစ်လောက် ကြောက်စရာ၊ လန့်စရာ တိုက်ခိုက်ကြပြီးနောက်မှာ ဒါဟာထူးခြားတဲ့ အလှည့်အပြောင်းပါပဲ" ဟု ဥရောပကာနက်ဂျီဖောင်ဒေးရှင်းမှ ကျွမ်းကျင်ပညာရှင်မစ္စစ်ဂျူဒီဒမ်ဆေးက ပြောသည်။ သို့သော် ယခုအခါ အမှန်တကယ် ခက်ခဲသော အချိန်ကာလကို ရောက်ရှိလာပြီး "ဘယ်လမ်းကိုလိုက်ကြမလဲဆိုတာ အာဖဂန်တွေ ကိုယ်တိုင်က ဆုံးဖြတ်ရတော့မယ်" ဟု မစ္စစ်ဂျူဒီက ပြောကြားပြီး စစ်ပွဲအတွင်း အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့သော်လည်း တစ်ဖက်တွင်လည်း အမျိုးသမီးငယ်များနှင့် မိန်းကလေးများအတွက် မျှော်လင့်ချက်အမြောက်အမြားရှိလာစေသည်ဟု မစ္စစ်ဂျူဒီက ဆိုပါသည်။

တစ်ဖက်တွင်လည်း အမေရိကန်နိုင်ငံ၌ သမ္မတအိုဘားမား၏ ဒုတိယသက်တမ်းရောက်ရှိလာခြင်းကလည်း အိုဘားမားအနေဖြင့် ပဋိပက္ခများကို ဖြေရှင်းရန် နိုင်ငံရေးအရ စွန့်စားမှုများကို မကြောက်တော့၊ တစ်နည်းအားဖြင့် အကြမ်းဖက်သမားများနှင့် ပြောဆိုဆွေးနွေးရန်ပင်လုပ်ဆောင်လာသည်ဟု ဆိုနိုင်ပါသည်။

မစ္စတာဝဲလ်မန်းကမူ မယုံသင်္ကာရှိနေဆဲဖြစ်သည်။ "အမေရိကန်က စစ်သွေးကြွအုပ်စုတွေနဲ့ ထိတွေ့ဆက်ဆံတာဟာ မှန်ကန်တယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု မစ္စတာဝဲလ်မန်းက ဆိုသည်။ "ဒါပေမဲ့လည်း ကျွန်တော်နည်းနည်းတော့ သံသယရှိနေတယ်။ ပြဿနာက ဘာလဲဆိုတော့ ဆွေးနွေးပွဲတွေကို လူသိရှင်ကြား ကြေညာလိုက်မယ်ဆိုရင် ဒီဆွေးနွေးပွဲမှာ ပါဝင်တဲ့ အဖွဲ့တွေက သူတို့ရဲ့ လက်အောက်ခံအဖွဲ့သားတွေအတွက် အင်အားတောင့်တင်းတယ်ဆိုတဲ့ ပုံရိပ်က ထင်ဟပ်ပြရလိမ့်မယ်။ ဒါဟာ ဆွေးနွေးပွဲအတွက် အထောက်အကူမဖြစ်ပါဘူး။ သူတို့က သူတို့ရဲ့ အနေအထားခိုင်မာအောင် လုပ်လေ ဆွေးနွေးပွဲတိုးတက်မှုကို နှောင့်နှေးစေလေပါပဲ" ဟု မစ္စတာဝဲလ်မန်းက သုံးသပ်ပြောသည်။


သို့ဆိုလျှင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအကြောင်း ကျွန်ုပ်တို့ကြားသိရ နည်းလေလေ၊ အောင်မြင်မှုအလားအလာများလေဟု ဆိုရမလိုဖြစ်နေပါသည်။

*—Ref: US-Taliban rapprochement not a template*

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

## 7DAY BOOK REVIEW




### ကြယ်တွေကို မြင်အောင်ကြည့်ပါ
**ဦးတင်ဦး(ကျူရှင်)**

စာရေးအားကောင်းသော ဦးတင်ဦး(ကျူရှင်)၏ ၁၅ အုပ်မြောက် ဆောင်းပါးပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်။ ဦးတင်ဦး (ကျူ ရှင်) ရေးသားခဲ့သော ဆောင်းပါး အများစုမှာ လူငယ်များအတွက် ရည်ရွယ်ရေးသားထားသော ဆောင်းပါးများ ဖြစ်ကြသော်လည်း သူဖြတ်သန်းခဲ့သည့် ခေတ်ကာလ၊ သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ထည့်သွင်းရေးသားတတ်၍ လူငယ်များ မသိမိလိုက်သည့် ခေတ်ကာလ ပုံရိပ်များ သိမြင်နိုင်သလို သူပေးလိုသည့် မက်ဆေ့ချ်ကိုလည်း ရရှိနိုင်သည်။

ယခုထုတ်ဝေလိုက်သော "ကြယ်တွေကို မြင်အောင်ကြည့်ပါ"အမည်ရှိ အတွေးဆောင်းပါးများသည်လည်း လူငယ်များကို ရည်ရွယ်ရေးသားသည့် ဆောင်းပါးအများစုပါဝင်သည်။ မဂ္ဂဇင်း စာမျက်နှာများပေါ်တွင် ရေးသား ခဲ့သော ဆောင်းပါး ၂၅ ပုဒ်ကို စု စည်းထုတ်ဝေခြင်းဖြစ်သည်။

"ဘာသာရေးဆရာတိုင်းကမိမိဘာသာကိုသက်ဝင်ယုံကြည်လာအောင် ပြုခြင်းကိုသာသနာပြုသည်ဟု သဘောထားကြသည်။ သာသနာပြုရာ၌ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဟူသော အခြေခံ လူ့အခွင့်အရေးကို မမေ့ဘဲ သာသနာပြုနိုင်မှသာလျှင် အကျိုးရှိ နိုင်ပေလိမ့်မည်"ဟု ဆောင်းပါးတစ်နေရာတွင်ဖော်ပြထားသည်။လမ်းညွှန်စာပေကထုတ်ဝေပြီး တန်ဖိုး ကျပ် ၃,၀၀၀ ဖြစ်သည်။

### အင်္ဂလိပ် – အင်္ဂလိပ် – မြန်မာ အသံထွက်အဘိဓာန် (ဦးစိုးသွေး)

တက္ကသိုလ်ဝင်းမွန်အမှာစာရေးသားထားသော အိတ်ဆောင်အဘိဓာန် စာအုပ်ထွက်ရှိလာသည်။

အိတ်ဆောင်အဘိဓာန်ဟုဆိုသော်လည်းမြန်မာ အသံထွက်ကိုပါတွဲ၍ ဖော်ပြထားခြင်း၊မူရင်း အင်္ဂလိပ် စာလုံးများကို အပြာရောင်ဖြင့် ဖော်ပြထားပြီး ဖွင့်ဆိုသည့် ဝါကျများကို အနက်ရောင်ဖြင့် ဖော်ပြထား၍ ရှင်းလင်းစွာ ကြည့်ရှုနိုင်ခြင်း၊ အင်္ဂလိပ်- အင်္ဂလိပ်- မြန်မာအဘိဓာန်ဖြစ်၍ စာအုပ်တစ်အုပ်ရှိရုံဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ လေ့လာ၍ ရနိုင်သော ပြည့်စုံသည့်အိတ်ဆောင် အဘိဓာန်စာအုပ်ငယ်ဖြစ်သည်။

အင်္ဂလိပ်စာသင်သားများ၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာဆရာမများနှင့် အယ်ဒီတာများ အားထားရမည့် အိတ်ဆောင်အဘိဓာန်ဖြစ်သည်ဟုစာအုပ်တွင်ညွှန်းဆိုထားသည်။

"ပညာပြည့်ဝ နှလုံးလှသူဖြစ်ရန်အတွက် သုတစာပေ၊ ရသ စာပေ စာအုပ်စာပေအထွေထွေကို လေ့လာဖတ်ရှုရာ၌အဓိက အကျဆုံး၊အသုံးဝင်ဆုံး၊အရေးပါဆုံးမရှိမဖြစ် လက်စွဲပြုထိုက်သောအရာမှာ "အဘိဓာန်"ဖြစ်သည်"ဟူ၍ တက္ကသိုလ်ဝင်းမွန်က အမှာတွင် ရေးသားထားသည်။

ခေတ်သစ် စာပေက ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂,၅၀၀ ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့အမြန်ဆုံးပြိုင်ကား

ကမ္ဘာ့အမြန်ဆုံးကားဖြစ်သည့် ဘူဂါတီဗေရွန်စူပါစပေ့တ်ပြိုင်ကား Bugatti Veyron EB 16.4ကို ဗောက်စ်ဝက်ဂွန်အုပ်စုက ဒီဇိုင်းရေးဆွဲပြီး ပြင်သစ်နိုင်ငံမိုလ်ရှိန်းတွင် Bugatti Automobiles S.A.S ကုမ္ပဏီက တပ်ဆင်ထုတ်လုပ်သည်။ ထိုကား၏ မူလထုတ်လုပ်သော မော်ဒယ်မှာ အမြန်နှုန်းတစ်နာရီလျှင် ၄၃၁ ဒသမ ဝ၇၂ ကီလိုမီတာ (၂၆၇ ဒသမ ၈၅၆ မိုင်) နှုန်းဖြင့် မောင်းနှင်နိုင်ပြီး ၂၀၀၉ ခုနှစ်တွင် ဘီဘီစီ၏ ကားအစီအစဉ် Top Gear က ဆယ်စုနှစ်၏ ကား Car of the Decade (2000-2009) အဖြစ် သတ်မှတ်ခံရသည်။ ဗူဂါတီကားတွင် Veyron EB 16.4 ဆိုသည်မှာ ကုမ္ပဏီအင်ဂျင်နီယာ ပီရရီဗေရွန်ကို ဂုဏ်ပြုကာ မှည့်ခေါ်ထားခြင်းဖြစ်သည်။ ယင်းမှာ EB စာလုံးမှာ ဘူဂါတီကုမ္ပဏီတည်ထောင်သူ အက်တိုရဲဘူဂါတီ Ettore Bugartti ၏ အမည်အတိုကောက်ကိုမှည့်ခေါ်ထားပြီး နောက်ဆုံးမှ ဂဏန်းများဖြစ်သည့်16.4ကား အင်ဂျင်တွင် တပ်ဆင်ထားသော ဆလင်ဒါ ၁၆ လုံးနှင့် တာဘိုချာဂျာလေးခုကို ရည်ညွှန်းခြင်းဖြစ်သည်။

ဘူဂါတီဗေရွန်ကားနောက်တွင် ဒုတိယလိုက်သောကားမှာ အမေရိကန်ကုမ္ပဏီ ရှယ်လ်ဘီ စူပါကား ကုမ္ပဏီမှ ထုတ်သော SSC Ultimate Aero ကားဖြစ်သည်။ ထိုကားမှာ V8 အင်ဂျင်နှစ်လုံးတပ်ထားပြီး တစ်နာရီ မိုင်နှုန်း ၂၅၇ မိုင်ဖြင့် အမြင့်ဆုံးမောင်းနှင်နိုင်ပြီး တန်ဖိုးမှာ ပေါင် ၄၃၅,၀၀၀ ခန့်ရှိသည်။

—Ref: Telegraph /Wiki






### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

ငွေကြေးကိစ္စ၊ အလုပ်အကြံအစည်များ ထင်ထင်ရှားရှားအောင်မြင်မည်။ စနစ်တကျလုပ်ကိုင်၍ တိုးတက်မှုဖန်တီးနိုင်မည်။ အဖိုးတန်သောပစ္စည်းအား သက်သာသောဈေးနှုန်းနှင့် လာရောက်ရောင်းချသူပေါ်လိမ့်မည်။ စိတ်မတင်မကျဖြစ်၍ မဝယ်ယူမိခြင်းကြောင့် ၎င်းအခွင့်အရေးအား တစ်ပါးသူရသွားတတ်သည်။ အပျောက်အရှများတတ်သည်။ မိဘအကြီးအကဲများ၊ ဆွေမျိုးများနှင့်ပတ်သက်၍ အချိန်ကုန်၊ ငွေကုန်ခံပြီးကူညီရမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

မတော်တဆ ထိရှမှုများ ဖြစ်တတ်သည်။ သူတစ်ပါးအရှုပ်အထွေးကြား မိမိပါဝင်ပတ်သက်ရမည်။ မိသားစုတွင်းမှ သူတစ်ဦးမိုက်မိုက်မဲမဲဆောင်ရွက်လိုက်သည့်ကိစ္စကြောင့် မိမိအပါအဝင် မိသားစုအားလုံးစိတ်ပင်ပန်းရမည်။ အရာရာကစဉ့်ကလျားဖြစ်၍ မူလစီစဉ်ထားသည်များအားလုံး လွဲချော်သွားမည်။ ငွေမည်မျှဝင်စေ၊ အဖတ်မတင်တတ်။ ပျိုရွယ်သူများ အချစ်ရေး၊ မေတ္တာရေးစန်းပွင့်မည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ခက်ခဲနေသည့်ပြဿနာများကို အဆင်ပြေအောင်ဆောင်ရွက်နိုင်သော ကာလဖြစ်သည်။ သူတစ်ပါးကြောင့်ဖြစ်ပေါ်နေသည့်ပြဿနာများ ဖြေရှင်း၍ အဆင်ပြေမည်။ ကိုယ်တိုင်ကြုံသောပြဿနာများကား ကူညီဖြေရှင်းမည့်သူမရှိသည့်အပြင် ဝိုင်းဝန်းချောက်တွန်းသူများသာ တွေ့မည်။ မိမိအပေါ် မလိုလားသူများ၊ အတိုက်အခံပြုသူများကြားမှ တိုးတက်မှုရှာဖွေရမည်။ စကားအပြောအဆို ဂရုစိုက်ရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အသွားအလာ၊ အပြောအဆိုအထူးဂရုစိုက်ပါ။ ငွေကြေးကိစ္စတာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ အလောတကြီးဆုံးဖြတ်ခြင်းများ မပြုရ။ သူတစ်ပါးကိစ္စများကြားဝင်တာဝန်ယူခြင်း၊ ဖြေရှင်းခြင်းမပြုရ။ အုပ်စုဖွဲ့၍ မိမိအား ရန်ပြုလိုသောသူများနှင့် တွေ့တတ်သည်။ ထိပ်တိုက်ရင်ဆိုင်မှုများရှောင်ပါ။ အလုပ်အပြောင်းအလဲကြုံက ချက်ချင်းလက်ခံပါ။ အနက်ရောင်မဝတ်ရ။ တစ်စုံတစ်ရာအည့်ကြုံတတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

အဆင်မပြေနိုင်တော့ဟု ယူဆထားသည့်ကိစ္စများမှ ပြေပြေလည်လည်ဆောင်ရွက်၍ တိုးတက်မှုရမည်။ မိမိအပေါ် ဒုက္ခပေးသူများ၏ ဘေးရန်မှကင်းဝေးသွားမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သည်များမှ ကောင်းသောအကျိုးရရှိမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ ယုံကြည်အားကိုးခြင်းမရှိသင့်။ လုပ်စရာရှိသည်များကို ကိုယ်တိုင်လုပ်ပါ။ အခက်အခဲများကို ကိုယ်တိုင်ဖြေရှင်းပါ။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

အထူးကောင်းသောကာလဖြစ်သည်။ အပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်လာမည်။ ရုတ်တရက်ပေါ်လာသည့် အခြေအနေနှင့် အခွင့်အရေးကို အသုံးချ၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အတိုက်အခံပြုသူများ၊ အနှောင့်အယှက်ပေးသူများ မည်မျှရှိစေ အဆုံးပိုင်းတွင် အောင်မြင်မည်။ သူတစ်ပါးအပေါ် စိတ်ကောင်း၊ စေတနာကောင်းထားခြင်း၏ အကျိုးခံစားရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အရာရာအဆင်ပြေ၍ စိတ်ကူးတည့်သည်များ ဆောင်ရွက်ရင်း တိုးတက်မှုများ တစ်စစအခိုင်အမာဖြစ်ထွန်းလာမည်။ အခက်အခဲများကိုကျော်လွှား၍ အောင်မြင်တိုးတက်မှုများရရှိမည်။ ပေါ်လာသည့် အခြေအနေကောင်းများကလည်း မိမိဘဝကို တိုးတက်စေမည်။ စနစ်တကျ စိတ်ကူးပြီး ဆောင်ရွက်လိုက်သည်များမှ ကောင်းသော အကျိုးဆက်များရရှိမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

အပြိုင်အဆိုင်များအားလုံးကို အောင်မြင်စွာကျော်လွှားလိမ့်မည်။ ကြုံတွေ့နေသည့် အခက်အခဲများကျော်လွှားနိုင်မည်။ ရန်အတိုက်အခံများကြားမှ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ရုတ်တရက်ပေါ် ပေါက်သောပြဿနာများကို အချိန်မဆွဲဘဲ ချက်ချင်းဖြေရှင်းပါ။ မိဘအကြီးအကဲ ကျန်းမာရေးဂရုစိုက်ရမည်။ အတတ်ပညာနှင့်ပတ်သက်သော ကောင်းကျိုးခံစားရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

စိတ်အေးချမ်းမည်။ အလိုရှိရာပြည့်မည်။ ဘဝတိုးတက်မည်။ ကံနိမ့်နေသောကိန်းမှ လွတ်ကင်း၍ ထူးထူးခြားခြားအဆင်ပြေမည်။ မှန်းထားသည်နှင့် လက်တွေ့စနစ်တကျ ပူးတွဲဆောင်ရွက်နိုင်မည်။ မေတ္တာရေးနှင့်ပတ်သက်သော ကိစ္စများအဆင်ပြေမည်။ ၅၂၈-၁၅၀၀ မေတ္တာရေးနှစ်ခုစလုံးကောင်းမည်။ စုစည်းပြီးလုပ်သော လုပ်ငန်းများမှ တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အပြောင်းအလဲရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သည့် ကိစ္စများမှ ထူးခြားစွာတက်လမ်းပေါ်မည်။ ဥပဒေနှင့်မကင်းသော ကိစ္စရှောင်ပါ။ ပစ္စည်းပျောက်တတ်သည်။ အလိမ်အညာခံရသူတစ်ဦး၏ ပြဿနာအား လိုက်လံဖြေရှင်းပေးရင်း မိမိတွင်ပါ အပူကူးစက်တတ်သည်။ မနာလို၊ အပြိုင်ပြုသူများကြားမှ တိုးတက်မှုရရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အကြံအစည်အောင်မြင်မည်။ အလိုရှိရာပြည့်စုံမည်။ ဘဝအနေအထားတိုးတက်မှုရမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်သည့်ပြဿနာအားလုံးဖြေရှင်း၍ အဆင်ပြေမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် အပြောင်းအလဲတစ်ခုပြီးတစ်ခုဖြစ်လာမည်။ မိမိဦးတည်ဆောင်ရွက်နေသည့် လမ်းကြောင်းများကို ရဲရဲတင်းတင်းပြောင်းလဲလိုက်ပါ။ ပုံစံသစ်နှင့် ဆောင်ရွက်မှုများ အဆင်ပြေသွားမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

လုပ်ဆောင်သမျှကိစ္စအားလုံး အပြည့်အဝအောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ မိမိအပေါ် ဒုက္ခပေးသောသူများဖော်ထုတ်နိုင်မည်။ ငွေကြေးလိမ်ညာ၍ ရှောင်တိမ်းသွားသူများနှင့် ပြန်ဆုံမည်။ စိတ်ချမ်းမြေ့စရာများ တစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်မည်။ စနစ်တကျဆောင်ရွက်သည်များမှ အကျိုးကောင်းရမည်။ ခြံ၊ ကား၊ အခန်း အစရှိသော တန်ဖိုးကြီးပစ္စည်းများနှင့်ပတ်သက်၍ စကားပြောဆိုခြင်း အဆင်ပြေမည်။

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ရွှေတိဂုံစေတီတော်သို့ လာရောက်သည့် နိုင်ငံခြားသားများအတွက် လမ်းညွှန်လက်ကမ်းစာစောင် လုပ်ငန်းတင်ဒါခေါ်

**အိမွန်ကျော်**

**ရန်ကုန်၊**

**ဇူလိုင်-၁**

ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသားများအတွက် လမ်းညွှန်လက်ကမ်းစာစောင်များ ရိုက်နှိပ်ရန် လုပ်ငန်းလုပ်ကိုင်လိုသူများအား တင်ဒါခေါ်နေကြောင်း ဂေါပကရုံးမှ သတင်းရရှိသည်။

ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်လေ့လာသော နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေစေရန် ရွှေတိဂုံစေတီတော်ရှိ လေ့လာကြည်ညိုဖွယ်ရာ နေရာဌာနများအကြောင်းကိုလက်ကမ်းစာစောင်ရိုက်နှိပ်ရန် စီစဉ်နေသည်ဟု ဂေါပကရုံး ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ပြောသည်။ "ဘုရားပေါ်မှာဘယ်သွားရင်ဘယ်ရောက်တယ်။ ကိစ္စရှိရင် ဘယ်နေရာဆက်သွယ်ရမလဲ အဆင်ပြေအောင်ပေါ့"ဟု ၎င်းကဆိုသည်။

လုပ်ငန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပြီး ဇူလိုင်လ ၃၁ ရက်တွင် တင်ဒါပိတ်မည်ဖြစ်သည်။

7Day News ဂျာနယ်သို့ဆက်သွယ်လိုပါက -
ဖုန်း — ၀၉ ၇၃၂ ၂၄၅၄၁၊ ၀၉ ၇၃၀ ၃၂၀၀၆

**စာမျက်နှာ(၂၆) မှ**

## အထူးကားပေါ်မှ အရူးများဘ၀

ယာဉ်ကြော ပိတ်ဆို့မှုအတွက်မည်သည့်ယာဉ်ထိန်းရုံးရှေ့မှာမှ ဆန္ဒမပြကြသလို၊ လေအေးစက်တပ်ဘတ်စ်ကားမစီးရလို့ ဟူ၍လည်း မည်သည့်မြို့တော်ဝန်ရုံးရှေ့မှာမှ ဆန္ဒမပြကြ။ ဘတ်စ်ကားပေါ်ရှိ ပလတ်စတစ်ကွင်းကို ကိုင်ကာ သွေးတောင့်အောင်မတ်တတ်ရပ်ကားစီးပြီး ခန္တီစကိုသာပြကြလေသည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ပို့ဆောင်ပေးမည့်အထူးကားကြီးတစ်စီးကိုပြေးဆွဲခဲ့သည်မှာသုံးနှစ်ခန့်ကြာပြီဖြစ်သည်။ စ၍ ဆွဲစဉ်က အတက်အဆင်း သုံးရာကျပ်၊ ခုံနှင့်ထိုင်စီးရမည်။ မတ်တတ်ရပ်ခရီးသည်လုံးဝမတင်ဆိုသည့် အထူးကားလိုဖြစ်နေသည်။ ယခုတော့ ဘယ်စီးစီး သုံးရာလည်းပေးရသည်။ မတ်တတ်ရပ်၍ တိုးဝှေ့ကျပ်သိပ်စွာလည်း စီးရသည်။ ပြီးခဲ့သော ဇွန်လ ၂၅ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စီမံကိန်းကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက "အမြန်တိုးတက်ပြောင်းလဲမှုကို လိုလားနေကြသည့်ပြည်သူများအနေဖြင့် အခြေခံပြောင်းလဲတိုးတက်မှုများကို လက်မခံနိုင်သေးဘဲ အောက်ခြေမှာဒီအတိုင်းပဲဘာမှမထူးသေးဘူးဟူသည့် ဝေဖန်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏သဘောထားအမြင်များကို အလေးထားပြီး မိမိတို့အစိုးရ အနေနှင့် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း" အစိုးရအဖွဲ့အသီးသီးကိုမှာကြား သွားပါသည်။ စိတ်ရှည်လက်စနှင့် စောင့်မျှော်ကြပါဦးစို့။

အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံတွင်နေထိုင်ကြသော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအလုပ်များတွင် သွားရေးလာရေးသည်လည်း အရေးကြီးကိစ္စတစ်ခုဖြစ်ပါသည်။ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ရှိ ပြည်သူများကဲ့သို့ မိုင် ၁၀၀ ကျော်ခရီးကို နေ့စဉ်ရုံးဆင်း၊ ရုံးတက်မလုပ်နိုင်သည်ထားဦး ၁၀ မိုင်ခရီးလောက်ကိုတော့ ဇိမ်မခံရလျှင် သက်သောင့်သက်သာဖြစ်ချင်ကြသည်မှာ ပြည်သူများ၏ ဆန္ဒဖြစ်ပါသည်။ All inclusive ဆိုပြီး မှတ်တိုင်ရောက်တုန်း ကားပေါ်တွန်းတင်ကာ ယာဉ်ကြောပိတ်ဆို့ပြီး လိုရာခရီးပန်းတိုင်မရောက်သေးဘဲ လမ်းလယ်ကောင်ကြီး အတင်းတွန်းချပါက အထူးကားပေါ်ပါသောမိဘပြည်သူများသည် အရူးများဘ၀သာ ဖြစ်ပါချေတော့မည်။

## JOKE

### အပြန်၊ အလှန်

သူဌေးတစ်ဦးသည် ကားကောင်းကြီးစီး၍ ခရီးသွားနေရင်း ရွာတစ်ရွာ ဖြတ်သွားစဉ် လမ်းဖြတ်ကူးနေသော နွားတစ်ကောင်ကို တိုက်မိ၍ နွားမှာ သေဆုံးသွားသည်။ ၎င်းက နွားပိုင်ရှင်လယ်သမားထံသွား၍ ဖြစ်ပျက်ပုံကို ပြောပြပြီးနောက် လျော်ကြေးမည်မျှပေးရမည်နည်းဟု မေးမြန်းသည်။

နွားပိုင်ရှင်က "အခုဆို ဒီကောင်က ဒေါ်လာ ၂၀၀ လောက်တန်တယ်။ နောက်ခြောက်နှစ်လောက်ဆိုရင်တော့ ဒေါ်လာ ၉၀၀ လောက် ရှိနေလောက်တယ်ဆိုတော့ အဲဒီလောက်ရရင်ငါကျေနပ်တယ်"ဟု ပြောပါသည်။

သူဌေးဖြစ်သူကလည်း ထိုနေရာတွင်ပင် ထိုင်၍ ချက်လက်မှတ်တစ်စောင်ရေးလိုက်ပြီး နွားပိုင်ရှင်အားပေးလိုက်သည်။

"ရော့ ဒီမှာ ခင်ဗျား နွားအတွက် လျော်ကြေးချက်လက်မှတ်။ အဲဒီမှာ ဒေါ်လာ ၉၀၀ ကျွန်တော်ရေးထားတယ်။ ဒါပေမဲ့ ငွေထုတ်နိုင်မယ့်ရက်ကိုတော့ အခုကနေ ခြောက်နှစ်ပြည့်တဲ့ ရက်စွဲတပ်ထားတယ်"ဟု ပြောလိုက်ပါသည်။

### အမျိုးသမီး ယာဉ်မောင်း

တစ်နာရီမိုင် ၂၀ သာမောင်းရန် သတ်မှတ်ထားသည့် လမ်းပေါ်တွင် အရှိန်ဖြင့် မောင်းလာသော ကားတစ်စီးကိုယာဉ်ထိန်းရဲက တားလိုက်သည်။

"ခင်ဗျားကားမောင်းလာတာ အနည်းဆုံး မိုင် ၅၀ နှုန်းလောက်ရှိတယ်"ဟု ပြောလိုက်ရာ ယာဉ်မောင်းအမျိုးသမီးက ပျာပျာသလဲနှင့် "မရှိပါဘူးရှင်၊ မိုင် ၂၀ နှုန်းလောက်ပါပဲ။ ရဲမှူးကြီးကိုတွေ့မှ ကျွန်မရင်တွေ ခုန်လာပြီး လီဗာကိုဖိနင်းမိတာပါရှင်"ဟု ပြန်လည်ဖြေရှင်းပါ၏။

**စာမျက်နှာ(၂၄) မှ**

## ကမ္ဘာတည်သရွေ့တည်စေချင်လျှင် လူပင်ပျိုး၍ အုတ်မြစ်ချဖို့ပင်

ဆိုသည့်ဆောင်ပုဒ်လင်္ကာအတိုင်း ဆောင်ရွက်ပေတော့အံ့ဟုဦးထိပ်ပန်ဆင်ထားခဲ့လေတော့၏။ ယခုအခါ သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်တွင် ၂၀၀၇ ခုနှစ်မှစတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ဆရာကြီးဒေါ်ကေသာရီ၏သီလရှင်သင်ပညာရေးကျောင်းတွင် ကရင်၊ ကချင်၊ ချင်း၊ ပလောင်၊ ရှမ်းတိုင်းရင်းသူသီလရှင်အပါး ၁၆၀ နှင့်တူ ကျောင်းအိပ်၊ကျောင်းစားကျောင်းသား၊ ကျောင်းသူ ၁၈၀ ကို ပရိယတ်၊ ပဋိပတ်နှစ်ဖြာကို သင်ကြားပို့ချ သာသနာပြုလျက်ရှိနေလေပြီ။ စင်စစ်တွင် ဆရာကြီးဒေါ်ကေသာရီတာဝန်ယူရသည်က ပညာရေးသာမက စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးမကျန်ဖြစ်လေသည်။ သို့နှင့်တိုင် ဆရာကြီးသည် ပင်ပန်းဟန်မရှိ ပကတိတက်ကြွလျက်ရှိနေလေသည်။

ဆရာကြီး၏ကျောင်းတွင် ရည်ရွယ်ချက် ၆ ချက်ရှိသည်။

(၁)နယ်စပ်ဒေသမှတိုင်းရင်းသူအမျိုးသမီးလေးများ ခေတ်ပညာတတ်မြောက်စေရန်၊

(၂) သာသနာတော်ကို အရှည်တည်တံ့ခိုင်မြဲစေရန်၊

(၃) ဘာသာတစ်ပါးသို့ မယိမ်းယိုင်ရလေအောင်စောင့်ထိန်းနိုင်ရန်၊

(၄) ဆင်းရဲချို့တဲ့သော ကလေးငယ်များ ပညာရေးတတ်မြောက်စေရန်၊

(၅) အမှန်တကယ်မိဘက မထောက်ပံ့နိုင်သူများအား ပညာရေးရည်မှန်းချက်အထောက်အကူဖြစ်စေရန်၊

(၆)ပညာရေးတွင်ထူးချွန်စွာအောင်မြင်သောကလေးများအား မြေတောင်မြှောက်ကာဖြည့်ဆည်းပေးရန်ဟူ၍ဖြစ်လေသည်။

ဆရာကြီးဒေါ်ကေသာရီကတော့ "နှစ်တစ်ရာနှစ်တစ်ထောင်တွက် ရွယ်ကိုးပြီးလူကို ပျိုးထောင်ခြင်းပါ"ဟုဆိုလေသည်။ ဆရာကြီးလွန်သည့်တိုင်နှစ်ပေါင်းရာထောင်တိုင်ဗုဒ္ဓသာသနာတော်ကို မယိမ်းမယိုင်အောင်သယ်ပိုးထမ်းဆောင်နိုင်မည့် လူပင်တွေကို အုတ်မြစ်ချစိုက်ပျိုးနေခြင်းပါပေတကားဟု မုဒိတာဝမ်းသာပီတိဖြင့်သာခုခေါ်မိရသည်။ One more မှလှူဒါန်းသည့် အလှူငွေကျပ်တစ်ဆယ့်ငါးသိန်းအတွက်မူ ဆရာကြီးဒေါ်ကေသာရီက သာခုခေါ်၍မဆုံးတော့။

ဆရာကြီးဒေါ်ကေသာရီနည်းတူ ကျေးလက်မှချို့တဲ့နွမ်းပါး၍ ပညာမသင်နိုင်ကြသည့် ကလေးငယ်များပညာသင်ကြားနိုင်ရေးနှင့် ထိုကလေးငယ်များမှတစ်ဆင့် ဗုဒ္ဓသာသနာတော် အစဉ်တည်တံ့ခိုင်မြဲရေးအတွက် လူပင်စိုက်ကာ အုတ်မြစ်ချနေသော ရေစုပွင့်ပရဟိတကျောင်းဆရာတော်ဦးဣန္ဒကမူ သဲကုန်းမြို့နယ်၊ ရေစုပွင့်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းမှဖြစ်သည်။ သို့သော် ဆရာတော်ဦးဣန္ဒိကက ရေစုပွင့်ရွာဇာတိ မဟုတ်၊ မြေလတ်ဒေသ၊ မကွေးမြို့မှဖြစ်၏။ ရေစုပွင့်ဇာတိစာဝါလိုက်ဖက်ဆရာတော်၏ မေတ္တာရပ်ခံချက်နှင့်ပင် တစ်ခေါက်တလေမှ မရောက်ဖူးသည့် ပြည်ခရိုင်၊ သဲကုန်းမြို့အရှေ့ ခုနစ်မိုင်ကျော်ဝေးကွာသော ရေစုပွင့်ကျေးရွာလေးသို့ မေးကာစမ်းကာဖြင့် အာဂန္တုကိုယ်တော်အဖြစ် ရောက်လာခဲ့ခြင်းဖြစ်သည်။ ရောက်မင့်ရောက်လာတော့လည်း ဆီးကြိုနေသည်က ပညာငတ်နေကြသည့် တောသူတောင်သား ကျေးလက်ကျောမွဲကလေးသူငယ်လေးတွေ။ စာအုပ်ချပေးလိုက်၍မှ ကကြီးမှန်းခကွေးမှန်းမသိကြတော့သည်မို့ ဆရာတော်စိတ်မချမ်းသာတော့။ ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူသည်မှာလည်း ကြာပြီဖြစ်၍ ကျောင်းတော်ကြီး ဟောင်းလောင်းမို့ ဘာသာရေးအဆုံးအမတွေပင် ကင်းဝေးခဲ့လေပြီလားစိုးရိမ်စိတ်ဖြင့် သည်ရွာ၊ သည်ကျောင်းမှာပင် သည်တာဝန်များကို ယူမှဖြစ်တော့မှာပါဟု ဆရာတော့်ကိုယ်ဆရာတော် တာဝန်ပေး၍ ပရဟိတကျောင်းလေးကို ၂၀၁၁ ခုနှစ်မှစတင်ကာ ဆောင်ပုံကိုင်ရတော့သည်။

မိမိတွင်ရှိရှိသမျှသော ဝတ္ထုငွေလေးဖြင့် မတည်ကာ စာသင်ကျောင်းလေးဖွင့်လိုက်ပြီဆိုသည့်အခါ ပညာငတ်နေကြသည့် ကလေးငယ်တွေက တစ်ရက်ထက်တစ်ရက်တိုးလာခဲ့သည်မှာတစ်လနှစ်လအတွင်းမှာပင်ကျောင်းသား ၅၀ ကျော် ၇၀ ဖြစ်လာသည့်အခါ တစ်ပါးတည်း မနိုင်တော့သဖြင့် ဆရာငှားဖို့ဟန်ပြင်ရတော့သည်။ အချို့ကလေးတွေက စားစရာပင် ချို့ချို့တဲ့တဲ့လေးတွေဆိုကြသည့်အခါ ကျောင်းမှာတွင်ပင် ရှိတာလေးနှင့်ကြံဖန်ကျွေးလာခဲ့ရပြန်သည့်အတွက် ထမင်းလည်းစားရ၊ ပညာလည်းသင်ရဆိုသည့် ဆရာတော့်ကျောင်းသတင်းက ရွာနီးချုပ်စပ်တွင် ပြန့်သည့်အခါ ပညာသင်နှစ် ၂ နှစ်ကျော်ခဲ့ပြီးသည့် ယခုအခါပညာသင်ပေးနေရသည့် ကျောင်းသားပေါင်းက မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား စုစုပေါင်း ၂၃၀ ကျော်ဖြစ်လာသည်။ ထိုကျောင်းသား၊ ကျောင်းသူလေးများကို နိုင်နင်းအောင်သင်ပြဖို့ ဆရာခြောက်ဦးကို ငှားရမ်းရသည့်အခါ ကုန်ကျစရိတ်က နင့်လာသည်။ သို့သော် စခဲ့မိပြီးသည့် ဆရာတော်မှာ နောက်ဆုတ်ရအခက်၊ ရှေ့တိုးရအခက်ဖြစ်လာ၏။ သည်အထဲကမှ ကျောင်းအိပ်ကျောင်းစား၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားပေါင်း ၅၀ ကျော် ရှိလာသည်။

ဆိုသည့်အခါ တာဝန်က မသေးတော့။ ကျွေးရသည့်ထမင်းကပင်တစ်ရက်ဆန်တစ်တင်းချက်ရသည်။ စာအုပ်စာတမ်းဖိုးနှင့် ကျောင်းဝတ်စုံဖိုးကိုလည်း အပြည့်အစုံစီမံပေးရသည့်အပြင် ၇ မိုင်ခရီးရှိသည့် မြို့ကျောင်းသို့ သွားတက်ရန် စက်ဘီးပါဝယ်ပေးရပြန်သည်ဆိုသည့်အခါ ဆရာတော်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ။ သည်အခြေအနေမျိုးတွင် One more မှ ငွေကျပ် သိန်း ၂၀ လာရောက်လှူဒါန်းသည့်အတွက် ဆရာတော်မှာရင်အတော်ချောင်သွားပုံဖြင့် တပြုံးပြုံးနှင့် သာခုအနုမောဒနာခေါ်လိုက်ပုံမှာ ဝမ်းမြောက်ဝမ်းသာ။

ဆရာတော့်မျက်နှာပေါ်တွင်တော့ သူကျွေးမွေးပြုစုစောင့်ရှောက်ပညာပေးနေရသည့် ကလေးငယ်များအတွက် အတန်ငယ်ရင်အေးပေါ့ပါးသွားသည့် အရိပ်တွေ လွှမ်းလျက်. . .။

One more အလှူရှင်များကိုယ်စား သွားရောက်လှူဒါန်းပေးရသည့်ကျွန်တော့်ရင်ထဲတွင်လည်း ဗုဒ္ဓသာသနာတော် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန် လူပင်စိုက်ကာ အုတ်မြစ်အခိုင်ချနေကြသည့်သာသနာ့အကျိုးတော်ဆောင် ဆရာတော်များနှင့် သီလရှင်ဆရာကြီးများကိုအကြိမ်ကြိမ်ဦးတင်ရှိခိုးလျက်. . .။

# Environment

7 DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013


## REDD အကောင်အထည်ဖော်ရာတွင် ဒေသခံများကို လောလောဆယ်အကျိုးအမြတ် ခွဲဝေမပေးနိုင်သေး



ပိုင်းမော်မြို့နယ်ရှိ အစုအဖွဲ့ပိုင် သစ်တောတစ်ခု ဓာတ်ပုံ-အိဖြူမွန်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၂၉**

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျှော့ချမှုလုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင်မည့်ဒေသခံများကိုအကျိုးအမြတ်ခွဲဝေပေးရမည်ဖြစ်သော်လည်း လောလောဆယ်တွင် ဒေသခံများကို အကျိုးအမြတ် ခွဲဝေပေးနိုင်မည်မဟုတ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်တောအတန်းအစားလျှော့ချခြင်းနှင့် သစ်တောပြုန်းတီးမှုများကို လုပ်ဆောင်ခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချသည့် နည်းစနစ်ကို REDD နည်းပညာဟုခေါ်ဆိုသည်။ ရေိယာကျယ်ပြန့်သည့် သစ်တောရေိယာများကိုထိန်းသိမ်းရာတွင် ဌာနဆိုင်ရာတစ်ခုတည်းမဟုတ်ဘဲ ဒေသခံများပါ ပူးပေါင်းပါဝင်ရမည့် နည်းစနစ်တစ်ခုကို RE-DD တွင် ထည့်သွင်းထားသည်။

REDD နည်းလမ်းဖြင့် သစ်တောများ ထိန်းသိမ်းခြင်းကြောင့် ဒေသခံများက အကျိုးအမြတ်ခံစားခွင့်ရရှိမည်ဖြစ်သည်။ REDD နည်းစနစ်ဖြင့် သစ်တောများ ထိန်းသိမ်းပါက ကုလသမဂ္ဂ REDD အဖွဲ့က ကာဗွန်လျှော့ချခြင်း လုပ်ငန်းစဉ်အဖြစ် အလှူငွေများ ပံ့ပိုးကူညီသည့် အပြင်ကာဗွန်ထုတ်လုပ်နေသည့် နိုင်ငံများက သစ်တောထိန်းသိမ်းနေသည့် နိုင်ငံများမှ ကာဗွန်ရောင်းဝယ်မှုများပြုလုပ်ကြသည်။

“လက်ရှိကာဗွန်ရောင်းဝယ်တာက အလုပ်မဖြစ်တော့ အိမ်ထောင်စုတစ်ခုချင်းစီကို အကျိုးအမြတ်ခွဲဝေပေးနိုင်ဦးမယ်မဟုတ်ဘူး။ ဒါပေမဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုတော့ လုပ်ပေးဖို့ရှိတယ်”ဟု စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်ဦးက ပြောသည်။

REDD နည်းလမ်းဖြင့် သစ်တောအတန်းစားလျှော့ချခြင်းနှင့် သစ်တောပြုန်းတီးမှု ထိန်းချုပ်ပြီး ကာဗွန်လျှော့ချခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နော်ဝေးအစိုးရက မြန်မာနိုင်ငံကို ကူညီပံ့ပိုးမည်ဟုသတင်းရရှိသည်။ လက်ရှိတွင် REDD နည်းလမ်းကို အကောင်အထည်ဖော်ရာတွင်လှူဒါန်းငွေကိုသာ အားထားရမည်ဖြစ်ပြီး ကာဗွန်ရောင်းဝယ်ခြင်းလုပ်ငန်းမှာ လုပ်ဖြစ်မည်မဟုတ်ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ရရှိလာသည့် ငွေကြေးများ သစ်တောထိန်းသိမ်းမည့် ဒေသခံများကို အကျိုးခံစားခွင့် တိကျရေရာစွာ ဖော်ပြထားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် REDD လုပ်ဆောင်ရမည့် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်ကို ရေးဆွဲခဲ့ပြီး ဇွန်လတွင် ပြီးစီးခဲ့သည်။

## ရှမ်းပြည်နယ်မြောက်ပိုင်း လက်ဖက်စိုက်ခင်းများကြောင့် သစ်တောပြုန်းတီးမှုများ ပြန်လည်ထိန်းသိမ်းမည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဇွန် - ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့တွင် လက်ဖက်စိုက်ခင်းများကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်လျက်ရှိရာ သစ်တောများကို ပြန်လည်ထိန်းသိမ်းသွားမည်ဟု သတင်းရရှိသည်။

လက်ဖက်စိုက်တောင်သူများသည် စိုက်ပျိုးမြေအတွက် သစ်တောများကိုချဲ့ထွင် ခုတ်ယူခြင်းနှင့်ထင်းအဖြစ် အသုံးပြုမှုတို့ကြောင့် သစ်တောများ ပြုန်းတီးလာပြီး ယင်းအကျိုးဆက်အဖြစ် ရေထွက်ပင်ရင်းမှာလည်း လျော့နည်းလာကြောင်း ယခုနှစ်ဖေဖော်ဝါရီလက ယင်းဒေသတွင် လူမှုနှင့်စီးပွားရေးဆိုင်ရာ စစ်တမ်းကောက်ယူခဲ့သည် MMRDR မှ အထွေထွေမန်နေဂျာ ဦးသူရိန်က ပြောသည်။

“တောင်သူတွေကလက်ဖက်စိုက်ဖို့ တောတွေခုတ်တယ်။ ထင်းခုတ်တယ်။ ပြီးရင်ပြန်မစိုက်ကြဘူး။ ကြာတော့ သစ်တောတွေက ပြုန်းတီးလာတယ်။ အခုရေထွက်တွေ လျော့နည်းလာတယ်။ ဒီတိုင်းဆိုမလွယ်ဘူး”ဟုၚင်းကဆိုသည်။

ထိုသို့သစ်တောများပြုန်းတီးမှုကြောင့် လက်ဖက်စိုက်တောင်သူများကို သစ်ပင်များ ပြန်လည်စိုက်ပျိုးစေမည်ဟု ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌဦးထွန်းမြိုင်က ပြောသည်။

“ဇူလိုင်လကစလို့တောင်သူတွေက သစ်ပင်တွေပြန်စိုက်သွားမယ်။ တောင်ပေါ်မှာသစ်ခုတ်တာတွေများတော့ ရေလျော့တာတွေ၊ ရေရှားတာတွေဖြစ်လာတယ်”ဟု ဦးထွန်းမြိုင်က ပြောသည်။

ထို့အပြင် လက်ဖက်စိုက်ပျိုးရာတွင် မြေယာပြုပြင်မှုများကြောင့် အပေါ်ယံမြေဆီလွှာများ ဆုံးရှုံးခြင်းများလည်းကြုံတွေ့နေရကြောင်းဦးသူရိန်ကပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်ရှိနမ့်ဆန်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၃၃၇ ပေ မြင့်မားပြီး သစ်ရာ၊ တောင်သမား ချယ်ရီ၊ ထင်းရှူး၊ မက်မန်း ပန်သီးရိုင်းတို့ ပေါက်ရောက်လျက်ရှိသည်။

## အလယ်ပိုင်းဒေသများ မိုးရေရရှိမှု ခက်ခဲလာမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၂၉**

မိုးရာသီတွင် မုတ်သုံမိုးဝင်ရောက်မှုရက်ပေါင်း ၄၀ ပျောက်ဆုံးခြင်းနှင့် မုတ်သုံမုန်တိုင်းဖြစ်ပွားမှုလျော့နည်းလာခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးရေနှင့် ရေချိုရရှိရန် ခက်ခဲလာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာ ထွန်းလွင်က ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းကို မုတ်သုံလေဝင်ရောက်မှုအကြောင်းရင်းနှစ်ခုရှိပြီး မိုးတွင်း ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်ပါက မိုးရေရရှိနိုင်သလို တောင်တရုတ် ပင်လယ်တွင်မုန်တိုင်းဖြစ်ပေါ်ပါကဗီယက်နမ်နိုင်ငံမှ ဖြတ်သန်းပြီး မိုးရေရရှိနိုင်မည်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးရေရရှိမှု တစ်နှစ်ထက် တစ်နှစ် ခက်ခဲလာခြင်းမှာ မုတ်သုံမိုးဝင်ရောက်မှုသည် ယခင်က ရက်ပေါင်း ၁၄၅ ရက်ကြာရှည်ရာမှ ၁၀၅ ရက်သို့ နောက်ဆုတ်လာခြင်း၊ မိုးတွင်းကာတွင် မုတ်သုံမုန်တိုင်း ဖြစ်ပေါ်မှုတို့ကြောင့်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောသည်။

“မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ဦးမယ်။ ရေရှိတာလည်းတဖြည်းဖြည်းခက်ခဲလာမယ်။ ရေရရှိရေးကို အစိုးရကပြင်ဆင်ထားသင့်တယ်”ဟုဦးထွန်းလွင်က ဆိုသည်။

ရာသီဥတုပြောင်းလဲခြင်းကို ထိခိုက်ခံစားရမှု အများဆုံးကြုံတွေ့ရသည့် ဆယ်နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံက ဒုတိယဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မကြာမီကထုတ်ပြန်လိုက်သော မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရာတွင် ရင်ဆိုင်ရမည့် အခွင့်အရေးနှင့် စိန်ခေါ်မှုများ စာတမ်းတွင် ဖော်ပြထားသည်။

ယခင်နှစ်မိုးရာသီတွင်မိုးရေရရှိမှုလျော့နည်းခြင်းကြောင့် ယခုနှစ်နွေရာသီတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့်တောင်တန်းဒေသများပါ ရေများခန်းခြောက်လာကာ ရေချိုရရှိမှုလည်း ခက်ခဲလာသည်။ ရေချိုရရှိမှု ခက်ခဲမှုကြောင့် အစိုးရဌာနဆိုင်ရာများနှင့်တစ်နိုင်တစ်ပိုင်လူထုအခြေပြုအဖွဲ့အစည်းများပါ ရေလှူဒါန်းမှုများ ပြုလုပ်မှုများပြားလာသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း ကွန်ဗင်းရှင်းအဖွဲ့၏ ထောင်စုနှစ်အစီရင်ခံစာတွင် ၂၁၀၀ ပြည့်နှစ်တွင် အခြားနိုင်ငံများသည် အပူချိန် လေးဒီဂရီစင်တီဂရိတ်တက်ပြီး မြန်မာနိုင်ငံမှ ငါးဒီဂရီ စင်တီဂရိတ်တက်မည်ဟု ခန့်မှန်းချက်ထုတ်ပြန်ထားသည်။ မြန်မာတစ်နိုင်ငံလုံး၏ တစ်နှစ်အတွင်း ပျမ်းမျှအပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်ရှိပြီး ယင်းအပူချိန်ကိုထပ်တက်လာမည့် ၅ ဒီဂရီစင်တီဂရိတ်နှင့် ပေါင်းပါက ၄၃ ဒီဂရီစင်တီဂရိတ်သို့ ၂၁၀၀ ပြည့်နှစ်တွင် ရောက်ရှိမည်ဖြစ်သည်။







Tourism
7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013



နေပြည်တော်ရာဇသင်္ဂဟရှိ သပြေကုန်း အဝိုင်း

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

# မိုးကာလဖြစ်သော်လည်း နေပြည်တော်သို့ လည်ပတ်သူများဆဲ

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၂၉**

မိုးတွင်းကာလဖြစ်သော်လည်း နေပြည်တော်သို့သွားရောက်လေ့လာလည်ပတ်သော ခရီးသွားဧည့်သည်ဦးရေ လျော့နည်းသွားခြင်းမရှိဟု ဧည့်လမ်းညွှန်များထံမှ စုံစမ်း သိရသည်။

"မိုးတွင်းကာလဖြစ်ပေမယ့် နေပြည်တော်ခရီးစဉ်က လျော့မသွားဘူး။ အခုဆို နေပြည်တော်ကို လေ့လာဖို့သွားတဲ့ ခရီးသည်တွေရော၊ အလုပ်ကိစ္စနဲ့လာကြတဲ့ သူတွေရော အများကြီးပဲ" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ အတွင်းရေးမှူးတစ်ဦးက ပြောသည်။ နေပြည်တော်သို့နိုင်ငံခြားသားခရီးသွား တရားဝင်လည်ပတ်နိုင်ရန် ပြီးခဲ့သော နှစ်ကုန်ပိုင်းက စတင်ခွင့်ပြုခဲ့ပြီး လက်ရှိအချိန်အထိ ဧည့်သည်အဝင် မပြတ်ဘဲ တိုးလာသည်ဟုဧည့်လမ်းညွှန်များထံမှ သိရသည်။

"နေပြည်တော်မှာ လည်စရာ၊ ပတ်စရာ သိပ်မရှိဘူး။ ဒါပေမဲ့ ဝန်ကြီးဌာန ရုံးစိုက်ရာဖြစ်တယ်၊ လွှတ်တော်ရှိတယ်။ ဒါကြောင့်နိုင်ငံခြားသား အများစုက လေ့လာချင်ကြတယ်။ သီးသန့်ကိုသွားချင်ကြတဲ့ဧည့်သည်တွေရှိတယ်။ အများစုကဥရောပသားတွေများတယ်"ဟု ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

လက်ရှိတွင် ခရီးသွားရာသီကုန်ဆုံးချိန် ဖြစ်သော်လည်း နေပြည်တော်ခရီးစဉ်မှာ ရောင်းချနေရကြောင်း၊ နေပြည်တော်သို့ စိတ်ဝင်စားသော ဧည့်သည်ပိုမိုများလာသည်ဟု ခရီးသွားလုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

# ဒေသဆိုင်ရာဧည့်လမ်းညွှန်ကတ်များကို အရောင်ဖြင့် ခွဲခြားသတ်မှတ်

**နိုင်ချို**

**ရန်ကုန်၊ ဇွန်- ၂၉**

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များကို ဒေသအလိုက်အရောင်များခွဲ၍ ဧည့်လမ်းညွှန်မှတ်ပုံတင်ကတ်ထုတ်ပေးပြီး သက်ဆိုင်ရာ ဒေသတွင်သာ ဧည့်လမ်းညွှန်လုပ်ရမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်

"အရင်ဆုံးဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းကို အရင်တက်ရမှာပါ။ ပြီးရင် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနကနေဒေသအလိုက် အရောင်ခွဲပြီး မှတ်ပုံတင်ကတ် ထုတ်ပေးမှာပါ။ ဒေသအလိုက် ဧည့်လမ်းညွှန်ကတ်က နယ်ကျော်ပြီး ဧည့်လမ်းညွှန်လုပ်ခွင့်မရှိဘူး"ဟု ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဒေသအတွင်းဧည့်လမ်းညွှန်မှတ်ပုံတင်ကတ်ကို ရန်ကုန်ကို အစိမ်းရောင်၊ ပုဂံနှင့်မန္တလေးကို အနီရောင်၊ ရခိုင်ကို အဝါရောင်၊ ကော့သောင်းအပြာရင့်ရောင်၊ တောင်ကြီးကို မိုးပြာရောင်၊ ကျိုင်းတုံနှင့် တာချီလိတ်ကိုလိမ္မော်ရောင်များ သတ်မှတ်ပေးထားသည်။


"ဒေသဆိုင်ရာဧည့်လမ်းညွှန်ကတစ်နိုင်ငံလုံးလိုက်လို့မရဘူး။ သူတို့သတ်မှတ်ထားတဲ့အရောင်ရှိတဲ့နေရာမှာပဲဂိုက်လုပ်လို့ရတယ်။ Regional Guide သက်တမ်း ၂ နှစ် ရှိရင်တော့ ဧည့်လမ်းညွှန်လိုင်စင်ရဖို့ စာမေးပွဲဝင်ဖြေနိုင်တယ်" ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ အတွင်းရေးမှူးကပြောသည်။

ဒေသဆိုင်ရာဧည့်လမ်းညွှန်များမှာ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (Regional Guide) သင်တန်းတက်ရောက်ပြီးမှသာ မှတ်ပုံတင်ကတ်ရမည်ဖြစ်သည်။

ယခုလက်ရှိတွင်ပုဂံ၊မန္တလေး၊တောင်ကြီး၊စစ်တွေတို့၌ ဖွင့်လှစ်ထားပြီးပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ သတင်း ရရှိသည်။

ယခုနောက်ပိုင်းမြန်မာနိုင်ငံသို့ကမ္ဘာလှည့်ခရီးသွားများလာပြီး လိုင်စင်ရဧည့် လမ်းညွှန်မလုံလောက်မှုများကြောင့် ဒေသ အလိုက်ဒေသဆိုင်ရာဧည့်လမ်းညွှန်များထားရှိရန် စီစဉ်နေခြင်းဖြစ်သည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ တရားဝင်လိုင်စင်ရဧည့်လမ်းညွှန် ဦးရေ၃,၅၀၀ ကျော်သာရှိသည်။


















CPI












7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ဥရောပရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမင်းကြီး မစ္စကွန်နီဟတ်ဒီဂတ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



ကမ္ဘာကြီးဟာ စက်မှုတိုးတက်လာမှုနဲ့အတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုပြဿနာတွေကိုလည်း ရင်ဆိုင်နေရပါတယ်။ ဥရောပတိုက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာဗွန်ရောင်းဝယ်မှုစနစ်ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြပေမယ့် အခုအခါ ဒီစနစ်ဟာ နိုင်ငံရေးသမားတွေဘက်က စီးပွားရေးတိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စွန့်ပစ်ခဲ့တာကြောင့် တကယ့်လက်တွေ့မှာ ပြိုလဲသွားခဲ့ရပါပြီ။ ဒါကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ ဒီတစ်ပတ်မှာတော့ ဥရောပရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသူ ကွန်နီဟတ်ဒီဂတ်ကို ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေးအကြောင်း၊ ဘာကြောင့်ဒီကိစ္စဟာ အလွန်အရေးကြီးတဲ့ အရာတစ်ခုအဖြစ် တည်ရှိနေရတဲ့ အကြောင်းတွေကို ဆွေးနွေးမေးမြန်းဖြစ်ခဲ့ပါတယ်။

မစ္စကွန်နီဟတ်ဒီဂတ်ဟာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးယူဆောင်ရွက်ရေး ဥရောပမဟာမင်းကြီး European Commissioner for Climate Action အဖြစ် ၂၀၁၀ ပြည့်နှစ်ကစလို့ အမှုထမ်းခဲ့ပြီး ၂၀၀၄ ကနေ ၂၀၀၇ ခုနှစ်အထိ ဒိန်းမတ်သဘာဝ ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်ရေးရာဝန်ကြီးအဖြစ် လည်းကောင်း အမှုထမ်းခဲ့သူဖြစ်ပါတယ်။

**ကော်မရှင်နာမင်းကြီး ဟတ်ဒီဂတ်ခင်ဗျား။ ဖန်လုံအိမ်အာနိသင်ထိခိုက်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ မက်ထရစ်တစ်တန်ထုတ်လွှတ်မှုအတွက် ဓာတ်ငွေ့ထုတ်လွှတ်မှု လျော်ကြေးလက်မှတ်တစ်စောင်ဟာ ယနေ့အခါမှာ ဘယ်လောက်များ ရှိနေပါပြီလဲ။ (မှတ်ချက်- ကာဗွန်ကုန်သွယ်ရေးစနစ်ဆိုသည်မှာ စနစ်ကို လိုက်နာထားသည့် နိုင်ငံတစ်နိုင်ငံ အနေဖြင့် သတ်မှတ်ကန့်သတ် ဓာတ်ငွေ့ ပမာဏ တန်ချိန်အလိုက် ထုတ်လွှတ်မှုများကို လျော်ကြေးပေးရန် သတ်မှတ်ထားသည့် စနစ်ကိုဆိုလိုသည်။)**

ယူရိုသုံးဒေါ်လာနဲ့ လေးဒေါ်လာလောက် ကြားဖြစ်မလားပဲ။

**ဒါမှန်သလောက်နီးနီးပါပဲ။ အခုဆို မက်ထရစ်တစ်တန်ကို ဈေးက ယူရို ၄ ဒသမ ၃၀ ဒေါ်လာလောက်ရှိနေပါပြီ။ ဘယ်နည်းနဲ့မဆို စက်မှုလုပ်ငန်းလောကကို ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချဖို့ မက်လုံးပေးတာဟာ နည်းလွန်းနေပါသေးတယ်။ လူကြီးမင်းက ဒီလိုရောင်းဝယ်လို့ရတဲ့ လျော်ကြေးလက်မှတ်တွေ အရေအတွက်ကိုလျှော့ချချင်ခဲ့တယ်။ ဒါပေမဲ့ ဥရောပပါလီမန်ထဲမှာ လူကြီးမင်းရဲ့ကြိုးစားအားထုတ်မှုက ဆုံးရှုံးခဲ့ရတယ်။ အခုဆို လူကြီးမင်းအနေနဲ့ ဘာလုပ်ဖို့ စဉ်းစားထားပါသေးလဲ။**

ပါလီမန်ဟာ ကျွန်မရဲ့ရက်ရွှေ့ဆိုင်းရေး စီမံကိန်းကို ပယ်ချခဲ့ပေမယ့်လည်း သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီကတော့ ပါလီမန်ဟာ ဒါကို တစ်ခါထပ်မဲပေးဖို့ ဇူလိုင် ၃ ရက်မှာ လုပ်မယ့်အကြောင်းညှိနှိုင်းချက်ကိုအတည်ပြုပေးခဲ့ပါတယ်။ စီမံကိန်းဖြစ်လာမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဒီထက်ပိုတာက ယာယီလျှော့ချခြင်းကိစ္စဟာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဓာတ်ငွေ့ဈေးနှုန်းသတ်မှတ်မှုတွေကို ဖြတ်တောက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ကော်မရှင်ဟာ အခုဆိုရင် ၂၀၃၀ အတွက် ရည်မှန်းချက်အသစ်တွေနဲ့ ဖွဲ့စည်းပုံအပြောင်းအလဲအတွက် နောက်ထပ်အဆိုပြုချက်တွေကိုမွမ်းမံပြင်ဆင်နေပါတယ်။

**ဒါဟာ တစ်နည်းနည်းနဲ့ ပျက်စီးနိုင်တဲ့ အရာတစ်ခုအတွက် အလုပ်တွေ အများကြီးလုပ်ပြီး အချိန်တွေဖြုန်းနေတာမျိုး ဖြစ်မနေဘူးလား။**

ဓာတ်ငွေ့ထုတ်လွှတ်ခွင့်ရောင်းဝယ်ခြင်းကိစ္စကတော့ ပျက်သွားမှာမဟုတ်ပါဘူး။ သူ့ရှိသင့်သလောက်ရှိမနေဘဲ အခြားလောင်စာ အသုံးပြုမှုဖြေရှင်းချက်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ မက်လုံးတွေလည်း မဖန်တီးနိုင်ဘူးပေါ့။ ဒါပေမဲ့ ကျွန်မတို့ဟာ ဥရောပမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ဘာပဲဖြစ်ဖြစ် လျှော့ချနေတာပါပဲ။

**ဒါပေမဲ့ ဒီကိစ္စက စက်မှုလုပ်ငန်းလောကကို နည်းနည်းသာ ထုတ်လုပ်တော့ဖို့ တွန်းအားပေးနေတဲ့ အချက်နဲ့ ပတ်သက်နေတယ်မဟုတ်လား။ တစ်ချိန်တည်းမှာပဲ ဥရောပမှာ စွမ်းအင်တင်ပို့တဲ့ ကုမ္ပဏီတွေဟာ သူတို့ရဲ့ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံတွေကို ပြန်လည်ပတ်နေပြီမဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဈေးနှုန်းသတ်မှတ်ချက်က ယူရိုငါးဒေါ်လာအောက်ရှိနေတော့ ဓာတ်ငွေ့စွမ်းအင်စက်ရုံသစ်တွေကို တည်ဆောက်တာထက် ပိုဈေးသက်သာနေတယ် မဟုတ်လား။**

ဟုတ်ပါတယ်။ ဒါကြောင့်ပဲ ကျွန်မတို့ဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျှော့ချရေး နည်းသစ်တွေမှာ ရင်းနှီးမြှုပ်နှံကြခြင်းအတွက် မက်လုံးသစ်တွေ ဖန်တီးပေးနေချင်တာပါ။ ဥရောပမှာ စီးပွားရေးအကျပ်အတည်း ကျွန်မတို့ကြုံနေရသလို ကုမ္ပဏီတော်တော်များများလည်း ရုန်းကန်နေကြရတာပါ။ ဒါပေမဲ့ ကျွန်မတို့ဓာတ်ငွေ့ထုတ်လွှတ်မှု အရောင်းအဝယ်ကို ပယ်ဖျက်လိုက်ရင် အီးယူနိုင်ငံတွေက သူတို့ကိုယ်ပိုင်စနစ်တွေကိုလုပ်လာပါလိမ့်မယ်။ ဒါဆို တစ်နိုင်ငံစနစ်တစ်ခုနဲ့ ၂၇ မျိုး၊ ၂၈ မျိုးလောက် ဖြစ်သွားပါလိမ့်မယ်။

**အီးယူဟာ တရုတ်က နေစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီတွေကို ဒဏ်ငွေအခွန် ကောက်ခံမယ်လို့ ပြင်ဆင်နေပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးကိစ္စတွေမှာ တရုတ်ဘက်က ကျွန်တော်တို့ကို အဲဒီလို ဈေးသက်သာတဲ့ နေစွမ်းအင်ထုတ်လုပ်ရေးအတွက် အခွင့်အလမ်းပေးတာကို မပျော်ရွှင်သင့်ဘူးလား။**

မဟုတ်ပါဘူး။ ဒီကိစ္စက ကုန်ပစ္စည်းကောင်းတစ်ခု (သို့မဟုတ်) အညံ့တစ်ခုကို ဒီမှာ ဈေးပေါပေါနဲ့ ရောင်းသင့်၊ မသင့် ကိစ္စမဟုတ်ပါဘူး။ ကိစ္စက ဥရောပမှာရှိတဲ့ ကျွန်မတို့ဟာ တရုတ်ဘက်က ဒီလို လျှော့ဈေးတွေနဲ့ လာရောင်းတာကို လက်ခံသင့်လား၊ မသင့်ဘူးလားဆိုတဲ့ ပြဿနာပါ။ ဒါမျိုးကိုတော့ ဆိုလာပြားတွေ လာရောင်းတာပဲဖြစ်ဖြစ်၊ ရှူးဖိနပ်တွေလာရောင်းတဲ့ ကိစ္စမှာပဲဖြစ်ဖြစ် ကျွန်မတို့တားဆီးကာကွယ်သွားရမှာပါ။

**ဂျာမနီမှာ စွမ်းအင်ဆိုင်ရာမူဝါဒတွေအကြောင်းကိုလည်း မေးချင်ပါတယ်။ ဖူကူရှီးမားမှာ နျူစက်ရုံလောင်စာယိုစိမ့်မှုဖြစ်ပွားပြီးတဲ့နောက် အဓိပတိ အိန်ဂျလာမာကယ်ဟာ စွမ်းအင်ပြောင်းလဲသုံးစွဲရေးကို လုပ်ဆောင်ခဲ့ပြီး နျူစွမ်းအင်ကို အားထားသုံးစွဲနေရာကနေ သန့်ရှင်းတဲ့စွမ်းအင်ရရှိရေးဘက်ကို ပြောင်းလဲလာနေပါပြီ။**

ဒီကိစ္စကို သေချာပြောဖို့ အသေးစိတ်အချက်တစ်ခုချင်းကိုတော့ ကျွန်မ မသိပါဘူး။ ဒါပေမဲ့ တစ်နိုင်ငံလုံးအတွက် ပြည့်စုံတဲ့ စွမ်းအင်စီမံကိန်းချမှတ်ရေး၊ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်တွေကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးတို့ဟာ ဥရောပအတွက် အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတွေပါ။

**လူကြီးမင်းရဲ့ အဆိုပြုချက်ဥပဒေမူကြမ်းတွေ တစ်ခုချင်းနဲ့အတူ စွမ်းအင်ထုတ်လုပ်ရေးလောကဟာ သတ်မှတ်ထားတဲ့ လိုအပ်ချက်တွေကို ဘယ်လိုပယ်ချဖို့ ကြိုးစားခဲ့တယ်ဆိုတာ ခံစားခဲ့ရပြီးပြီပေါ့။ အစိုးရတွေကလည်း သူတို့ပြည်တွင်းကုမ္ပဏီတွေရဲ့ အကျိုးစီးပွားတွေကိုပဲ ကြည့်တာဆိုတော့လေ။ မကြာမီက ဒိုဟာနဲ့ ကိုပင်ဟေဂင်မှာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွေမှာလည်း သဘောတူညီချက်တွေရဖို့ ပျက်ကွက်ခဲ့တယ်။ အရာရာကို လုပ်ဆောင်ရတာ သိပ်ကြာနေတာကို လူကြီးမင်း စိတ်ပျက်မိပါသလား။**

ရာသီဥတုပြောင်းလဲရေးဆိုင်ရာ မူဝါဒတွေဟာ အရင်ကထက်ပိုအရေးကြီးလာနေပါတယ်။ (ဂျာမနီအရှေ့ပိုင်း) ဆက်ဆွန်နီအန်ဟော့တ်က လူတွေကို မေးကြည့်လိုက်ပါလား။ သူတို့က ရေကြီးမှုတွေ ပြီးသွားပြီးနောက်ပိုင်းမှ အိမ်ပြန်နိုင်ခဲ့တဲ့သူတွေလေ။ သူတို့က အခုတော့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ဆိုတာ ဘာလဲဆိုတာကို သဘောပေါက်လာပြီ။ ဥရောပအတွက်က သေချာလုပ်ရမယ့် ရာသီဥတုကာကွယ်ရေး ရည်မှန်းချက်တွေဆိုတာက ၂၁ ရာစုထဲမှာ စိန်ခေါ်မှုတွေအတွက် ပြင်ဆင်ထားနိုင်ဖို့ပါ။ အခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် စွမ်းအင်နဲ့ကုန်ကြမ်းတွေကို အထိရောက်ဆုံး အကျိုးရှိရှိသုံးနိုင်တဲ့ ကုမ္ပဏီတွေကသာ ဆက်ပြီးကြီးပွားတိုးတက်နိုင်ပါလိမ့်မယ်။

*—Ref: EU Commissioner 'People Now Realize What Climate Change Means' 26th June. Spiegel*

7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

Leader's Profile

## ပေါ်တူဂီသမ္မတ

# ကာဗာကိုဆေးလ်ဗား

ရဲမင်း



မစ္စတာ အာနီဗယ်ကာဗာကို ဆေးလ်ဗားသည်ပေါ်တူဂီနိုင်ငံ၏ ၁၉ ယောက်မြောက်နှင့် လက်ရှိ တာဝန်ထမ်းဆောင်နေသော သမ္မတဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲတွင် နိုင်ငံ၏ သမ္မတဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင်ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ ယင်းမတိုင်မီတွင် ၁၉၈၅ မှ ၁၉၉၅ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် သက်တမ်းနှစ်ကြိမ် တာဝန်ယူခဲ့သည်။

ကာဗာကို ဆေးလ်ဗားကို ၁၉၃၉ ခုနှစ်၊ ဇူလိုင် ၁၅ ရက်တွင် ဘိုလီကီမီဒေသ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ကျောင်းသားဘဝတွင် ထူးချွန်သော ကျောင်းသားမဟုတ်ဘဲ အသက် (၁၃) နှစ်သားအရွယ်၌ ကျောင်းမှ ထုတ်ပယ်ခံရ၍ ၎င်း၏အဘိုးဖြစ်သူက ပြစ်ဒဏ်အဖြစ် လယ်ယာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခိုင်းခဲ့သည်။ နောက်ပိုင်းတွင်မှ ကာဗာကိုသည် စာတော်သော ကျောင်းသားဖြစ်လာခဲ့ပြီး လစ်စဘွန်းမြို့စီးပွားရေးအင်စတီကျုဒ်မှ စာရင်းကိုင်ဘွဲ့ ရရှိခဲ့သည်။ လစ်စဘွန်းနည်းပညာတက္ကသိုလ်၌လည်း တက်ရောက်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် စီးပွားရေးပညာနှင့် ဘဏ္ဍာရေးဘွဲ့ကို ထူးထူးချွန်ချွန်ပြီးမြောက်ခဲ့သည်။ ယင်းနောက် မဖြစ်မနေထမ်းဆောင်ရသော စစ်ရေးတာဝန် ၂ နှစ်ကို ပေါ်တူဂီပိုင် မိုဇမ်ဘစ်(နိုင်ငံ) ဒေသတွင် သွားရောက်ထမ်းဆောင်ရသည်။

ကာဗာကိုသည် ၁၉၆၆ ခုနှစ်တွင် လစ်စဘွန်း စီးပွားရေးပညာအင်စတီကျုဒ်၌ လက်ထောက်ကထိကအဖြစ်စတင်တာဝန်ထမ်းဆောင်ပြီး နောက်ပိုင်းတွင် အင်္ဂလန်နိုင်ငံ ယောက်တက္ကသိုလ်၌ သွားရောက်တက်ရောက်ခဲ့၍ ၁၉၇၃ ခုနှစ်တွင် စီးပွားရေးပညာဒေါက်တာဘွဲ့ ရရှိခဲ့သည်။

ယင်းနောက်ပိုင်း ပေါ်တူဂီတက္ကသိုလ်များ၌ လက်ထောက်ပါမောက္ခ၊ ပါမောက္ခများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ ကာဗာကိုဆေးလ်ဗားသည် ၁၉၇၄ ခုနှစ်တွင် ပါတီနိုင်ငံရေး၌ ပါဝင်လာပြီး ၁၉၈၀ ပြည့်နှစ်တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ပါမောက္ခအဖြစ်လည်း မစ္စတာကာဗာကိုသည်စီးပွားရေးပညာဆိုင်ရာ စာအုပ်စာတမ်းများစွာ ရေးသားခဲ့သည်။

၁၉၈၅ ခုနှစ် နိုဝင်ဘာတွင်မှ မစ္စတာကာဗာကိုသည် ပေါ်တူဂီဆိုရှယ်ဒီမိုကရက်ပါတီ (PSD) ကို ကိုယ်စားပြုပြီး ရွေးကောက်ပွဲအနိုင်ရရှိကာ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ မစ္စတာကာဗာကိုသည် ၎င်း၏ဝန်ကြီးချုပ်သက်တမ်းနှစ်ကြိမ်အတွင်း ပေါ်တူဂီနိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးကို တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း ၁၉၉၃ ခုနှစ်ဥရောပစီးပွားရေး အကျပ်အတည်းကြောင့် ၎င်းအပေါ် လူကြိုက်များမှုလျော့နည်းလာခြင်းနှင့် သက်တမ်းရှည် အစိုးရကို နိုင်ငံက သံသယရှိခြင်းများကြောင့် ၁၉၉၅ ခုနှစ် ဝန်ကြီးချုပ်နေရာအတွက် မယှဉ်ပြိုင်ခဲ့ပေ။

မစ္စတာကာဗာကိုသည် ၁၉၉၆ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲဝင်ခဲ့သော်လည်း လစ်စဘွန်းမြို့တော်ဝန်ဂျော့ချ် ဆမ်ပီယိုကို ရှုံးနိမ့်ခဲ့သည်။ နိုင်ငံရေးမှ အနားယူနေစဉ် မစ္စတာ ကာဗာကိုသည် ပေါ်တူဂီ ဗဟိုဘဏ်အကြံပေးဘုတ်အဖွဲ့တွင် ပါဝင်လုပ်ကိုင်ရင်း ပေါ်တူဂီ ကက်သလစ်တက္ကသိုလ်၌ စီးပွားရေးပါမောက္ခအဖြစ် MBA သင်တန်းသားများကို သင်ကြားပို့ချသည်။

၂၀၀၆ ခုနှစ်တွင်မှ မစ္စတာ ကာဗာကိုသည် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ခဲ့ပြီး ထောက်ခံမဲ ၅၀ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ပထမအကျော့မှာပင် အနိုင်ရကာ သမ္မတဖြစ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်လည်း ဒုတိယအကြိမ်ထပ်မံရွေးကောက်ခံရသော ပေါ်တူဂီသမ္မတသည် ၁၉၆၄ ခုနှစ်တွင် လက်ထပ်ခဲ့သော ဇနီးသည်နှင့် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*

# အင်္ဂါဂြိုဟ်တွင် စူးစမ်းရေး စက်ရုပ်ယာဉ်တစ်မျိုး ချီလီနိုင်ငံကန္တာရတွင် နာဆာစမ်းသပ်

**ဆန်တီယာဂို၊ ဇွန်-၂၉**

အမေရိကန်နိုင်ငံ အာကာသအေဂျင်စီက ၂၀၂၀ ပြည့်နှစ်တွင် အင်္ဂါဂြိုဟ်သို့စေလွှတ်နိုင်ရန် မျှော်လင့်ထားသည့် စူးစမ်းရှာဖွေရေး စက်ရုပ်ယာဉ်တစ်စီးကို ချီလီနိုင်ငံ အတာကာမာ ကန္တာရတွင် စမ်းသပ်နေကြောင်း နာဆာအဖွဲ့မှ သိပ္ပံပညာရှင်များက ဇွန်လ ၂၈ ရက်တွင် ပြောသည်။

ယင်း စူးစမ်းရှာဖွေရေးစက် ရုပ်ယာဉ်ကို အင်္ဂါဂြိုဟ်တွင် သက်ရှိများ ရှိနိုင်သောနေရာကို ရှာဖွေရာတွင် အသုံးပြုရန် နာဆာက မျှော်လင့်ထားပြီး ပြီးခဲ့သည့်ဩဂုတ်လမှစ၍ အင်္ဂါဂြိုဟ်တွင် စက်ရုပ်ယာဉ်အသုံးပြု၍ နာဆာက သက်ရှိလက္ခဏာများ ရှာဖွေခဲ့ကြောင်း သိရသည်။

စက်ရုပ်ယာဉ် စမ်းသပ်နေသည့် ချီလီနိုင်ငံ သဲကန္တာရသည် ကမ္ဘာမြေပေါ်တွင် အခြောက်သွေ့ဆုံး နေရာဖြစ်ပြီး အင်္ဂါဂြိုဟ်ပေါ်မှ အခြေအနေများနှင့် ဆင်တူသောကြောင့် နာဆာအနေဖြင့် ယခင်ကလည်း အာကာသတွင် အသုံးပြုမည့် ကိရိယာများကို ယင်းနေရာတွင် စမ်းသပ်ခဲ့ကြောင်း သိရသည်။



ERNESTO BENAVIDES/AFP

*ဇိုးဟုခေါ်သည့် နာဆာမှ ရိုဘော့ကို အန်တိုဖာဂါစတာဒေသရှိ မီတာ ၂၃ဂဂ ခန့်မြင့်သော ဒိုမီကိုတောင်ကြောအနီး ဘတ်တာကာမာ သဲကန္တာရတွင် တွေ့ရပုံ။ ဇိုး ရိုဘော့ယာဉ်သည် ၂ဂ၂ဂ တွင် အင်္ဂါဂြိုဟ်လေ့လာရေးကို စတင်နိုင်ရန် စမ်းသပ်လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။*

အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ထားသော စက်ရုပ်ယာဉ်ကို ဇွန်လ ၃၀ ရက်အထိ စမ်းသပ်မည်ဖြစ်သည်။ နေစွမ်းအင်သုံး အလေးချိန် ၇၇၁ ကီလိုဂရမ်ရှိ စက်ရုပ်တွင် ကင်မရာများပါရှိပြီး အနက်ပေတစ်မီတာအထိ တူးနိုင်သည့် လွန်သွားတစ်ချောင်း ပါရှိသည်။

ယခုစမ်းသပ်ခြင်းမှာ ယင်းစက်ရုပ်ယာဉ်၏ အာရုံခံအစိတ်အပိုင်းများ၊ ကင်မရာများနှင့် စွမ်းအင်သိုလှောင်မှုစွမ်းရည်ကို စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

*—Ref:AFP*

# ဂျာမနီရေတပ်သား ခြောက်ဦးကို ပုန်ကန်မှုဖြင့်တရားစွဲ

**ဘာလင်၊ ဇွန်-၂၉**

ဂျာမနီနိုင်ငံ ရေတပ်မှ တပ်ဖွဲ့ဝင် ခြောက်ဦးကို ၎င်းတို့၏ အရာရှိတစ်ဦး သင်္ဘောပေါ်တွင် ဖမ်းဆီးတုပ်နှောင်ခဲ့မှုဖြင့် တရားစွဲဆိုလိုက်ပြီး ယင်းမှာ ဂျာမနီရေတပ်တွင် ပထမဆုံးသောတပ်တွင်းပုန်ကန်မှုဖြစ်ကြောင်း အာဏာပိုင်များက ဇွန်လ ၂၈ ရက်တွင် ပြောသည်။

ဂျာမနီနိုင်ငံ ရေတပ်သား ခြောက်ဦးသည်၎င်းတို့၏ အထက်အရာရှိတစ်ဦးကို သင်္ဘောခန်းထဲမှ ဆွဲထုတ်ကာ စားပွဲတစ်ခု၌ တိပ်များဖြင့် ချည်နှောင်ပြီး ဉာဏ်ထိုင်းတဲ့သူဒီမှာနေဆိုသည့် စာတန်းကို ၎င်း၏ဒူးအောက်ပိုင်းတွင်ရေးသားထားခဲ့ကြောင်း ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ရော့စ်တော့မြို့မှ အစိုးရရှေ့နေက ပြောသည်။ ယင်းအဖြစ်အပျက်မှာ ဖေဖော်ဝါရီလအတွင်း လက်ဘနွန်နိုင်ငံမြို့ တော်ဘေရွတ်၌ ရောက်ရှိနေသည့် ရေယာဉ် 'ဟာမယ်လင်' ပေါ်တွင်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖမ်းဆီးတုပ်နှောင်ခံရသည့် အရာရှိမှာ ထိုင်းလူမျိုးနွယ်ဖွားဖြစ်ကြောင်း သို့သော် လက်အောက်ငယ်သား ခြောက်ဦးက ယင်းကဲ့သို့ ဖမ်းဆီးတုပ်နှောင်ခဲ့ခြင်းမှာ လူမျိုးရေးခွဲခြားလှုံ့ဆော်မှုမျိုးဖြစ်ပုံမရကြောင်း သိရသည်။ ယင်းအရာရှိသည် အရာရှိမဟုတ်သော သာမန်သင်္ဘောဝန်ထမ်းများကို ဉာဏ်ထိုင်းသူဆိုသည့် အသုံးအနှုန်းသုံးစွဲခဲ့ဖူးသည်။ သာမန်သင်္ဘောသားများက ၎င်းကို သင်ခန်းစာပေးလိုက်ကြခြင်းဖြစ်သည်ဟု အစိုးရရှေ့နေ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ယင်းတရားစွဲဆိုခြင်းမှာ ဂျာမနီရေတပ်တွင် ပထမဆုံးသောတပ်တွင်းပုန်ကန်မှုအတွက် တရားစွဲဆိုခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ ယင်းပြစ်မှုကျူးလွန်သူ ခြောက်ဦးကို ရိုက်နှက်မှုနှင့် လူတစ်ဦး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုပိတ်ပင်မှုများဖြင့် တရားစွဲဆိုထားကြောင်း အစိုးရရှေ့နေရုံးက ပြောသည်။

ပုန်ကန်မှုပြစ်ဒဏ်တစ်ခုတည်းအတွက်ပင် ၎င်းတို့သည် ထောင်ဒဏ်ခြောက်လမှငါးနှစ်အထိ ကျခံရနိုင်ကြောင်း သိရသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ပါလီမန်ရုံးခန်းတွင် ဖိလစ်ပိုင်အမတ်တစ်ဦး ကိုယ့်ကိုယ်ကိုယ် သေနတ်ဖြင့်ပစ်၍ သေကြောင်းကြံ

**မနီလာ၊ဇွန် - ၂၉**

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည်နိုင်ငံတော်ပါလီမန်ထဲတွင် အမတ်တစ်ဦးက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံ၍ သေနတ်ဖြင့် ပစ်ခဲ့မှုကို စုံစမ်းစစ်ဆေးနေသည်။

ဘင်ဂျိဘင်နယ်လ်ဒိုဟုခေါ်သည့် အဆိုပါနိုင်ငံရေးသမားသည် ကွန်ဂရက်ထဲတွင် သေနတ်ကိုင်ဆောင်ခွင့်မရှိသော်လည်း ကိုင်ဆောင်ခွင့်သက်တမ်းကျော်လွန်နေသော ပစ္စတိုတစ်လက်ဖြင့် ကိုယ့်ကိုယ်ကိုယ် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။ ဘင်နယ်လ်ဒိုသည် ကွန်ဂရက်ထဲရှိ ၎င်း၏ရုံးခန်းအတွင်း တစ်ဦးတည်းရှိနေစဉ် ကိုယ့်ရင်အုံကို သေနတ်ဖြင့် ချိန်ကာပစ်ခဲ့ခြင်းဖြစ်ပြီး ကျည်ဆန်မှာ နှလုံးနှင့်လွဲသွား၍ ချက်ချင်းမသေဘဲ ဆေးရုံသို့ တင်ပို့ကာ ကုသထားရသည်။ သို့သော် အခြေအနေမှာ စိုးရိမ်ဖွယ်မရှိကြောင်း နောက်ဆုံးရသတင်းများက ဆိုသည်။

ရဲတပ်ဖွဲ့သည်အခင်းဖြစ်ပွားရာ အခန်းထဲတွင် ဘင်နယ်လ်ဒို၏ ပစ္စတိုကိုသိမ်းဆည်းရမိခဲ့ပြီး စုံစမ်းမှုများ ပြုလုပ်နေသည်။ ရဲ၏အဆို အရ ၎င်း၏သေနတ်မှာ ယမန်နှစ်မတ်လကပင် ကိုင်ဆောင်ခွင့်သက်တမ်းကုန်ဆုံးနေသည်။ ဖိလစ်ပိုင်ကွန်ဂရက်တွင် လက်နက်ကိုင်ဆောင် ဝင်ရောက်ခြင်းကိုတားမြစ်ထားသော်လည်း ပါလီမန်အမတ်များ လွယ်ကူစွာဝင်ထွက်နိုင်အောင် သတ္တုစစ်ဆေးသည့် ကိရိယာများဖြင့် စစ်ဆေးထားခြင်းမရှိ၍ ဘင်နယ်လ်ဒိုက ထိုသို့သေနတ်ကိုဖွက်ကာ ယူဆောင်လာခြင်းဖြစ်နိုင်သည်ဟု သတင်းကဖော်ပြသည်။

ဘင်နယ်လ်ဒိုသည် မည်သည့်အကြောင်းကြောင့် သတ်သေရန် ကြိုးစားသည်ဟု သေချာစွာမသိရသေးသော်လည်းဒေသခံမီဒီယာများကမူ ၎င်းသည် ပြီးခဲ့သည့်လကကြားဖြတ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီး ဇွန်လကုန်တွင် ရာထူးမှ ဆင်းပေးရန်ရှိနေကြောင်း၊ ထို့အပြင် ၎င်းသည် ဘရာဇီးမော်ဒယ်တစ်ဦးဖြစ်သူ ဇနီးသည်နှင့်လည်း အိမ်ထောင်ရေးပြဿနာအချို့ရှိနေခြင်း(သို့မဟုတ်)သေနတ်မှ ကျည်ဆန်မတော်တဆထွက်၍ ထိမိခြင်းသာဖြစ်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် ကောလာဟလများကို စူးစမ်းခြင်းမပြုရန် တိုက်တွန်းပြောကြားထားသည်။

—*Ref: Asiaone/AFP*




# သီရိလင်္ကာနိုင်ငံတွင် လျှပ်စစ်သုံးစွဲခ တောင်းခံလွှာကြည့်ပြီး လူတစ်ဦးထိတ်လန့်သေဆုံး

**ကိုလံဘို၊ ဇွန် - ၂၉**

သီရိလင်္ကာနိုင်ငံသားတစ်ဦးသည် မိမိထံရောက်ရှိလာသည့် လျှပ်စစ်မီတာသုံးစွဲခတောင်းခံလွှာကိုကြည့်ပြီးနောက် ထိတ်လန့်ကာ နှလုံးရောဂါဖြင့် သေဆုံးသွားကြောင်း သီရိလင်္ကာသတင်းဌာန တစ်ခုတွင် ဖော်ပြသည်။

အက်စ်ဗီဆမ်မာရာဒါဆာ (၆၁)နှစ်သည်ပြီးခဲ့သည့်လကထက် လျှပ်စစ်သုံးစွဲခ တိုးမြှင့်ကောက်ခံလိုက်ကြောင်း သိရှိလိုက်ရပြီးနောက် နှလုံးရောဂါခံစားခဲ့ရပြီး လျှပ်စစ်ရုံးကုလားထိုင်ပေါ်မှာပင် ပြိုလဲသွားခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

သေဆုံးသူ၏ လျှပ်စစ်မီတာသုံးစွဲမှုပမာဏကို ယင်းသတင်းဌာနက ဖော်ပြခြင်းမရှိသော်လည်း သုံးစွဲခ ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံထားကြောင်း သိရသည်။ ၎င်းမှာဆေးရုံသို့ ရောက်ရှိချိန်၌ပင် သေဆုံးသွားခဲ့ပြီး နှလုံးရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်း သတင်းဌာနက ထပ်လောင်းပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် လျှပ်စစ်မီးသုံးစွဲခမှာ တစ်နာရီလျှင် ၀ ဒသမ ၇ ဒေါ်လာဖြစ်ပြီး အာရှတိုက်တွင် လျှပ်စစ်မီးသုံးစွဲခ ဈေးအကြီးဆုံးနိုင်ငံများတွင် ပါဝင်သည်။ နိုင်ငံလျှပ်စစ်သုံးစွဲမှု ပမာဏ၏ သုံးပုံနှစ်ပုံမှာ ကျောက်မီးသွေး (သို့မဟုတ်) ရေနံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံများမှာ မိုးခေါင်ရေရှားမှုများကြောင့် စွမ်းအင်ထုတ်လုပ်နိုင်ခြင်းမရှိပေ။

—*Ref: AP*

# ရွေးကောက်ပွဲကာလတွင် နိုင်ငံခြားရေဒီယိုများကို ပိတ်ပင်ထားသည်ဆိုသောသတင်း ကမ္ဘောဒီးယားငြင်းဆို

**ဖနွမ်းပင်၊ဇွန် - ၂၉**

ကမ္ဘောဒီးယားအစိုးရသည် လာမည့်ဇူလိုင်လတွင် ကျင်းပမည့်ရွေးကောက်ပွဲကာလတွင် နိုင်ငံခြားရေဒီယိုနှင့် ရုပ်သံအသံလွှင့်ဌာနများကို ထုတ်လွှင့်ခွင့်မပေးဘဲ ပိတ်ပင်ထားသည်ဟူသော စွပ်စွဲချက်များကို ငြင်းဆိုလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံအပေါ် ယခုကဲ့သို့စွဲဆိုချက်များမှာ အမေရိကန်အစိုးရက ကမ္ဘောဒီးယားအာဏာရအစိုးရသည် လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပင်ကာ အသံလွှင့်ဌာနများကို ပြည်တွင်းဝင်ခွင့်မပေးဘဲ ပိတ်ပင်ထားကြောင်း ပြောခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဒေသခံအက်ဖ်အမ်ရေဒီယိုဌာနများကို ရွေးကောက်ပွဲမဲဆွယ်မှုများနှင့် ပတ်သက်၍ ဘက်မလိုက်ဘဲ ဖော်ပြကြရန် သက်ဆိုင်ရာအာဏာပိုင်များက အမိန့်ထုတ်ထားခဲ့ပြီး နိုင်ငံခြားအသံလွှင့်ဌာနများက ခမာဘာသာဖြင့် ထုတ်လွှင့်သောအစီအစဉ်များကိုလည်း ယာယီရပ်ဆိုင်းထားစေသည်။

သို့သော် ကမ္ဘောဒီးယားသတင်းအချက်အလက် ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ၎င်းတို့သည်နိုင်ငံခြားအသံလွှင့်ဌာနများကို ပိတ်ပင်ထားခြင်းမရှိကြောင်း အေအက်ဖ်ပီသတင်းသို့ ပြောကြားငြင်းဆိုသည်။ ၎င်းက နိုင်ငံခြားရေဒီယိုဌာနများသည်လှိုင်းတိုဖြင့် ထုတ်လွှင့်သော ၎င်းတို့၏ အစီအစဉ်များကိုထုတ်လွှင့်နိုင်ဆဲဖြစ်ကြောင်း၊ အာဏာပိုင်များ၏ ညွှန်ကြားချက်မှာ ဇူလိုင် ၂၈ ရက် ရွေးကောက်ပွဲမတိုင်ခင်အထိပြည်တွင်းအက်ဖ်အမ်ရေဒီယိုများအနေဖြင့် နိုင်ငံခြားရေဒီယိုများမှ ထုတ်လွှင့်သော ခမာဘာသာအစီအစဉ်များကို ပြန်လည်အသံလွှင့်ခြင်းမလုပ်ရန် ညွှန်ကြားထားခြင်းသာဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံရေးပါတီအားလုံးအတွက် ရွေးကောက်ပွဲတွင် မျှတစွာယှဉ်ပြိုင်နိုင်ရေးကို ရည်ရွယ်ခြင်းဖြစ်ကြောင်းဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန် ၂၇ ရက်မှစ၍ လာမည့် ဇူလိုင်လအတွင်း ပြုလုပ်မည့်ရွေး ကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများကို စတင်ပြုလုပ်နိုင်ပြီဖြစ်သည်။ ဇူလိုင် ၂၈ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ်ဟွန်ဆန်ကပင်ဆက်လက်အနိုင်ရမည်ဟု မျှော်လင့်ထားကြသည်။

—*Ref: Asiaone/AFP*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.17 • JULY 3 , 2013

## နှစ်ကီမစ်နိုင်း၊ ရှားလော့ခ်နဲ့ 2NE1တို့ကို ကြိုက်တယ်ဆိုတဲ့ မိစန္ဒီ

ကြူကြူဟန်



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

Underground အဖွဲ့တွင် သီချင်းများသီဆိုရင်း ဂီတလောကထဲလှမ်းဝင်လာခဲ့တဲ့ မိစန္ဒီက B.L.F ဆိုသောအဖွဲ့နှင့်သီချင်းများ စတင်သီဆိုခဲ့သည်။ သူမတို့သီဆိုထားသော သီချင်းများကို Online ပေါ်တွင် ဝေမျှရင်း သူမအတွက် ဂီတလမ်းစပွင့်ခဲ့သည်။ "ပျော်စရာကြီး" အခွေတွင်ပါဝင်ရန် အဆိုတော်သစ်များ ခေါ်ယူချိန်တွင်တော့ သူမရေးသားသောသီချင်းများ ပေးပို့ခဲ့သည်။ သီချင်းအပုဒ်ရေ ခြောက်ရာကျော်ထဲကမှ အပုဒ် ၃၀ ရွေးချယ်သောအခါ မိစန္ဒီရေးထားသော သီချင်းနှစ်ပုဒ်ပါဝင်ခဲ့ပြီး ပျော်စရာကြီး အခွေတွင် သီဆိုခဲ့သော "ကိုယ့်ရဲ့သက်တန့်ငယ်" သီချင်းဖြင့် သူမကို ပရိသတ်သတိထားမိခဲ့သည်။ ဟစ်ဟော့ပ်သီချင်းဆိုကောင်းသူအဖြစ် ပရိသတ်အားပေးခဲ့ကြသည်။ မကြာမီက ထွက်ရှိထားသော "မိုနိုပိုလီ" ဗီဒီစီခွေကလည်း ပရိသတ်အားပေးမှု ရနေသည့် မိစန္ဒီကို သူမ၏ ဂီတလှုပ်ရှားမှု၊ လတ်တလော အနုပညာအလုပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဒီမှာက ဟစ်ဟော့ပ်ဂီတကို သီဆိုရင်းအောင်မြင်လာတဲ့ အမျိုးသမီး အဆိုတော်က လက်ချိုးရေလို့ရတဲ့အနေအထားဆိုတော့ မိစန္ဒီက ဟစ်ဟော့ပ်ဂီတကို ရူးသွပ်သူတစ်ယောက်အဖြစ် ဘယ်လိုရပ်တည်နေလဲ။**

တချို့ဂီတကျတော့ လူကြီး၊ လူငယ်၊ လူလတ်မရွေး ခံစားလို့ရတယ်။ ညီမတို့ဂီတကျတော့ တချို့ သီချင်းတွေ နားထောင်လို့ရ ကောင်းရမယ်။ တချို့သီချင်းတွေကျတော့ နားထောင်မရဘူး။ သူငယ်ချင်းတွေကလည်း ဘာလို့ဟစ်ဟော့ပ်ကိုရွေးလဲပြောကြတယ်။ ကိုယ်က ဂီတကိုရူးသွပ်တယ်။ ခြောက်တန်းလောက်ကတည်းက Acid အဖွဲ့ စထွက်လာတယ်။ အဲဒါကို နားထောင်ရင်း ကြီးလာတာဆိုတော့ ဟစ်ဟော့ပ်ကို ရူးသွပ်တယ်။ ပြီးတော့ ရက်ပ်ပါကောင်မလေးဖြစ်ရတာကိုလည်း ဂုဏ်ယူတယ်။ မိန်းကလေးတွေက ဒီလိုင်းကို သိပ်ပြီး မရွေးချယ်ကြဘူးဆိုတော့ ထပ်ပြီးတော့ ရက်ပ်ပါအသစ်လေးတွေကို ဖိတ်ခေါ်ချင်တယ်။ ညီမတို့ဂီတအတွက် ဆိုနေရတာ ဂုဏ်ယူတယ်။ ကိုယ့်ကိုကိုယ် ရက်ပ်ပါဖြစ်ရတာလည်း ဂုဏ်ယူတယ်။ နောက်ပိုင်းဆို ဟစ်ဟော့ပ်ကို ပိုပြီးချစ်လာတယ်။ ဟစ်ဟော့ပ်အကြောင်း ပိုပြီးသိလေ နားလည်လာလေ ဒီဟစ်ဟော့ပ်ကို လေ့လာလိုက်စားလာလေ ဂီတကို ပိုပြီးချစ်လာတယ်။

**အခုထွက်ထားတဲ့ 'မိုနိုပိုလီ' ခွေထဲက 'ရေခဲရိုက်အပြုံး' သီချင်း အမ်တီဗီက ပရိသတ်တွေအားပေးကြတယ်နော်။ မိစန္ဒီနဲ့ အောင်ရဲလင်းတို့သရုပ်ဆောင်ချက်ကလည်း ပီပြင်တယ်ပြောကြတယ်။ ဘယ်လို ကြိုးစားအားထုတ်ခဲ့ရလဲ။**

'ရေခဲရိုက်အပြုံး' က သီချင်းခွေမှာကတည်းက ပရိသတ်တွေ အရမ်းအားပေးတဲ့သီချင်းပါ။ ဒါရိုက်တာနဲ့တိုင်ပင်ပြီးတော့ ဒီလိုပုံစံမျိုးရိုက်မယ်စဉ်းစားထားတာ ဆယ်မိနစ်စာ ကနေ ဆယ့်လေးမိနစ်စာဖြစ်သွားတယ်။ ရေခဲရိုက်အပြုံးက ညီမရေးတဲ့ သီချင်းထဲမှာ အားအရဆုံးသီချင်းပဲ။ အဲဒီသီချင်းက ညီမရေးတာ တခြားသီချင်းတွေက အမြဲတမ်းလို အပ်သလိုခံစားနေရတယ်။ ရေခဲရိုက်အပြုံးရယ်၊ မညီညင်ရက်ဘူးရယ် အကြိုက်ဆုံးသီချင်းဖြစ်တဲ့အတွက်ကြောင့် ရိုက်ခဲ့တုန်းက ပိုက်ဆံကုန်ရင်ကုန်ပါစေဆိုပြီးတော့ ရိုက်ခဲ့တာ။ ဇာတ်လမ်းပုံစံမျိုးလေး ဖန်တီးထားတယ်။ အဲဒီသီချင်းက ညီမခံစားချက်တချို့ပါတယ်။ ထွက်လာမယ့်အချိန်မှာ ဇာတ်လမ်းက နည်းနည်းရှည်တော့ ပရိသတ်ကြိုက်ပါ့မလားဆိုပြီး အရမ်းကြောက်တယ်။ ဒီလိုအားပေးတဲ့အတွက် အရမ်းဝမ်းသာပါတယ်။

စာ(၄၁)သို့



## သီချင်းခွေသစ်အရောင်းမြှင့်တင်ရန် ပြင်သစ် နှင့်အမေရိကန်တို့တွင် နယ်လှည့်ဖျော်ဖြေပွဲများပြုလုပ်မည့် ကာလာဘရူနီ

**နယူးယောက်၊ ဇွန် ၂၉**

ပြင်သစ်သမ္မတဟောင်း နီကိုးလပ်ဆာကိုဇီ၏ဇနီးဖြစ်သူ တေးသံရှင်ကာလာဘရူနီသည် နိုင်ငံရေးလောကကို ပြန်လည်တမ်းတလွမ်းဆွတ်ခြင်းမရှိကြောင်း၊ အသက်အရွယ်ကြီးရင့်လာသည်ကို မကြောက်ကြောင်းနှင့် ၄င်း၏ နောက်ဆုံးထွက်ရှိခဲ့သော Little French Songs သီချင်းအယ်လ်ဘမ်ကို အရောင်းမြှင့်တင်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံနှင့်အမေရိကန်နိုင်ငံများသို့ သွားရောက်၍ နယ်လှည့်ဖျော်ဖြေပွဲများပြုလုပ်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနကို ပြောကြားသည်။

Little French Songs သီချင်းခွေတွင် သီချင်းစုစုပေါင်း ၁၁ ပုဒ်ပါရှိပြီး အများစုကို ကာလာဘရူနီကိုယ်တိုင် ရေးသားထားသည်။ ယင်းသီချင်းခွေထဲမှ Mon Raymond အမည်ရသီချင်းတစ်ပုဒ်သည် ၄င်း၏ခင်ပွန်းဖြစ်သူ နီးကိုးလပ်ဆာကိုဇီအတွက် သီဆိုထားသော အချစ်သီချင်းတစ်ပုဒ်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနနှင့် ပြုလုပ်သော အင်တာဗျူးတစ်ခု၌ပြောကြားသည်။ "အဲဒီသီချင်းကို သူကြိုက်တယ်လို့ ကျွန်မထင်တယ်။ သီချင်းထဲမှာ စျာန်ဝင်စားရတာဟာ ယောက်ျားတစ်ယောက်မှာ အမြဲရှိတဲ့အခြေအနေမျိုးမဟုတ်ပါဘူး။ ဒါပေမဲ့ သီချင်းကတော့ တကယ့်ကို နူးညံ့သိမ်မွေ့တဲ့သီချင်းတစ်ပုဒ်ပါ"ဟု ကာလာဘရူနီကပြောကြားသည်။

ကာလာဘရူနီ၏ Little French Songs သီချင်းခွေမှာ မတ်လ ၂၉ ရက်တွင်ပြင်သစ်နိုင်ငံ၌ ထွက်ရှိခဲ့ပြီး ဧပြီလ ၁၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ထွက်ရှိခဲ့သည်။ ယင်းအခွေကို အရောင်းမြှင့်တင်ရန်အတွက် ယခုနှစ်ကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ ဖျော်ဖြေပွဲများပြုလုပ်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင်မှ အမေရိကန် နိုင်ငံ၌ ပြုလုပ်မည်ဖြစ်သည်။

(Reuters)



7DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# တောင်အမေရိကဖျော်ဖြေပွဲများ ထပ်မံပြုလုပ်ရန် တောင်းဆိုခံရတဲ့ U-Kiss အဖွဲ့



**ဆိုးလ်၊ ဇွန် ၂၉**

တောင်အမေရိကတိုက်၌ ဖျော်ဖြေပွဲများပြုလုပ်ခဲ့သော U-Kiss အဖွဲ့သည်တရားဝင်ဖျော်ဖြေပွဲများ ထပ်မံပြုလုပ်ရန် တောင်အမေရိကတိုက်ရှိနိုင်ငံရှစ်နိုင်ငံမှ ပရိသတ်များ၏ တောင်းဆိုခြင်းကို ခံခဲ့ရသည်။

"သိပ်မကြာသေးခင်ကပဲ U-Kiss အဖွဲ့ကိုတောင်အမေရိကမှာ ဖျော်ဖြေပွဲတွေလာလုပ်ပေးပါဦးဆိုပြီး ပီရူး၊ မက္ကဆီကိုနဲ့ အခြားတိုင်းပြည်တွေက တောင်းဆိုခဲ့ကြပါတယ်"ဟုတောင်ကိုရီးယား NH မီဒီယာကပြောကြားသည်။

U-Kiss အဖွဲ့၏ ပထမဆုံးအကြိမ် တောင်အမေရိကဖျော်ဖြေရေးခရီးစဉ်၌ U-Kiss အဖွဲ့သားများသည် ပရိသတ်များ၏ သဘောကျနှစ်သက်မှုကိုခံရပြီး ကေပေါ့ပ်ရေစီးကြောင်းကိုလည်း ချဲ့ထွင်နိုင်ခဲ့ကြသည်။ U-Kiss အဖွဲ့သားများသည် အင်္ဂလိပ်နှင့် စပိန်ဘာသာစကားကို အတော်အသင့်ကျွမ်းကျင်သောကြောင့် ၄င်းတို့၏ ဖျော်ဖြေရေးခရီးစဉ်အတွင်း ပရိသတ်များနှင့် အဆင်ပြေစွာဆက်ဆံနိုင်သည်။

"သူတို့တွေတစ်ခါမှမသွားဖူးတဲ့ တိုင်းပြည်တွေကတောင်မှ လာဖျော်ဖြေပေးဖို့ပြောတယ်ဆိုတော့ U-Kiss အဖွဲ့ရဲ့ တောင်အမေရိကခရီးစဉ်အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ အဲဒီမှာသွားပြီး ပွဲဦးထွက်ဖျော်ဖြေပွဲတွေပြုလုပ်ဖို့ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ မကြာမီဆွေးနွေးမှာပါ"ဟု U-Kiss အဖွဲ့၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

U-Kiss အဖွဲ့၏ တောင်အမေရိကခရီးစဉ်သည် ဇွန်လ ၂၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အဖွဲ့သားများသည် ဇူလိုင်လ ၁ ရက်၌ တောင်ကိုရီးယားသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ထို့နောက် ဇူလိုင်လအကုန်တွင် ဂျပန်နိုင်ငံ၌ ဖျော်ဖြေပွဲကျင်းပမည်ဖြစ်၍ စက်တင်ဘာလတွင် တောင်ကိုရီးယား၌ ဖျော်ဖြေပွဲကျင်းပမည်ဖြစ်သည်။

(KpopStarz)






7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# နစ်ကီမစ်နိုင်း၊ ရှားလော့ခ်နဲ့ 2NE1တို့ကို ကြိုက်တယ်ဆိုတဲ့ မိစန္ဒီ




**မိစန္ဒီအကြိုက်ဆုံး ပြည်တွင်းပြည်ပ အဆိုတော်က ဘယ်သူတွေလဲ။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေထဲက ကိုယ်ကြိုက်လို့ပြန်အသုံးချဖြစ်တာရှိလား။**

အဓိကကပြည်ပအဆိုတော်ဆိုရင်တော့ပြန်လုပ်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုအတုယူရတာပေါ့။ ညီမတို့ဆီမှာသင်တန်းလည်းမရှိဘူး။ ဘာမှမရှိဘူးလေ။ သူတို့ဆီက အတုယူရတာတွေရှိတယ်။ ဘယ်လိုသီချင်းဆိုသွားတယ်။ ဂီတကို ဘယ်လိုအစီအစဉ်တကျလုပ်သွားတယ်ဆိုတာ။ ပိုဆိုးတာက မိစန္ဒီက မတီးတတ်တော့ အရမ်းလေ့လာရတယ်။ ဘယ်ထဲက ဘယ်လိုပုံစံမျိုးသွားမလဲဆိုတာ ကိုးကားရတယ်။ အဲလိုအတွက် ကိုယ်ကြိုက်တဲ့ဂီတပုံစံတွေ လေ့လာဖြစ်တယ်။ ညီမကြိုက်တဲ့အဆိုတော်မှမဟုတ်ဘူး တခြားအဆိုတော့် သီချင်းတွေလည်း လေ့လာဖြစ်တယ်။ ပြည်ပမှာဆို ရက်ပ်ပါမလေးနစ်ကီမစ်နိုင်းကို ကြိုက်တယ်။ ရှားလော့ခ်လည်းကြိုက်တယ်။ 2NE1 ကြိုက်တယ်။ ပြည်ကပဆို မိန်းကလေးအဆိုတော်ကို ပိုနားထောင်ဖြစ်တယ်။ ပြည်တွင်းမှာတော့ မဒီးဒီကို ကြိုက်တယ်။ စိုင်းစိုင်း၊ နောက် Snare ကိုလည်း အရမ်းကြိုက်တယ်။ ကိုယ်ကြိုက်ပြီး အားကျတာအများကြီးပဲ။ ရသကတော့ ငယ်ငယ်ကတည်းက အရမ်း ခရေဇီပဲ။ R&B ဆို မရေဗက္ကဝင်းကို ကြိုက်တယ်။

**MBA လည်း တက်နေပြီး ပညာရေးဘက်မှာလည်း ထူးချွန်တယ်။ ပြီးတော့ဂီတဘက်မှာလည်းအောင်မြင်လာပြီဆိုတော့ မိစန္ဒီဘဝ ရပ်တည်ဖို့အတွက် ဘယ်အရာက ပိုအဓိကကျလဲ။**

နှစ်ခုလုံးကိုမျှလုပ်သွားမှာပါ။ အရင်တည်းက နှစ်ခုလုံးကိုလည်း အချိန်နဲ့အခါနဲ့လိုက်ပြီးတော့မျှ လုပ်ခဲ့ပါတယ်။ အနုပညာကျတော့ တချို့အခွင့်အရေးတွေကျရင် လက်လွှတ်လို့မရတာရှိတယ်။ အဲဒီအခါကျရင် ကျောင်းဖျက်ရတာတွေရှိတယ်။ MBA က နောက်သုံး၊ လေးလလောက်ဆို ပြီးပြီ။ ဒါပြီးရင်တော့ ဂီတဘက်ကို သေချာလုပ်ဖြစ်မှာပါ။ ပြီးရင် စီးပွားရေးတစ်ခုလေ့လာမယ်။ ညီမဘာဖြစ်ချင်လဲ စဉ်းစားမယ်။ မိဘက ညီမကို ပညာတွေသင်ပေးထားတာကိုပြန်အသုံးချချင်တယ်။ ကိုယ်ကလည်း အဲဒိလောက်ပိုက်ဆံမရှိဘူးဆိုတော့ ကုမ္ပဏီအကြီးကြီးတော့မလုပ်နိုင်ဘူး။ တစ်နိုင်တစ်ပိုင်လေးတော့ ကိုယ်ဘာလုပ်လို့ရမလဲဆိုပြီးတော့ စီးပွားရေးတစ်ခုတော့လုပ်ဖို့ စဉ်းစားထားတယ်။ ကျောင်းပြီးရင် ဂီတကို ဦးစားပေးလုပ်သွားမှာပါ။

**အမ်တီဗီသရုပ်ဆောင်ထားတာလည်း ပရိသတ်အားပေးတယ်။ ကြော်ငြာတွေ၊ ဘေလ်ဘုတ်တွေလည်း ရိုက်တယ်ဆိုတော့ ဇာတ်ကားရိုက်ဖို့ကမ်းလှမ်းတာကိုဘာလို့လက်မခံဖြစ်တာလဲ။ ပြောပြပါဦး။**

ညီမ မရိုက်ချင်လို့ပါ။ ဘာလို့လဲဆိုတော့ ကြောက်တာလည်းပါတယ်။ ငယ်ငယ်ကတည်းက ဂီတကိုပဲ ရူးသွပ်တာ။ ရုပ်ရှင်ကြည့်ရတာလည်း အရမ်းဝါသနာမပါဘူး။ ဟိုးငယ်ငယ်ကတည်းက အဆိုတော်ပဲဖြစ်ချင်တာ။ တစ်ခါမှ မင်းသမီးဖြစ်ချင်တာ သရုပ်ဆောင် ဝါသနာပါတာမျိုး မဖြစ်ခဲ့ဘူး။ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ ကိုယ့်ခန္ဓာကိုယ်နဲ့ ကိုယ်က ပညာကလည်းမပြည့်ဝဘူးလေ။ သီချင်းဆိုရင်တောင် ကိုယ်ကလေ့လာထားတာဖြစ်တဲ့အတွက် အားနည်းချက်ရှိရင်တောင်မှ နည်းနည်းယုံကြည်မှုရှိသေးတယ်။ ဒါကြီးက ယုံကြည်မှုလည်းမရှိဘူး။ ဒီဇာတ်ကားရိုက်တယ်ဆိုရင် အချိန်အများကြီးပေးရတယ်။ လူတွေအများကြီးနဲ့ လုပ်ရတယ်။ ကိုယ်ကတလွဲတွေလုပ်ရင် ကိုယ်နဲ့အလုပ်လုပ်တဲ့သူ စိတ်အနှောင့်အယှက်ဖြစ်မှာ ကြောက်တယ်။ ယုံကြည်စိတ်ချမှုမရှိတာလည်းပါပါတယ်။ ကိုယ်က ဂီတနဲ့ပဲ ပရိသတ်ကို ပိုပြီးပေးဆပ်ချင်ပါတယ်။

**မိစန္ဒီကိုယ်တိုင်သီချင်းတွေလည်းရေးတာဆိုတော့ သီချင်းရေးရင် ဘယ်လိုအကြောင်းအရာကို ရေးရတာ ပိုနှစ်သက်လဲ။**

အကြောင်းအရာမရှိပါဘူး။ ညီမစိတ်ပါရင်ပါသလိုပဲ ရေးဖြစ်ပါတယ်။ အရင်ကဆို သီချင်းတွေသိပ်မရေးတတ်ဘူး။ နောက်ပိုင်းကျတဖြည်းဖြည်း ရေးတတ်လာတယ်။ စိတ်ပါရင် အသည်းကွဲတဲ့အကြောင်း ရေးတယ်။ လူတစ်ယောက်ကို ဖွဲ့တဲ့ အကြောင်းရေးမယ်ဆိုရင် ဇာတ်လမ်းတစ်ခု ပီပီပြင်ပြင် ပေါ်လာပြီဆိုရင် ရေးလို့ရသွားပြီ။ ရက်ပ်ပင်နဲ့ မယ်လိုဒီကျတော့ မယ်လိုဒီကို နည်းနည်းအားသန်ချင်တယ်။ နောက်ပိုင်း ရက်ပ်ပင် အရမ်းထပ်သွားမှာ စိုးတဲ့အတွက်ကြောင့် ရက်ပ်ပင်ရေးရင် ပိုကြာတယ်။ မယ်လိုဒီကျတော့ သံစဉ်ရှာရတာခက်တယ်။

**အရင်မိစန္ဒီက အတွဲခွေတို့ ဟစ်ဟော့ပ်ရှိုးပွဲတွေမှာ သီဆိုခဲ့တဲ့ အချိန်နဲ့ အခု တစ်ကိုယ်တော်ခွေကလည်း အောင်မြင်နေတယ် ဆိုတော့ အခုနောက်ပိုင်း ရှိုးပွဲတွေမှာ သီဆိုရတာ ပရိသတ်နဲ့ ကိုယ့်ကြားမှာ ပိုပြီးတာဝန်ကြီးလာတယ်လို့ ထင်လား။**

ထင်ပါတယ်။ တာဝန်လည်းကြီးသလို ကိုယ်ဘာမှမဖြစ်ခင်တုန်းက ပရိသတ်က ဘာမှမျှော်လင့်ထားမှာမဟုတ်ဘူး။ အခုဆိုရင် မိစန္ဒီသီချင်းနားထောင်ချင်ပါတယ်ဆိုတဲ့ ပရိသတ်လည်း ရှိနေပြီပေါ့။ အရင်ကဆို ကိုယ်ဆိုဆို၊ မဆိုဆို အရေးမလုပ်တာရှိတယ်။ အဲဒီအချိန်တုန်းက ပရိသတ်ပေါ့။ ကိုယ့်ပါဖောမန့်ကို ကြိုက်အောင်ကြိုးစားရတယ်။ အခုက ကိုယ့်သီချင်းကိုလက်ခံတဲ့အတွက်ကြောင့် ဒီသီချင်းကို ဘယ်လိုကောင်းအောင် အပေးအယူတည့်အောင် ဘယ်လိုဆိုရမလဲဆိုတာ ကြိုးစားရတယ်။ ပရိသတ်ကိုယ့်ကို သိနေပြီဖြစ်တဲ့အတွက် ဒီထက်ကောင်းတဲ့ သီချင်းတွေဖန်တီးနိုင်အောင် ဝတ်တာစားတာ သီချင်းဖန်တီးမှုကအစ ပိုကောင်းစေချင်ကြတယ်။ ဒီထက်ပိုကောင်းအောင် လုပ်ရမယ်ဆိုတဲ့ တာဝန်ပိုကြီးလာတာပေါ့။

**အခုနောက်ပိုင်း ဗီစီဒီကို ဖန်တီးမှုအသစ်တွေနဲ့ ငွေအကုန်ကျခံ ရိုက်ကူးလာကြတယ်။ မိစန္ဒီ ခွေကလည်း အဲလိုလုပ်ထားတာတွေ့ရတယ်။ ပရိသတ်ကရော ကိုယ်လုပ်ထားတဲ့အပေါ် ဘယ်လိုအသိအမှတ်ပြုကြလဲ။**

ပရိသတ်က အရမ်းသိတယ်။ သူတို့ကို ညာလို့မရဘူး။ သီချင်းကို သာမန်ကာလျှံကာ လုပ်ထားလား၊ သေချာလေးလုပ်ထားလား သူတို့သိတယ်။ ပရိသတ်တွေက သီချင်းပဲ နားထောင်တာမဟုတ်တော့ဘဲ ဒီသီချင်းကို ဘယ်လိုလုပ်ထားလဲ။ စာသားတို့၊ တီးတာတို့ သေချာနားထောင်တတ်လာပြီ။ အခုနောက်ပိုင်း ပရိသတ်တွေက အရမ်းတော်တယ်။ လူငယ်တွေလည်း အရမ်းတော်လာကြပြီ။ ကိုယ်က နည်းနည်းပဲလုပ်ရင် နည်းနည်းပဲရမယ်။ ကျန်တာက ပြန်ပြီးအကျိုးပေးမယ်ထင်တယ်။

**မိစန္ဒီ ဖက်ရှင်က အရင်က မိန်းကလေးပုံစံလေးတွေနဲ့တွေ့ပေမယ့် အခုနောက်ပိုင်းဖက်ရှင်က ယောကျာ်းလေးဆန်လာတယ်။ ဘယ်လိုကြောင့် ပြောင်းဖြစ်သွားတာလဲ။**

အမှန်တိုင်းပြောရရင် ငယ်ငယ်ကတည်းက မိန်းမဆန်ပါဘူး။ ဒါပေမဲ့ အမေက ဘာလေးဝတ်လိုက်၊ ဒီလိုမျိုးလေးဝတ်လိုက်ဆို ဝတ်လိုက်တယ်။ အရမ်းကြီးကိုယ့်ရဲ့ဝတ်စားဆင်ယင်မှုကိုသိပ်မလုပ်ချင်ခဲ့ဘူး။ ပျင်းလည်းပျင်းတယ်။ နောက်ပိုင်းညီမဝတ်ချင်တဲ့ပုံစံတွေက ဟစ်ဟော့ပ်ဂီတကို ကိုယ်စားပြုချင်လာတယ်။ နောက်ပြီး ဖက်ရှင်ကို ပိုပြီး လေ့လာဖြစ်တယ်။ အရင်တုန်းက ဝတ်တော့ဝတ်တယ်။ သိပ်မဝတ်တတ်ဘူးပေါ့။ ကိုယ်နဲ့ဘယ်ဟာလိုက်မလဲ မသိဘူး။ နောက်ပိုင်း ယောကျာ်းလေး ဆန်လာတာတော့ ဟုတ်တယ်။ အရင်ကဆိုစကတ်တွေဘာတွေဝတ်သေးတယ်။ ဘာကြောင့်ယောကျာ်းဆန်ချင်မှန်းကို မသိတော့ဘူး။

**ပရိသတ်ကို ပြောချင်တဲ့ လက်ဆောင်စကားလေး ပြောပေးပါဦး။**

ညီမအခုအောင်မြင်တယ်ဆိုတာလည်း ဘာမှမဟုတ်သေးပါဘူး။ နေရာလေးတစ်နေရာကို ပရိသတ်ပေးထားတဲ့အတွက် နေရာသေးသေးလေးတော့ ရနေပါပြီ။ အဲဒီအတွက် ပေးထားတဲ့ ပရိသတ်ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်လို့။ ပရိသတ်အားပေးရကျိုးနပ်အောင် ဒီထက်ပိုပြီးတော့ ဖန်တီးမှုကောင်းတဲ့ ရေးနိုင်ဆိုနိုင်အောင် ကြိုးစားနေပါတယ်။ ပရိသတ်ကိုလည်း အမြဲမေတ္တာပို့သနေပါတယ်လို့။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Monsters University | Walt Disney Pictures | ၈၂,၄၂၉,၅၀၀ | ၁ |
| ၂။ | World War Z | Paramount Pictures | ၆၆,၄၁၁,၈၀၀ | ၁ |
| ၃။ | Man of Steel | Warner Bros.Pictures | ၂၁၀,၀၇၈,၀၀၀ | ၂ |
| ၄။ | This Is The End | Sony Pictures Releasing | ၅၈,၀၈၂,၂၀၀ | ၂ |
| ၅။ | Now You See Me | Summit Entertainment, LLC | ၉၄,၄၅၇,၀၀၀ | ၄ |
| ၆။ | Fast & Furious 6 | Universal Pictures | ၂၂၈,၆၁၈,၀၀၀ | ၅ |
| ၇။ | The Purge | Universal Pictures | ၅၉,၆၀၄,၁၀၀ | ၃ |
| ၈။ | The Internship | 20th Century Fox | ၃၈,၃၃၉,၉၀၀ | ၃ |
| ၉။ | Star Trek Into Darkness | Paramount Pictures | ၂၁၆,၇၇၈,၀၀၀ | ၅ |
| ၁၀။ | Iron Man 3 | Walt Disney Pictures | ၄၀၃,၁၅၈,၀၀၀ | ၅ |

## Movie Review

### The Lone Ranger




အမေရိကန်အင်ဒီယန်းစစ်သည်တော်တွန်တိုနှင့်ရှေ့နေဂျွန်ရိဒ်တို့ နှစ်ဦးကြား အထင်အမြင်လွဲမှားမှုရှိခဲ့ကြသော်လည်း တွန်တိုက ဂျွန်ရိဒ်ကို ၎င်းတစ်ဘဝလုံးလျှို့ဝှက်ခဲ့သည့် ဇာတ်လမ်းတို့ကိုပြန်ပြောခဲ့ရာ ဂျွန်ရိဒ်မှာ စံတင်လောက်ဖွယ် ဥပဒေဘက်တော်သားတစ်ဦးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ယင်းသူရဲကောင်းနှစ်ဦးကြား ရယ်ရွှင်ဖွယ်ပဋိပက္ခများ ကျော်ဖြတ်ရင်းရမွှက်လောဘနှင့် အကျင့်ပျက်ခြစားမှုတို့ကို နှစ်ဦးသား ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည်။

The Lone Ranger အက်ရှင်ဇာတ်ကားကို ဒါရိုက်တာ Gore Ver -binski ရိုက်ကူးပြီး Walt Disney Pictures မှ ဖြန့်ချိကာ ဇူလိုင် ၃ ရက်တွင် ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် Johnny Depp, Armie Hammer, Tom Wilkinson, Helena Bonham Carter, Ruth Wilson နှင့် Barry Pepper တို့ပါဝင်သရုပ်ဆောင်ထားသည်။

Sports

7DAY NEWS JOURNAL

Vol.12, No.17 • JULY 3 , 2013

# ဆီးဂိမ်းဖွင့်ပွဲအခမ်းအနား ခြင်းလုံးသရုပ်ပြအစီအစဉ် ပါဝင်လိုသူများ ဖိတ်ခေါ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်-ဇူလိုင်-၂**

နေပြည်တော်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တင်ဆက်မည့် မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြအစီအစဉ်အတွက် ပါဝင်လိုသူများအား ဖိတ်ခေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

"လာမယ့်ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြအစီအစဉ်ကို အချိန်ရှစ်မိနစ်လောက် ပါဝင်ပြသဖျော်ဖြေဖို့ရှိပါတယ်။ ဝါသနာပါပြီး စိတ်ဝင်စားမှုရှိတဲ့ မည်သူမဆို ပါဝင်လို့ရပါတယ်"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က ပြောသည်။ ရိုးရာခြင်းလုံး သရုပ်ပြအစီအစဉ်အတွက် လူဦးရေ ၂၂၂ ဦး (ကျား-၁၆၂ နှင့် မ-၆၀) လိုအပ်မည်ဖြစ်ကြောင်း၊ သရုပ်ပြတင်ဆက်ရမည့် ခြင်းလုံးပညာများကို အဖွဲ့ချုပ်မှ ဦးဆောင်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

"ရတဲ့အချိန်ကလည်း သိပ်မများတော့ ခြင်းလုံးအလှပြ အကုန်လုံးတော့ သရုပ်ပြနိုင်မှာမဟုတ်ပါဘူး။ ပုသိမ်ထီးလေးတွေနဲ့ ခြင်းလုံးကစားဟန်တွေ၊ ရိုးရှင်းတဲ့ ခြင်းလုံးအလှကစားဟန်တွေ ထည့်သွင်းမယ်လို့တော့ စီစဉ်ထားပါတယ်"ဟု ဦးရဲအောင်က ဆိုသည်။

အဆိုပါအစီအစဉ်တွင်လက်ရွေးစင်ကစားသမားများ ပါဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ပြင်ပမှစိတ်ဝင်စားသူ ဝါသနာရှင်များကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ ပါဝင်လိုသည့် ဝါသနာရှင်များအတွက် အသက်ကန့်သတ်ချက် မရှိထားကြောင်းနှင့် ပါဝင်လိုသူများအား ရန်ကုန်၊ မန္တလေးအဖွဲ့ချုပ်များတွင် လေ့ကျင့်ပေးသွား မည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သိရှိရသည်။

၂၀၁၃ ဆီးဂိမ်းဖွင့်ပွဲပိတ်ပွဲ အခမ်းအနားတွင် ကပြတင်ဆက်ဖျော်ဖြေမှုအပိုင်း၌ လူအင်အား တစ်သောင်းခြောက်ထောင်ကျော် ပါဝင် ဆင်နွှဲမည်ဖြစ်ကြောင်း အဓိက တာဝန်ယူဆောင်ရွက်နေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆီးဂိမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြသမည့်မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းသရုပ်ပြ အစီအစဉ်အတွက် စိတ်ဝင်စားသူများသည် အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ရုံးခန်းနှင့် အထက်မြန်မာပြည်(မန္တလေး) အဖွဲ့ချုပ်များသို့ စာရင်းပေးသွင်းနိုင်ပြီး ဖုန်း-၀၁ ၃၉၃၄၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။



*ရန်ကုန်တွင်ပြုလုပ်ခဲ့သည့် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲအကြိုအခမ်းအနားတွင် ခြင်းလုံးအလှခတ်သရုပ်ပြသနေစဉ်* ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

လာမည့် ဒီဇင်ဘာလအတွင်းကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အားကစားနည်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် ပြုလုပ်သွားမည် ဖြစ်သော်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုမူ နေပြည်တော်ရှိ ပရိသတ်သုံးသောင်းဆံ့ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

# အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအတွက် လှုံ့ဆော်ရေးတေးသီချင်းများ ဖိတ်ခေါ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁**

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ လှုံ့ဆော်ရေး တေးသီချင်းပြိုင်ပွဲတွင် ရွေးချယ်ခံရပါက ဆုကြေးငွေကျပ်ဆယ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ၌ အသုံးပြုရန်နှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေး တေးသီချင်းများအဖြစ် အသုံးပြုရန်အတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဇူလိုင် ၁ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိသည်။

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ လှုံ့ဆော်ရေး တေးသီချင်းအဖြစ် ရွေးချယ်ခံရပါက ဆုကြေး ငွေကျပ်ဆယ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး (Theme Song) အဖြစ် ရွေးချယ်ခံရသည့် တေးသီချင်းအတွက် ငွေကျပ်ဆယ်သိန်း ထပ်မံချီးမြှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြိုင်ပွဲလှုံ့ဆော်ရေး တေးသီချင်းအရေအတွက်ကတော့ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ အနေအထားပေါ်မူတည်ပြီး ရွေးချယ်သွားမှာပါ။ ရွေးချယ်ခံရတဲ့ တေးသီချင်းတိုင်းအတွက် ဆုကြေးငွေကျပ်ဆယ်သိန်း ချီးမြှင့်မှာဖြစ်ပြီး (Theme Song)အဖြစ် ထပ်မံရွေးချယ်ခံရတဲ့ တေးသီချင်းတစ်ပုဒ်အတွက် ဆုကြေးငွေကျပ်ဆယ်သိန်း ထပ်မံချီးမြှင့်သွားမှာ ဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပါဝင် ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် အသေးစိတ် စည်းကမ်းချက်များကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ အတွင်းရေးမှူးရုံး၊ အခန်း ၁၆၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၇၃၇၁ သို့ ဆက်သွယ်ရယူနိုင်ကြောင်း သိရှိရသည်။

ပြိုင်ပွဲဝင်များသည် မိမိရေးစပ်သီကုံးယှဉ်ပြိုင်သည့် တေးသီချင်းများကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၅) ရက် နောက်ဆုံးထား၍ အထက်ပါနေရာသို့ ရုံးချိန်အတွင်း ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားနည်း ၁၂ မျိုး ထည့်သွင်းကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နေပြည်တော်၌ ၂၀၁၄ ခုနှစ်ဇန်နဝါရီလ ၁၄ ရက်မှ ၂၀ ရက်အထိ လက်ခံကျင်းပသွားမည် ဖြစ်သည်။

# မြန်မာလိဂ် – ၂ ချန်ပီယံ ချင်းယူနိုက်တက်အသင်းအား အသင်းပိုင်ရှင် ကျပ်သိန်းငါးဆယ်ချီးမြှင့်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂**

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်-၂ ဖလားလုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ချင်းယူနိုက်တက်အသင်းအား အသင်းပိုင်ရှင်မှ ဆုကြေးငွေကျပ်သိန်းငါးဆယ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

"ချင်းပြည်နယ် ကိုယ်စားပြုချင်း ယူနိုက်တက်အသင်းအနေနဲ့ မြန်မာနေရှင်နယ်လိဂ်ကို တန်းတက်ခွင့် ပြန်လည်ရရှိခဲ့တဲ့အပြင် မြန်မာလိဂ်-၂ ချန်ပီယံဖလားကို ပါရရှိခဲ့တဲ့အတွက် အသင်းကို ဆုကြေး ကျပ်သိန်းငါးဆယ်ချီးမြှင့်ခြင်း ဖြစ်ပါတယ်"ဟု ချင်းယူနိုက်တက်အသင်းပိုင်ရှင် ဒေါက်တာဂျိမ်းစ်လျန်ဆိုင်းက ပြောသည်။

ပြိုင်ပွဲဝင်အသင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၃ မြန်မာလိဂ်-၂ အမှတ်ပေးပြိုင်ပွဲ အပြီးတွင် အမှတ်ပေးဇယားပထမနေရာ ရရှိခဲ့သည့် ချင်းယူနိုက်တက်အသင်းနှင့် ဒုတိယနေရာမှ GFA အသင်းတို့သည် ၂၀၁၄မြန်မာလိဂ်ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ထို့ပြင် အမှတ်ပေးဇယား ပထမနေရာမှ ချင်းယူနိုက်တက်အသင်းနှင့် ဒုတိယနေရာမှ GFA အသင်းတို့ ချန်ပီယံဖလားဗိုလ်လုပွဲအဖြစ် ဇွန်လ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းယူနိုက်တက်အသင်းက ၄-၂ဂိုးဖြင့် အနိုင်ရရှိပြီး မြန်မာလိဂ်-၂ ပြိုင်ပွဲ၏ ပထမဆုံးချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ချင်းယူနိုက်တက်မှ တိုက်စစ်မှူးကိတ်မာတီနက်က သွင်းဂိုး ၁၈ ဂိုးဖြင့် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည်။

ချန်ပီယံချင်းယူနိုက်တက်အသင်းအနေဖြင့် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ဒုတိယရရှိသည့် GFA အသင်း က ကျပ်သိန်း ၁၀၀ နှင့် တတိယရရှိခဲ့သည့် မြန်မာယူ-၁၉ အသင်းက ဆုကြေးငွေ ကျပ်သိန်း ၅၀ ရရှိခဲ့သည်။

ချင်းယူနိုက်တက်အသင်းသည် ၂၀၁၂မြန်မာလိဂ်ဘောလုံးပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမှတ်ပေးဇယားအောက်ဆုံးနှစ်သင်းတွင် ပါဝင်ခဲ့သည့်အတွက် ၂၀၁၃မြန်မာလိဂ်-၂ပြိုင်ပွဲသို့ တန်းဆင်းယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ၂၀၁၄ ဘောလုံးရာသီတွင် မြန်မာလိဂ်သို့ တန်းတက်ယှဉ်ပြိုင်ခွင့် ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

၂၀၁၂ နှင့် ၂၀၁၃ ဘောလုံးနှစ်ရာသီအတွင်း ချင်းယူနိုက်တက်အသင်းအတွက် ကျပ်သိန်းပေါင်းတစ်သောင်းနီးပါး သုံးစွဲထားကြောင်းလည်း ဒေါက်တာဂျိမ်းစ်လျန်ဆိုင်းက ပြောသည်။


HITACHI
Inspire the Next
"တစ်နေရာကို မြန်မြန်ရောက်ရန် မော်အတတ်ကို မသုံးနိုင်ဘူးလား"
ဟီတာချီမှ ကျွန်ုပ်တို့သည် စိန်ခေါ်မှုများကြောင့် နိုးကြားတက်ကြွလျက်ရှိပါသည်၊ ထို့ကြောင့်သယ်ယူပို့ဆောင်ရေးကွန်ရက်တွင် အခက်အခဲများ တွေ့ကြုံနေရသောမြို့ကြီးများအတွက် ကွဲပြားခြားနားသောကိုင်တွယ်ဖြေရှင်းနည်းကို ကျွန်ုပ်တို့လုပ်ဆောင်လျက်ရှိပါသည်၊ ယုံကြည်အားထားရပြီး ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ်များအတွက် ပေါင်းစပ်အဖြေကို ရှာရန် ကျွန်ုပ်တို့ သံဓိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်၊ တီထွင်ဆန်းသစ်ထားသောသတင်းအချက်အလက်နည်းပညာကိုအသုံးပြုကာမီးရထားစနစ်များ၊ ယာဉ်သွားလာမှု စီမံခန့်ခွဲရေး စနစ်များနှင့် အခြားသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံသည်များဖြင့် ကျွန်ုပ်တို့ ပြုလုပ်ပြနိုင်ခဲ့ပြီးဖြစ်ပါသည်၊ ရှိပြီးသားအဖြေများထက် ပိုမိုကောင်းမွန်ထိုက်တန်သည့်အဖြေများအနာဂတ်အတွက် ရှိရပါမည်၊ ဟီတာချီ - လူမှုရေးတီထွင်ဆန်းသစ်မှု
social-innovation.hitachi.com
SOCIAL INNOVATION
IT'S OUR FUTURE


DM
Dennis Martin
DM 9879
Available at:
CHERRY OO
DENNIS MARTIN WATCH GROUP,NFC.LTD
Hotline: (01)256494, 373022, (09)73022249, (02)72992, (02)76424.

7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

# ဆီးဂိမ်းအကြို စစ်တုရင်ပြိုင်ပွဲ နေပြည်တော်တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၃၀**

၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) အကြိုစစ်တုရင်ပြိုင်ပွဲကို နေပြည်တော်၌ ဇူလိုင်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများမှ အားကစားသမားများပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

"လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ထည့်သွင်းကျင်းပမယ့် ပွဲစဉ် ၁၈ မျိုးစလုံးကို ဆီးဂိမ်းအကြိုပြိုင်ပွဲမှာ ထည့်သွင်းကျင်းပဖို့ စီစဉ်ထားပါတယ်။ အာဆီယံဒေသတွင်းနိုင်ငံအားလုံးကိုလည်း ဖိတ်ကြားထားပြီး အနည်းဆုံး ခုနစ်နိုင်ငံ လာရောက်ယှဉ်ပြိုင်ဖို့ ရှိပါတယ်" ဟု မြန်မာနိုင်ငံစစ်တုရင် အားကစားအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ အမျိုးအစား ခုနှစ်မျိုး၊ အာဆီယံစစ်တုရင် ပြိုင်ပွဲအမျိုးအစားငါးမျိုးနှင့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ အမျိုးအစားခြောက်မျိုး စုစုပေါင်း ၁၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်းအကြိုပြိုင်ပွဲတွင်လည်း အဆိုပါပွဲစဉ်များအားလုံးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

လာမည့် ဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာစစ်တုရင် အားကစားအဖွဲ့ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ စတင်ကာ ပဏာမလက်ရွေးစင်အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီးနှစ်ဦးကို ရွေးချယ်၍ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း အဖွဲ့ချုပ်အားကစားခန်းမ၌ လေ့ကျင့်လျက်ရှိသည်။

"ဇူလိုင်လ ၁ ရက်ကစပြီး အမျိုးသမီးကစားသမားငါးဦးကို လက်ရွေးစင်အဖွဲ့ထဲ ထပ်မံပူးပေါင်းလေ့ကျင့်ပါမယ်။ ပြီးခဲ့တဲ့ အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲနဲ့ ပြည်ထောင်စုဖလားပြိုင်ပွဲက ဆုရကစားသမားတွေကို ထပ်မံရွေးချယ်ထားခြင်း ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

(၂၆) ကြိမ်မြောက်အထိ ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တစ်လျှောက်တွင် စစ်တုရင်အားကစားနည်းကို ၂၀၀၃၊ ၂၀၀၅၊ ၂၀၁၁ ခုနှစ် ပြိုင်ပွဲများတွင် သုံးကြိမ်ထည့်သွင်းကျင်းပခဲ့ဖူးပြီး လာမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင်လေးကြိမ်မြောက် ထည့်သွင်းကျင်းပခြင်း ဖြစ်သည်။

မြန်မာစစ်တုရင် အားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲများတွင် စစ်တုရင်အားကစားနည်း ထည့်သွင်းကျင်းပသည့် အကြိမ်တိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရရှိထားသည်။

"လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာစစ်တုရင် အားကစားအဖွဲ့အနေနဲ့ အနည်းဆုံးရွှေတံဆိပ် သုံးခု မျှော်မှန်းထားပါတယ်။ ရိုးရာစစ်တုရင် အားကစားနည်းကနေ အဓိကမျှော်မှန်းထားတာပါ" ဟု အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင် လွင်က ပြောသည်။

မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အာဆီယံစစ်တုရင် အားကစားနည်းမှာ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ခြင်း ဖြစ်သည်။



# ပီရူးတွင် ၁၁ ရာစုမတိုင်မီ မင်းမျိုးမင်းနွယ်များ၏ဂူသင်္ချိုင်း၌မံမီရုပ်အလောင်းများ တွေ့ရှိ

**လီမာ၊ဇွန်-၂၉**

လွန်ခဲ့သောနှစ်ပေါင်း ၁,၀၀၀ ကျော်က မီးသင်းရွှံ့ထည်ပစ္စည်းများ၊ ငွေထည်၊ ရွှေထည်ပေါင်း ၁,၂၀၀ နှင့်အတူမံမီရုပ်အလောင်း ၆၀ ပါဝင်သည့် မင်းမျိုးမင်းနွယ်များ၏ ဂူသင်္ချိုင်းတစ်ခုကို ပီရူးနှင့် ပိုလန် ရှေးဟောင်းသုတေသန ပညာရှင်များက ပီရူးနိုင်ငံ၌ တွေ့ရှိခဲ့သည်။

မင်းသမီးသုံးပါး၏ ရုပ်အလောင်း မံမီများအပါအဝင် အင်ကာအင်ပါယာမတိုင်မီ ခုနစ်ရာစုနှင့် ၁၁ ရာစုကြား အုပ်စိုးခဲ့သော ဝါရီခေတ်ကာလ ယဉ်ကျေးမှုပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း သုတေသီများက ပြောသည်။ ယခုကဲ့သို့ ဝါရီခေတ်မှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်းမှာပထမဆုံးအကြိမ်ဖြစ်သည်ဟု ရှေးဟောင်းသုတေသီတစ်ဦးက ပြောသည်။

ပီရူးနိုင်ငံ လီမာပြည်နယ် မြောက်ဘက်ကီလိုမီတာ ၃၀၀ အကွာရှိ အယ်ကတ်စတီလိုအရပ်တွင်ယင်းဂူသင်္ချိုင်းကိုမြေအောက်ခြောက်ပေအနက်၌ တန်ပေါင်းများစွာသော အသေးစားအုတ်ခဲများဖုံးဖိလျက် မင်းသမီးများ၏ ဂူသင်္ချိုင်းအဖြစ် တွေ့ရှိရပြီး ယင်းဂူသင်္ချိုင်းမှာ ၁၉၀ စတုရန်းပေကျယ်သည်။



ERNESTO BENAVIDES/AFP

*ပီရူးမြို့တော် လီမာမှ မြောက်ဘက် ၂၉၉ ကီလိုမီတာရှိ အယ်လ်ကတ်စတီလိုဒီဟွာမေဆိုက်တွင် ရှာဖွေတွေ့ရှိရသော ဝါရီအင်ပိုင်ယာခေတ် အမျိုးသမီးရုပ်ကြွင်းတစ်ခုကို တွေ့ရစဉ်*

ရှာဖွေတွေ့ရှိခဲ့သည့် မံမီအများစုမှာ အမျိုးသမီးများဖြစ်ကာ ရာထူးအဆင့်အတန်းအလိုက် ဒေါင်လိုက်မြှုပ်နှံထားခြင်းဖြစ်ကြောင်း သုတေသီများက ပြောသည်။ ယင်းရုပ်အလောင်းများကို ရွှေ၊ ငွေလက်ဝတ်ရတနာများဖြင့် အလှဆင်ထားပြီး မီးသင်းရွှံ့ထည်အိုးများအတွင်း ကျောက်မျက်ရတနာများ တွေ့ရှိခဲ့သည်။

ရှေးဟောင်းသုတေသီများသည် အိုးများ၊ လက်ကိုင်ပါခရားများ၊ ကျောက်သားများကိုထွင်းထုထားသည့်ပစ္စည်းများ၊ အခမ်းအနားတက်ရောက်ရာတွင် ကိုင်ဆောင်သည့်ဓားများကိုလည်း အကောင်းပကတိတွေ့ရှိခဲ့ရကြောင်း သုတေသီတစ်ဦးက ပြောသည်။

*—Ref: AFP*

# ငွေကြေးအရှုပ်တော်ပုံကြောင့် ပြင်သစ်သူဌေးကြီးကို တရားစွဲ

**ပါရီ၊ဇွန်-၂၉**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အကြီးအကဲ မစ္စစ်ခရစ်စတင်းလားဂတ် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံတော်က လျော်ကြေးပေးအပ်ခဲ့ရသော ခြစားမှုအရှုပ်တော်ပုံစစ်ဆေးချက်အရပြင်သစ်သူဌေးကြီး ဘားနတ်တာပေကို တရားစွဲဆိုလိုက်သည်။

၂၀၀၈ ခုနှစ်က မစ္စစ်ခရစ်စတင်းလားဂတ် ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့စဉ် နိုင်ငံတော်က ဘားနတ်ကိုကန်ဒေါ်လာ ၅၂၅ သန်းပေးလျော်ခဲ့ရစဉ်က ဂိုဏ်းဖွဲ့၍ လိမ်လည်မှုဖြင့် တာပေကို လွန်ခဲ့သောလေးရက်ကပင် ထိန်းသိမ်းခဲ့ပြီး ဇွန် ၂၈ ရက်က တရားစွဲလိုက်ခြင်းဖြစ်သည်။

"ဒီအမှုမှာ လိမ်လည်မှုရဲ့ရလဒ်ကြောင့် ငွေကြေးပေးလျော်ဖို့ဆုံးဖြတ်ချက်ဖြစ်လာတယ်ဆိုပြီး ပြသနိုင်စရာအကြောင်းမရှိဘူး" ဟု သူဌေးကြီးတာပေ၏ရှေ့နေ ဟာဗီတာမင်းက ပြောကြားသည်။

ယင်းငွေကြေးပေးလျော်မှုမှာ စီးပွားရေးသမား သူဌေးကြီးနှင့် နိုင်ငံပိုင် ခရက်ဒစ်လိုင်းနက်စ်ဘဏ်အကြား ဖြစ်ပွားခဲ့သော အငြင်းပွားမှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မစ္စတာတာပေက ၁၉၉၃ ခုနှစ်တွင် အားကစားအဝတ်အစား Adidas ကိုဝယ်ယူစဉ်က ခရက်ဒစ်လိုင်းနက်ဘဏ်က ကုမ္ပဏီ၏တန်ဖိုးကို တမင်တကာ တန်ဖိုးလျှော့ချဆုံးဖြတ်ခဲ့၍ ၎င်းအတွက် နစ်နာခဲ့ရပြီး ဘဏ်ကိုနိုင်ငံတော်က ပိုင်ဆိုင်သောကြောင့် ပြင်သစ်နိုင်ငံက ၎င်းကိုလျော်ကြေးပေးရမည်ဟု မစ္စတာဘားနတ်တာပေက တောင်းဆိုခဲ့သည်။

ယင်းအမှုကို အဖွဲ့ဝင်သုံးဦးပါ ဝါဏိဇ္ဇခုံရုံးဖြင့် ဆုံးဖြတ်ရာ မစ္စစ်လားဂတ်က ခုံရုံးအဖွဲ့ကိုညွှန်းဆိုခဲ့သည်။ ယင်းအရှုပ်တော်ပုံနှင့် ပတ်သက်၍ အခြားလူသုံးဦးကိုလည်း တရားစွဲဆိုထားပြီး ၎င်းတို့အထဲတွင် ဖုန်းကုမ္ပဏီကြီး Orange ၏ အကြီးအကဲ ရစ်ချက်လည်း ပါဝင်သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.12, No.17 • JULY 3 , 2013

စင်ကာပူနိုင်ငံ
Mount Elizabeth Novena ဆေးရုံကြီးမှ
ကင်ဆာအထူးကုဆရာဝန်ကြီး
Dr. Patricia Kho
နှင့်
ကင်ဆာဓါတ်ရောင်ခြည် အထူးကု ဆရာဝန်ကြီး
Dr. Lee Kim Shang တို့
ဇူလိုင်လ(၁၂)မှ(၁၄)ရက်နေ့ထိ
ရန်ကုန်မြို့နှင့်နေပြည်တော်သို့လာရောက်မည်ဖြစ်ပါသဖြင့်
စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်
Patient Assistance Centre 24- Hour Helplines at
Yangon : 09 430 66666 / 09 430 66664
Mandalay : 09 430 66667 / 09 203 2115
Naypyitaw : 09 422 666666

Parkway Hospitals Singapore မြန်မာပြည်ကိုယ်စားလှယ်ရုံး
Yangon : အမှတ် ၂၄၊ နဝရတ်ကွန်ဒို၊ စမ်းလမ်း၊ အမျိုးသားကဇာတ်ရုံအနီး၊ ဒဂုံမြို့နယ်။
Mandalay : Swan Hotel ၊အမှတ် - ၄၄ ဘီ၊ ၂၆လမ်း၊ ၆၆ လမ်းနှင့် ၆၈လမ်းကြား။

Mount Elizabeth ORCHARD
Mount Elizabeth NOVENA
IT'S POSSIBLE
PCC PARKWAY CANCER CENTRE

နောက်ကျောဖုံးမှ

## ဆေးရွက်ကြီးအတွက် အခွန်ကောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း ဆန့်ကျင်တားမြစ်မှုများကြောင့် လူသန်းပေါင်းများစွာ အသက်ကယ်တင်နိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဆေးရွက်ကြီးထိန်းချုပ်ရေး စီမံချက်များကို ပါကစ္စတန်၊ အာဂျင်တီးနား၊ အီတလီစသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံ၌စတင်မိတ်ဆက်ပေးပြီးဖြစ်ရာ ခန့်မှန်းခြေလူ ၁၅ သန်း ဆေးလိပ်မသောက်စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ အောင်မြင်ခဲ့လျှင် ၂၀၅၀ပြည့်နှစ်၌ဆေးလိပ်ဆေးရွက်ကြောင့်သေဆုံးနိုင်သည့်လူပေါင်း ၇ ဒသမ ၄ သန်းခန့်၏အသက်ကို ကြိုတင်ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

အထိရောက်ဆုံး စီမံချက်များမှာ ရုံးခန်းများ၊ စားသောက်ဆိုင်များနှင့် အခြားအများပြည်သူနေရာများတွင် ဆေးလိပ်သောက်ခြင်းများ တားမြစ်ခြင်းနှင့် ဆေးလိပ်ဆေးရွက်ကြီးများအတွက် အခွန်များတိုးကောက်ခြင်းတို့ဖြစ်သည်ဟု သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အခွန် တိုးကောက်ခြင်းကြောင့် လူသုံးသန်းခွဲ၏အသက်ကို အကာအကွယ်ပေးနိုင်မည်ဖြစ်ပြီး အများပြည်သူနေရာများ၌ ဆေးလိပ်သောက်ခြင်းတားမြစ်ခြင်းကြောင့် လူနှစ်သန်းခွဲ၏အသက်ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆေးလိပ် သောက်ခြင်းကြောင့် နှစ်စဉ် လူခြောက်သန်း သေဆုံးလျက်ရှိပြီး ၂၀၃၀ပြည့်နှစ်သို့ရောက်လျှင် သေဆုံးသူဦးရေမှာ ရှစ်သန်းခန့်အထိ မြင့်တက်လာနိုင်သည်ဟု WHO က ပြောကြားသည်။ ဆေးလိပ်နှင့်ပတ်သက်သော စီမံချက်များတွင် ဆေးရွက်ကြီးပစ္စည်းများ၏ လက်လီဈေးနှုန်း ၇၅ ရာခိုင်နှုန်းအထိ အခွန်တိုးကောက်ရန်၊ဆေးလိပ်ငွေ့ကင်းစင်ရေးပေါ်လစီများ ချမှတ်ရန်၊ စီးကရက်ဘူးများတွင် သတိပေးစာသားများ ထည့်ရန်၊ ဆေးလိပ်ဆေးရွက်ကြော်ငြာများ၊ ပရိုမိုးရှင်းပွဲများနှင့် စပွန်ဆာပေးမှုများကို ကန့်သတ်ရန်နှင့် ဆေးလိပ်ဖြတ်ရန် တိုက်တွန်းခြင်းတို့ ပါဝင်သည်။

"ဆင်းရဲတဲ့နိုင်ငံတွေက ဆင်းရဲသားတွေဟာ ဆေးလိပ်ဆေးရွက်အတွက်ပိုက်ဆံအရမ်းသုံးကြတယ်။ အဲဒီမှာ ကုန်ကျမယ့်ဟာတွေကို အာဟာရရှိတဲ့ အစားအစာတွေနဲ့ ပညာရေးမှာ သုံးနိုင်ရင် ကောင်းမယ်" ဟု WHO အဖွဲ့ဝင် ဆရာဝန်တစ်ဦးက ပြောကြားသည်။

*—Ref: Reuters*

နောက်ကျောဖုံးမှ

## စနိုးဒန်ပေးသော အချက်အလက်များ ဆက်လက်ပုံနှိပ်သွားမည်ဟု ဝီကီလိခ်ပြောကြား

မစ္စတာစနိုးဒန်ထံမှ သတင်းအချက်အလက်များ ဝီကီလိခ် ဝက်ဘ်ဆိုက်လက်ထဲရောက်ရှိနေပြီလားဆိုသည်ကိုမူ မစ္စတာအက်ဆန်းက လူသိရှင်ကြားမပြောကြားပေ။ မစ္စတာစနိုးဒန်သည် ၎င်းရရှိထားသော အချက်အလက်ဖိုင်များကို လျှို့ဝှက်ကုဒ်များနှင့် ရေးသား၍ ဖြန့်ဝေထားသည်ဟု ယင်းအချက်အလက်များကို ပထမဆုံး ရေးသားဖော်ပြခဲ့သူ ဂါးဒီးယန်း ဂျာနယ်လစ် ဂလင်းဂရင်းဝယ်လ်ကပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။*—Ref: Reuters*





Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့
'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ...
Manufactured by
DAEWON PHARM. CO., LTD.
Seoul Korea
MARKETED BY:
AA MEDICAL PRODUCTS LTD.




ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
TRADEMARK
Nizoral
ketoconazole
စိုထိုင်းပြီး အနံ့အသက်
မကောင်းသော
အဝတ်အစားများကြောင့်
ပွေး၊ ညှင်း ပေါက်ခြင်း၊
အစိုဓာတ်များသော
မိုးရာသီတွင် ရေငွေ့နှင့်
အညစ်အကြေးများကြောင့်
မှိုနှင့် ယားနာအဖု ဖြစ်ခြင်း၊
ချွေး၊ ရေစို ခြေစွတ်များ
ကြောင့်ခြေချောင်းကြား
အရေပြားတွင် ယားယံ
ပေပြီး အဖုများဖြစ်ခြင်း၊
ဆေးလိမ်းပြီး (၁)နာရီအတွင်း
အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး
(၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့်
တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်။
Nizoral cream
ketoconazole
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
တစ်နေ့တစ်ကြိမ်
မှန်မှန်လိမ်းပါ
Nizoral cream
ketoconazole
Nizoral cream
ketoconazole
5 g cream
Topical Antifungal
JANSSEN-CILAG
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့်
မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
JANSSEN-CILAG

7 DAY NEWS JOURNAL
# International
Vol.12, No.17 • JULY 3 , 2013

## စနိုးဒန်ပေးသော အချက်အလက်များ ဆက်လက်ပုံနှိပ် သွားမည်ဟု ဝီကီလိခ်ပြောကြား

**ဝါရှင်တန်၊ ဇူလိုင်- ၁**
အမေရိကန်စီအိုင်အေ ဝန်ထမ်းဟောင်း အက်ဒ်ဝပ်စနိုးဒန်က ၎င်း၏ အခြေအနေမည်သို့ ပင်ရှိစေကာမူ အမေရိကန်၏စောင့်ကြည့်ထောက်လှမ်းရေးအစီအစဉ်များ အကြောင်းဆက်လက်ပုံနှိပ်ဖော်ပြနိုင်ရန် သေချာစွာ ပြင်ဆင်ထားကြောင်း ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

စနိုးဒန်၏ နိုင်ငံကူးလက်မှတ် ရုပ်သိမ်းခံခဲ့ခြင်းအတွက်လည်း အမေရိကန်နိုင်ငံကို မစ္စတာအက်ဆန်းက ဝေဖန်ပြောကြားပြီး ယင်းမှာ စီအိုင်အေဝန်ထမ်းဟောင်း ရယူခဲ့သော ထိပ်တန်းလျှို့ဝှက်သတင်းအချက်အလက်များ ပေါ်ထွက်လာမည့်အရေးကို တားဆီးနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

"ဒီအဆင့်ရောက်မှတော့ ပုံနှိပ်ဖော်ပြတဲ့အစီအစဉ်ကို ရပ်တန့်လို့မရတော့ဘူးလေ"ဟု ABC ရုပ်သံ၏ 'This Week'အစီအစဉ် အင်တာဗျူးတွင် မစ္စတာအက်ဆန်းကပြောကြားသည်။ ထို့အပြင် ပုံနှိပ်ဖော်ပြခြင်း အစီအစဉ်အား တားဆီးရန် မည်သည့်နိုင်ငံကမျှ မစ္စတာစနိုးဒန်အပေါ် ဖိအားမပေးနိုင်ရေးအတွက်လည်း ဂရုတစိုက်လုပ်ကိုင်နေသည်ဟုလည်း မစ္စတာအက်ဆန်းက ပြောကြားသည်။ စာမျက်နှာ ၄၆ »



REUTERS

## အမေရိကန်သူလျှိုလုပ်မှုနှင့်ပတ်သက်၍ အီးယူဖြေရှင်းချက်တောင်း

**ဘရပ်ဆဲလ်၊ ဘာလင်-**
ဝါရှင်တန်သည် အီးယူအပေါ် စောင့်ကြည့်သူလျှိုလုပ်နေသည်ဆိုသော ဂျာမန်မဂ္ဂဇင်းတစ်စောင်၏ သတင်းများအပေါ် ရှင်းလင်းပြောကြားရန် အီးယူက အမေရိကန်အား တောင်းဆိုလိုက်သည်။

အမေရိကန်၏ သူလျှိုအေဂျင်စီသည် ဝါရှင်တန်၊ ဘရပ်ဆဲလ်နှင့် ကုလသမဂ္ဂရှိ အီးယူရုံးများကို အီလက်ထရွန်နစ်စနစ်ဖြင့် ခိုးဝင်စောင့်ကြည့်ခဲ့သည်ဆိုသော ဂျာမန်စပိုင်းဂဲလ် မဂ္ဂဇင်းပါသတင်းနှင့်ပတ်သက်၍ အမေရိကန်အာဏာပိုင်များကို ချက်ချင်းဆက်သွယ်ခဲ့သည်ဟု အီးယူနိုင်ငံခြားရေးရာ မဟာမင်းကြီး ကက်သရင်း အက်ရှ်တန်က ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

စပိုင်းဂဲလ်မဂ္ဂဇင်းပါသတင်းများကို တွေ့ရှိခဲ့ပြီးနောက် ဥရောပနိုင်ငံခြားရေးရာဌာနက ဝါရှင်တန်ဒီစီနှင့် ဘရပ်ဆဲလ်မြို့ရှိ အမေရိကန်အာဏာပိုင်များထံ ဆက်သွယ်ပြီး အဆိုပါသတင်းပါအချက်အလက်များ မှန်ကန်တိကျမှုနှင့် စွပ်စွဲချက်များကို အရေးတကြီး ရှင်းလင်းရန် တောင်းဆိုခဲ့ကြောင်း မစ္စစ်အက်ရှ်တန်ကပြောကြားသည်။

"အဲဒီသတင်းအချက်အလက်တွေ တိကျမှု ရှိ၊ မရှိကို သူတို့ စစ်ဆေးဦးမယ်လို့ အမေရိကန်အာဏာပိုင်တွေက ကျွန်မတို့ကို ပြောပြီး အမြန်ဆုံးအကြောင်းပြန်မယ်လို့လည်း ဆိုပါတယ်"ဟု မစ္စစ်အက်ရှ်တန်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ ပြင်သစ်နိုင်ငံကလည်း ဖြေရှင်းချက်တောင်းခံထားသည်။ "ဒီအချက်အလက်တွေ အမှန် ဖြစ်တယ်ဆိုရင် လုံးဝလက်ခံနိုင်စရာမရှိဘူး"ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီယက်စ်က ပြောကြားသည်။

အမေရိကန်အစိုးရကမူ ယင်းအကြောင်းကို သံတမန်ရေးလမ်းကြောင်းများမှ ပြန်ကြားမည်ဟု ပြောကြားထားသည်။

*—Ref: Reuters*

## လော့စ်ဗီးဂတ်စ်တွင် ဆပ်ကပ်မယ်တစ်ဦး ပေ ၅၀ မှ ပြုတ်ကျ သေဆုံး

**လော့စ်အန်ဂျလိစ်၊ ဇူလိုင်-၁**
ကမ္ဘာကျော် ဆာကွေးဒူဆိုလိတ် ဆပ်ကပ်အဖွဲ့သည် အမေရိကန်နိုင်ငံ လော့စ်ဗီးဂတ်စ်မြို့တွင် ဖျော်ဖြေနေစဉ် ဆပ်ကပ်သမားတစ်ဦး အမြင့်တွင် ချိတ်ထားသော ကြိုးမှ ပြုတ်ကျ သေဆုံးသွားကြောင်း ယင်းဆပ်ကပ်အဖွဲ့က ဇွန် ၃၀ ရက်တွင် အတည်ပြုပြောကြားသည်။

ဇွန် ၂၉ ရက်က လော့စ်ဗီးဂတ်စ်မြို့ အမ်ဂျီအမ်ဂရမ်းပြပွဲရုံ၌ ပြုလုပ်ခဲ့သည့် ဆပ်ကပ်ပွဲတွင် ဆပ်ကပ်မယ် ဆာရာဂူယာ့ဒ်(၃၁)နှစ်သည် ဖျော်ဖြေနေစဉ် အမြင့်ပေ ၅၀ ခန့်မှ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ကိုးကား၍ အမေရိကန်သတင်းဌာနက ဖော်ပြသည်။ မစ္စဂူယာ့ဒ်သည် သားသမီးနှစ်ယောက်ရှိသူဖြစ်သည်။

ကနဦးတွင် ၎င်းပြုတ်ကျသွားသည်ကို ဖျော်ဖြေမှု၏ တစ်စိတ်တစ်ပိုင်းဟု ဆပ်ကပ်ပွဲလာပရိသတ်များက ထင်မှတ်ခဲ့ကြပြီးနောက် မစ္စဂူယာ့ဒ်၏ အော်သံကို ကြားခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောသည်။ မစ္စဂူယာ့ဒ်သည် အမြင့်တစ်နေရာမှ အောက်သို့ ဇောက်ထိုးခုန်ဆင်းစဉ် ပြုတ်ကျခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ယင်းသေဆုံးမှုသည် ဆာကွေးဒူဆိုလိတ် ဆပ်ကပ်အဖွဲ့၏ ပထမဆုံးမတော်တဆ လူသေမှုဖြစ်ပြီး ယင်းဆပ်ကပ်အဖွဲ့သည် တိရစ္ဆာန်များ အသုံးပြုဖျော်ဖြေခြင်း မရှိကြောင်း သိရသည်။

မစ္စဂူယာ့ဒ်မည်သို့ ပြုတ်ကျခဲ့သည်ကို သိရှိနိုင်ရန် ယင်းဆပ်ကပ်အဖွဲ့သည် လော့စ်ဗီးဂတ်စ်မြို့ အာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်နေသည်။

*—Ref: AFP*

## ဆေးရွက်ကြီးအတွက် အခွန်ကောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း ဆန့်ကျင်တားမြစ်မှုများကြောင့် လူသန်းပေါင်းများစွာ အသက်ကယ်တင်နိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျနီဗာ၊ ဇူလိုင်-၁**
ဆေးရွက်ကြီးထုတ်ကုန်များအပေါ် အခွန်တိုးကောက်ခြင်း၊ ဆေးလိပ်ကြော်ငြာများ တားမြစ်ခြင်းနှင့် အများပြည်သူနေရာများ တွင် ဆေးလိပ်သောက်ခြင်းများ ကန့်သတ်ခြင်းစသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆန့်ကျင်ရေး စီမံချက်များကြောင့် အရွယ်မတိုင်မီ သေဆုံးနိုင်သည့် လူ ၁၀ သန်း၏ အသက်ကို ကာကွယ်ပေးနိုင်မည်ဟု WHO သုတေသနပညာရှင်များက ဇူလိုင်လ ၁ ရက်တွင် ပြောကြားသည်။ ၂၀၀၇ နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း တူရကီ၊ ရုမေးနီးယားနှင့် အခြား ၃၉ နိုင်ငံတို့တွင် ယင်းကဲ့သို့ ဆေးလိပ်ဆေးရွက်ဆန့်ကျင်ရေး စီမံချက်များပြုလုပ်ခဲ့သောကြောင့် လူ့အသက် ပေါင်းများစွာကို ကယ်ဆယ်နိုင်ခဲ့သည်ဟု သိရသည်။

"ဒီတိုင်းပြည်တွေ ကြိုးပမ်းရရှိထားတဲ့ တိုးတက်မှုဟာ တစ်ကမ္ဘာလုံးအနှံ့ ပျံ့နှံ့မယ်ဆိုရင် ဆေးလိပ်ကြောင့် သေဆုံးမယ့် လူ ၁၀ သန်းရဲ့ အသက်ကို ကာကွယ်ပေးနိုင်မှာပါ"ဟု သုတေသနပညာရှင် ပါမောက္ခ ဒေးဗစ်လီဗီက ပြောကြားသည်။ ဆေးလိပ်ကန့်သတ်ရေး စီမံချက်များ ကျယ်ပြန့်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကို ပိုမိုလျှော့ချနိုင်ပြီး ခန္ဓာကိုယ်အလေးချိန် ပေါင်ပြည့်သော ကလေးများ ပိုမိုမွေးဖွားလာမည်ဟုလည်း ၎င်းက ပြောကြားသည်။

စာမျက်နှာ ၄၆ »

